
www.burmeseclassic.com





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ကြီးဝဏ္ဏ
နေမင်းနှင့်ရှင်ရဲတွင်း/ကြီးဝဏ္ဏ။-ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၂၆၁-စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြီးဝဏ္ဏ

ထုတ်ဝေသူ ဦးအောင်မြင့်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊
၂၀၁၃ ခုနှစ်၊ (စက်တင်ဘာလ)၊
အုပ်ရေ (၅၀၀)။



# ဒဿနလက်ဆောင်

❖ ဆင်းရဲသောအချိန်က ဘဝလက်တွဲဖော်အား
ဘယ်တော့မှမမေ့ပါနှင့်၊
ချမ်းသာမှ နောက်တစ်ယောက်ပြောင်းလျှင်
နစ်ခါနစ်နာမှု ကြုံတွေ့ရတတ်ပါတယ်၊

❖ ကိုယ်ပိုင်စွမ်းရည်ကို
ဆင်းရဲခြင်းနှင့် အခက်အခဲများထဲမှာ
မှတ်ကျောက်တင်ကြည့်ရသည်။
အကျင့်စာရိတ္တကိုတော့
တစ်လောကလုံးမှာရှိတဲ့
ရိုက်ခတ်မှုများကြားမှာ
ရှင်သန်အောင် မွေးမြူရပါတယ်။

❖ ဖြူဖွေးနေသော စက္ကူပေါ်မှာ မှင်စွန်းသွားပါက
ထိုမှင်ကိုဖျက်ရင်းနှင့် စက္ကူပါ ပျက်စီးရသည်။
ကောင်းသောအကျင့်ကို မကောင်းမှုစွဲကပ်ပါက
ထိုမကောင်းမှုကို ဖျက်ဖို့ကြိုးစားရင်း
အားလုံးပျက်စီးစေနိုင်သည်။

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ အတိတ်ကို မှတ်ဉာဏ်ကသိမ်းထားပေးသည်၊
ပစ္စုပ္ပန်အတွက်တော့
စွမ်းရည်က တာဝန်ယူပေးသည်၊
အနာဂတ်ကို သွားလျှင်တော့
မှတ်ဉာဏ်နှင့်စွမ်းရည်တို့၏
အကူအညီ မှရလိုအပ်ပေလိမ့်မည်။

❖ ပြဿနာ တစ်ခုခုကို
ဒေါသဖြင့် ဖြေရှင်းဖို့ကြိုးစားခြင်းသည်
တခြားသူပြုလုပ်သောအမှားကို
မိမိထံသို့ ပြောင်းရွှေ့ယူခြင်းသာ ဖြစ်၏။

❖ သစ္စာမရှိသောချစ်သူ၏ပစ်ပယ်ခြင်းသည်
ပထမပိုင်းမှာတော့ အရှုံးတစ်ခုရသကဲ့သို့
ကြေကွဲဝမ်းနည်းရပေလိမ့်မည်၊
အချိန်ကြာလာသောအခါ
အောင်မြင်မှုရသူကဲ့သို့
ပျော်ရွှင်ဝမ်းသာရပေလိမ့်မည်။

# ဒဿနလက်ဆောင်

❖ ဖားတစ်ကောင်ဟာ ရေကိုနှစ်သက်သော်လည်း
ပြန်မတက်နိုင်တဲ့ တွင်းနက်ထဲကိုတော့
ခုန်ဆင်းလေ့ မရှိပါဘူး။
အိမ်ထောင်ပြုခြင်းဟာ
ရေတွင်းထဲ ခုန်ဆင်းရတာထက်
ပိုပြီးနက်ရှိုင်းပါတယ်၊

❖ ချစ်သူက သူ့ကိုနားလည်ပေးပါဆိုရင်
သင်မလိုချင်တာ ကြားရတော့မှာပါ။
ချစ်သူတို့ဘဝမှာ
အချစ်ကို အချစ်ကသာ
နားလည်ပေးကြရတယ်။

❖ ယခုဘဝတွင် အကုသိုလ်တရားများကြောင့်
တံခါးအလုံပိတ်နေ၍ရသော်လည်း
နောင်ဘဝအတွက်ကတော့
ငရဲတံခါးများက အလိုအလျောက်
ပွင့်နေမည်ကိုတော့ တားဆီးနိုင်မည်မဟုတ်ပေ။

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ အဌားချထားမှုအမျိုးမျိုးတို့တွင်
မိမိအရည်အချင်းနှင့် ခန္ဓာကိုယ်ကို
တစ်ပါးသူထံမှာ အဌားချထားခြင်းသည်
လွတ်လပ်မှုပျောက်ဆုံးခြင်း အများဆုံးဖြစ်၏။

❖ ဒေါသကို ချုပ်နှောင်ထားခြင်းမှာ
အချိန်မရွေးပေါက်ကွဲနိုင်၏။
ဒေါသမဖြစ်ခင် တားဆီးနိုင်ခြင်းကသာ
ပြဿနာတို့နှင့် ဝေးကွာခြင်းသို့
ဖြစ်စေပါသည်။

❖ အချစ်ရေးတွင် စိတ်ကူးယဉ်နေပါက
ထိုက်တန်သူနှင့် လွဲစေသည်။
စီးပွားရေးတွင် စိတ်ကူးယဉ်နေပါက
အောင်မြင်မှုများဖြင့် လွဲချော်စေနိုင်ပါသည်။

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | ရေဲမကြောက်ကြသည့်လူများ၊ |
| အခန်း(၂) | မနောသုခဂေဟာမှ ကျိန်စာသင့်နေသူ၊ |
| အခန်း(၃) | ကျိန်စာသင့်နေသူနှင့် မဟူရာကျောက်၊ |
| အခန်း(၄) | မဟူရာကျောက်နှင့်ထိတ်လန့်နေသော ဟယ်လင်၊ |
| အခန်း(၅) | ဟယ်လင်နှင့်မြေအောက်သင်္ချိုင်း၊ |
| အခန်း(၆) | မြေအောက်သင်္ချိုင်းမှလျှို့ဝှက်ချက်များ၊ |
| အခန်း(၇) | ပက်(ရှ)ဝါမှ လျှို့ဝှက်သော လူတစ်ယောက်၊ |
| အခန်း(၈) | အမှောင်ရိပ်အတွင်းမှ အသက်လုပွဲများ၊ |
| အခန်း(၉) | ကန္တာရထဲမှ အားဆေးတစ်ခွက်၊ |
| အခန်း(၁၀) | ကျော့ကွင်းနှင့်လျှို့ဝှက်သူလျှိုများ၊ |
| အခန်း(၁၁) | ကပ်(စ)ပါနှင့် ပြန်တွေ့ရခြင်း၊ |
| အခန်း(၁၂) | မရဏတွင်းနက်ထဲမှ အကျဉ်းသား၊ |
| အခန်း(၁၃) | အကျဉ်းသားဘဝမှ နောက်ဆုံး အခြေအနေ၊ |
| အခန်း(၁၄) | အသက်နှင့်ရင်းသော အပေးအယူ၊ |
| အခန်း(၁၅) | မဟူရာကျောက်နှင့် လျှို့ဝှက်သောမြေပုံ၊ |
| အခန်း(၁၆) | ပထမတွေ့ရသော အတားအဆီး၊ |
| အခန်း(၁၇) | ခုနစ်စဉ်ကြယ်အန္တရာယ်ကွန်ရက်၊ |
| အခန်း(၁၈) | ချစ်ခြင်းမေတ္တာဖြင့် ရှင်သန်သူများ၊ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

# ငရဲမကြောက်ကြသည့်သူများ

BURMESE CLASSIC .com

ရှေးအတိတ်ဘဝက ပြုခဲ့သော(ရှိခဲ့သည့်) ကုသိုလ်ကံတစ်ခုခုကြောင့် ယခုဘဝတွင် ရုပ်တရား နာမ်တရားတို့ကို ရရှိကြသည်။ ကံကောင်းခြင်းပင် ဖြစ်သည်။ ရုပ်နှင့်နာမ် တွဲလျက်ရစေကာမူ တိရစ္ဆာန်ဘုံဘဝသို့ မရောက်ရခြင်းကလည်း ပို၍ကံကောင်းခြင်း ဖြစ်၏။ ထိုထက်ပို၍ ရခဲသောလူဘဝကို ရရှိခြင်းသည် များစွာကံကောင်းခြင်းပင် ဖြစ်ပေ၏။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် စသော အပါယ်



www.burmeseclassic.com

www.burmeseclassic.com



လေးဘုံတို့တွင် မရောက်ဘဲ လူအဖြစ်သို့ရောက်ရခြင်းမှာ လူတစ်ယောက်အတွက် မဟာအခွင့်အရေး တစ်ခုကြောင့်ပင် ဖြစ်ပေသည်။ သို့သော် လူတစ်ယောက်ဘဝသို့ ရောက်လာသောအခါ အကြောက်တရားတို့ဖြင့်သာ ကြီးပြင်းခဲ့ကြရသည်။

ဆင်းရဲမှာကြောက်သည်။

ဝေတ်မွတ်မှာကြောက်သည်။

အခြားသူတို့ နှိပ်စက်မှာကြောက်သည်။

သဘာဝဘေးအန္တရာယ်ဆိုးများ နှိပ်စက်မှာကြောက်ရသည်။

အဆိပ်ရှိသောသတ္တဝါနှင့် သားရဲတိရစ္ဆာန်တို့ နှိပ်စက်မှာ ကြောက်ရသည်။

မြင်အပ်မမြင်အပ်သော ပရလောကသား (နတ်ဆိုး၊ သရဲ၊ သဘက်၊ တစ္ဆေ၊ မှင်စာ၊ ကျတ်၊ ဘီလူး)တို့၏ ခြောက်လှန့်နှောင့်ယှက်မည်ကို ကြောက်ရွံ့ရသည်။

မင်းအပြစ်ဒဏ် သင့်မည်ကို ကြောက်ရသည်။

ချစ်သူတို့နှင့် ကွေကွင်းရမည်ကို ကြောက်ကြရသည်။

လူတစ်ယောက်ဘဝသို့ ရောက်လာလျှင် ထိုသို့သော အကြောက်တရားတို့ဖြင့် ရှင်သန်ကြရသည်။ သို့သော်လည်း ဆင်းရဲမှာကြောက်သဖြင့် ထိုအကြောက်တရားတို့ကို ဥပေက္ခာပြုလျက် မကောင်းမှုများကို ကျူးလွန်ကြသည်။ ငတ်မွတ်မှာကြောက်သဖြင့် ထိုအကြောက်တရားတို့ကို လျစ်လျူရှုပြီး မကောင်းမှုများကို ဖွတ်တိုးလုပ်ကြသည်။ လောကတွင်ကြုံတွေ့ရ





မည့် လောကငရဲတို့ကို ကြောက်ရွံ့သဖြင့် ထို့ထက်ကြောက်ရွံ့ဖွယ်ကောင်းသောနေရာသို့ ဦးတည်သွားနေသော လမ်းပေါ် ရောက်နေသော်လည်း သတိမပြုမိကြတော့ပေ။

ထိုလမ်းကတော့ မကောင်းမှုပြုသူတိုင်း မလွဲမသွေ ရောက်ကြရမည့် ငရဲလမ်းပင် ဖြစ်တော့သည်။ ငရဲသည် တံခါးပိတ်ထားခြင်း မရှိပေ။ မကောင်းမှုပြုသူတို့အတွက် အစဉ်သဖြင့် တံခါးဖွင့်ထားသောနေရာလည်း ဖြစ်သည်။ ဒီနေရာတွင် ငရဲနှင့် ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုမှာ "ချမ်းသာခြင်း ကင်းသောနေရာ"ဟူ၍ ဖြစ်သည်။

ယခုကာလတွင် လူအများစုတို့က ငရဲအကြောင်း မေ့လျော့နေကြသောအခါ ငရဲက သူရှိနေကြောင်းပြသည်။ သတိပေးသည်။

နိုင်ငံခြားမှ သတ္တုတွင်းအင်ဂျင်နီယာများ တွင်းတူးသောအခါ တွင်းနက်ထဲမှ အော်သံဟစ်သံများကြားရပြီး ငရဲမီးများကို တွေ့ရသော အဖြစ်အပျက်ပင်ဖြစ်၏။

ထိုအကြောင်းကို အခြားစာအုပ်တစ်အုပ်၌ ပြည့်စုံစွာ ဖော်ပြထားပြီးသောကြောင့် အပြည့်အစုံ မရေးတော့သည်။

သို့သော် ငရဲနှင့်ပတ်သက်သော အကြောင်းကိုတော့ ရေးပြလိုပေသေးသည်။

ဤကမ္ဘာလောက၌ မှီတင်းနေထိုင်ကြသော လူမျိုးအသီးသီးတို့တွင် အဆုံးအမအသီးသီး ရှိကြကုန်၏။

ထိုအဆုံးအမတို့ကို ယေဘုယျအားဖြင့် အကြွေအမြင်



www.burmeseclassic.com

www.burmeseclassic.com



ရှာကြည့်လျှင် ကောင်းသောအမှုကို ပြုသူတို့သည် ချမ်းသာ၏။ မကောင်းသောအမှုတို့ကို ပြုသူတို့သည် ဆင်းရဲ၏။

ကောင်းမှုပြုသူတို့သည် ချမ်းသာသောဘုံ၌ စံကြရ၍ မကောင်းမှုပြုသူတို့သည်ကား ဆင်းရဲသောဘုံ၌ ခံကြရသည်။

"စံရခြင်း"နှင့်"ခံရခြင်း"သည် များစွာကွာခြားလှပေသည်။

ရှေးဂရိလူမျိုးများ၏ အယူဝါဒတွင် သေသောသူတို့၏ တမလွန်ဘဝ တည်ရာဌာနသည် "ဟေးဒီး"ဖြစ်သည်ဟူ၏။

နောင်မှပေါ်ပေါက်လာကြသော ခရစ်ယန်တို့က ထို "ဟေးဒီး"ကို ငရဲဘုံဟု ယူဆကြသည်။

ယဟူဒီလူမျိုးများကမူ ငရဲကို "ဂီဟင်းနား"ဟုခေါ်သည်။

ပါရှင်းလူမျိုးတို့ ကိုးကွယ်သော ဇိုရိုအက်စတာ အယူဝါဒတွင်မူ ငရဲသည် အပြစ်ကျူးလွန် ဆိုးသွမ်းသူများကို ခေတ္တဒဏ်ခတ်ရာဘုံ ဖြစ်သည်ဟု ဆိုသည်။

နောက်ဆုံး ကယ်တင်ရှင်ကြီး ပေါ်ထွက်လာသည့်အခါ ငရဲပျောက်ပျက်သွားလိမ့်မည်ဟု ယုံကြည်ကြသည်။

ခရစ်ယာန်အယူဝါဒတွင် ငရဲဘုံသည် အပြစ်ကျူးလွန် ဆိုးသွမ်းသူများ သွားရာဘုံဖြစ်၍ ငရဲသို့လားသူများမှာ လွတ်မြောက်ရာလမ်း မရှိချေ။

ခရစ်ယာန် အယူဝါဒအရ ငရဲတွင်မည်သို့မည်ပုံ ငရဲခံရသည်ကိုမူ ခရစ်ယာန်ဂိုဏ်းများ ကွဲပြားမှုအရ ယူဆပုံအမျိုးမျိုး ကွဲပြားသည်။





ဗရင်ဂျီဂိုဏ်းဝင် ခရစ်ယာန်များကမူ ငရဲဘုံအပြင် ပါဂါထရီခေါ် ဘုံရှိသေးကြောင်း၊ ထာဝရဘုရားသခင်အား ပစ်ပယ်ခြင်းမဟုတ်ဘဲ ယုံကြည်အားထားလျက်နှင့်ပင် ပြစ်မှုအငယ်စား ကျူးလွန်သူများသည် ကွယ်လွန်သော် အဆိုပါ ပါဂါထရီဘုံတွင် ရှေးဦးစွာ အပြစ်ဒဏ်ခံရပြီးမှ ကောင်းကင်ဘုံသို့ ရောက်နိုင်ကြောင်း၊ ပါဂါထရီဘုံတွင် ခံစားနေရခိုက် လူ့ဘုံတွင် ကျန်ရစ်သူများက ဆုတောင်းခြင်း၊ ကွယ်လွန်သူအတွက် ဘုရားရှိခိုးခြင်း ပြုလုပ်ပါက အပြစ်ဒဏ်ခံစားရမှု လျော့ပါးကြောင်း ယုံကြည်ကြသည်။

ထို့အပြင် ခရစ်တော် မပေါ်ခင်က ကမ္ဘာတွင် နေထိုင်ခဲ့သူလူများအနက် သူတော်ကောင်းများသည် ကောင်းကင်ဘုံသို့ မဝင်နိုင်ခဲ့သော်လည်း ငရဲဘုံသို့မရောက်ဘဲ၊ ငရဲနှင့်မနီးမဝေး လင်းဗိုးဟုခေါ်သောဘုံတွင် နေခဲ့ကြရကြောင်း၊ ခရစ်တော် သေခြင်းမှ ပြန်၍အသက်ရှင်ကာ ကောင်းကင်ဘုံသို့တက်သောအခါမှ ထိုလင်းဗိုး၌ နေရသူများအား ကောင်းကင်ဘုံသို့ ကယ်တင်သွားကြောင်းဖြင့်လည်း ခရစ်ယာန်ဝါဒပေါ်စ ခေတ်ဦးက ယုံကြည်ခဲ့ကြသည်။

မွေးခါစ သေသောကလေးများ၊ ရေဖျန်း၍ ခရစ်ယာန်သာသနာသို့ မသွင်းခင် သေဆုံးသော ကလေးများမှာလည်း ကောင်းကင်ဘုံ၏ ချမ်းသာခြင်းလည်း မရ၊ ဆင်းရဲညှဉ်းပန်းခြင်းလည်းမခံရသော လင်းဗိုးဘုံသို့ ရောက်သည်ဟု ယူဆခဲ့ကြသည်။ ဤအယူကို ဗရင်ဂျီခရစ်ယာန်ဂိုဏ်းသည် ယခုအထိ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံကြသည်။

ခရစ်(၁၂၆၅)ခုနှစ်၌ မွေး၍ (၁၃၂၁)ခုနှစ်တွင် ကွယ်လွန်ခဲ့သော အီတလီလူမျိုး ဒန်တီ(ခေါ်)ကဗျာဆရာတစ်ဦးက သူ၏ဝိညာဉ်သည် ငရဲ ပါဂါထရီနှင့် ကောင်းကင်ဘုံများသို့ အနှံ့အပြား လှည့်ပတ်ကြည့်ရှုခဲ့ကြောင်းကို အီတလီဘာသာဖြင့် လင်္ကာစပ်၍"ဒီဗိုင်းကော်မဒီ"ခေါ် ကဗျာရှည်ကြီးကို ရေးသားခဲ့သည်။

ထိုကဗျာရှည်ကြီးတွင် ငရဲနှင့်ပါဂါထရီဘုံများကို စာဖတ်သူ စိတ်စွဲစေလောက်အောင် ဖော်ပြနိုင်သဖြင့် အလွန်နာမည်ကျော်ကြားသွားလေသည်။

ထိုကဗျာရှည်ကြီးကို နေမိဘုံခန်းပျို့နှင့် နှိုင်းယှဉ်၍ ဖတ်ရှုနိုင်သည်။ ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ် အကြောင်းအရာများစွာ ပါရှိပေသည်။

သိုးဆောင်းစာပေတွင် ထိုဒန်တီ၏ ကဗျာပါ ငရဲခန်း၊ ပါဂါထရီခန်းတို့မှ သရုပ်ဖော်အကွက်များကို အကြိမ်များစွာ ကိုးကားဖော်ပြခြင်းများကို တွေ့နိုင်ပေသည်။

ထိုကဗျာရှည်ကြီးကို အနောက်နိုင်ငံ ဘာသာစကားအရပ်ရပ်များသို့ ပြန်ဆိုထားပေသည်။

ဗုဒ္ဓသာသနာ အဆုံးအမ၌ တည်ကြသောသူတို့က ငရဲဘုံကို ချမ်းသာမရှိ၊ ဆင်းရဲအတိပြီးသော အရပ်ဖြစ်သည်ဟု ယူဆကြသည်။

"ငရဲ"ဟူသော ဝေါဟာရမှာ အဘိဓမ္မာ အလိုအားဖြင့်





နိရိယဟူသော ပါဠိမှ ဆင်းသက်လာသည်ဟု ဆိုပေသည်။

ပုဂံကျောက်စာ၌"ဆိုဝ်ငြယ်"ဟုရေး၏။

"ဆိုးသော ငရဲ"ဟု အဓိပ္ပါယ်ရ၏။

အဘိဓမ္မာအလိုအရ ဘုံ(၃၁)တွင် ကာမ(၁၁)ဘုံဟု ရှိသည်။ ထိုကာမဘုံတွင် အပါယ်လေးဘုံရှိ၏။

အဆိုပါအပါယ်လေးဘုံတို့ကား ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံတို့ ဖြစ်ကြ၏။

ယခု ကျွန်ုပ်တို့ လူအများနေရာ ဇမ္ဗူဒီပါတောင်ကျွန်း၏ အောက်ဆုံးအထပ်၌ ဆင်းရဲအတိပြီးသော အရပ်ကြီးရှစ်ပါးရှိသည်ဟုဆို၏။

ယင်းကို"ငရဲကြီးရှစ်ထပ်"ဟုခေါ်ကြသည်။

(၁၂၆၃)ခုနှစ်တွင် ဘိုးလင်းမြို့နေ စစ်ကဲတော်ကြီး ဦးရွှေနော်စီရင်သော 'အာဒိကပ္ပ ကမ္ဘာဦးကျမ်း' အလိုအားဖြင့် ငရဲဘုံတည်ဖြစ်ခြင်းအကြောင်းကို ဖော်ပြထားသည်။

"ကမ္ဘာတည်ဖြစ်ခြင်းနှင့် တစ်ပြိုင်နက်ဖြစ်သော အပါယ်ငရဲရှစ်ထပ်တို့၏ တည်ရာအရပ် အစောက်သည်ကား. . .

အပေါ်ပထမဖြစ်သော သိဉ္ဇိုဝ်းငရဲ၏ တည်ရာဌာနသည်ကား ယူဇနာရှစ်ထောင့်ခြောက်ရာရှိ၏။

ယင်းအောက် ဒုတိယဖြစ်သော ကာလသုတ်ငရဲ တည်ရာဌာနသည်ကား ယူဇနာရှစ်ထောင့်ရှစ်ရာရှိ၏။

ယင်းအောက် တတိယဖြစ်သော သင်္ဃာတငရဲ တည်ရာဌာနသည်ကား ယူဇနာကိုးထောင်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအောက် စတုတ္တငရဲဖြစ်သော ရောရုဝငရဲ တည်ရာဌာနသည်ကား ယူဇနာကိုးထောင့်နှစ်ရာရှိ၏။

ယင်းအောက် ပဥ္စမဖြစ်သော မဟာရောရုဝငရဲ တည်ရာဌာနသည်ကား ယူဇနာကိုးထောင့်လေးရာရှိ၏။

ယင်းအောက် ဆဋ္ဌမဖြစ်သော တာပနငရဲသည်ကား ယူဇနာကိုးထောင့်ခြောက်ရာရှိ၏။

ယင်းအောက် သတ္တမဖြစ်သော မဟာတာပနငရဲ တည်ရာဌာနသည်ကား ယူဇနာကိုးထောင့်ရှစ်ရာရှိ၏။

ယင်းအောက်အဋ္ဌမဖြစ်သော မဟာအဝီစိငရဲ တည်ရာဌာနသည်ကား ယူဇနာတစ်သောင်းရှိ၏။

ထိုငရဲတစ်ဘုံနှင့်တစ်ဘုံကြား အကွာအဝေးမှာ ယူဇနာနှစ်ရာစီရှိသည်။

(တစ်ယူဇနာသည် (၁၂)မိုင် (၅)ဖါလုံ (၈)သံကြိုးနှင့် (၄)ယာဒ် ရှိသည်။ အခြားဝါဒကွဲများလည်း ရှိသေးသည်။)

ထိုငရဲရှစ်ထပ်တို့၌ တခဲနက် သံမြေခံကုန်၏။

နံရံလေးဘက်သည်လည်း တခဲနက် သံမြေပင် ကာရံလျက်ရှိသည်။

အထက်အပေါ်ကလည်း ထို့အတူ တခဲနက် သံမြေလွှမ်းမိုး၏။

ထိုငရဲရှစ်ထပ်နှင့် တစ်ပြိုင်နက်တည်ရာ အသူရကာယ်တို့သည် ဝေဟာပွိုလ်ပြဟ္မာ့ဘုံမှ မိမိတို့ကုသိုလ်ကံကုန်သည်ဖြစ်၍ မိမိတို့ပြုခဲ့ဖူးသော ကုသိုလ်ကံတိုက်တွန်းသဖြင့် ကမ္ဘာကွယ စုတေ





ခြင်း၊ စုတေခဲ့ပြီးလျှင် မိမိတို့အကုသို ကံနှင့် လျော်သင့်ရာ နှစ်ကြိမ် သုံးကြိမ်ကာလ အခြားမရှိ စုတိပဋိသန္ဓေဖြစ်၍ သိဉ္ဇိုဝ်း၊ ကာလသုတ်၊ သင်္ဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ မဟာအဝီစိဟူသော ငရဲကြီးရှစ်ထပ်တို့၌ အသူရကာယ်ဖြစ်သော ငရဲသူတို့သည် ရွှေအဆင်းကဲ့သို့ ချည်းနှင်နှင် အသီးအသီး များစွာဖြစ်ကြကုန်၏။

ထိုနှင့်တစ်ပြိုင်နက် ဘုံနန်းဗိမာန် ရေကန်ဥယျာဉ် သစ်ပင်နွယ်ကြိမ်၊ တောအုံချုံမြက်၊ အိုင်အင်း၊ တောင်ကမ်းနှင့်တကွ၊ ဓားလှံခက်ရင်း၊ ရဲတင်း ပုဆိန်၊ သံတံကျင်၊ သန်လျက်သနတည်းဟူသော အသုံးအဆောင်မျိုးတို့သည် ဖြစ်ကြကုန်၏။

အဝန်း ယူဇနာကိုးဆယ်၊ အစောက် ယူဇနာသုံးဆယ်ရှိသော တခဲနက် သံအိုးကင်းကြီးတစ်ခု . ယင်း သံအိုးကင်းကြီးတစ်ခုကို အဝန်း ယူဇနာသုံးဆယ်၊ အစောက် ယူဇနာတစ်ဆယ်၊ တခဲနက်ပြီးသော သံအိုးကင်းငယ် တစ်ဆယ့်ခြောက်လုံး စီရံလျက် ငရဲကြီးတစ်ထပ်တစ်ထပ်တို့ ဖြစ်ကြကုန်၏။

ထို့ပြင် ထိုငရဲကြီး ရှစ်ထပ်တို့တွင် တစ်ထပ်တစ်ထပ်မှာ ရှစ်မျက်နှာ ရှစ်မျက်နှာတို့၌ ငရဲငယ်ဖြစ်သော ဥဿဒ္ဒရက်ငရဲ တစ်မျက်နှာကို သံအိုးကင်းနှစ်လုံး၊ နှစ်လုံးစီ၊ ယူဇနာတစ်ထောင့်ငါးရာစီခြားလျက် ရံ၍ ဖြစ်ကြကုန်၏။

ငရဲကြီး ရှစ်ထပ်တို့တွင် မည်သို့ပင် သတ်ဖြတ်ညှဉ်းဆဲသော်လည်း ကံမကုန်သမျှ အဖန်ဖန် အသက်ရှည်၍ ခံရသော ငရဲကား သိဉ္ဇိုဝ်းငရဲတည်း။



www.burmeseclassic.com

www.burmeseclassic.com



မညီးနက်သော တံမျှည်းကြီးဖြင့် ချပြီးတိုင်း၍ သစ်ခွေသကဲ့သို့ တစ်ကိုယ်လုံး ခုတ်ခွေလှီးဖြတ်ခြင်း ခံရသော ငရဲကား ကာလသုတ် ငရဲပေတည်း။

သံတောင်သံခဲကြီးတို့ဖြင့် အဖန်ဖန် လှိမ့်မွှေကြိတ် ချေညှဦးဆဲခြင်းခံရသော ငရဲကား သင်္ဃာတငရဲပေတည်း။

မီးတောက်မီးလျှံတို့ဖြင့် အဖန်ဖန်လောင်ကျွမ်း နှိပ်စက်ခံရ၍ ကျယ်လောင်စွာ အော်ဟစ်မြည်ကျွေးသော အသံရှိသည့် ငရဲကား ရောရုဝငရဲတည်း။

မီးခိုးမီးအုံတို့ဖြင့် ပိတ်ဖုံးနှိပ်စက်ခံရ၍ ကယ်ပါယူပါ ပြင်းစွာအော်မြည်နေရသော ငရဲကား မဟာရောရုဝ ငရဲပေတည်း။

သံတံကျင်ကြီးတို့ဖြင့် ထိုးဖောက်ခြင်းကို ခံရ၍ တစ်ကိုယ်လုံး မီးလျှံစွဲအောင် သံတွေခဲထဲ၌ အမြဲကင်ဖုတ်ခံနေရသော ငရဲကား တာပနငရဲပေတည်း။

အလျှံရဲပြောင်နေသော သံတောင်ကြီးပေါ်သို့ ရိုက်နှက်မောင်းတင်ခြင်း ခံနေရ၍ မြေထက်၌ စိုက်ထောင်ထားသော လှံသွားများပေါ်သို့ ဦးခေါင်းပြောင်းပြန်ကျသော ငရဲကား မဟာတာပနငရဲပေတည်း။

မီးလျှံနှင့် ငရဲသားပါ ဆင်းရဲဒုက္ခနှင့်အတူ အကြားမရှိ ပြည့်နှက်သော ငရဲကား မဟာအဝီစိ ငရဲပေတည်း။

ဒေဝဒူတသုတ်အရ ငရဲကြီးရှစ်ထပ်တွင် တစ်ထပ်တစ်ထပ်၌ လေးမျက်နှာစီရှိရာ တစ်မျက်နှာလျှင် ဥဿဒ္ဒရက် ငရဲငယ်





ငါးမျိုးစီ ခြံရံနေသဖြင့် ငရဲကြီးတစ်ထပ်၏ ပတ်ဝန်းကျင်၌ ငရဲပေါင်း (၂၀)စီ ရှိလေသည်။

ထိုငရဲငယ် ငါးမျိုးကား. . .

- ဂူထပုတိက (ခေါ်) ဘင်ပုတ်ငရဲ
- ကုက္ကုလုဏ္ဏ (ခေါ်) ပြာပူငရဲ
- သိမ္ဗလိ (ခေါ်) လက်ပံတောငရဲ
- အသိပတ္တ (ခေါ်) သန်လျက်တောငရဲ
- ခါရောဒက (ခေါ်) ကြိမ်ပိုက်မြစ်ငရဲ ဟူ၍ ဖြစ်သည်။

မန်လည်ဆရာတော် ဘုရား၏ မဃဒေဝလင်္ကာစကားအရ တစ်နည်းအားဖြင့် ငရဲငယ်ဆယ်ပါး ရှိသည်။

ယင်းတို့ကား. . .

- သားငါးတို့ကို ကျိုဘိသကဲ့သို့သော လောဟကုမ္ဘီခေါ် ကြေးနီအိုးငရဲ
- သင်မုန်းခားဦးဖျားကဲ့သို့ အဆူးရှိသော လက်ပံငုငရဲ
- သန်လျက်ဖြင့် ဖြတ်သကဲ့သို့သော အသိခနငရဲ
- ပွက်ပွက်လျှံဝေ ကြေးနီရေဖြင့် လောင်းသကဲ့သို့သော တမ္ဗောဒကငရဲ
- မီးကြီးလျှံသို့ပူသော အယောဂုဠငရဲ
- သံမီးရှောင်ထသော ကျောက်တောင်ကဲ့သို့သော သေလပဗ္ဗတငရဲ
- ဆူပွက်သည့် မြစ်ချောင်းကဲ့သို့သော ဘုသနဒီငရဲ
- ရှိုးတွင်းခြင်ဆီ ချင်းအောင်အေးသော သီတနဒီငရဲ



www.burmeseclassic.com

www.burmeseclassic.com



➤ ခွေးဘီလူးတို့ ကိုက်ခဲသော ခွေးငရဲ

➤ သွေးချောင်းစီးသော ယန္တပါသာငရဲတို့ ဖြစ်ပေသည်။

သိုးဆောင်းစာပေတွင် ဒန်တီ၏ ငရဲခန်းသည် ထင်ပေါ်ကျော်ကြားသကဲ့သို့ မြန်မာစာပေတွင် မြန်မာသက္ကရာဇ်(၉၀၀) ခန့်က ရှင်အဂ္ဂသမာဓိ ရေးသားသော နေမိငရဲခန်းပျို့သည် ထင်ပေါ်ကျော်ကြားပေသည်။

ရှင်အဂ္ဂသမာဓိသည် နေမိဇာတ်တော်ကို နိက္ခမခန်း (နေမိမဃ္ဃစိုးခန်း)ပျို့၊ ငရဲခန်းပျို့၊ ဘုံခန်းပျို့ဟူ၍ သုံးပိုင်းခွဲကာ ပျို့သုံးဆောင် စီရင်ခဲ့ရာ ယင်းပျို့သုံးစောင်စလုံးသည် မြန်မာစာပေသမိုင်းတွင် ဥဒါန်းတွင်ရစ်ခဲ့ပေသည်။

အထူးသဖြင့် ငရဲခန်းပျို့နှင့် ဘုံခန်းပျို့တို့ကို "ငရဲခန်းက ခြောက်လွန်းသည်၊ ဘုံခန်းက မြှောက်လွန်းသည်"ဟု မြန်မာတို့ ဆိုစမှတ် ပြုကြကုန်၏။

သို့သော် ရှင်အဂ္ဂသမာဓိ၏ ရည်ရွယ်ချက်မှာ ငရဲခန်းကို ဖတ်ရှုရသူတို့ အနေဖြင့် သတိသံဝေဂ ရကြစေရန်ဖြစ်ပြီး ဘုံခန်းကို ဖတ်ရှုရသူတို့အနေဖြင့် ကောင်းမှုကုသိုလ်များပြု၍ မိမိ၏ ကောင်းမှုများဖြင့် ကောင်းမြတ်ရာ သုဂတိသို့ လားကြရန် ရည်သန်ရင်း ဖြစ်ပေသည်။

သို့ဖြစ်၍ ငရဲခန်းကို ထိတ်လန့်၍ ကြက်သီးမွေးညှင်းထလောက်သော စကားတို့ဖြင့် ဖွဲ့နွဲ့စပ်ဆိုထားခြင်း ဖြစ်သည်။

ငရဲ၏ဒုက္ခကို လူတို့စိတ်၌ ကွင်းကွင်းကွက်ကွက် ပေါ်လေအောင် ဖွဲ့နွဲ့ရာ၌ . . .





"မျက်ဆန်ခါ တုတ်လေ၏တည်း"

"အရေခွာဆုတ်လေ၏တည်း"

"လွှေ့လွှေ့သတ်ပုတ်လေ၏တည်း"

"ဦးခေါင်းဖြတ်ခုတ်လေ၏တည်း"

"ဆင်းရဲအလှေ့ အလှောင်းတည်း"

"ကြွေးဟစ်ငိုကြွေးသောင်းသောင်းတည်း"

ဟူသော သာမန်အရပ်သူ အရပ်သားတို့ အမိပ္ပါယ်သိမြင်လွယ်သော စကားတို့ကို သုံးနှုန်းလေရာ လူ၏စိတ်ကို များစွာ စူးနစ်ထိခိုက်စေလေသည်။ ယင်းသို့ သံဝေဂတရား ပွားများစေသောစိတ်ကို နှိုးဆွပြီးမှ . . .

"ထွေထွေပြားပြား မှတ်သားကုန်ပါ၊
လူတကာတို့ ဇရာမရဏ
အနိစ္စသည် မြဲမတည်တည့်
လူ့ပြည်နတ်ရွာ ဗြဟ္မာမလွတ်
ဖြစ်ပျက်တတ်၏ လူနတ်ဗြဟ္မာ
သတ္တဝါတို့ ခန္ဓာဟူသည်
အတည်မရ၊ မရဏာတည့်
ဒုက္ခရောက်မည်၊ အမှတ်တည်၍
ရွှေပြည်နိဗ္ဗာန်၊ ချမ်းသာမွန်သို့
အမှန်ရောက်ကြောင်း၊ ဘုန်းသစ်လောင်း၍
ကောင်းကောင်းကျင့်ကုန်ရာ၏တည်း။"

ဟု သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်ကင်းရာလွတ်



www.burmeseclassic.com

www.burmeseclassic.com



ကင်းကြောင်းကို ညွှန်ပြလေသည်။ ငရဲနှင့်ပတ်သက်သော ကြောက်မက်ဖွယ်ရာ အကြောင်းအရာများစွာတို့ ကျန်ပါသေးသည်။

ရှေးအခါက ဘုရားလောင်း နေမိမင်းကြီးသည် လူ့ဘဝနှင့်ပင် ငရဲပြည်သို့သော်လည်းကောင်း၊ နတ်ပြည်သို့သော်လည်းကောင်း၊ တစ်ပြိုင်တည်း ရောက်ခဲ့ဖူးသူ ဖြစ်ပေသည်။

ထိုကဲ့သို့ ငရဲနှင့် ပတ်သက်သော အကြောင်းအရာတို့ကို အစပျိုးနေရခြင်းမှာ အကြောင်းရှိပေသည်။

အခြားတော့ မဟုတ်ပေ။ ကမ္ဘာ့ပထဝီ မြေအလွှာအောက်၌ရှိသော ငရဲကြီးရှစ်ထပ်သို့ မရောက်ခဲ့သော်လည်း. . ထိုငရဲကြီးတမျှ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော "လောကငရဲတွင်း"သို့ ရောက်ခဲ့ရသူ တစ်ဦးအကြောင်းကို ရေးသားလိုသောကြောင့်သာ ဖြစ်သည်။

ထိုသူကတော့ ကျွန်ုပ်တို့ ဇာတ်လိုက်ကျော်ကြီး ဒေါက်တာမင်းထင်ကျော်ပင် ဖြစ်ပေတော့သည်။

ဒေါက်တာမင်းထင်ကျော်တစ်ယောက် လောကငရဲတွင်းထဲသို့ မည်သို့မည်ပုံ ရောက်ခဲ့ရပုံကိုတော့ ရှေ့အခန်းများမှာ ဖော်ပြပေးသွားမည် ဖြစ်ပါကြောင်း. . .။







# အခန်း(၂)

## မနောသုခဂေဟာမှ ကျိန်စာသင့်နေသူ

မနောသုခဂေဟာ. . .

အဓိပ္ပါယ်ကတော့ "စိတ်ချမ်းမြေ့ဖွယ်ရာကောင်းသော နေအိမ်"ဟု ဖြစ်သော်လည်း. . လက်တွေ့အခြေအနေကတော့ တစ်ချက်ကလေးမှ စိတ်ချမ်းမြေ့စရာမရှိသော နေရာတစ်ခု ဖြစ်ပေသည်။

မနောသုခဂေဟာရှိသောနေရာမှာ 'ပက်ရှ်ဝါမြို့၏



www.burmeseclassic.com

www.burmeseclassic.com



အစွန်ဘက် တောင်ကုန်းတစ်ခုပေါ်၌ ဖြစ်သည်။

ရှေးအခါက မဟာရာဂျာတစ်ဦး ပိုင်ဆိုင်ခဲ့ပြီးနောက်ပိုင်းတော့ ကပ္ပတိန်ကပ်(စ)ပါဆိုသူက ဝယ်ယူပြုပြင်ကာ နေထိုင်ခဲ့ခြင်းဖြစ်သည်။

ကပ်(စ)ပါသည် အင်္ဂလိပ်စစ်တပ်တွင် ကပ္ပတိန်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး နောက်ပိုင်းမှာတော့ ကျန်းမာရေးမကောင်းတော့သဖြင့် စစ်တပ်မှအနားယူကာ ထိုနေရာမှာ အေးအေးဆေးဆေး လာရောက်နေထိုင်ခြင်း ဖြစ်သည်။

ကပ်(စ)ပါသည် မြန်မာပြည်မှာ တာဝန်ကျခဲ့စဉ်က ဒေါက်တာမင်းထင်ကျော်နှင့် ခင်မင်ရင်းနှီးခဲ့သူဖြစ်သည်။

ယခုလည်း ကပ်(စ)ပါက စာရေးမှာကြားသောကြောင့် ဒေါက်တာမင်းထင်ကျော်တစ်ယောက် ပက်(ရှ)ဝါမြို့မှ မနောသုခဂေဟာသို့ ခရီးအဆင့်ဆင့်ဖြတ်ကျော်ကာ ရောက်လာခြင်းဖြစ်ပေသည်။

အချိန်မှာ(၁၉၄၅)ခုနှစ် ဝန်းကျင်အချိန်ဖြစ်ပြီး နေရာအနှံ့အပြားတွင် စစ်ဘေးစစ်ဒဏ်များ ကြုံတွေ့နေကြရသောအချိန်လည်းဖြစ်သည်။

ထိုကဲ့သို့သော ရာသီဥတုမျိုး၊ အခြေအနေမျိုးမှာ ခရီးဝေးသွားလာရန် မသင့်သော်လည်း မိတ်ဆွေတစ်ဦး၏ အကူအညီတောင်းမှုကြောင့် အခက်အခဲများကိုကျော်ပြီး အရောက်လာခဲ့ခြင်း ဖြစ်သည်။





အချိန်မှာ နွေဦးပေါက်ရာသီဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ မြူနှင်းများ ဝေ့ဆိုင်းလျက် အေးနေသည်။

ပက်(ရှ)ဝါမြို့သည် တောင်စဉ်တောင်တန်းများ တောအုပ်များနှင့် သဲကန္တာရများ ဝန်းရံထားသည့်နေရာ ဖြစ်သောကြောင့် ရာသီဥတုက မျှတမှုမရှိပေ။

ပူလျှင် ခြစ်ခြစ်တောက်ပူပြီး၊ အေးလျှင် အရိုးကွဲအောင် အေးလှသောနေရာမျိုး ဖြစ်သည်။

ရာသီဥတု သာယာသည်ဆိုသော်လည်း မိုးတိမ်များထူထပ်လျက် ပတ်ဝန်းကျင်တစ်ခုလုံး အုံ့အုံ့မှိုင်းမှိုင်း ဖြစ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်သည် ပက်(ရှ)ဝါမြို့သို့ ရောက်သောအခါ ကပ္ပတိန်ကပ်(စ)ပါနေထိုင်သော မနောသုခဂေဟာရှိသောနေရာကို မေးမြန်းပြီး ဂျစ်ကားတစ်စီးကို ငှားကာ တစ်ယောက်တည်း လာခဲ့ခြင်းဖြစ်သည်။

အိမ်ရှိသောနေရာမှာ မြို့နှင့် အနည်းငယ်ဝေးသော တောင်ကုန်းတစ်ခုပေါ်၌ ရှိသောကြောင့် ဂျစ်ကားတစ်စီး သွားသာရုံရှိသောတောလမ်းမှ ဖြတ်သွားကြရသည်။

နောက်ဆုံးမှာတော့ ခြံပေါက်ဝသို့ ရောက်သွားလေသည်။ ခြံပေါက်ဝ အုတ်တိုင်ပေါ်မှာ ကြေးပြားဖြင့် ပြုလုပ်ထားသည့် 'မနောသုခဂေဟာ'ဟူသော ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်။

တံခါးချပ်ကတော့ ပိတ်ထားလေသည်။ ဂျစ်ကားမောင်း



www.burmeseclassic.com

www.burmeseclassic.com



သူက ကားဟွန်းသံပေးလိုက်တော့မှ ခြံစောင့်တစ်ယောက် ထွက်လာပြီးမေးသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်း ပြောပြသောအခါ အိမ်ထဲသို့ တစ်ခေါက်ပြန်ဝင်သွားသည်။

ခဏကြာတော့ ပြန်ထွက်လာပြီး တံခါးဖွင့်ပေးသည်။

ဒေါက်တာမင်းထင်ကျော်က ငှားလာသော ဂျစ်ကားကို ပြန်လွှတ်လိုက်ပြီး ခြံဝန်းထဲသို့ ဝင်လာလိုက်သည်။

အစောင့်က သူ့ခရီးဆောင်အိတ်ကို ယူ၍ ဆွဲပြီး ရှေ့မှ ခေါ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က နောက်မှလိုက်သွားရင်းနှင့် ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်သည်။

ထိုသို့ကြည့်ရင်းမှပင် စိတ်ထဲမှာ နောက်ကျိရှုပ်ထွေးလာသကဲ့သို့ ဖြစ်လာသည်။

အချိန်က ညနေပိုင်းသို့ ကူးလာပြီ ဖြစ်သောကြောင့် စောစောကတည်းက အုံ့မှိုင်းနေသော ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ သမ်းလာလေပြီ။

သူ့ရှေ့မလှမ်းမကမ်းမှာ ထီးထီးမားမားရှိနေသော တိုက်ကြီးမှာ သစ်လွင်တောက်ပခြင်းတော့ မရှိပေ။

ရဲတိုက်အိုကြီးတစ်ခုကဲ့သို့ ရေညှိနှင့် အမည်းရောင်များက လွှမ်းခြုံထားလေသည်။

အရှေ့ဘက်မှ ကြည့်သောအခါ အပေါ်ထပ်မှ တံခါး





ပိတ်ထားသော ပြတင်းပေါက်နှစ်ပေါက် အောက်ဘက်မှ တံခါးပိတ်ထားသောတံခါးပေါက်တို့မှာ အရိုးခေါင်းတစ်ခုမှ ပါးစပ်ပေါက် မျက်လုံးပေါက်တို့နှင့် တူလေသည်။

ညအချိန် အခြားနေရာများမှ မှောင်နေပြီး ထိုပြတင်းပေါက်လုံးမှ မီးလင်းနေလျှင်တော့ အရိုးခေါင်းတစ်ခုနှင့် ပုံသဏ္ဍာန်တူနေမည်မှာ မလွဲပေ။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း လူရိပ်လူခြည်မမြင်ရပဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိုအိမ်ကြီးအတွင်းဘက်တွင် လူတို့ရှိနေသည် ဆိုစေကာမူ အသွင်သဏ္ဍာန်ကို မြင်ရုံမျှနှင့် ချောက်ချားစရာ ကောင်းနေသည်ကတော့ အမှန်ဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာ မြင်တွေ့နေရသော ပတ်ဝန်းကျင်အနေအထားသည် ပက်(ရှ)ဝါမြို့တွင်းမှာ တွေ့ခဲ့ရသော ရှုပ်ထွေးမှု၊ ဆူညံမှုများနှင့်တော့ တခြားစီပင်ဖြစ်၏။

တိုက်အိုကြီးနှင့် မနီးမဝေးတွင် ရေကန်ဟောင်းကြီးတစ်ကန်ရှိသည်။

ဘေးနံရံများကမြင့်ပြီး အထဲမှာ ရေရှိသည်။ သို့သော် ကြည်ကြည်လင်လင်တော့မဟုတ်ပဲ သစ်ရွက်များဖြင့် နောက်ကျိနေသည်။

ထိုကန်ရေပြင်မှာတော့ အပေါ်မှမိုးနေသည့် တိုက်ဟောင်းကြီး၏အရိပ်က လာထင်နေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တာရပ်ပြီး အိမ်ကြီးရှိသောဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်၊ ယခုအချိန်ထိ လူရိပ်လူခြည်မမြင်ရသေးပေ။

သူ့အိတ်ကိုဆွဲယူသွားသောအစောင့်က ပိတ်ထားသော တံခါးပေါက်ဝရောက်တော့ သူ့ကိုရပ်စောင့်နေသဖြင့် ထိုနေရာသို့ ခတ်သုတ်သုတ် လျှောက်သွားလေသည်။ အနီးရောက်တော့ ထိုအစောင့်ကပင် တံခါးပေါက်မှာ တပ်ဆင်ထားသော လူခေါ်ခေါင်းလောင်းကို နှိပ်ပေးသည်။

ထိုသို့နှိပ်ပေးပြီး တံခါးမဖွင့်လာခင်မှာပင် အစောင့်က အိတ်ကိုပြန်လှမ်းပေးပြီး ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

ခဏကြာတော့ တံခါးနှစ်ချပ်ပွင့်သွားကာ အတွင်းမှ ကုလားတစ်ယောက် ထွက်လာသည်။ သူကပင် ဘာတစ်ခုမှမပြောဘဲ ဒေါက်တာမင်းထင်ကျော်ထံမှ အိတ်ကိုလှမ်းယူပြီး အိမ်ထဲသို့ ခေါ်သွားပြန်လေသည်။

သို့သော်လည်း ထွေထွေထူးထူးစဉ်းစားမနေအားပဲ ရှေ့မှခေါ်သွားသူနောက်မှ မီအောင် ခတ်သုတ်သုတ်လိုက်ရလေသည်။

၎င်းက အလင်းရောင်မရှိသော အခန်းများစွာတို့ကို ကျော်ဖြတ်ကာ ခေါ်ဆောင်သွားခြင်းဖြစ်သည်။

တိုက်အိမ်ကြီး၏ အတွင်းသို့ရောက်သောအခါမှ အပြင်က မြင်ရသည်ထက် အထဲမှာပိုမိုကျယ်ဝန်းပြီး အခန်းဖွဲ့စည်းပုံတို့ကလည်း ရှုပ်ထွေးလှသည်။





မျက်နှာကြက်နှင့် နံရံတွင် တပ်ဆင်ထားသော ရုပ်တုများ၊ အချို့နံရံနေရာများမှာ ချိတ်ဆွဲထားသည့် ရွှေချည်ထိုး၊ ငွေချည်ထိုး ကန့်လန့်ကာများ၊ ကြမ်းပြင်နှင့် နံရံတွင် ချိတ်ဆွဲထားသော ရှေးခေတ်သူရဲကောင်းတို့ အသုံးပြုသော ပစ္စည်းများ၊ စစ်လက်နက်များ၊ အခန်းထောင့်တစ်နေရာမှာတော့ ချပ်ဝတ်တန်ဆာတစ်ခုကို ပုံစံမပျက် ထောင်ထားရာ ရှေးခေတ်စစ်သည်တော်တစ်ယောက် ရပ်စောင့်နေသည်နှင့် တူသည်။

တစ်ဖက်မှာ လှံရှည်ကိုင်ထားပြီး ကျန်တစ်ဖက်မှ ဓားကောက်ကြီးတစ်လက်ကို ကိုင်ထားသည်။

ထိုနေရာအနီးမှ ဖြတ်လျှောက်သွားတော့ ချပ်ဝတ်တန်ဆာထဲမှာ လူမရှိသော်လည်း လူတစ်ယောက်က သူ့လှုပ်ရှားမှုကို လိုက်ကြည့်နေသကဲ့သို့ စိတ်ထဲမှာ ခံစားရလေသည်။

ထိုနေရာမှလွန်သောအခါ အပေါ်ထပ်တက်သော လှေကားထိပ်သို့ ရောက်သွားသည်။

ထိုအခါ အပေါ်ထပ်မှ လေးလံသောခြေလှမ်းဖြင့် ပြန်ဆင်းလာသော လူတစ်ယောက်ကို တွေ့ရသည်။

အဝတ်အစားနှင့်နားကြပ်ကို လည်ပင်းမှာ ချိတ်ဆွဲထားသောကြောင့် ဆရာဝန်တစ်ယောက်ဖြစ်သည်ကိုတော့ အကဲခတ်မိသည်။

ဆရာဝန်၏ ပုံပန်းသဏ္ဍာန်မှာ ပိန်လှီပြီး မျက်လုံးနှင့်ပါးနှစ်ဖက်စလုံး အတွင်းသို့ချိုင့်ဝင်နေသည်။

မျက်လုံးနှစ်လုံးက ပြူးကြောင်ကြောင်ဖြစ်နေပြီး ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှသွားက အနည်းငယ်ခေါ်နေသည်။

သူက လှေကားခြေရင်းမှာရပ်နေသော ဒေါက်တာမင်းထင်ကျော်ကို အကဲခတ်သလို တစ်ချက်ကြည့်ပြီး မသိမသာ ခေါင်းညိတ်ပြပြီးနောက် ထိုနေရာမှဆက်လျှောက်သွားသည်။ ခဏကြာတော့ ရုပ်တုများရှိသော ထောင့်ချိုးဘက်သို့ချိုးကွေ့ကာ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

နောက်တော့ လှေခါးအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့လေသည်။

လှေခါးမှာ တစ်ဆစ်ချိုးရှိနေရာ သူတို့တက်လာစဉ်မှာ အပေါ်ထပ်လှေကားထိပ်မှ တစ်စုံတစ်ယောက်က စောင့်ကြည့်နေသကဲ့သို့ စိတ်ထဲမှာထင်နေမိသည်။

တစ်ဆစ်ချိုးနေရာရောက်ပြီး အပေါ်သို့မော့ကြည့်လိုက်သောအခါ ဘာမှမတွေ့ရပေ။

အပေါ်ထပ်သို့ရောက်သောအခါ အခန်းအချို့ကို ဖြတ်ကျော်သွားခဲ့ပြီးနောက် အခန်းတံခါးတစ်ခုရှေ့တွင် ရပ်လိုက်သည်။

သူ့အိတ်ကိုဆွဲလာသောကုလားက အချက်ပေး ခေါင်းလောင်းကို တစ်ချက်နှိပ်ပေးခဲ့ပြီး ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ထူးဆန်းသော အပြုအမူများကြောင့် အံ့ဩနေမိသည်။

ခဏကြာတော့ တံခါးပွင့်သွားလေသည်။





တံခါးပေါက်ဝမှာ အမျိုးသမီးတစ်ယောက် ရပ်နေသည်။ အသက် (၂၅)နှစ်အရွယ်ခန့်ရှိပြီး မဂိုကုလားဆင်ရုပ်မျိုးဖြစ်သည်။

"အတွင်းမှာ သခင်ကြီး စောင့်နေပါတယ်၊ ဝင်သာသွားပါရှင်"

ဟု ချိုသာသောအသံဖြင့် ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အတွင်းဝင်လာသည်။

ထိုနေရာမှာ အခန်းကျယ်ကြီးတစ်ခန်းဖြစ်ပြီး မျက်နှာကြက်ကလည်း အတော်မြင့်သည်။

ပြတင်းပေါက်များမှာ ပြောင်လက်နေပြီး အလျားရှည်လှသည်။

စိတ်ထဲမှာတော့ ခြံဝန်းထဲမှ လှမ်းကြည့်စဉ်က မျက်လုံးပေါက်နှစ်ပေါက်နှင့် တူသောနေရာမှာ ထိုပြတင်းပေါက်များပင်ဖြစ်မည်ဟု ထင်မိလေသည်။

ပြတင်းပေါက် တပ်ဆင်ထားသောနေရာမှာ မြင့်လှသည်။ ကြမ်းပြင်မှ လူလက်တစ်ဖောင်ခန့်အမြင့်မှာ ရှိသဖြင့် ထိုပြတင်းပေါက်ကို ဖွင့်ဖို့ပိတ်ဖို့ပင် မလွယ်လှပေ။

ထိုပြတင်းပေါက်များမှာ ထူထဲသော မှန်ချပ်ကြီးများ တပ်ဆင်ထားရုံမကပဲ သံတိုင်များ စိုက်ထားသေးသည်။

ထို့ကြောင့် တံခါးပွင့်သည့်တိုင်အောင် လူတစ်ယောက် မဆိုထားနှင့် ကြောင်ကြီးကြီးတစ်ကောင်ပင် ထွက်နိုင်ဖို့ရာ မလွယ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှ မှောင်နေပြီ ဖြစ်သော်လည်း အလင်းရောင်အချို့က ရှိနေသေးရာ ပြတင်းပေါက် မှန်ချပ်များမှတစ်ဆင့် အထဲသို့ တစ်စွန်းတစ်စ ရောက်နေသည်။

အခန်းထဲမှာလည်း မီးပွင့်အချို့ ထွန်းထားသော်လည်း ခပ်မှိန်မှိန်သာရှိသည်။

ထိုအလင်းရောင်ဖြင့် ဝက်သစ်ချသားဖြင့် ခင်းထားသောကြမ်းပြင်မှာ အရောင်လက်နေသည်။

အနက်ရောင် ဝက်သစ်ချသားတို့က အမှောင်ထဲမှာပင် ပိုမိုတောက်ပနေသည်။

ထိုအရာမှလွဲပြီး အခြားနေရာကို သေသေချာချာ မြင်နိုင်ရန်တော့ မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် ထိုအခန်းထဲမှာလည်း မီးရောင်က ရှိသည်ဆိုရုံကလေး ထွန်းထားသောကြောင့်ဖြစ်သည်။

မျက်နှာကြက်မှာလည်း ရုပ်တုတချို့ တပ်ဆင်ထားသည်။ မျက်နှာကြက်ကမြင့်လွန်းပြီး အလင်းရောင်နည်းလှသောကြောင့် မည်သို့သော ရုပ်တုများ ဖြစ်သည်ကိုတော့ မသိနိုင်ပေ။

ထူးဆန်းသောအချက်မှာ အခန်းနံရံများမှာ အနက်ရောင် ကန့်လန့်ကာကြီးများ ချိတ်ဆွဲတပ်ဆင်ထားခြင်းဖြစ်၏။ ထို့ကြောင့် အခန်းထဲမှာ ပို၍ မှုံမှိုင်းနေခြင်းဖြစ်သည်။

ထိုအခန်းထဲမှာရှိနေသော ပရိဘောဂပစ္စည်းများကတော့ သစ်လွင်တောက်ပသော ပစ္စည်းမရှိပဲ ဟောင်းနွမ်းလှပြီဖြစ်သော ပစ္စည်းဟောင်းများသာ နေသားတကျမဟုတ်ပဲ အ





ဆင်ပြေသလို ထည့်ထားသည်ကို တွေ့မြင်ရသည်။

အချို့နံရံများမှာ စာအုပ်စင်များ ကပ်ထောင်ထားပြီး စာအုပ်မြောက်မြားစွာတို့ကို တင်ထားသည်။

အချို့နေရာတို့တွင် ပန်းချီကားများ ချိတ်ဆွဲထားသည်။

ပန်းချီကားများမှာ မှိုင်းညိုသော အရောင်အသွေးတို့ဖြင့် ဦးစားပေးရေးသားသော ထိတ်လန့်ဖွယ်ရာ ပုံပန်းသဏ္ဍာန်တို့သာ များလေသည်။

အချို့စင်များပေါ်မှာတော့ တူရိယာပစ္စည်းတို့ တင်ထားသည်။

ထိုအခန်းထဲမှာရှိသော အခြေအနေတို့ကို ပြောရလျှင် စိတ်တက်ကြွဖွယ် ပျော်ရွှင်ဖွယ်ရာ အခြေအနေမျိုး လုံးဝမတွေ့ရပဲ ကြည့်လိုက်မြင်လိုက်သည်နှင့် စိတ်ထိုင်းမှိုင်းစရာမျိုးသာ ရှိကြလေသည်။

ထိုအခန်းကျယ်ကြီးအဆုံးမှာတော့ တံခါးပိတ်ထားသော အခန်းတစ်ခန်းရှိရာသို့ ရောက်သွားလေသည်။

"ဝင်ခဲ့ပါ တံခါးစေ့ထားရုံပါပဲ"

အတွင်းမှ အသံကြားရသည်။

ကပ္ပတိန်ကပ်(စ)ပါ၏ အသံပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ ယခုလိုစိတ်ညစ်ညူးဖွယ်ရာကောင်းသော အခြေအနေမျိုးတွင် ကပ်(စ)ပါလို မိတ်ဟောင်းဆွေဟောင်းတစ်ယောက်နှင့် ပြန်တွေ့ရသဖြင့် အတန်အသင့် စိတ်သက်သာရာ ရသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် တံခါးကို အသာတွန်းဖွင့်ပြီး အခန်းတွင်းသို့ ဝင်သွားသောအခါ ပြတင်းပေါက်နှင့် မနီးမဝေး ခုတင်တစ်လုံး ပေါ်မှာလှဲနေသော ကပ်(စ)ပါကိုတွေ့ရလေသည်။

သူကဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ လှဲနေရာမှထရန် ကြိုးစားနေသည်။

သူ့ကြည့်ရသည်မှာ ယခင်တွေ့ရစဉ်ကထက် များစွာ ပြောင်းလဲသွားကာ ခန္ဓာကိုယ်မှာလည်း ပိန်လှီနေလေသည်။

"ခင်ဗျားရောက်လာတာ ဝမ်းသာပါတယ်ဗျာ"

ဟု အားနည်းသောလေသံဖြင့် ပြောဆိုနှုတ်ဆက်လေသည်။

ထိုနောက် ခုတင်နှင့် မနီးမဝေး နေရာမှာချထားသော ကုလားထိုင်တို့တွင် ဝင်ထိုင်လိုက်ကြသည်။

"ခင်ဗျားကြည့်ရတာ ကျန်းမာရေး သိပ်မကောင်းပါ လား၊ ဘယ်လိုရောဂါမျိုး ဖြစ်နေတာလည်း"

ဒေါက်တာမင်းထင်ကျော်က ကရုဏာသက်သော လေသံဖြင့် မေးလိုက်ရာ ကပ်(စ)ပါက သက်ပြင်းတစ်ချက်ချလိုက် သည်။

"ကျုပ်ကိုယ်မှာ စွဲကပ်နေတဲ့ ရောဂါက ဆရာဝန်တွေ မတတ်နိုင်တဲ့ ရောဂါမျိုးပေါ့ဗျာ"

"ဟင် . . ဘယ်လိုရောဂါမျိုးမို့လဲ"

"ကျိန်စာသင့်တဲ့ ရောဂါမျိုးပေါ့ဗျာ"

"ဟင် . ."





ဒေါက်တာမင်းထင်ကျော်က တအအံ့တသြ ဖြစ်သွား လေသည်။

"ဘယ်လိုကျိန်စာမျိုး သင့်နေတာလဲ၊ ကျွန်တော့်ကို လည်း သေသေချာချာ ပြောပြပါဦး"

"ပြောပါမယ်ဗျာ၊ ဒီလိုပြောပြချင်လို့လည်း ခင်ဗျားကို အကူးတကက မှာရတာပဲ၊ ဒါထက် မေးပါရစေဦး၊ ကျိန်စာဆိုတာ အကယ်ရှိတာမျိုးလားဗျ"

"ရှိပါတယ်၊ ရှေးကလူတွေဟာ ဘုရားကျောင်းကန်နဲ့ သက်ဆိုင်တဲ့နေရာတွေ ပစ္စည်းတွေကို တခြားသူတွေ ဖျက်စီးမှာ စိုးလို့ ကျိန်စာတွေ ထားခဲ့ကြတယ်၊ တချို့ကျတော့ မိမိနဲ့ မိသားစု တွေကို မျက်ရည်ပေါက်ကြီးငယ်ကျအောင် ဒုက္ခရောက်အောင် လုပ်လို့ ကျိန်စာဆိုတာမျိုးတွေလည်း ရှိပါတယ်"

"ဒီလိုကျိန်စာဆိုတော့ ထိသလား"

"ကျိန်စာထိတယ်ဆိုတာ နှစ်မျိုးတော့ရှိတယ်၊ တစ်မျိုး က အစောင့်အရှောက်တွေနှောင့်ယှက်လို့ ကျိန်စာထိပြီး၊ နောက် တစ်ခုကတော့ မိမိရဲ့ဥပါဒါန်စိတ်ကြောင့် ဒုက္ခတွေ့တာတွေ လည်း ရှိပါတယ်"

"ခင်ဗျားပြောသလိုဆိုရင် ကျုပ်ကတော့ နှစ်မျိုးစလုံး ကြောင့် အခုလိုဒုက္ခမျိုး ကြုံနေရတာထင်ပါရဲ့"

"ကျွန်တော်နားလည်အောင်လည်း ပြောပြပါဦးဗျာ၊ ခင်ဗျားကြုံတွေ့နေရတဲ့ ပြဿနာတွေကို တတ်နိုင်သလောက် အကူအညီ ပေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကပ်(စ)ပါက လေးတွဲစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။ အရောင်အဆင်းတောက်ပခြင်း မရှိတော့သော မျက်လုံးများက အခန်းတစ်နေရာသို့ ငေးကြည့်နေသည်။

သူ၏စိတ်အစဉ်မှာ အခြားတစ်နေရာသို့ ရောက်နေဟန်ရှိသည်။







# အခန်း(၃)

# ကျိန်စာသင့်နေသူနှင့် မဟာရာကျော်

ပက်(ရှ)ဝါမြို့၏မြောက်ဘက်မှ သဲကန္တာရများ၊ တောင်တန်းကြီးများနှင့် သစ်တောအုပ်များရှိသည်။ ထိုနေရာမှ လွန်မြောက်အောင်သွားလျှင် သဲကန္တာရအလယ်တွင် မဟာရာဂျာအုပ်ချုပ်သော ကူမာရစ်စတန်မြို့ ရှိသည်။

ကူမာရစ်စတန်မြို့မှာ သာမန်မြို့တစ်မြို့စာလောက်သာဖြစ်သော်လည်း ရွှေငွေကျောက်သံပတ္တမြား စသည်တို့ ပြွမ်းသော



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝသော မြို့ဖြစ်သည်။

ထိုမြို့၏ အနောက်တောအုပ်များအတွင်း၌ 'အမရစ် ဆာ'ဘုရားကျောင်း ရှိသည်။ ဟိန္ဒူများကိုးကွယ်သော ဘုရာ ကျောင်းဖြစ်သည်။

ထိုဘုရားကျောင်းမှာ ရွာများနှင့်မဝေးသော တောအုပ် အတွင်းမှာ ဆောက်ထားလေသည်။

ကျောက်တုံးကျောက်ခဲများ အုတ်ချပ်များဖြင့် အခိုင်အ ခံ့ဆောက်ထားပြီး အတွင်း၌ ကြီးမားသော နတ်ဘုရားရုပ်တုကြီး ရှိသည်။

ထိုနတ်ဘုရား ရုပ်တုကြီး နဖူးထိပ်တွင် ထူးဆန်းသော ကျောက်မျက်ရှင်တစ်လုံး တပ်ဆင်ထားသည်။

အနက်ရောင်နှင့် ဖရဲအူရောင် ရောထွေးတောက်ပနေ သော မဟူရာကျောက်ပင်ဖြစ်သည်။

ထိုကျောက်မှာ တိုမလင်း(Tourmaline)ကျောက်အမျိုး အစားထဲတွင် ပါဝင်ပြီး အရောင်အသွေးမျိုးစုံ ရှိကြလေသည်။

အနက်ရောင်ကျောက်ကို 'မဟူရာ'ကျောက်ဟု ခေါ် ဝေါ်ပြီး အခြားအရောင်အမျိုးအစားအလိုက် အခေါ်အဝေါ် လည်း ပြောင်းလဲသွားလေသည်။

လူအတော်များကတော့ မဟူရာကျောက်ဆိုလျှင် အ နက်ရောင် ကျောက်တစ်မျိုးသာရှိသည်ဟု ထင်မှတ်ကြသည်။

ကျောက်မျက်ရတနာတို့တွင် ပတ္တမြားကဲ့သို့ တန်ဖိုးကြီး သော ကျောက်တစ်မျိုးလည်း ဖြစ်သည်။





ထို့ပြင် ဂမ္ဘီရဆန်ပြီး သိဒ္ဓိလည်း ရှိသည်။

ကျိန်စာ၊ မှော်ပညာ၊ လျှို့ဝှက်ဆန်းကြယ်သော ပညာ ရပ်များဆိုပါက "မဟူရာကျောက်"ကို အသုံးပြုကြသည်။

မဟူရာကျောက်အမျိုးအစားများထဲတွင် အနက်ရောင် မှာ လူသိအများဆုံး ဖြစ်သော်လည်း အခြားအရောင်အသွေးများ လည်းရှိသည်။

အနီရောင်၊ အပြာရောင်၊ အညိုရောင်၊ ခရမ်းရောင်၊ ပန်းရောင်၊ သက်တံ့ရောင်နှင့် အခြားအရောင်မျိုးစုံ ရောထွေးနေ သော ကျောက်အမျိုးအစားများ ရှိကြသည်။

တောနက်ထဲမှ ဟိန္ဒူတို့ကိုးကွယ်သော အမရစ်ဆာ ဘုရားကျောင်းအတွင်းရှိ နတ်ဘုရားရုပ်ကြီးနဖူး၌ တပ်ဆင်ထား သောကျောက်မှာ အနက်ရောင် မဟူရာကျောက်ပင် ဖြစ်သည်။

ဂုံညှင်းအရွယ်ခန့်ရှိပြီး လုံးချောကျောက်ပင်ဖြစ်သည်။ အမှောင်ချထားသော အခန်းထဲမှာ ထိုကျောက်ကိုကြည့်ပါက ထူးဆန်းသောအလင်းရောင်များ ဖြာထွက်နေပြီး ကျောက်အ တွင်း၌ ထူးခြားသောပုံရိပ်အချို့ကို တွေ့မြင်နိုင်သည်။

ကပ္ပတိန်ကပ်(စ)ပါသည် အင်္ဂလိပ်စစ်တပ်တွင် တာဝန် ထမ်းဆောင်နေစဉ်က ကူမာရစ္စတန်နယ်တစ်ဝိုက်သို့ အုပ်ချုပ် ရန် တာဝန်ကျလေသည်။

သူ့လက်အောက်၌ တာဝန်ထမ်းဆောင်နေသော စစ် တပ်တွင် ပထန်စစ်သားများ ပါဝင်လေသည်။

ပထန်စစ်သားများမှာ ရိုင်းစိုင်းပြီး သတ္တိကောင်းသူများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည်။

ထို့ပြင်အမိန့်ပေးသည့်အတိုင်း တာဝန်ကျေအောင် လုပ်နိုင်သူများဖြစ်သောကြောင့် ကပ်(စ)ပါက သူအုပ်ချုပ်သောတပ်တွင် ပထန်စစ်သားအတော်များများကို ခေါ်ထားလေသည်။ ထိုအထဲတွင် ရာဂျစ်၊ အလီနှင့် ဟာဇစ်တို့ သုံးယောက်ကတော့ ၎င်း၏လက်စွဲတော်များ ဖြစ်ကြလေသည်။

တစ်နေ့တော့ သတင်းတစ်ခုကြားရသည်။

ရာဂျစ်တို့သုံးယောက်မှာ အနောက်ဘက်မှာရှိသော တောအုပ်များအတွင်းသို့ ကင်းလှည့်ရင်းနှင့် ဘုရားကျောင်းတစ်ခုကို မြင်သဖြင့် အထဲသို့သွားကြလေသည်။

အခြားစစ်သားများကို အပြင်မှာထားခဲ့သောကြောင့် ၎င်းတို့သုံးယောက် ဘာလုပ်ကြသည်ကိုတော့ သေသေချာချာ မမြင်ရပေ။ သို့သော်. . နတ်ဘုရားရုပ်တုမှ တစ်စုံတစ်ခု ယူဆောင်လာသည်ဆိုသော သတင်းကိုတော့ ကပ်(စ)ပါ သိရလေသည်။ ထို့ကြောင့် ထိုသုံးယောက်ကို ခေါ်ပေးသည်။

"မင်းတို့သုံးယောက် တောထဲကဘုရားကျောင်းထဲ ဝင်ပြီး ဘာပစ္စည်းယူခဲ့ကြသလဲ"

ထိုသို့မေးသောအခါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးနောက်. . .

"ဘာမှမယူခဲ့ပါဘူးဆရာ"

ဟု တညီတည်းအဖြေပေးသည်။

"ငါ့ကိုမှန်မှန်ပြောကြနော်"





"မယူခဲ့ပါဘူးဆရာ"

"အေး. . ဒါဖြင့်လည်း ပြီးတာပဲ၊ နောက်မှပေါ်လာရင်တော့ မင်းတို့သုံးယောက် မသက်သာဘူး"

အခြေအနေက ထိုမျှနှင့် ပြီးသွားလေသည်။

ကပ်(စ)ပါအနေဖြင့် အခြားကိစ္စများဖြင့် ရှုပ်ထွေးနေသောကြောင့် ထိုအကြောင်းကို မေ့ပျောက်သွားလေသည်။

တစ်နေ့တော့ စခန်းမှာ ထူးထူးခြားခြားတစ်ခု ဖြစ်လေတော့သည်။

ရာဂျစ်တို့ရှိနေသော အဆောင်ဘက်မှ ဆူဆူညံညံ အသံများ ကြားရသဖြင့် သွားရောက်စုံစမ်းသောအခါ စခန်းထဲသို့ ကြောက်စရာကောင်းသော သရဲသဘက်များ ဝင်လာသည်ဟု ဝိုင်းဝန်းပြောဆိုကြသည်။

"မင်းတို့ မူးမူးနဲ့ မြင်မိမြင်ရာတွေ မြင်နေကြတာ ဖြစ်မှာပါ၊ သရဲသဘက်တွေက သေနတ်ကြောက်လို့ ဒီနေရာမလာပါဘူး"

ဟုပြောပြီး ပြန်လာခဲ့သည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ထိုအဆောင်ဘက်မှ စူးစူးဝါးဝါးအော်သံ ကြားရလေသည်။

ထို့ကြောင့် သေနတ်ကိုယူပြီး အလျင်အမြန်သွားလေသည်။

"ဘာဖြစ်တာလဲဟေ့"

"အလီတစ်ယောက်တော့ သေပြီဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်သေတာလဲ၊ ဘယ်လိုဖြစ်တာလဲ"

"အိပ်ပျော်နေတုံး . . ဝူးဝူးဝါးဝါး . . အော်သံကြားလို့ ထကြည့်တော့ သူ့လည်ပင်းကို တစ်ယောက်ယောက်က ညှစ်သတ်နေတဲ့ပုံပဲ"

"ဘယ်သူကညှစ်တာလဲ"

"လည်ပင်းညှစ်နေတာသာ သိတယ်၊ ညှစ်သတ်နေတဲ့ လူကို မမြင်ရဘူး"

"ဟင်"

ထိုသို့ပြောသဖြင့် တအံ့တသြဖြစ်ကာ တဲအတွင်းသို့ ဝင်ကြည့်လေသည်။

အလီတစ်ယောက် သူအိပ်သောခုတင်ပေါ်မှာပင် စန့်စန့်ကြီး ငြိမ်သက်နေသည်။

အနားမှာရောက်နေသော ဆရာဝန်ကို စမ်းသပ်ခိုင်းတော့ အတန်ကြာအောင် စမ်းသပ်ကြည့်ပြီးတော့ ခေါင်းခါပြသည်။

"သူအသက်မရှိတော့ဘူး ကပ္ပတိန်"

ထို့ကြောင့် ကပ်(စ)ပါကိုယ်တိုင် အလောင်းအနီးသို့ တိုးကပ်ပြီး စစ်ဆေးကြည့်သည်။

မျက်လုံးက အဆမတန် ပြူးထွက်နေသည့်အပြင် လျှာကပါ တစ်ဝက်ခန့် အပြင်သို့ထွက်နေသည်။

လည်ပင်းတစ်ဝိုက်မှာလည်း အညိုအမည်းစွဲနေသော လက်ချောင်းရာများ တွေ့ရသည်။





အလီမှာ ပထန်လူမျိုးတစ်ယောက်ဖြစ်သောကြောင့် အရပ်အမောင်းကောင်းရုံမက ကိုယ်ခန္ဓာထွားကျိုင်းသန်မာသူဖြစ်သဖြင့် တော်ရုံတစ်ယောက်ချင်း၊ နှစ်ယောက်ချင်း ချုပ်ကိုင်ရန်မလွယ်လှပေ။

ထိုကဲ့သို့သန်မာသော လူတစ်ယောက်ကို အလွယ်တကူ လည်ပင်းညှစ်သတ်သွားသည်ကတော့ အံ့သြစရာဖြစ်သည်။

အခြားမသင်္ကာစရာ တွေ့လိုတွေ့ငြား စစ်ဆေးကြည့်ပြန်တော့လည်း ဘာမှမတွေ့ရပေ။

သို့ကြောင့် စီစဉ်စရာရှိတာ စီစဉ်ပေးခဲ့ပြီး သတိဝိရိယနှင့်နေကြရန် ထပ်မံမှာကြားပြီးနောက် မိမိစခန်းဘက်သို့ ပြန်လာခဲ့သည်။

သို့သော် ကပ်(စ)ပါအတွေးထဲမှာတော့ ဘုရားကျောင်းနှင့် ပတ်သက်သည့်အကြောင်းများက ပါလာလေသည်။

သူတို့သုံးယောက် တောထဲကဘုရားကျောင်းက တစ်ခုခုများ ယူလာကြသလား၊ ဒါကြောင့် ဒီလိုဖြစ်နေတာများလား။

တစ္ဆေသရဲဆိုတဲ့ ပရလောကသားတွေကတော့ လူတွေကို ဒီလိုဒုက္ခပေးနိုင်မယ် မထင်ပါဘူး၊ တိုက်ဆိုင်မှု တစ်ခုခု ဖြစ်မှာပါဟု တွေးလိုက်မိသည်။

သို့သော် သူ့အတွေးမမှန်ကြောင်း နောက်ထပ်ဖြစ်သော အဖြစ်အပျက်တစ်ခုက သက်သေပြလေတော့သည်။

နောက်တစ်ပတ်ခန့်ကြာတော့ သူတို့သုံးယောက်မှ ဟာဇစ်ဆိုသူ သေဆုံးပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသေပုံကလည်း ကြောက်စရာကောင်းသည်။

သစ်ပင်ပေါ်မှာ ကြိုးတန်းလန်းနှင့် သေဆုံးရခြင်း ဖြစ်သည်။ နောက်တစ်နေ့မနက်ပိုင်းအချိန်ရောက်မှ သူ့အလောင်းကိုတွေ့ကြရခြင်းဖြစ်သည်။

အလောင်းကိုဆွဲထားသော သစ်ကိုင်းမှာ အတော်မြင့်သဖြင့် တော်ရုံလူ မတက်နိုင်သော အခြေအနေရှိသည်။

အခြားသူများကတော့ အကြောင်းတစ်ခုခုကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခြင်းဖြစ်သည်ဟု ထင်ကြသည်။

ကပ်(စ)ပါကတော့ ထိုသို့မထင်ပေ။

တို့ထက်ဆန်းကြယ်သော အကြောင်းတစ်ခုခု ရှိနိုင်သည်ဟု စိတ်ထဲမှာထင်နေသည်။

ဟာဇစ်အလောင်းကို သင်္ဂြိုဟ်ပြီး နောက်တစ်နေ့တွင် ရာဂျစ်တစ်ယောက် ကပ်(စ)ပါထံရောက်လာသည်။

သူရောက်လာသောအချိန်မှာ ညဦးပိုင်းအချိန် ဖြစ်သည်။

"ရာဂျစ် ဘာဖြစ်လာတာလဲ"

"ဆရာကိုပြောစရာရှိလို့ လာခဲ့တာပါ၊ ကျွန်တော်လည်း နေရတော့မယ် မထင်ဘူး၊ သူတို့လိုပဲ သေရတော့မှာပါပဲ"

"ဘာတွေဖြစ်နေတာလဲ၊ ငါ့ကို အမှန်အတိုင်းပြောပြစမ်း"

"ဟိုတစ်လလောက်က အနောက်ဘက်နယ်စပ်ဘက်သွားကြတဲ့အချိန်က ဘုရားကျောင်းတစ်ခုကို ရောက်ခဲ့ကြတယ်၊





အဲဒီဘုရားကျောင်းထဲမှာရှိတဲ့ နတ်ဘုရားရုပ်တုကြီးရဲ့ နဖူးမှာ တပ်ဆင်ထားတဲ့ ကျောက်တစ်လုံးကို ကျွန်တော်တို့သုံးယောက် ထုတ်ယူလာခဲ့ကြတယ်"

"ဟင် အဲဒီကျောက်က ဘယ်မှာလဲ"

ရာဂျစ်က သူ့အိတ်ထဲမှ အိတ်ရှုံ့တစ်လုံးကို ထုတ်ပေးလေသည်။

ကပ်(စ)ပါက ကဗျာကရာယူကြည့်တော့. . . အထဲမှ ကျောက်တစ်လုံးထွက်လာသည်။ ထိုကျောက်မှာ တစ်ခုလုံး အနက်ရောင်ဖြစ်နေပြီး ဂုံညင်းအရွယ်လောက်ကြီးသည်။

အလေးချိန်ကလည်း အတော်စီးသည်။

သူ့လက်ထဲမှာ ကိုင်ထားရင်းမှပင် တစ်စုံတစ်ခု ထူးခြားနေသည်ဟု ထင်မိလေသည်။

"အဲဒီကျောက်ယူလာကတည်းက အန္တရာယ်တွေက လိုက်လာတော့တာပဲ"

"ဘယ်လိုအန္တရာယ်တွေလဲ"

"မကောင်းဆိုးဝါးတွေပါပဲ၊ တခြားလူတွေ မမြင်ရဘူး၊ ကျွန်တော်တို့ပဲ မြင်နေရတာ"

"ဒါတွေက တကယ်ရှိလို့လား၊ မင်းတို့ဥပါဒါန်စိတ်ကြောင့်ကော မဖြစ်နိုင်ဘူးလား"

"ကျွန်တော်တို့လည်း ဒါမျိုးတွေ အယုံအကြည်မရှိကြပါဘူး၊ ဒါပေမယ့် အခုလက်တွေ့ကြုံလာတော့ မယုံလို့မရတော့ဘူး၊ ဟိုနှစ်ယောက် တစ်ယောက်ပြီးတစ်ယောက် သေရတာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့လက်ချက်ပဲ"

ကပ်(စ)ပါအနေနှင့် လက်ထဲမှာကိုင်ထားသောကျောက်ကိုကြည့်ရင်း သူပြောနေသော အကြောင်းအရာတို့ကို ယုံကြည်ရအခက် မယုံကြည်ရအခက် ဖြစ်နေသည်။

တကယ်ဆိုလျှင် ကပ်(စ)ပါအနေဖြင့် ခေတ်ပညာတတ်တစ်ယောက် ဖြစ်သောကြောင့် သဘာဝလွန် အဖြစ်အပျက်တို့ကို ယုံကြည်မှုမရှိပေ။ယခုကြုံနေရသော အဖြစ်အပျက်များမှာ သဘာဝလွန်အဖြစ်အပျက်တို့ဖြင့် နီးစပ်နေသောကြောင့် စဉ်းစားဆုံးဖြတ်ရမှာ အခက်တွေ့နေရခြင်းဖြစ်၏။

"ဒါဖြင့် ဒီကျောက်ကို မင်းတို့ယူလာတဲ့ ဘုရားကျောင်းကို ပြန်ပို့ပေးလိုက်ပါလား"

"ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးဆရာ"

"ဘာကြောင့်လဲ"

"အခုနယ်စပ်ဘက်မှာ ရုရှားတပ်သားတွေရောက်ပြီး ခြေရှုပ်နေတော့ သွားဖို့မလွယ်တော့တာတစ်ကြောင်း၊ ကျွန်တော်သွားရင်လည်း သူတို့က ချမ်းသာပေးကြတော့မှာ မဟုတ်ဘူး"

"ဘယ်သူတွေကလဲ"

"ကျွန်တော်တို့ နောက်ကိုလိုက်လာတဲ့ မကောင်းဆိုးဝါးတွေကို ပြောတာပါ၊ ဒီတော့ ကျွန်တော်လည်း သူတို့လက်ချက်က လွတ်တော့မယ် မထင်ဘူး၊ ဟိုနှစ်ယောက်နောက်ကို လိုက်ရတော့မှာပါ၊ ဒီကျောက်ကို ဆရာပဲယူထားပြီးတော့ ကောင်းသလို





သာ စီစဉ်ပါတော့"

ဟုပြောပြီး ပြန်ထွက်သွားလေတော့သည်။

ထိုနေ့ ညအချိန်ရောက်သောအခါ သေနတ်သံတစ်ချက်ကြားရသဖြင့် ကပ်ပျာကယာ သွားကြည့်သောအခါ ရာဂျစ်တစ်ယောက် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေချေပြီ။

သူ့လက်ထဲမှာလည်း သေနတ်တစ်လက်ရှိနေသောကြောင့် သူ့ဘာသာ သတ်သေသွားသည်ဟု ယူဆရလေတော့သည်။ ရာဂျစ်တို့သုံးယောက်စလုံး သေဆုံးသွားခဲ့သော်လည်း ထိုကိစ္စကတော့ ပြီးမသွားခဲ့ပါချေ။

ရာဂျစ်ပေးခဲ့သော "မဟူရာကျောက်"က ကပ်(စ)ပါလက်ထဲမှာ သောင်တင်လျက်ကျန်ခဲ့လေသည်။

သူ့အနေဖြင့် ထိုနေရာသို့ ပြန်ပို့ပေးချင်သော်လည်း အခွင့်မသာခဲ့တော့ပါချေ။ ကူမာရစ္စတန်နယ်စပ်ဘက်သို့ ရုရှားတပ်များ ဝင်ရောက်လာပြီ ဖြစ်သောကြောင့် ထိုနေရာဘက်သို့ သွားရန်ကိစ္စမှာ မလွယ်ကူတော့ပေ။

ကူမာရစ္စတန်မြို့ကို အုပ်ချုပ်နေသော စော်ဘွားကသည်း ရုရှားတပ်များနှင့် ပူးပေါင်းပြီး အင်္ဂလိပ်တပ်များကို ဆန့်ကျင်တိုက်ခိုက်နေသောအချိန် ဖြစ်သဖြင့် ၎င်းတို့တပ်များပါ ထိုနေရာမှ ဆုတ်ခွာခဲ့ရလေသည်။

ထို့ကြောင့် ရာဂျစ်တို့သုံးယောက် ယူဆောင်လာခဲ့သော မဟူရာကျောက်မှာ သူ့ဆီမှာသောင်တင်လျက် ကျန်နေခဲ့ခြင်းဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာရောက်သောအခါ ကပ်(စ)ပါက စကားကိုရပ်လိုက်လေသည်။

“ဒါဖြင့် သူတို့ပေးသွားခဲ့တဲ့ မဟူရာကျောက်က ခင်ဗျားဆီမှာ ရှိနေသေးတာပေါ့နော်”

သူကခေါင်းညိတ်ပြသည်။

“ရှိပါတယ် တစ်နေရာမှာ သိမ်းထားပါတယ်၊ ဒီမဟူရာကျောက် ရောက်လာကတည်းက ကျုပ်တို့မိသားစုလည်း ဂြိုဟ်ဆိုးတွေ တစ်ခုပြီးတစ်ခု ဝင်လာတော့တာပါပဲဗျာ”

“ဘယ်လိုဝင်တာလည်းဗျ”

“ကျုပ်နဲ့ပတ်သက်တဲ့ မိသားစုတွေ တစ်ယောက်ပြီးတစ်ယောက် အန္တရာယ်ဆိုးတွေနဲ့ ကြုံတွေ့ရပြီး သေကုန်ကြပြီလေ၊ ကျွန်တော့်အဖေအမေတွေလည်း ကားမှောက်လို့ သေကြရတယ်၊ ကျုပ်တို့ရဲ့အမွေတွေကို စောင့်ရှောက်ပေးထားတဲ့ ဦးလေးနဲ့မိသားစုတွေလည်း အိမ်မီးလောင်ပြီး သေကြရတယ်၊ နောက်ဆုံး ဒီကိစ္စတွေကို တာဝန်ယူဆောင်ရွက်ပေးနေတဲ့ ဝတ်လုံတော်ရကြီးပါ သူတစ်ပါးသတ်လို့ သေခဲ့ရတယ်ဗျာ”

“ဒါတွေက တိုက်ဆိုင်မှုတွေရော မဖြစ်နိုင်ဘူးလား”

“တိုက်ဆိုင်လို့ပဲဖြစ်ဖြစ်၊ ခင်ဗျားပြောတဲ့ ကျိန်စာတို့ ဥပါဒ်န်ကြောင့်ပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ဒီလောက်ကြောက်စရာကောင်းတဲ့ အန္တရာယ်ဆိုးတွေက ကျုပ်တို့မိသားစုကိုမှ တမင်ရွေးပြီး နှိပ်စက်တာကရော ဘယ်လိုပြောမလဲဗျာ”

ဒေါက်တာမင်းထင်ကျော် အနေဖြင့် ကပ်(စ)ပါနှင့် အဆိုက်အခံပြောလိုစိတ် မရှိတော့ပေ။





လောလောဆယ် သူ့စိတ်ထဲမှာ ဖြစ်ပေါ်နေသည်ကတော့ ကပ်(စ)ပါထံမှ မဟူရာကျောက်ကို ကြည့်ချင်နေသော စိတ်ပင် ဖြစ်တော့သည်။

သို့သော်လည်း ယခုအချိန်မှာတော့ ထိုအကြောင်းကို ပြော၍မသင့်သေးပေ။

ယခုအခြေအနေမှာတော့.. ကပ်(စ)ပါတစ်ယောက် စိတ်လန့်ကြောက်ရွံ့ဖွယ်ရာကောင်းသော အခြေအနေတစ်ခုက နှိပ်စက်နေသောကြောင့် ပုံမှန်အခြေအနေ မရှိသောကြောင့် ဆက်မမေးတော့ပေ။

ထို့နောက်မှာတော့ ညဥ့်နက်ပိုင်း အချိန်ရောက်လာပြီဖြစ်သောကြောင့် ကပ်(စ)ပါက အခိုင်းအစေတစ်ယောက်ကို ခေါ်ပြီး ဒေါက်တာမင်းထင်ကျော်နားရန် အခန်းတစ်ခန်းသို့ လိုက်ပို့ရန် ပြောသဖြင့် ၎င်းအားနှုတ်ဆက်ကာ သူ့အခန်းထဲမှ ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# မဟူရာကျောက်နှင့် ထိတ်လန့်နေသောဟယ်လင်

ယခုရောက်နေသော အခန်းမှာ သူ့အတွက်တော့ စိတ်ကျေနပ်စရာကောင်းသော နေရာမျိုးတော့ မဟုတ်ပါချေ။

မနော်သုခဂေဟာသို့ စရောက်ကတည်းက သူ့အတွက် စိတ်ချမ်းသာစရာကောင်းသောမြင်ကွင်းမျိုး တစ်ခုမှမတွေ့ခဲ့ရသေးပေ။

အရှင်လတ်လတ် ငရဲအိမ်တစ်ခု ဒါမှမဟုတ် ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



လှောင်အိမ်တစ်ခုအတွင်းသို့ ရောက်နေရသကဲ့သို့ စိတ်ထဲ၌ ထင်နေမိသည်။

သို့သော် မိတ်ဆွေတစ်ယောက်ကို အကူအညီပေးရသည့်အခါ ထိုထက်ဆိုးဝါးသော အဖြစ်အပျက်များကိုပင် တွေ့ကြုံခဲ့ရဖူးပေရာ. . . ယခုလောက်တွေ့ကြုံရသော စိတ်ညစ်ညူးဖွယ်ရာတို့ကိုတော့ ရေးကြီးခွင်ကျယ်လုပ်ပြီး စိတ်ညစ်ညူးနေခြင်းတော့ မရှိတော့ပေ။

ထို့ကြောင့် သူ့အတွက် စီစဉ်ပေးထားသော အခန်းတွင်းသို့ ရောက်သည်နှင့် အခန်း၏အခြေအနေကို အနည်းငယ်မျှသာ ကြည့်နိုင်ပြီးနောက် အိပ်လေရာ ခရီးပင်ပန်းသောကြောင့် ချက်ချင်းအိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။ နားထဲမှာ တစ်စုံတစ်ခုသောအသံကို ကြားရသဖြင့် ဖျတ်ခနဲ ပြန်နိုးလာလေသည်။

အသံကြားရသောနေရာမှာ ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားသော နံရံ၏အပေါ်ဘက်ဆီမှ ဖြစ်သည်။

ကြားနေရသော အသံမှာ တယောထိုးနေသံဖြစ်သည်။

ရေးဆွဲထားသော ပန်းချီကားမှာ ကြိုးစင်ပေါ်မှာ လူတစ်ယောက်ထိုင်နေပြီး တယောထိုးနေသောပုံဖြစ်သည်။

ပထမတော့ အိပ်မက်မက်နေသလား၊ ဒါမှမဟုတ် မိမိစိတ်မှ ထင်နေသလားဟု ထင်လိုက်မိသေးသည်။ မဟုတ်ပေ။

ကြားနေရသော တယောထိုးသံက အသေအချာ ကြား





နေရသည်။

သို့ကြောင့် အပေါ်သို့မော့ကြည့်လိုက်သောအခါ ပန်းချီကားချိတ်ထားသော နေရာအထက်တွင် ထပ်ခိုးကဲ့သို့ စင်တစ်စင်ရှိနေပြီး ထိုစင်ပေါ်မှာ လူတစ်ယောက်ထိုင်ပြီး တယောကို စိမ်ပြေနပြေ ထိုးနေခြင်း ဖြစ်လေသည်။

ထိုင်နေသောလူမှာ သူ့အရပ်နှင့် အပေါ်မျက်နှာကြက်နှင့် မလွတ်သောကြောင့် ခါးကို ရှေ့သို့ကုန်းပြီး ထိုင်နေရာ အောက်ကလူကို ငုံ့ကြည့်နေသကဲ့သို့ ဖြစ်နေလေသည်။

ထိုလူသည် ပန်းချီကားထဲမှ လူပင်ဖြစ်၏။

သူကဦးခေါင်းပေါ်မှ ကျိုးတိုးကျဲတဲဖြစ်နေသော ဆံပင်ရှည်တို့သည် အရိုးပေါ် အရေတင်နေသောကိုယ်ပေါ်သို့ ဝဲကျနေသည်။

ကိုယ်ပေါ်တွင် အဝတ်အစားမရှိသောကြောင့် အရိုးမြိုင်းမြိုင်းထနေသော ခန္ဓာကိုယ်ကို မြင်နေရသည်။

ပိန်လှသောကြောင့် နှံကောင်တစ်ကောင် ထိုင်နေသည်နှင့် များစွာတူလေသည်။

ကျဉ်းမြောင်းလှသော ပြတင်းပေါက်မှ ဝင်လာသော မှုန်ဝါးဝါးလရောင်က သူ့ခန္ဓာကိုယ်ပေါ်သို့ တစ်စွန်းတစ်စရောက်နေရာ မွဲပြာပြာအရောင်မျိုး ဖြစ်နေတော့သည်။

ထိုလရောင်ကြောင့်ပင် ထိုလူ၏ ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာမျှင်များ ရစ်ပတ်နေသည်ကို သတိပြုမိသည်။

သူသည် အချိန်ကြာမြင့်စွာဖြင့် ထိုအထပ်ခိုးကလေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာရောက်နေဟန် ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က ပက်လက်အနေအထားမှ မထသေးပဲ သူ့အခြေအနေကို ကြည့်နေသည်။

စိတ်ထဲမှာတော့ မကောင်းဆိုးဝါးတစ်ကောင် မနီးမဝေးမှာ ရောက်နေသကဲ့သို့ ခံစားရသည်။

ကြည့်နေရင်းမှာပင် ထိုလူက ပခုံးပေါ်တင်ထားသော တယောကို စိမ်ပြေနပြေ ထိုးနေပြန်သည်။

သူ့ဦးခေါင်းမှာ ကြိုးပေးခံရသဖြင့် လည်ပင်းအရိုးအဆစ်များ ပြုတ်ထွက်နေသကဲ့သို့ ပခုံးပေါ်မှ တယောကိုပင် ကောင်းစွာ မီမထားနိုင်ပဲ မငြိမ်မသက် ဖြစ်နေသည်။

တယောကို ငြိမ်အောင်ထိန်းဖို့ထက် သူ့ဦးခေါင်းကိုပင် တည့်မတ်နေစေဖို့ အတော်ကြိုးစားပြီး ထိန်းနေရဟန်ရှိသည်။

သူသည် သေဆုံးသွားခဲ့ပြီးသော တစ္ဆေတစ်ကောင်ပင် ဖြစ်ဟန်ရှိပေသည်။

သို့သော် သူ့တယောသံကတော့ ဂန္ထဝင်ဆန်သော တယောသံမျိုး ဖြစ်သည်။

တောင်ပေါ်ရှိ ရေတံခွန်တစ်ခုမှ ကျဆင်းလာသော ရေသံများ. . အနီးအနားရှိ ကျောက်တုံးကျောက်ခဲကြီးများကို ထိတွေ့ရိုက်ခတ်ကာ အဝေးသို့ လွင့်ပျံ့သွားသလို တိုးဝင်သွားပြီးမှ ပဲ့တင်သံကဲ့သို့ တိုးညင်းစွာ ပြန်ကြားလာရသည်။

တစ်ခါတစ်ရံ တောနက်တွင်းရှိ ကြီးမားသောသစ်ပင်ကြီးများကို လေနုအေးက ဝင်ရောက်တိုးဝှေ့ရာမှ သစ်ရွက်ခတ်





သံများကဲ့သို့သော်လည်းကောင်း၊ ဆောင်းဦးရာသီ၏ မိုးသက်မုန်တိုင်းကျရာမှ ပြင်းထန်သော အသံမျိုးများကဲ့သို့သော်လည်းကောင်း ကြားရသည်။

တစ်ခါတစ်ရံ တယောသံက ကြားရသူကို ဖြေမဆည်နိုင်လောက်အောင် ဝမ်းနည်းကြေကွဲမှုကို ဖြစ်ပေါ်လာစေသည်။

တစ်ခါတစ်ရံမှာတော့ ဝမ်းသာပျော်ရွှင်မှု စိတ်အားတက်ကြွလာစေမှုနှင့် တစ်ကိုယ်လုံး ခံစားမှုအာရုံများ နိုးထလာစေလောက်သည့် ဂီတသံကို ကြားနေရသည်။

ထိုမျှလောက်သော ဂီတသံစဉ်မျိုးကို တယောတစ်လက်ဖြင့် ဖော်ပြနိုင်သော ဂီတပညာရှင်မှာ အခြားသူတော့ မဖြစ်နိုင်တော့ပေ။

ဂီတလောကတွင် ဆန့်ကျင်ဘက်သံစဉ်များကို ပေါင်းစပ်ရာတွင် သူမတူအောင် ကျွမ်းကျင်ခဲ့သောကြောင့် ကမ္ဘာကျော်ခဲ့သော ဂီတပညာရှင်ကြီး 'မဲလ်ချိုင်ယာ'ပင် ဖြစ်ပေတော့သည်။

မဲလ်ချိုင်ယာမှာ လူတစ်ယောက်ကို အမှတ်မထင် သတ်ဖြတ်ခဲ့မိသောကြောင့် ကြိုးပေးကွပ်မျက်ခံရသူ ဖြစ်သည်။

ထိုအခါမှ နံရံ၌ ချိတ်ဆွဲထားသော ပန်းချီကားထဲမှ ရေးဆွဲထားသော ရုပ်ပုံမှာ မဲလ်ချိုင်ယာပုံဖြစ်ကြောင်း သတိပြုမိလေတော့သည်။

ထိုအခိုက်မှာ ကြားနေရသော ဂီတသံက ပျောက်သွားသည်။ မြင်နေရသော မြင်ကွင်းက ပြောင်းလဲသွားသည်။

ထိုစဉ်ခေတ္တ အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒေါက်တာမင်းထင်ကျော်က လှဲနေရာမှ ထလိုက်သည်။ ပြတင်းပေါက်မှ တိုးဝင်နေသောလရောင်က ပန်းချီကားပေါ်သို့ တစ်စွန်းတစ်စ ကျနေသည်။

သို့ကြောင့် ကြိုးစင်ပေါ် မှာထိုင်ပြီး တယောထိုးနေသော မဲလ်ချိုင်ယာ၏ ရုပ်ပုံကိုလည်း မသဲမကွဲ မြင်နေရသည်။

ထိုအခိုက်မှာပင် အခန်းအပြင်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်လာသော ခြေသံကို ကြားရသည်။

"ရှပ်. . ရှပ်. . ရှပ်"

ခြေသံက တဖြည်းဖြည်း နီးလာပြီး အခန်းပေါက်ဝ ရောက်တော့ ရပ်တန့်သွားသည်။

ဒေါက်တာမင်းထင်ကျော်က ခေါင်းအုံးဘေးမှာ အသင့်ချထားသောသေနတ်ကို ကောက်ယူပြီး နားစွင့်နေသည်။

အတန်ကြာတော့ ရှေ့သို့ ဆက်လျှောက်သွားသော ခြေသံကို ကြားရပြန်သည်။

သို့သော် ခဏကြာတော့ အခန်းဘက်သို့ ပြန်လျှောက်လာသော ခြေသံကို ကြားရပြန်သည်။

"ရှပ်. . ရှပ်. . ရှပ်"

အခန်းပေါက်ဝရောက်တော့ ရပ်တန့်သွားပြန်သည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကို ကိုင်လျက်ဖြင့် နေရာမှထကာ တံခါးပေါက်ဝသို့ လျှောက်သွားသည်။

သူ တံခါးပေါက်ဝနားရောက်တော့ ခြေသံက ရှေ့သို့





ဆက်လျှောက်သွားပြန်လေသည်။

ခဏကြာတော့မှ တံခါးချက်ကိုဖြုတ်ပြီး တံခါးချပ်ကို ဟကြည့်လိုက်သည်။

အတော်ဝေးဝေးရောက်သွားသော ဖြူဖြူသဏ္ဍာန် တစ်ခုကို လှမ်းမြင်လိုက်ရသည်။

ထိုသဏ္ဍာန်က သူလှမ်းကြည့်လိုက်သောအခါ ထောင့်ချိုးတစ်ခုသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။

သို့ကြောင့် တံခါးကိုပြန်ပိတ်ပြီး အိပ်ရာပေါ်သို့ ပြန်လာကာ အိပ်ပျော်ရန် ကြိုးစားလေသည်။

သို့သော် အိပ်မပျော်ပေ။

ရှုပ်ထွေးလှသော အတွေးများက ခေါင်းထဲမှာ တစ်ခုပြီး တစ်ခု တိုးဝင်နေကြသည်။

ကပ်(စ)ပါ ပြောပြသော အကြောင်းများအပြင် ကျိန်စာသင့်လျက် အန္တရာယ်ဆိုးများနှင့် ကြုံတွေ့ခဲ့ကြရသော မိသားစုများ အကြောင်းကိုပါ သတိရနေလေသည်။

ထို့ပြင် ညဥ့်ဦးပိုင်းက အခန်းထဲမှာ တွေ့လိုက်ရသော မဲလ်ချိုင်ယာ၏ ပုံရိပ်များကိုသော်လည်းကောင်း၊ သူ၏ တယောသံတို့ကိုသော်လည်းကောင်း. . မြင်ယောင်ကြားယောင် နေမိသည်။

ထိုညက တစ်ညလုံး အိပ်မပျော်ဘဲ နံနက်ပိုင်းအချိန်ရောက်မှ အိပ်ပျော်သွားရာ အတော်နေမြင့်ချိန်ရောက်မှ နိုးလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကိုယ်လက်သန့်စင်ပြီးသောအခါ ကပ်(စ)ပါနှင့်တွေ့ရန် သူရှိသော အခန်းသို့ သွားလေသည်။

ကပ်(စ)ပါက သူ့ကို စောင့်နေဟန်ရှိသည်။

စားပွဲပေါ်မှာ နံနက်စာစားသောက်ရန် အစားအသောက်များ ပြင်ဆင်ထားသည်။

နှစ်ယောက်သား စားသောက်ရင်းနှင့်ပင် စကားပြောကြသည်။

"ညက အိပ်ပျော်ရဲ့လား ဒေါက်တာ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်သည်။

"ညက ဂီတပညာရှင်ကြီး မဲလ်ချိုင်ယာကို တွေ့လိုက်ရသေးတယ်၊ သူ့ရဲ့တယောသံကိုပါ နားထောင်လိုက်ရသေးတယ်"

ဆိုစကားကြားသောအခါ ကပ်(စ)ပါက အားနည်းစွာဖြင့် ပြုံးလိုက်သည်။

"ဆောရီးဗျာ၊ ခင်ဗျားကို ကြိုပြောထားဖို့ မေ့သွားတယ်၊ ကျုပ်က စစ်သားဘဝနဲ့ နေရာအနှံ့ကို ရောက်လေတော့ ရောက်တဲ့နေရာက ထူးထူးဆန်းဆန်း ပစ္စည်းတွေတွေ့ရင် ဝယ်ယူစုဆောင်းတဲ့ ဝါသနာရှိတယ်၊ အထူးသဖြင့်တော့ ဂမ္ဘီရဆန်တဲ့ ပစ္စည်းမျိုးတွေပေါ့ဗျာ၊ ဒီအိမ်ကြီးမှာ ထူးဆန်းတဲ့ပစ္စည်း အတော်များများရှိတယ်၊ ဥပမာ မဲလ်ချိုင်ယာရဲ့ တယောတစ်လက်တောင် ရှိပါသေးတယ်၊ ဒီတော့ သူ့ရဲ့တယောသံကို ကြားရတာ ဘယ်ဆန်းတော့ မလဲဗျာ"

သူပြောပြသော အကြောင်းအရာများထဲမှာ ထူးဆန်း





သော ပစ္စည်းအချို့လည်း ပါဝင်လေသည်။

ခရစ်တော် အသုံးပြုခဲ့သော တောင်ဝှေး၊ သူ့ရဲကောင်းများ ကိုင်သောဓား၊ အနုပညာရှင်တို့ အသုံးပြုခဲ့သော တူရိယာပစ္စည်းများလည်း ပါဝင်သည်။

ထိုအထဲတွင် ပီကာဆို အသုံးပြုခဲ့သည့်စုတ်တံ စသည်တို့ပင် ပါဝင်လေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ကပ်(စ)ပါအား စိတ်ရောဂါတစ်ခုခု ရနေသည်ဟု ထင်မိလေသည်။

သို့သော် ထိုအကြောင်းကိုတော့ ဆက်မမေးတော့ပေ။

"ဒ့ါအပြင် ဒီအိမ်ကြီးမှာ ခင်ဗျားအပြင် ဘယ်သူတွေရှိနေကြသေးလဲ"

"အခိုင်းအစေတွေတော့ ရှိပါတယ်၊ ဒ့ါအပြင်တော့ ကျုပ်တို့ မောင်နှမနှစ်ယောက်ပဲ ရှိပါတယ်"

"ခင်ဗျားနှမက ဘယ်မှာလဲ"

"သူက အခန်းအပြင်ဘက်တောင် မထွက်နိုင်တော့တဲ့ ရောဂါသည် တစ်ယောက်ပေါ့၊ သူ့နာမည်က ဟယ်လင်လို့ခေါ်တယ်၊ သူက သွေးကင်ဆာရောဂါ ဖြစ်နေတာကြာပြီ၊ ဆရာဝန်တွေကပါ လက်လျှော့လိုက်ပြီဆိုတော့ မကြာခင် သူသေတော့မှာပါ"

ကပ်(စ)ပါက နှမရင်းချာတစ်ယောက် သေလောက်သည့် ရောဂါဝေဒနာခံစားနေရသည့် အကြောင်းကို ပြောနေသော အမူအရာမှာ အရေးမကြီးသော အကြောင်းအရာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည့်ပုံမျိုးဖြစ်သည်။

"သူနဲ့ ခဏလောက် တွေ့ပါရစေ"

"တွေ့ချင်လည်း တွေ့ပေါ့ဗျာ၊ သူ အပေါ်ထပ် အခန်းမှာ ရှိပါတယ်၊ ခင်ဗျား သူနဲ့တွေ့ရင်လည်း စိတ်မချမ်းမသာ ဖြစ်ရုံအပြင် ဘာမှရှိမှာ မဟုတ်ပါဘူး"

ဟု ပြောသည်။

ထို့နောက် အခြားအကြောင်းများ ပြောဆိုပြီး ဒေါက်တာမင်းထင်ကျော်က သူ့အခန်းသို့ ပြန်လာသည်။

နေ့လယ်ပိုင်းအချိန်တွင် မြို့ထဲသို့သွားရာ ညနေစောင်းတော့မှ ပြန်ရောက်လာသည်။

ပြန်ရောက်သည်နှင့် ရေချိုး အဝတ်အစားလဲပြီး ဟယ်လင်ရှိသောအခန်းသို့ မေးမြန်းပြီး သွားလေသည်။

သူမနေသော အခန်းမှာ အပေါ်ထပ် ထောင့်စွန်အခန်းပင် ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က တံခါးခေါက်လိုက်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

"ဝင်လာခဲ့ပါ"

အတွင်းမှ အသံကြားရသဖြင့် တံခါးကို အသာတွန်းပြီး အတွင်းသို့ ဝင်သွားလေသည်။

ပြတင်းပေါက်နားမှာ ချထားသော ခုတင်ပေါ်မှာ လဲလျောင်းနေသော အမျိုးသမီးကို တွေ့ရသည်။

သူမသည် အသက်အရွယ် မကြီးရင့်လှသော်လည်း





ရောဂါဖိစီးနှိပ်စက်မှုကြောင့် ပိန်နေပြီး အသားအရောင်မှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

သူ့ကိုမြင်တော့ တအံ့တသြဖြင့် ကြည့်နေသည်။

"ရှင် ဘယ်သူလဲ"

"ကျွန်တော်က ဧည့်သည်တစ်ယောက်ပါ၊ ကပ်(စ)ပါရဲ့ မိတ်ဆွေတစ်ယောက်ပါပဲ၊ ခင်ဗျားက ဟယ်လင်မဟုတ်လား"

သူမက ခေါင်းညိတ်ပြသည်။ ပြီးမှ ထထိုင်ပြီး ခုတင်ခေါင်းရင်းကို ကျောမှီထားသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"

"ရှင်က ဆရာဝန်တစ်ယောက်လား"

"ဆရာဝန် တစ်ယောက်တော့ မဟုတ်ပါဘူး"

"ဒီကို ဘာအတွက် လာတာလဲဟင်"

"ကပ်(စ)ပါက အကူအညီတစ်ခု တောင်းလို့ လာခဲ့တာပါ"

"သူအကူအညီတောင်းမှာ 'မဟာရာဇကျောက်'ကိစ္စပဲ မဟုတ်လား"

"ဟုတ်မယ်ထင်ပါတယ်၊ ကျွန်တော့်ကိုတော့ သေသေချာချာ ဘာမှမပြောသေးပါဘူး"

ဒေါက်တာမင်းထင်ကျော်က ခုတင်နားမှာ ချထားသော ထိုင်ခုံပေါ်မှာ ဝင်ထိုင်လိုက်သည်။

"ရှင့်ကို ကျွန်မ တစ်ခုတော့ပြောချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ဟယ်လင်"

"ရှင် ဒီအိမ်ကို ဘယ်လိုအကြောင်းနဲ့ပဲ ရောက်လာလာ ဒီကနေ အမြန်ဆုံး ပြန်သွားပါ၊ ဒါမှ ရှင့်အတွက် ကျိန်စာစက်ကွင်းက လွတ်ကင်းပါလိမ့်မယ်"

"ကျိန်စာစက်ကွင်းဆိုတာ ဘယ်လိုသင့်နေတာလဲဟင်"

"သူယူလာတဲ့ မဟူရာကျောက်ကြောင့် ကျိန်စာဆိုးတွေ အန္တရာယ်ဆိုးတွေ တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး ရောက်လာကြတာပါ၊ အခုလည်း ဒီအိမ်ထဲမှာ ရှိနေတယ်ဆိုတာ ကျွန်မသိတယ်၊ ဒါကြောင့် ရှင့်အနေနဲ့ ဒီနေရာကနေ အမြန်ဆုံးသွားရင် အကောင်းဆုံး ဖြစ်မှာပါ"

ဟုပြောလေသည်။

ဒေါက်တာမင်းထင်ကျော်က သူမမျက်နှာကို အကဲခတ်ကြည့်တော့ အမှန်တကယ် ပြောနေခြင်းဖြစ်မှန်း သိသာလေသည်။

ဟယ်လင်မှာ အသက်(၂၈)နှစ်ခန့်ရှိပြီး ကပြားသွေးပါသူ ရုပ်ရည်မျိုးဖြစ်သည်။

ကျန်းမာရေးကောင်းနေအချိန်ကဆိုလျှင် ချောမောလှပသူတစ်ဦး ဖြစ်ကြောင်းသိသာပေသည်။

"ကျွန်တော် ခင်ဗျားရဲ့စေတနာကို လေးစားပါတယ်၊ ဒါပေမယ့် ဒီကိုရောက်လာပြီးမှတော့ ခင်ဗျားတို့မောင်နှမ ကြုံတွေ့နေရတဲ့ အန္တရာယ်တွေကို တတ်နိုင်သလောက်တော့ အကူအညီပေးသွားချင်ပါတယ်"





ထိုသို့ပြောသောအခါ ဟယ်လင်က စိတ်ပျက်လက်ပျက်ဖြစ်သွားဟန်ဖြင့် ခေါင်းကိုခါယမ်းလိုက်သည်။

"ရှင်က ကျွန်မပြောတဲ့ စကားမှ မယုံပဲကိုး၊ ဒီမှာဆက်နေရင်တော့ အန္တရာယ်ဆိုးနဲ့ မုချတွေ့ပြီး သေမှာပဲ"

ဟု တိုးတိုးရေရွတ်နေသည်။

"ကျွန်တော်တစ်ခုလောက် မေးပါရစေ"

သူမက မော့ကြည့်သည်။

"ကျိန်စာသင့်နေတဲ့ မဟူရာကျောက်က ဘယ်မှာလဲဟင်"

"ဒီအိမ်ကြီးရဲ့ တစ်နေရာမှာ ကပ်(စ)ပါ ဝှက်ထားတယ်၊ ဒီအကြောင်းတွေကို သူတို့သိလို့ မဖြစ်ဘူး၊ သိသွားတာနဲ့ ရှင့်ကိုလာပြီး သတ်ကြလိမ့်မယ်"

"သူတို့ဆိုတာ ဘယ်သူတွေလဲဟင်"

"မကောင်းဆိုးဝါးတွေပေါ့ရှင်၊ သူတို့ ဒီအိမ်ထဲမှာ ရှိနေကြတယ်"

ဟုပြောရင်း သူမမျက်နှာမှာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်လာသောကြောင့် ဒေါက်တာမင်းထင်ကျော်က အဆိုက်သိစွာဖြင့် နေရာမှထရပ်လိုက်သည်။

"ခင်ဗျားကြည့်ရတာ သိပ်ပြီးပင်ပန်းသွားပုံပဲ၊ အခုလိုလာပြီး အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်ပါဗျာ"

ဟုပြောဆိုပြီး ထိုအခန်းထဲမှ ပြန်ထွက်လာလေသည်။

သူ့အခန်းရှိရာသို့ ပြန်ရောက်သောအခါ မှောင်စပြုနေ



www.burmeseclassic.com

www.burmeseclassic.com



နေချေပြီ။

ဒေါက်တာမင်းထင်ကျော်က အခန်းအပြင်ဘက်ရောက်တော့ တံခါးလက်ကိုင်ဘုကို အခြေအနေကြည့်သည်။

သူထားခဲ့သော အမှတ်အချို့ ပျက်ယွင်းနေသည်။

ထို့ပြင်အခန်းထဲမှ ခြေသံလိုလို ကြားလိုက်ရသဖြင့် သေနတ်ကို ဆွဲထုတ်လိုက်သည်။

ပြီးမှ တံခါးကိုဖွင့်ပြီး သေနတ်ဖြင့် ချိန်ထားလိုက်သည်။

အခြေအနေ ဘာမှမထူး။ အခန်းထဲသို့ဝင်သွားတော့လည်း တစ်စုံတစ်ရာ ဘာမှမတွေ့ရသဖြင့် အံ့ဩသွားသည်။

စိတ်မကျေနပ်သဖြင့် မီးဖွင့်ပြီး ခုတင်အောက်ပါမကျန် ရှာဖွေကြည့်တော့လည်း လူမဆိုထားနှင့် ကြောင်တစ်ကောင်ပင် မတွေ့ရပေ။ သို့ကြောင့် များစွာအံ့ဩသွားသည်။

စောစောက အခန်းထဲမှ ကြားလိုက်ရသော ခြေသံရှင် ဘယ်ရောက်သွားလေပြီလဲ။

မနောသုခဂေဟာမှ ပဟေဠိဆန်လွန်းသောနေရာ တစ်ခု ဖြစ်သည်ကတော့ အမှန်ပင်ဖြစ်ပေသည်။





# အခန်း(၅)

# ဟယ်လင်နှင့် မြေအောက်သင်္ချိုင်း

နောက်ရက်များမှာတော့ ကပ်(စ)ပါ၏အခြေအနေမှာ တစ်နေ့တခြား ပိုမိုဆိုးဝါးလာဟန် ရှိလေသည်။ သူ့ကိုကြည့်ရသည်မှာ တစ်စုံတစ်ခုကို ထိန့်လန့်ကြောက်ရွံ့နေဟန် ရှိပြီး ဆောက်တည်ရာမရသကဲ့သို့ ဖြစ်နေလေသည်။ တစ်နည်းဆိုသော် ပုံမှန်စိတ်အခြေအနေမရှိတော့ပဲ စိတ္တဇဝေဒနာ ခံစားနေရသကဲ့သို့ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မဟူရာကျောက်နှင့်ပတ်သက်သော အကြောင်းကိုလည်း မေးခွင့်မသာတော့ပေ. . .။

"ကျုပ်တော့ နေရတော့မယ် မထင်ပါဘူးဗျာ၊ တကယ်လို့ ကျုပ်သေသွားခဲ့ရင်တော့ ကျုပ်ရဲ့ကိုယ်စား မဟူရာကျောက်ကို သူ့ရဲ့မူလနေရာဖြစ်တဲ့ နတ်ဘုရားကျောင်းကို ပြန်ပို့ပေးစေချင်ပါတယ်. . . ဒါတော့ကူညီပေးပါဗျာ. . ."

"ခင်ဗျားပြောတဲ့ အကူအညီကို ပေးနိုင်ပါတယ်၊ ကျွန်တော့်ကိုလည်း မဟူရာကျောက် ပြပါဦး"

ဟုပြောတော့မှ အခန်းတစ်နေရာမှ လုံခြုံစွာဝှက်ထားသောငွေသေတ္တာတစ်လုံးကို ထုတ်ယူလာပြီး အဖုံးဖွင့်ပြသည်။ အထဲမှာတော့ အနက်ရောင်ကတ္တီပါစပေါ်မှာ ဂွမ်းစတစ်ခုဖြင့် တင်ထားသည့် ကျောက်တစ်ပွင့်ကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က ယူပြီး အသေအချာကြည့်သည်။ ကျောက်မှာ ဂုံညင်းလုံးခန့်ရှိပြီး လုံးချောကျောက် ဖြစ်သည်။ တစ်ခုလုံး အနက်ရောင်များ သမ်းနေသည်ဆိုသော်လည်း အတွင်းမှာ အခြားအရောင်မျိုးစုံတို့လည်း ရှိနေကြသည်။

ထို့ပြင် ကျောက်အတွင်းမှာ ထူးဆန်းသောပုံရိပ်အချို့လည်း ရှိနေသကဲ့သို့ ထင်ရလေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် နေရာဒေသအတော်များများကို ရောက်ဖူးရုံသာမကပဲ စိန်၊ ပတ္တမြားစသော တန်ဖိုးမဖြတ်နိုင်သော ကျောက်မြတ်ရတနာတို့ကိုလည်း တွေ့ဖူးမြင်ဖူးခဲ့လေသည်။





သို့သော် ယခုလောက် အရည်အသွေးကောင်းပြီး အသုံးအရွယ်အစားကြီးမားသော မဟူရာကျောက်မျိုးတော့ တစ်ကြိမ်တစ်ခါမှ တွေ့ဖူးမြင်ဖူးခြင်း မရှိခဲ့ပေ။ သူသည် မီးရောင်ဖြင့် ကျောက်ကိုအသေအချာကြည့်နေစဉ် အပြင်မှခြေသံလိုလို ကြားသဖြင့် ကျောက်ကိုပြန်ချထားခဲ့ပြီး တံခါးရှိရာသို့သွားကာ တံခါးကို ဖွင့်ကြည့်လိုက်လေသည်။

သို့သော် မည်သူမျှ မတွေ့ရပြန်ပေ. . .။

ကပ်(စ)ပါကတော့ မျက်စိမျက်နှာမကောင်းစွာဖြင့် ကျောက်ကိုပြန်သိမ်းထားလိုက်သည်။ ဘယ်သူမှ မတွေ့ရသဖြင့် တံခါးပြန်ပိတ်ခဲ့ပြီး ပြန်လျှောက်လာတော့ သူကပြောသည်။

"ကျုပ် ဒီကျောက်ကို အပြင်မထုတ်ပြချင်တာ ဒါကြောင့်ပါပဲ၊ ဒီကျောက်ကို အပြင်ထုတ်လိုက်တာနဲ့. . . သူတို့ ချက်ချင်းရောက်လာတော့တာပါပဲ. . ."

ဟုညည်းညည်းညူညူ ပြောလေသည်. . .။

"ဘယ်သူတွေလဲဗျ၊ ကျွန်တော်ထွက်ကြည့်တော့လည်း ဘယ်သူမှ မတွေ့ခဲ့ရပါဘူး. . ."

"သူတို့က မိစ္ဆာတွေဆိုတော့ ခင်ဗျားဘယ်လိုမှ မမြင်နိုင်ဘူးလေ၊ ဒါပေမယ့် ဒီအိမ်ထဲမှာ သူတို့ရှိနေကြတာကတော့ ဘတ်တွေ့သိရပြီမဟုတ်လား"

ဒေါက်တာမင်းထင်ကျော်လည်း ထွေထွေထူးထူး ထပ်မပြောတော့ပေ။

"မသေခင် စိတ်ချမ်းသာအောင် ကတိတစ်ခုတော့ပေး



www.burmeseclassic.com

www.burmeseclassic.com



ပါဗျာ၊ ကျုပ်သေသွားခဲ့ရင်. . ကျုပ်ပြောခဲ့တဲ့ တာဝန်ကို ခင်ဗျား လုပ်ပေးနိုင်မယ် မဟုတ်လား”

“စိတ်ချပါကပ်(စ)ပါ၊ ခင်ဗျားပြောတဲ့ တာဝန်ကို ကျွန်တော်လုပ်ပေးပါ့မယ်၊ ဒါပေမယ့် ခင်ဗျားစိတ်သက်သာအောင်တော့ ကြိုးစားပြီးနေပါဗျာ၊ ဥပမာ တခြားစိတ်ဆင်းရဲရမယ့်အကြောင်းတွေကို မတွေးမိအောင် အာရုံစူးစိုက်ရမယ့် အလုပ်တစ်ခုခုကို လုပ်ကြည့်ပါလား”

သူက မျက်လုံးအကြောင်သားဖြင့် မော့ကြည့်နေသည်။

“ဥပမာ ခင်ဗျား အနုပညာမှာ ဘာတွေဝါသနာပါသလဲ၊ ဘာတွေလုပ်တတ်လဲ. . . တစ်ခုခုလုပ်ကြည့်ပါလား”

ထိုသို့အကြံပေးသောအခါ အနည်းငယ်စိတ်ဝင်စားဟန်ရှိလေသည်။

“အေးဗျာ. . . ခင်ဗျားအကြံပေးတာ မဆိုးပါဘူး၊ သေရမည့်အချိန်ကို ဒီအတိုင်းစောင့်နေရတာနဲ့စာရင် တစ်ခုခု လုပ်နေတော့ စိတ်နည်းနည်းသက်သာရာရတာပေါ့”

ဟုပြောဆိုပြီး နောက်ရက်မှာတော့ နှစ်ယောက်သား ပန်းချီဆွဲကြသည်။

ကပ်(စ)ပါရေးဆွဲသော ပန်းချီကားမှာ များစွာဆန်းကြယ်လှပေသည်။ သူရေးဆွဲသောပုံမှာ အခြားမဟုတ်ပဲ မြေအောက်တစ်နေရာ၌ရှိသော တွင်းနက်ကြီးတစ်ခုပုံပင်ဖြစ်သည်။

ထိုတွင်းနက်ကြီးမှာ မည်မျှနက်ရှိုင်းသည် မသိရပဲ အမှောင်ထုများဖုံးနေသည်။





ထိုတွင်းနက်ထဲတွင် မြေကြွက်ကြီးများ၏ ကြောက်စရာကောင်းသော မျက်လုံးများ၊ သွားဖွေးဖွေးတို့ကို တွေ့မြင်ရသည်။ တွပ်ပျစ်တစ်ခုနှင့် စားကြွင်းစားကျန်များ၊ နောက် ကြောက်စရာကောင်းသော ဓါးစက်ကြီးတစ်ခုလည်း ပါဝင်လေသည်။

ထိုကဲ့သို့သော အနိဋ္ဌာရုံမြင်ကွင်းများကို ဘယ်လိုစိတ်ကူး၊ ဘယ်လိုရည်ရွယ်ချက်ရှိသဖြင့် ရေးဆွဲခြင်းဖြစ်သည်ကိုတော့ မသိပေ. . .။

“ဘယ်နှယ့်လဲ ဒေါက်တာ ကျုပ်ရေးဆွဲတဲ့ပန်းချီကားကို ကြည့်တော့ ဘယ်လိုခံစားရသလဲ”

“စိတ်ထဲမှာ မွန်းကျပ်ပြီးတော့ ငရဲတစ်ခုကို ရောက်နေရသလိုပါပဲဗျာ”

သူကသဘောကျစွာ ရယ်နေလေသည်။

“အမှန်ပဲဗျို့. . . ဟောဒီမှာ ကြည့်ပါဦး၊ ဘေးတစ်ဖက်တစ်ချက်မှာ ကာထားတာက သာမန်မြေသားတွေ မဟုတ်ဘူးဗျ၊ ဆူထည်ကြီးမားတဲ့ သံပြားကြီးတွေနဲ့ ပိတ်ကာထားတာဗျ. . . အကယ်လို့သာ ဒီသံပြားကြီးတွေက နီရဲပြီး ပူနေမယ်ဆိုရင် အတွင်းမှာရောက်နေတဲ့ လူတစ်ယောက်အဖို့ ဘယ်လိုနေမယ်ထင်သလဲ”

“သေရုံအပြင်ဘာရှိမလဲဗျာ၊ ဗုဒ္ဓဘာသာနဲ့သက်ဆိုင်တဲ့ကျမ်းဂန်စာပေတွေမှာ ငရဲနဲ့ပတ်သက်တာတွေ ရေးထားတာတွေ့ဖူးပါတယ်. . အခုခင်ဗျားရေးထားတဲ့ ပန်းချီကားအတိုင်းပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကပ်(စ)ပါထံမှ ရယ်သံကြားရပြန်လေသည်။

"ဒီလိုပေါ့ဗျာ စိတ်အာရုံထဲမှာ ထင်ဟပ်လာတာတွေက ချက်ချင်းမဟုတ်ရင်တောင် တချိန်ချိန်မှာတော့ ကြုံကြိုက်ရ ရှိတယ်ဗျ. . . ကျုပ်ကတော့ စိတ်ထဲမှာပေါ်လာတဲ့အတိုင်း ရေး လိုက်တာပါပဲ"

ဟုပြောလေသည်။ သူသည်ပန်းချီဆွဲရာမှာ ပြောင် မြောက်ရုံမကပဲ တယောထိုးသောနေရာမှာလည်း များစွာကျွမ်း ကျင်သူ ဖြစ်သည်။

သူ တယောဖြင့်ထိုးသော သီချင်းအမည်မှာ. . 'သခ ခြောက်သောနန်းတော်'ဟုအမည်ရှိသော သီချင်းဖြစ်မှန်း. . နောက်တွင် သိရလေသည်။

သီချင်း၌ပါဝင်သော အကြောင်းအရာများမှာ နန်းတော် တစ်ခုတွင် သရဲသရဲ့နှိပ်စက်မှုကြောင့် လူအများသေကျေပျက် စီးကြပြီး တစ္ဆေသရဲဘဝရောက်ကြရပုံ. . . ၊

ထိုတစ္ဆေသရဲတို့ခြောက်လှန့်နှောင့်ယှက်မှုကြောင့် ထိုနန်းတော်သို့ ရောက်လာသမျှလူတို့ သေကျေပျက်စီးတ တစ္ဆေဘဝ ရောက်ကြပုံများကို စီကာပတ်ကုံးရေးဖွဲ့ထားသော သီချင်းဖြစ်လေသည်။

တစ်နေ့မှာတော့ ကပ်(စ)ပါက ဒေါက်တာမင်းထင် ကျော်အား စာအုပ်တစ်အုပ်ပေးဖတ်သည်။

သာသနာပိုင်ပုဂ္ဂိုလ်တစ်ဦးရေးသော 'ဘာသာရေး စက်ညှင်းပန်းမှု နည်းပေါင်းစုံ' အမည်ရှိသော စာအုပ်ဖြစ်သည်





ထိုစာအုပ်ထဲမှာလည်း ဘာသာရေးအယူသီးသူတို့က ဆန့်ကျင် ဘက် ဘာသာဝင်တို့ကို ငရဲတမျှ ကြောက်စရာကောင်းသော နေရာများသို့ပို့ကာ နည်းအမျိုးမျိုးနှင့် နှိပ်စက်ညှင်းပန်းကြပုံ များအကြောင်းကို အသေးစိတ်ရေးထားသော စာအုပ်ဖြစ်လေ သည်။

ပန်းချီကားပဲကြည့်ကြည့်၊ ဂီတသံကိုပဲနားထောင်နား ထောင်၊ စာအုပ်ပဲဖတ်ဖတ် ကပ်(စ)ပါနှင့်သက်ဆိုင်သောအရာ များမှာ စိတ်မချမ်းသာစရာချည်း ဖြစ်နေတော့သည်။

ထို့ကြောင့် သူရောက်နေသောအိမ်ကို 'မနောသုခဂေဟာ' ဟုခေါ်မည့်အစား 'ငရဲအိမ်' ဟုခေါ်သည်က ပိုမိုသင့် လျော်မည်ဟု စိတ်ထဲမှထင်မိလေသည်။

တစ်ညမှာတော့ သူရှိနေသောအခန်းသို့ တံခါးလာ ခေါက်သဖြင့် ဖွင့်ပေးလိုက်ရာ ကပ်(စ)ပါကိုတွေ့ရသည်။

"ဟယ်လင်တစ်ယောက်တော့ သွားရှာပြီဗျာ"

"ဟင်. . ဘယ်လိုဖြစ်တာလဲ"

"သူရောဂါကြောင့်ပဲ သေတာဖြစ်မှာပေါ့. . သူ့အခန်း ဘက်ကအော်သံလိုလို ကြားလိုက်ရလို့ တက်ကြည့်တော့ ခုတင် ပေါ်မှာ အသက်ပျောက်နေတာကို တွေ့ရတာပါပဲ"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က သူနှင့်အတူ လိုက်သွားလေသည်။

ဟယ်လင်နေသော အခန်းတွင်းရောက်တော့ ခုတင် ပေါ်မှာ ပက်လက်အနေအထားဖြင့် တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်မခေါ်ဘူးလား"

"ခေါ်လည်း အကြောင်းထူးမယ်မထင်ပါဘူးဗျာ၊ ဒီဆရာဝန်က ဒီနေရာကို သိပ်ပြီးလာချင်တာမဟုတ်ဘူးဗျ"

"ဒီတော့ ခင်ဗျားဘယ်လိုလုပ်မလဲ"

"ဒီတိုက်ကြီးရဲ့ မြေအောက်ခန်းထဲမှာ ကျုပ်တို့မိသားစုတွေအတွက် သင်္ချိုင်းမြေလုပ်ထားတာ ရှိတယ်. . . သူ့ကိုအဲဒီနေရာကိုပဲ ပို့ပေးရမှာပေါ့"

"ဒါဖြင့် ခင်ဗျားအိမ်ဖော်တွေ မခေါ်တော့ဘူးလား"

"သူတို့ကို ခေါ်လို့မဖြစ်ဘူး၊ ဟယ်လင်သေသွားတာ သူတို့သိသွားလို့ မဖြစ်ဘူး"

ဒေါက်တာမင်းထင်ကျော်က ခုတင်နားသို့တိုးကပ်ပြီး စမ်းကြည့်သည်။ ဟယ်လင်ဝတ်ထားသော အဝတ်အစားတို့မှာ သူနှင့်တွေ့စဉ်က ဝတ်ထားသော အဖြူရောင်ဝတ်ရုံရှည်ပင် ဖြစ်သည်။

ဟယ်လင်မှာ အသက်မရှိတော့သော်လည်း တစ်ကိုယ်လုံး နွေးနေဆဲပင်ရှိသေး၏။

လည်းပင်းတစ်ဝိုက်မှ အကြောစိမ်းကလေးများ လှုပ်နေသေးသည်ဟုထင်ရပြီး မျက်လုံးမှိတ်ထားသော်လည်း အိပ်ပျော်နေသကဲ့သို့ထင်ရသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ဟယ်လင်တစ်ယောက် မေ့မျောနေတာများလားဟု ထင်မိသည်။

"ကိုင်းဗျာ. . သေသွားတော့လည်း ကျိန်စာဆိုးတွေက





လွတ်မြောက်သွားတာပေါ့၊ နောက်ပြီး အသက်မရှည်တော့မယ့်အတူတူ မြန်မြန်သေသွားတော့ ရောဂါဆိုးတွေနှိပ်စက်နေတာလည်း မခံရတော့ဘူးပေါ့၊ လောလောဆယ်တော့ သူ့အလောင်းကိုသင်္ဂြိုဟ်ဖို့ ခင်ဗျားအကူအညီပေးရလိမ့်မယ်ဗျို့"

ဟုပြောပြီး အခန်းအပြင်ဘက်သို့ ထွက်သွားလေသည်။ ခဏကြာတော့ ပြန်ရောက်လာသည်။

သူနှင့်အတူ ခေါင်းတလားတစ်လုံး ပါလာသည်။

ခေါင်းတလားမှာ ထင်းရှူးသားဖြင့် ပြုလုပ်ထားသဖြင့် ပေါ့ပါးလှသည်။

"ဒီခေါင်းက ဘယ်ကယူလာတာလဲဗျ"

"သူ့အတွက်ထားတဲ့နေရာကပဲ သွားယူလာခဲ့တာပဲ၊ ကျုပ်တို့မိသားစုတွေက မသေခင်ကတည်းက သေတဲ့အခါ အားလုံးအဆင်သင့်ဖြစ်အောင်လို့ ကြိုတင်ပြင်ဆင်ထားတာဗျ"

ဟုပြောသဖြင့် ဘာမှထပ်မမေးသာတော့ပေ။

ထို့နောက်မှာတော့ နှစ်ယောက်သား ဟယ်လင်အလောင်းကို မပြီး ခေါင်းအတွင်းသို့ ထည့်သည်။

ထို့နောက်မှာတော့ နှစ်ယောက်သား အလောင်းထည့်ထားသည့်ခေါင်းကို ရှေ့နောက်ထမ်းပြီး လှို့ဝှက်အပေါက်မှတစ်ဆင့် မြေတိုက်ခန်းသို့ ဆင်းခဲ့ကြသည်။

မြေအောက်အခန်းမှာတော့ နံရံတွင်း ခေါင်းတစ်လုံးသွင်းသာသော အပေါက်များရှိပြီး အချို့ဂူပေါက်များတွင် ခေါင်းများလွတ်နေပြီး အချို့ဂူပေါက်မှာ ခေါင်းများထည့်ထားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုနေရာရောက်တော့ လွတ်နေသောဂူပေါက်ဝနေရာတွင် ခေါင်းကိုချသည်။

"ဟိုးဘက်အစွန်ဆုံးက ကျုပ်ရဲ့အဖေရဲ့ခေါင်း၊ ဒီဘက်က အမေရဲ့ခေါင်း၊ သူ့ဘေးကတော့ ဦးလေးနဲ့ သူ့မိန်းမရဲ့ အလောင်းတွေထည့်ထားတဲ့ ခေါင်းတွေပေါ့ဗျာ၊

ဒါကတော့ ကျုပ်သေရင်ထည့်ရမယ့် ခေါင်းပေါ့ဗျာ. . ၊ အစဉ်အတိုင်းဆိုရင် ကျုပ်ကအရင် ဒီအထဲရောက်ရမှာ ဖြစ်ပေမယ့်. . အခုသူက အရင်ရောက်သွားတော့ သူ့ကအရင်ဝင်ရတော့တာပေါ့"

ကပ်(စ)ပါက အစီအရီမြင်နေရသော ခေါင်းတလားများကိုပြရင်း တစ်ခုချင်းပြောပြနေသည်။

"တကယ်လို့သာ ခင်ဗျားအတွက် ခေါင်းတစ်လုံး ဒီနေရာမှာရှိနေမယ်ဆိုရင် ခင်ဗျားဘယ်လိုခံစားရမလဲ"

ဟုမေးသည်။

"သေတာကတော့ မဆန်းလှပါဘူး၊ ဒါပေမယ့် သေရမယ့်နေရာ အဆင်သင့်ရှိနေရင်တော့ နည်းနည်းတော့ထူးဆန်းတာပေါ့"

ဟုပြောလိုက်သောအခါ ကပ်(စ)ပါက တစ်ချက်ရယ်လိုက်သည်။ ထို့နောက်မှာတော့ ဟယ်လင်အလောင်းထည့်ထားသောခေါင်းကို အဖုံးပိတ်ချလိုက်သည်။

ပတ္တာတပ်ထားသောနေရာမှ မြည်သောအသံမှာ တိတ်ဆိတ်နေသော မြေအောက်အခန်းထဲမှာ ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်က ခေါင်းအဖုံးပိတ်သောကိစ္စကို သူကိုယ်တိုင်လုပ်ကိုင်လေသည်။

ကပ်(စ)ပါကတော့ ခေါင်းထည့်ရန်နေရာကို စီမံနေသည်။ အားလုံးအဆင်သင့်ဖြစ်သောအခါ အလောင်းထည့်ထားသောခေါင်းကို ဂူပေါက်ထဲသို့ ထည့်လိုက်လေသည်။

ထို့နောက်တွင် ဒေါက်တာမင်းထင်ကျော်က မြေအောက်ခန်းအခြေအနေကို အကဲခတ်ကြည့်ရာ နံရံကို ထုထည်ထူသောသံပြားများ ကပ်ထားသည်ကို သတိပြုမိလိုက်သည်။

သို့ကြောင့် ထိုအခန်းမှာ ကပ်စပါပြောသလို ၎င်းတို့မိသားစုများအတွက် သချိုင်းဂူအတွက် စီစဉ်ထားခြင်းမဟုတ်ပဲ ရှေးအခါက အပြစ်ရှိသူတို့ကို အရှင်လတ်လတ်ခေါင်းထဲထည့်ပြီး ဂူသွင်းသတ်သော အခန်းတစ်ခန်းဖြစ်ကြောင်း သတိပြုမိလိုက်သည်။

ထိုအခါ စိတ်ထဲမှာ တစ်စုံတစ်ခုဝင်လာပြီး ကျောထဲမှာ စိမ့်ခနဲဖြစ်သွားသည်။

"ဘာတွေစဉ်းစားနေတာလဲဗျ. . ခင်ဗျားခေါင်းအဖုံးပိတ်တာ သေချာရဲ့လား"

"သေသေချာချာပိတ်လိုက်တာပါ အံကိုက်ပါပဲ"

"ကောင်းတယ် ကောင်းတယ်၊ ဒါမှ သူလည်း နောက်တစ်ဘဝအတွက် နောက်ဆံတင်းစရာမလိုတော့ပဲ လွတ်လွတ်






www.burmeseclassic.com

www.burmeseclassic.com



လပ်လပ်သွားခွင့် ရတော့မှာပေါ့ဗျာ၊ ကဲ . . ကိစ္စလည်း ပြီးပြီဆိုတော့ အပေါ်ပြန်တက်ရအောင်ဗျာ၊ ဒီအထဲမှာနေရတာ အသက်ရှူရတာ မဝသလိုပဲ"

ဟုပြောဆိုကာ နှစ်ယောက်သား အပေါ်ထပ်သို့ပြန်တက်လာကြလေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ မြေအောက်ခန်းဆင်းသော အခြေအနေအားလုံးကို မှတ်သားထားလေသည်။ အဲ့ချိန်က ညဉ့်ဦးပိုင်း ကျော်လွန်လာချေပြီ . . .။







# အခန်း(၆)

# မြေအောက်သချိုင်းမှ သိုဝှက်ချက်များ

အချိန်က ညဉ့်နက်ပိုင်းအချိန်သို့ ရောက်နေပြီဖြစ်သောကြောင့် မနောသုခဂေဟာကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

မီးရောင်ကလည်း အချို့နေရာများမှာသာ ရှိသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးနေခြင်းဖြစ်၏။

ညအမှောင်ထုထဲမှာ လူသူကင်းဝေးသော ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေခြင်းဖြစ်သည်။

အပေါ်ထပ်မှာရှိသော ပြတင်းပေါက်နှစ်ပေါက်မှသော်လည်းကောင်း၊ ဝင်ပေါက်တံခါးမကြီးနေရာ၌ မီးရောင်ရှိသဖြင့် မနီးမဝေးမှကြည့်ပါက အရိုးခေါင်းခွံတစ်လုံး ချထားသည်နှင့် ပုံသဏ္ဌာန်တူပြီး မျက်လုံးပေါက်၊ ပါးစပ်ပေါက်အတွင်းမှ မီးရောင်များ ထွက်နေသကဲ့သို့ရှိသည်။

လူသွားလူလာနည်းလှသော ထိုတောင်ကုန်းတစ်ဝိုက်မှာ. . ယခုကဲ့သို့ အချိန်အခါမကောင်းသော အချိန်မှာတော့ တစ်စုံတစ်ယောက်မှ အသွားအလာမရှိပဲ ဖြစ်နေသည်။ ထိုအိမ်ကြီးအတွင်းမှာ နေထိုင်သူအချို့ရှိသော်လည်း အပြင်ဘက်မှကြည့်လျှင် မမြင်ရပေ။

ခြံစောင့်၊ အိမ်စောင့်တို့ တစ်ခါတစ်ရံ အပြင်ထွက်လာသည်ကိုသာ မြင်ရသော ထိုအိမ်ကြီးမှာ ယခုလို ညအချိန် ရောက်သောအခါ မည်သူမှမတွေ့ရတော့ပေ။ အပြင်ဖက်မှာ တိတ်ဆိတ်ငြိမ်နေသလို အိမ်အတွင်းမှာလည်း လူသွားလူလာ မတွေ့ရလောက်အောင် ငြိမ်သက်နေလေသည်။

လောလောဆယ်တွင် ထိုအိမ်ကြီးမှ ဟယ်လင်ဆိုသော အမျိုးသမီးတစ်ယောက် သေဆုံးသွားခဲ့သည်။

သူမသည် လူမသိသူမသိဖြင့် မနေ့သုခအိမ်ကြီးအတွင်းမှပင် လူ့လောကမှ ပြန်ထွက်သွားရခြင်းဖြစ်သည်။ ထိုသို့ သေဆုံးသွားသော်လည်း သူမအတွက် ပူဆွေးသောကရောက်





မည့်သူ၊ ငိုကြွေးမည့်သူလည်း တစ်စုံတစ်ယောက်မှ မရှိကြပေ။

ခါတိုင်းကပင် လူတစ်ယောက်မှမရှိသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသော ထိုအိမ်ကြီးမှာ ဟယ်လင်တစ်ယောက် သေဆုံးသွားသော်လည်း သိပ်တော့ထူးခြားမှု ဖြစ်မလာခဲ့ပေ။ ညအချိန်ရောက်လာသောအခါ ယခင်အတိုင်းကဲ့သို့ပင် ချောက်ချားဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုအချိန်တွင် အိမ်ကြီး၏တစ်နေရာမှာတော့ လှုပ်ရှားနေသောလူတစ်ယောက် ရှိနေသည်။ ဒေါက်တာမင်းထင်ကျော်ဖြစ်သည်။ သူသည် သက္ကလတ်ဦးထုပ်ကို မျက်နှာတစ်ဝက်ထိအောင် ခပ်စိုက်စိုက်ဆောင်းထားပြီး အနက်ရောင်ဂျာကင်နှင့် ဘောင်းဘီတို့ကို ဝတ်ဆင်ထားသည်။

ဘေးတွင် အိတ်အသေးတစ်လုံးကို လွယ်ထားပြီး ထိုအိတ်ထဲမှာတော့ အသုံးအဆောင်ပစ္စည်းအချို့ ထည့်ထားလေသည်။ သူသည် လက်နှိပ်မီးအသေးတစ်လက်ကို အသုံးပြုပြီး မြေအောက်သို့ဆင်းသော လှေခါးရှိရာသို့ သွားလေသည်။

ထိုနေရာရောက်သည်အထိတော့ အနှောင့်အယှက်တစ်စုံတစ်ရာ မတွေ့ရပေ. . . ။

ကပ်(စ)ပါနေသော အခန်းဘက်မှာတော့ မီးရောင်ပိတ်ထားသဖြင့် မှောင်နေသည်။ မြေအောက်ဆင်းသည့်တံခါးကို သော့ခလောက်တစ်လုံးဖြင့် ခတ်ထားသည်။

ထိုအခြေအနေက သူ့အတွက် သိပ်တော့အခက်အခဲမရှိလှပေ။ ဘေးအိတ်ထဲမှာပါလာသော ကိရိယာတစ်ခုကို ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးဖွင့်ရာ ခဏကြာတော့ သော့ခလောက်က ပွင့်သွားလေသည်။

သို့ကြောင့် တံခါးကိုအသံမကြားအောင် ဖွင့်ပြီး အတွင်းသို့ရောက်အောင် ဆင်းလေသည်။ ပြီးမှ သံတံခါးချပ်ကို အသံမမြည်အောင် ပြန်ပိတ်ချလိုက်သည်။

လှေကားအတိုင်း အောက်သို့ဆင်းသွားပြီးနောက် ကြမ်းပြင်ပေါ် ရောက်တော့ အခြေအနေကို နားစွင့်ကြည့်သည်။ တစ်နေရာမှမသဲကွဲသော အသံအချို့ကို ကြားရသည်။

အသံက ကျယ်ကျယ်လောင်လောင်တော့ မဟုတ်ပေ။

သို့သော် အလုံပိတ်ထားသည့် မြေအောက်ခန်းဖြစ်သောကြောင့် တိုးတိုးလေး ကြားနေရခြင်းဖြစ်သည်။

ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ အသံကြားနေရသောဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားလေသည်။ ထိုနေရာရောက်တော့ အသံက ပိုကျယ်လာသည်။

တစ်စုံတစ်ခုကို ကုတ်ခြစ်နေသောအသံမျိုး၊ တွန်းထိုးနေသော အသံမျိုးအပြင် အော်သံလိုလိုပါ ကြားလာရသည်။

အသံကြားနေရသောနေရာက 'ဟယ်လင်'ကို ထည့်ထားသော ခေါင်းဆီမှပင် ဖြစ်၏။

သို့ကြောင့် ထိုခေါင်းကိုအပြင်ဘက်ရောက်အောင် ဆွဲထုတ်လိုက်သည်။ တစ်ယောက်တည်းဖြစ်နေသဖြင့် ခက်ခဲစွာ ထုတ်ယူရသည်၊ ခေါင်းတလား အပြင်ရောက်လာသောအခါ စေ့ရုံပင်စေ့ထားခဲ့သော အဖုံးကိုဖွင့်ပြီး မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။





သူ့ကို မျက်လုံးအပြူးသားဖြင့် ကြည့်နေသော ဟယ်လင်းကို တွေ့ရသည်။

"တော်ပါသေးရဲ့ . . အချိန်မီ ရောက်လာလို့သာပဲ"

ထိုကဲ့သို့ ရေရွတ်ပြောဆိုပြီး ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသော သူမကို ခေါင်းထဲမှ အပြင်ရောက်အောင် ဆွဲထုတ်ပေးရသည်။

အပြင်ရောက်တော့လည်း လဲကျသွားမလို ဖြစ်နေသောကြောင့်သူ့ကိုယ်မှာ မှီထားပြီး ရေဘူးကိုထုတ်ပြီး ရေအနည်းငယ် တိုက်ပေးလိုက်တော့မှ အနည်းငယ် တည်ငြိမ်စပြုလာသည်။

"ခင်ဗျား မသေသေးမှန်း ကျွန်တော်သိတယ်၊ ဒါ့ကြောင့် ခေါင်းထဲထည့်ပြီး ပိတ်တော့ လက်ကိုင်ပဝါနဲ့ခံပြီး ခေါင်းအဖုံးကို ဟမင်ဟထားပေးခဲ့လို့ ခင်ဗျားအသက်ပြန်ရှင်လာတာ၊ မဟုတ်ရင် အခုလောက်ရှိရင် မွန်းပြီးသေလောက်ပြီ"

"ကျွန်မအသက်ကို အခုလို ကယ်ပေးတဲ့အတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်၊ ရှင်သာမရှိရင် အခုလောက်ဆိုရင် သူ့လက်ချက်နဲ့ သေလောက်ပါပြီ"

"ကပ်(စ)ပါကိုပြောနေတာလား၊ သူက ခင်ဗျားနဲ့မောင်နှမအရင်း မဟုတ်ဘူးလား"

"မဟုတ်ပါဘူးရှင် ဒီအကြောင်းတွေ ကျွန်မ နောက်တော့ပြောပြပါမယ်၊ အခုလောလောဆယ်တော့ ဒီအခန်းထဲက လွတ်အောင်သွားကြစို့ရဲ့၊ တကယ်လို့ သူရိပ်မိသွားရင် ရှင်ရော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပါမလွယ်ဘူး”

ဟုပြောသဖြင့် ဟယ်လင်ကိုတွဲပြီး တံခါးပေါက်ရှိသော နေရာသို့ ခေါ်လာသည်။

ထိုနေရာရောက်တော့ ဟယ်လင်ကို အောက်မှာထားပြီး အံဖုံးတံခါးကို တွန်းဖွင့်သောအခါ မရတော့ပေ။ သံပြားတံခါးကို သော့ခတ်ထားရုံမကပဲ အပေါ်မှလေးလံသော တစ်စုံတစ်ခုနှင့်ပါ ဖိထားသဖြင့် တုတ်တုတ်မျှပင် မလှုပ်တော့ပေ. . .

ဒေါက်တာမင်းထင်ကျော်က တစ်ကြိမ်နှစ်ကြိမ် တွန်းကြည့်သော်လည်း အခြေအနေမထူးတော့ပေ။ ထို့ကြောင့် အောက်သို့ ပြန်ဆင်းလာသည်။

“ခင်ဗျားပြောသလိုပဲ သူရိပ်မိသွားပြီ ထင်တယ်၊ အပေါ်ကတံခါး ပိတ်ထားလိုက်ပြီ”

ထိုစကားကြောင့် ဟယ်လင်မှာ မျက်လုံးပြူးသွားလေသည်။ များစွာထိတ်လန့်ကြောက်ရွံ့သွားပုံလည်း ရတယ်။

“ဒီလောက်မကြောက်ပါနဲ့၊ ကံကောင်းလို့သေမယ့်ဘေးကတောင် လွတ်ခဲ့ပြီးမှပဲ တစ်ခုခုတော့ ကြိုးစားကြည့်ရမှာပေါ့”

ဟုပြောပြီး ရေဘူးထဲမှ ရေအနည်းငယ်သောက်ပြီး ဟယ်လင်ကိုလည်း နည်းနည်းတိုက်ပေးသည်။

အတွေ့အကြုံအရ မည်သည့်နေရာကိုပဲသွားသွား အပ်သောပစ္စည်းအချို့ကို ကိုယ်နှင့်မကွာ ယူဆောင်လေ့ရှိသော အလေ့အထက အခက်အခဲများနှင့် တွေ့သောအခါ အတော်အသင့် အထောက်အကူရစေသည်။





ဒေါက်တာမင်းထင်ကျော်အနေဖြင့် အပေါ်ထွက်ပေါက်တံခါးကို ဖွင့်မရမှန်းသိသောအခါ အချိန်ကုန်ခံပြီး ကြိုးစားမနေတော့ပဲ အခြားနည်းလမ်း ရှာကြံရပေတော့သည်။ သူသည် မည်သို့သောအခက်အခဲမျိုးကို ကြုံတွေ့ရသည်ဖြစ်စေ လွယ်လွယ်နှင့် လက်လျှော့ပေးတတ်သူမျိုးတော့ မဟုတ်ပေ. . .။

ဦးစွာ မီးရောင်မရှိသော မြေအောက်ခန်းထဲမှာ အလင်းရောင်ရစေရန် ကြံစည်ရသည်။ မီးတုတ်ပြုလုပ်ရန် နည်းလမ်းကတစ်ခုပဲရှိသည်။ ဦးစွာ ခေါင်းတစ်လုံးကိုဖွင့်ပြီး အထဲမှ လူ့လက်ဖျံအရိုးတစ်ချောင်းနှင့် ကိုယ်မှာပတ်ထားသော အဝတ်များကို ယူသည်။

ထိုအဝတ်စများဖြင့် လက်ဖျံရိုးကိုပတ်ပြီး မီးရှို့လိုက်သောအခါ ပတ်ဝန်းကျင်ကိုမြင်နိုင်လောက်သော မီးတုတ်တစ်ခုရလေတော့သည်။ ထိုမီးတုတ်ကိုအသုံးပြုပြီး နေရာအနှံ့ သေသေချာချာ လိုက်ကြည့်လေသည်။

အခန်းမှာ ပေ(၅၀)ပတ်လည်လောက်သာ ကျယ်ဝန်းသည် အပေါ်မျက်နှာကြက်နှင့် လေးဘက်လေးတန်နံရံများ၌ အရိုးများ ကပ်ထားသည်။

ထိုနေရာများမှတော့ ထွက်ပေါက်မရနိုင်ပေ. . .။

ထို့ကြောင့် ခေါင်းတလားများထားသော နေရာဘက်သို့ ရောက်လာသည်။ ထိုနေရာတစ်ဝိုက်မှာလည်း အခြေအနေ ထူးခြားမှုမထူးလှပေ။ ပထမဆုံး ခေါင်းတလားကို ဖွင့်ကြည့်သည်။ လူအရိုးစုများ တွေ့ရသည်။ အခြားခေါင်းများမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



အရိုးကျနေသော လူအရိုးစုများမှလွဲပြီး အခြားဘာမှ မထူးခြား လှပေ။ ဟယ်လင်ကိုထည့်ထားသော ခေါင်းနေရာကိုကြည့်တော့ လည်း ထိုနည်းအတိုင်းဖြစ်သည်။

မြေအောက်ခန်းထဲမှာ အသက်ရှူရန် လေရနေခြင်းနှင့် မီးတောက်နေခြင်းကိုကြည့်ပြီး တစ်နေရာမှ လေဝင်နေသည်ကို တော့ ခန့်မှန်းမိသည်။

ဝင်နေသောလေမရပဲ ထိုမြေအောက်ခန်းထဲမှ အခိုးအ အကြာကြီးမနေနိုင်မှန်းလည်း သိသည်။ သို့ကြောင့် ထိုလေဝင် ပေါက်ကို လိုက်ရှာနေခြင်းဖြစ်၏။ နောက်တော့ ခေါင်းအလွတ် ထည့်ထားသော နေရာတစ်ခုသာ ကျန်တော့သည်။

ထိုခေါင်းကို အပြင်ထုတ်ကြည့်ရန် တွေးမိပြီး ထိုနေရာ ဘက်သို့လာသည်။ မီးတိုင်ကိုတစ်နေရာမှာ ထောင်ထားပြီး လွတ် နေသည့်ခေါင်းကို အပြင်ရောက်အောင် ဆွဲထုတ်ကြည့်သည်။ မရပေ. . .။

အားစိုက်ပြီး ဆွဲထုတ်ကြည့်သော်လည်း နည်းနည်း မလှုပ်ပေ။ လူတစ်ယောက်ထည့်ထားသော ခေါင်းကိုပင် အပြင် ရောက်အောင် ဆွဲထုတ်နိုင်လျှက် ခေါင်းအလွတ်တစ်လုံးကို ဆွဲ ထုတ်ရာမှာ ဘာကြောင့်ဒီလောက် ခက်နေရတာပါလိမ့်။

ဒေါက်တာမင်းထင်ကျော်က မီးတုတ်ကိုယူပြီး အသေ အချာ ကြည့်သည်။

ဒီတော့မှ အဖြေတွေ့ရသည် ခေါင်း၏ဘေးနံယံများ ဂူနံယံဖြင့်ကပ်ကာ မူလီများဖြင့် စုတ်ထားသောကြောင့် ထုတ်





ခြင်းဖြစ်သည်။

ထိုအဖြေကိုတွေ့တော့ အဖုံးကိုဖွင့်ပြီး အောက်ခံပျဉ် ပြားကိုထုကြည့်သည်။ လိုဏ်ခေါင်းသံပါသော အသံတစ်သံ ကြားရလေသည်။ သို့ဆိုလျှင် ထိုခေါင်းကို အပြင်ရောက်အောင် ဆွဲထုတ်ရမည်။ မူလီချောင်းများဖြင့် အခိုင်အခံ့ပြုလုပ်ထားသော ကြောင့် မူလီချောင်းများဖြုတ်ရန် ကိရိယာမပါပေ. . .။

နောက်ဆုံးအကြံရသဖြင့် ထိုနေရာသို့ မီးစွဲနေသော မီးတုတ်ကိုထည့်ပေးလိုက်သည်။ ခြောက်သွေ့နေသော ထင်းရှူး သားတို့မှာ ချက်ချင်းမီးစွဲလောင်လေတော့သည်။ ဥပမာဆိုရ လျှင် လိုဏ်ခေါင်းထဲမှာ မီးတောက်များထနေပုံမှာ မီးဖိုတစ်ခုနှင့် တူနေတော့သည်။

မီးအပူရှိန်ကြောင့် မနီးမဝေးနေရာထိ ဆုတ်ပေးရ သည်။ ခေါင်းတစ်ခုလုံး မီးလောင်သွားပြီးတော့ မီးက ပြန်ငြိမ်း သွားလေတော့သည်။ ထိုအခါ မီးကြွင်းမီးကျန်များဖြင့် အခြား များကို ဖယ်ကြည့်သောအခါ ခေါင်းတလားထားသော နေ အောက်မှာ ဟောင်းလောင်းပေါက်ဖြစ်နေသော တွင်းပေါက် တစ်ခုကို တွေ့ရလေတော့သည်၊

လေက ထိုနေရာမှ တိုးဝင်လာနေခြင်းဖြစ်သည်။ တွင်း ပေါက်က အတော်ကျယ်သည်။ ဒေါက်တာမင်းထင်ကျော်က နေရာသို့သွားပြီး မီးရောင်ဖြင့်ထိုးကြည့်သည်။ လူတစ်ယောက် ဆင်းသာလောက်အောင် ကျယ်ဝန်းပြီး ခြေနင်းရန်အထစ်များ ရှိသည်။ ထို့ကြောင့် ဟယ်လင်ကို သွားခေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဆင်းနိုင်ပါ့မလား"

သူမက ခေါင်းညိတ်ပြသဖြင့် ဒေါက်တာမင်းထင်ကျော်
က လက်နှိပ်မီးရောင်အသုံးပြုပြီး ရှေ့မှဆင်းသည်။ သိပ်မဆင်း
လိုက်ရပေ. . (၁၀)ပေခန့် ဆင်းမိသောအခါ လူတစ်ယောက်
သာသော လိုဏ်ခေါင်းတစ်ခုသို့ ရောက်သွားသည်။

ထိုလိုဏ်ခေါင်းမှာ မြေအောက်ရေစီးကြောင်းတစ်ခု
ပြီး လေက ထိုနေရာမှ ဝင်နေလေသည်။ သူရောက်ပြီး မကြာ
မှာ ဟယ်လင်ရောက်လာသည်။ သူမမှာ မောပန်းနေပြီး အသ
ကို အနိုင်နိုင်ရှူနေရသောကြောင့် အားပေးနေရသည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့်
စီးကြောင်းကို ထိုးကြည့်လိုက်သည်။

ရေက တစ်နေရာဘက်သို့ စီးဆင်းသွားသဖြင့် ခေ
ချောင်းအတိုင်း လိုက်သွားရာ တောင်ကုန်းတစ်ခု၏ အောက်
မှာရှိသော ရေထွက်ပေါက်ဝသို့ ရောက်သွားလေတော့သည်

ထိုနေရာသည် ချုံနွယ်ပိတ်ပေါင်းများ ရှိနေသော
ကြောင့် ရေထွက်ပေါက်ရှိသည်ကိုပင် မသိနိုင်ကြပေ။
ယောက်သား ရေထွက်ပေါက်မှထွက်ပြီး ချုံနွယ်များကြားမှ
ကာ တောင်ကုန်းပေါ်သို့ရောက်အောင် တက်လာကြသည်

ဟယ်လင်ခမျာ ဒယိမ်းဒယိုင် ဖြစ်နေသောကြော
ဒေါက်တာမင်းထင်ကျော်က တွဲခေါ်ခဲ့ရလေသည်။

နောက်ဆုံးမှာတော့ တောင်ကုန်းပေါ်သို့ ရောက်သွ
သည်။ သူတို့ရောက်နေသော နေရာမှကြည့်လျှင် မနော





ဂေဟာကို လှမ်းမြင်ရသည်။

အိမ်ကြီးရှိနေသောနေရာ၏ အနောက်ဘက်သို့ရောက်
နေကြခြင်းဖြစ်သည်။ အိမ်ကြီးအတွင်းမှာတော့ မီးရောင်အချို့
ရှိနေသေးသည်။ သို့သော် လူရိပ်လူခြည်တော့ မမြင်ရပေ. . . ။

ဒေါက်တာမင်းထင်ကျော်က ပတ်ဝန်းကျင်အခြေအနေ
အားလုံးကို မှတ်ထားပြီးနောက် ဟယ်လင်ကိုပါ တစ်ပါတည်း
ခေါ်ကာ ထိုနေရာမှထွက်လာခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

# မက်(ရှ)ဝါမှ ညီ့ဖြက်သောရူတစ်ယောက်

ကမ္ဘာ့နေရာအနှံ့အပြားတွင် စစ်ဘေးစစ်ဒဏ်တို့က ပြန့်နှံ့နေသောအချိန်လည်း ဖြစ်သည်။ အာရှတိုက်အပါအဝင် နေရာအတော်များများ၌ မိမိတို့နိုင်ငံနှင့် လူမျိုးအတွက် ဆောင်ရွက်နေကြသည့် သူလျှိုများလည်း နေရာအနှံ့ရှိနေကြသည်။ အမေရိကန်သူလျှိုများနှင့် ရုရှားသူလျှိုတို့မှာ အာရှ



www.burmeseclassic.com

www.burmeseclassic.com



တိုက်နေရာအနှံ့အပြားတွင် ခြေကုပ်ယူပြီး သူလျှိုလုပ်ငန်းများ ဆောင်ရွက်နေကြသော အချိန်လည်းဖြစ်သည်။

သို့ကြောင့် မည်သူကိုမှ စိတ်ချလက်ချမယုံကြည်ရသော အခြေအနေမျိုးဖြစ်သည်။ သူလျှိုတို့မှာ အသွင်အမျိုးမျိုးပြောင်းပြီး ရုပ်ဖျက်ထားကြရာ မည်သူမှမရိပ်မိနိုင်ပေ. . .။

ပက်(ရှ)ဝါမြို့နှင့် ပတ်ဝန်းကျင်နေရာများ အပါအဝင် ကူမာရစ္စတန်ပြည်နယ်တစ်ခုလုံး သဲကန္တာရများ ဝန်းရံနေသော်လည်း ထိုနေရာများမှာရှိကြသောမြို့များမှာ ချမ်းသာကြွယ်ဝကြသည်။

စော်ဘွားနှင့် မဟာရာဂျာများ အုပ်ချုပ်သောနေရာများ ဖြစ်သဖြင့် စစ်ရေးအရ ခြေကုပ်ယူရန် အကောင်းဆုံးနေရာဒေသများ ဖြစ်ကြလေသည်။

သို့ကြောင့် ထိုနေရာဒေသမှာ သူလျှိုများ ခြေရှုပ်နေခြင်းဖြစ်တော့သည်။ အများအားဖြင့်တော့ ရုရှားသူလျှိုများနှင့် အမေရိကန်သူလျှိုတို့မှာ အများဆုံးဖြစ်သည်။ ၎င်းတို့မှာ ကူမာရစ္စတန်မြို့ကို ခြေကုပ်ယူနိုင်ရန် ကြိုးစားနေကြခြင်းဖြစ်သည်။

သို့ကြောင့် ကူမာရစ္စတန်မြို့နှင့် သဲကန္တာရတစ်ခုသာခြားသော ပက်(ရှ)ဝါမြို့မှာလည်း လူရှုပ်နေခြင်းဖြစ်သည်။

ပက်(ရှ)ဝါမြို့သည် တောင်ကြောတစ်ခုပေါ်၌ တည်ထားသောမြို့ဖြစ်ပြီး အတော်အသင့်ကြီးသော မြို့ဖြစ်သည်။

ဟိုတယ်များ၊ တည်းခိုဆောင်များ၊ ထမင်းဆိုင်များ၊ မြေပေါ်မြေအောက် အရက်ဆိုင်များ၊ ကပွဲရုံများ၊ ဇာတ်ရုံများ၊ မျက်





လှည့်ပွဲများ၊ ကစားဝိုင်းများနှင့် ပြည့်တန်ဆာခန်းမတို့ နေရာမလပ်ရှိသော မြို့တစ်မြို့လည်းဖြစ်သည်။ ထိုမြို့မှာ အပျော်အပါးနှင့် လောင်းကစားဝိုင်းများရှိသလို နေရာအနှံ့မှာ သူလျှိုတို့ကလည်း ခြေချင်းလိမ်နေတော့သည်။

ထို့ပြင် လူမျိုးပေါင်းစုံကိုလည်း တွေ့နိုင်လေသည်။ ပထန်များ၊ အာဖရိဒီများ၊ ဝဇီရိများ၊ အာဖဂန်လူမျိုးများ၊ တယ်မယ်များ၊ တရုတ်များ၊ တူရကီများ၊ ရုရှားများ၊ ပါရဇီများ၊ အမေရိကန်အချို့၊ မြန်မာလူမျိုးအချို့နှင့် ကုလားလူမျိုးပေါင်းစုံတို့ကိုတစ်နေရာတည်း တွေ့နိုင်သောမြို့လည်း ဖြစ်သည်။

ခရီးသွားများကတော့ 'အရှေ့ဘက် ပဲရစ်မြို့တော်'ဟု ပင်တင်စားပြောဆိုကြသည်။ ဒေါက်တာမင်းထင်ကျော်နှင့် ဟယ်လင်တို့မှာ ပက်(ရှ)ဝါမြို့စွန်ဘက်၌ရှိသော ဟိုတယ်တစ်ခုတွင် လျှို့ဝှက်စွာတည်းခိုနေကြသည်။

မနောသုခဂေဟာ၌ အန္တရာယ်ဆိုးများဖြင့် ကြုံတွေ့ခဲ့ရပြီးနောက် ဒေါက်တာမင်းထင်ကျော်က ဟယ်လင်ကို ထိုနေရာသို့ ခေါ်လာခဲ့ခြင်းဖြစ်သည်။

ဟိုတယ်သို့ရောက်နေသည်မှာ နှစ်ရက်ခန့်ကြာပြီ ဖြစ်သဖြင့် သူမ၏ကျန်းမာရေးမှာလည်း အတော်အသင့် ကောင်းမွန်လာလေပြီ. . .။

ထိုနေရာရောက်တော့မှ ဟယ်လင်က ဖြစ်ကြောင်းကုန်စင် ပြောပြလေသည်။

"ကပ်(စ)ပါနဲ့ ကျွန်မနဲ့က မောင်နှမအရင်းမဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အဖေတူအမေကွဲ တော်စပ်တာပါ၊ ဘာသာချင်းလည်း မတူပါဘူး။ ဒါပေမယ့် မိဘတွေကျန်ခဲ့တဲ့ အမွေပစ္စည်းတွေကိုတော့ နှစ်ယောက်စလုံး ပိုင်ဆိုင်ခွင့်ရှိပါတယ်"

"အမွေပစ္စည်းတွေက ဘယ်မှာထားသလဲ"

"အင်္ဂလန်ဘဏ်တစ်ခုခုမှာ ထားတာပါ၊ သူနဲ့ကျွန်မနဲ့ အတူရှိနေရင် အတူတူထုတ်မှရတယ်၊ တကယ်လို့ တစ်ယောက်ယောက်မရှိတော့ရင်တော့ ကျန်တဲ့သူက အားလုံးပိုင်ဆိုင်ခွင့်ရမှာပါ"

"ဒါကြောင့်ခင်ဗျားကို ကပ်(စ)ပါက သေကြောင်းကြံစည်ခဲ့တာများလား. . ."

"ဒါထက် ပိုအရေးကြီးတာရှိပါတယ်"

"ဘာများပါလိမ့်"

"မဟူရာကျောက်ကိစ္စကြောင့်လည်း ပါတယ်"

"ပြောပါဦး ဒီကျောက်နဲ့ဘယ်လိုများပတ်သက်နေတာလဲ"

"သူ ရှင့်ကို ဒီကျောက်နဲ့ပတ်သက်ပြီး ဘာတွေများ ပြောပြထားသလဲ"

ဒေါက်တာမင်းထင်ကျော်က 'အမရစ်ဆာ ဘုရားကျောင်း' နှင့်ပတ်သက်သော အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"သူပြောပြတာတွေဟာ တချို့လောက်သာမှန်ပြီး အရေးကြီးတာတွေတော့ ကျန်နေသေးတယ်"





"ပြောပြပါဦး"

"ဒီမဟူရာကျောက်က သာမန်မဟုတ်ဘူး၊ ရတနာသိုက်ကြီးတစ်ခုရဲ့ မြေပုံပါတယ်"

"ဟင်. . ."

"ဒီကျောက်ထဲမှာပါတဲ့ မြေပုံအတိုင်း ရှာဖွေရင် မဂိုဘုရင်တွေ လှို့ဝှက်ထားခဲ့တဲ့ ရတနာသိုက်ကြီးကို တွေ့နိုင်တယ်၊ ဒီကျောက်က သူပြောသလိုရတာ မဟုတ်ဘူး၊ ကျွန်မ ဖေဖေက စစ်ဆင်ရေးတစ်ခုသွားရင်းက တောနက်ထဲက ဘုရားကျောင်းက ရလာတာ. . ."

"ကပ်(စ)ပါပြောသလို ရာဂျစ်တို့သုံးယောက် ယူလာတာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး သူတို့သုံးယောက်က အဖေတပ်မှာ အမှုထမ်းခဲ့တဲ့သူတွေပါ၊ အဖေက ဒီကျောက်ကို ဘယ်သူမှမသိအောင် ထိမ်းထားတာပါ၊ သေကာနီးအချိန် ရောက်တော့မှ ကပ်(စ)ပါကို ပေးသွားခဲ့တာပါ၊

ဒီလိုပေးခဲ့တာလည်း သူတစ်ယောက်တည်းအတွက် ပေးခဲ့တာမဟုတ်ပါဘူး၊ ဒီကျောက်ကိုအသုံးပြုပြီး ရလာတဲ့ အကျိုးအမြတ်တွေကို ကျွန်မတို့မောင်နှမ ခွဲဝေယူရမယ်ဆိုတဲ့ အချက်လည်း ပါဝင်ပါတယ်"

"ဒါကြောင့် ကပ်(စ)ပါက ဒီမဟူရာကျောက်ကို တစ်ယောက်တည်းအပိုင်ယူဖို့ ကြံစည်နေတာကိုး၊ ဒါထက် ဟယ်ထင်တို့မေးရဦးမယ် ဒီမဟူရာကျောက်အကြောင်းကို အခြား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေ သိကြသေးသလဲ. . ."

"တချို့လည်း ဒီကျောက်အကြောင်းကို တစ်စွန်းတစ်စ သိပုံရတယ်၊ ဒါကြောင့် နည်းအမျိုးမျိုးနဲ့ လာပြီးစုံစမ်းကြတာတွေ ရှိတယ်၊ နောက်တစ်ချက်ကတော့ နတ်ဘုရားကျောင်းနဲ့ သက်ဆိုင်တဲ့လူတွေလည်း လိုက်ပြီးစုံစမ်းတာရှိတယ်"

"သူက ဒီကျောက်ကို တစ်ယောက်တည်းအပိုင်ကြံပြီး ဘယ်လိုလုပ်မလဲမသိဘူး"

"ကပ်(စ)ပါဆိုတဲ့လူက အတော့်ကိုအကြံကြီးတဲ့ လူတစ်ယောက်ပဲ၊ နောက်ပြီး အကောက်ဉာဏ်လည်း အတော်များတယ်၊ သူ့ဆီမှာ ဒီကျောက်ရှိနေမှန်းသိတော့ နောက်ကလိုက်နေမှန်း သိတယ်၊ ရှင့်ကိုမှာတာ သူ့အတွက် အကာအကွယ်ရဖို့ရယ် တစ်နည်းနည်းနဲ့ အသုံးချချင်လို့ မှာတာဖြစ်နိုင်တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"သူ ဘာလုပ်မယ်ထင်သလဲ"

"သူက ကူမာရစ္စတန် စော်ဘွားနဲ့ အဆက်အသွယ်ရှိတယ်၊ မဟူရာကျောက်အကြောင်းကို စော်ဘွားကလည်း သိတန်သလောက်သိတော့ သူတို့နှစ်ယောက် ပူးပေါင်းကြံစည်ကြမှာ သေချာတယ်"

ဟုပြောပြသည်။

ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားနေသည်။

"သူ. . မနောသုခဂေဟာမှာ မရှိတော့ဘူးဆိုရင် ကူမာ





ရစ္စတန်ကို သွားမှာသေချာတယ်၊ သူတို့လက်ထဲက မဟူရာကျောက်ကို တစ်နည်းနည်းနဲ့ပြန်ရအောင်တော့ ကြိုးစားရမယ်"

"ရှင်တစ်ယောက်တည်းနဲ့တော့ အဆင်ပြေမယ် မထင်ဘူး"

ဟု ဟယ်လင်က သတိပေးသည်။

"ဘယ်လိုကြောင့်လဲ"

"ကူမာရစ္စတန်က မြို့လေးပေမယ့် အတော့်ကိုရှုပ်ထွေးနေရာပဲ၊ သေနတ်နဲ့ဓားကောက်ကို လွတ်လွတ်လပ်လပ် ကိုင်ပြီး လူတစ်ယောက်ကို ရက်ရက်စက်စက်သတ်ရမှာ ဝန်မလေးနေရာပဲ. . ၊ နောက်ပြီး သူလျှိုတွေလည်း ရှုပ်ထွေးနေတယ်၊ ခြေလှမ်းတစ်ချက်မှားတာနဲ့ အသက်ပျောက်သွားနိုင်တယ်"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"ပက်(ရှ)ဝါမှာ အဖေရဲ့လူယုံတော်တစ်ယောက်ရှိတယ်၊ သူ့နာမည်က 'လီမက်'လို့ခေါ်တယ်၊ သူက ဒီဒေသက ဘာသာစကားအတော်များများလည်း နားလည်တယ်၊ ဓလေ့စရိုက်တွေလည်းသိတယ်၊ နောက်ပြီး ကူမာရစ္စတန်မြို့ကို ရောက်ဖူးသူပဲ အဲဒီမြို့အကြောင်းလည်း အတော်သိတယ်"

"သူ့ကို ဘယ်မှာရှာရမလဲ"

"သူက နေရာအတည်တကျမရှိပဲ သွားနေတာဆိုတော့ ဘယ်မှာနေမှန်းတော့ မသိဘူး၊ ဒါပေမယ့် တစ်ခါနှစ်ခါတွေ့ဖူးတော့ သူ့ရဲ့ပုံပန်းသဏ္ဍာန်တော့ မှတ်မိပါတယ်၊ သူ့မျက်နှာပေါ်မှာ ထူးခြားတဲ့အမှတ်အသားတစ်ခုရှိတယ်၊ သူ့ကို အရက်ဆိုင်တွေ



www.burmeseclassic.com

www.burmeseclassic.com



မှာလိုက်ရှာရင် တွေ့နိုင်တယ်”

ဟယ်လင်က လီမက်၏ ပုံပန်းသဏ္ဌာန်တို့ကို ပြောပြရာ ဒေါက်တာမင်းထင်ကျော်က အသေအချာမှတ်ထားလေသည်။

ထို့နောက်မှာတော့ ညဉ့်နက်ပိုင်းရောက်လာပြီ ဖြစ်သောကြောင့် အိပ်ရာဝင်ရန် ပြင်ကြသည်။ သူတို့သည် ဟိုတယ်တွင် ကမ္ဘာလှည့်ဇနီးမောင်နှံအဖြစ် စာရင်းပေးထားသဖြင့် နှစ်ယောက်အိပ်အခန်း ရသည်။

အခန်းထဲမှာ နှစ်ယောက်အိပ်ခုတင်တစ်လုံးသာ ရှိသည်။ အိပ်တော့ ဟိုဘက်ခြမ်း၊ ဒီဘက်ခြမ်း ဖက်လုံးခြားပြီး တစ်ဖက်စီအိပ်သည်။

ထိုသို့ အိပ်ရသော်လည်း ဒေါက်တာမင်းထင်ကျော်မှာ ကောင်းစွာအိပ်မပျော်ပဲ သတိဝိရိယနှင့်သာ နေရလေသည်။ ဖြစ်ပြီးခဲ့သောအကြောင်းများကို ပြန်လည်စဉ်းစားရင်း အိပ်မပျော်ပဲဖြစ်နေလေသည်။ ထိုအချိန်မှာပင် အပြင်ဘက်မှ ခြေသံလိုလို ကြားရသဖြင့် နားစွင့်နေသည်။

ခြေသံက တံခါးပေါက်ဝရောက်တော့ ရပ်တန့်သွားသည်။ မရှေးမနှောင်းမှာပင် တံခါးချက်ကို အပြင်ဘက်မှ လှည့်ဖွင့်နေသံ ကြားရသည်။

ဒေါက်တာမင်းထင်ကျော်က ဟယ်လင်ဘက်သို့လှည့်ပြီး သူမကိုယ်ကလေးကို ရင်ခွင်ထဲသွင်းကာ ဖက်ထားလိုက်လေသည်။

“အိုး. . .ဘယ်လိုလုပ်တာလဲ”





ဒေါက်တာမင်းထင်ကျော်က အသံမထွက်စေရန် အနက်ပြလိုက်တော့ မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။ ခဏကြာတော့ တံခါးဖွင့်သံကြားလိုက်ရပြီး အရိပ်တစ်ခုက အခန်းထဲရောက်လာသည်။

ထိုအခြေအနေကြောင့် ခေါင်းအုံးအောက်မှာအဆင်သင့်ထည့်ထားသော သေနတ်ကိုကိုင်ထားလိုက်သည်။ ခဏကြာတော့ ခေါင်းမြီးခြုံထားသောလူတစ်ယောက် အခန်းတွင်းဝင်လာသည် မသိဟန်ဆောင်ပြီး ငြိမ်နေလိုက်သည်။ ထိုအခြေအနေကို မြင်တော့မှ ဟယ်လင်လည်း ဒေါက်တာမင်းထင်ကျော် အပြုအမူကို သဘောပေါက်သွားသဖြင့် မျက်လုံးပိတ်လျက် ငြိမ်နေတော့သည်။

အဝတ်မည်းကြီးခြုံထားသောသူက အခန်းထဲသို့ ဝင်လာပြီး ခုတင်နံဘေးသို့ရောက်လာပြီး အခြေအနေကို ကြည့်သည်။ ဟယ်လင်ကို ရင်ခွင်ထဲမှာထည့်ထားပြီး ဖက်လျက်သားနှင့် အိပ်ပျော်နေကြသောအခြေအနေကို မြင်တော့မှအခန်းထဲမှ ပြန်ထွက်သွားလေတော့သည်။

ထိုအခါမှ နေရာမှထပြီး အခန်းတံခါးကို ဂျက်ထိုးပြီး ပိတ်ထားလိုက်သည်။

“စောစောက မလွဲသာတဲ့အခြေအနေကြောင့် အခုလို လုပ်ရတာကို ကျွန်တော်တောင်းပန်ပါတယ်”

ဟု တောင်းပန်လိုက်သည်။

“ကျွန်မသဘောပေါက်ပါတယ်၊ ဒီမြို့မှာတော့ ဘယ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ရာမှ လုံခြုံမှုမရနိုင်ဘူးဆိုတာ ကျွန်မသဘောပေါက်ပါတယ်"

"ခင်ဗျားကို အန္တရာယ်ကင်းတဲ့နေရာမျိုးမှာ ပို့ပေးထား ပါမယ်၊ ဘယ်နေရာဆိုရင် ခင်ဗျားအတွက် အဆင်ပြေမလဲ. ."

ဟယ်လင်က အတန်ကြာအောင် ငြိမ်ကျသွားသည်။

"ဒီမြို့မှာတော့ ကျွန်မအတွက်အားကိုးရမယ့်သူမရှိဘူး"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"ကျွန်မ ရှင်နဲ့ပဲလိုက်ခဲ့ပါရစေ"

"ခင်ဗျားက ကျန်းမာရေးလည်း သိပ်မကောင်းသေးဘူး နောက်တစ်ချက်က ကျွန်တော်နဲ့ လိုက်လာရင် အန္တရာယ်တွေနဲ့ ကြုံတွေ့ရနိုင်တယ်. . ."

"ဒါတွေကို ကျွန်မမကြောက်ပါဘူး၊ နောက်ပြီး မဟူ ကျောက်က ကျွန်မနဲ့လည်း သက်ဆိုင်နေတာဆိုတော့ ကျွန်မ လိုက်ခဲ့ပါရစေ. . ."

ဒေါက်တာမင်းထင်ကျော်အနေဖြင့် ဘယ်လိုမှ မ သာတော့ပေ။ နောက်တစ်ချက်က ယခုလို စစ်မက်ရေးရာ ရှုပ်ထွေးနေသော အချိန်ကာလမျိုးတွင် ပက်(ရှ)ဝါလို ရှုပ်ထွေး သောမြို့တစ်မြို့တွင် အားကိုးရာမဲ့နေသော အမျိုးသမီး ယောက်ကို ဥပေက္ခာပြုလျက် ထားခဲ့ရန်လည်း မဖြစ်နိုင်ေ သို့ကြောင့် သူနှင့်အတူတူခေါ်သွားရန် ဆုံးဖြတ်လိုက်လေသ

"ဒါပေမယ့် ကူမာရစ္စတန်ကိုမသွားခင် လီမက် တွေ့အောင်ရှာပြီး ခေါ်သွားရမယ်"

"ရှင် မြို့ထဲသွားရင် ဒီပုံစံနဲ့တော့ သွားလို့အဆင်





ဘူး၊ သူတို့ ချက်ချင်းရိပ်မိသွားနိုင်တယ်"

"ဘယ်လိုသွားရမလဲ"

"ကုလားတစ်ယောက်လို အဝတ်အစားရော ရုပ်ပါ ပြောင်းပြီးသွားရင်အဆင်ပြေမယ်၊ ဒါပေမယ့် ကုလားတွေက သူတို့လူမျိုးထင်ပြီး မေးတာပြောတာရှိလာရင်. . . ရှင် ကုလား ဘာသာစကားကော တတ်သလား"

"နည်းနည်းတော့ နားလည်ပါတယ်"

ဟုပြောပြီး နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် ဒေါက် တာမင်းထင်ကျော်တစ်ယောက်တည်း အပြင်ဘက်သို့ ထွက်လာ သည်။ ဦးစွာ ဈေးဘက်သို့သွားပြီး ပစ္စည်းအဟောင်း ရောင်း သောအတန်းမှာ လိုအပ်သောပစ္စည်းများ ဝယ်ယူပြီး တစ်နေရာ ဆင်ပြီး အဝတ်လဲလိုက်သည်။

ဆံပင်အတု၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးအတုတို့ကိုပါ ဆင်လိုက်သောအခါ ကုလားတစ်ယောက်ဘဝသို့ အသွင် ပြောင်းသွားလေတော့သည်။

သူသည် မြို့တွင်းမှာရှိသော အရက်ဆိုင်များအနှံ့ လီ ကို လိုက်လံရှာဖွေလေသည်။

သို့သော်တစ်ခါမှ မမြင်ဘူးသောကြောင့် အခက်အခဲ ရှိသည်။ အရက်ဆိုင်မှာ တွေ့သူများကို မေးမြန်းကြည့် အခါ. . .

"ပက်(ရှ)ဝါမြို့မှာ လီမက်နံမည်မျိုးနှင့်လူတွေ အများကြီး ခင်ဗျားတွေ့ချင်တဲ့ လီမက်က ဘယ်လိုပုံစံမျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုအချို့ကပြန်မေးသည်၊

"မျက်နှာပေါ်မှာ ကန့်လန့်ဖြတ်ဒဏ်ရာတစ်ခုရှိတဲ့ လီမက်ကို တွေ့ချင်တာ"

"အော်. . သိပြီ၊ သူက အခြေအနေမရှိတဲ့ လူတစ်ယောက်ပဲ၊ အရက်သောက်ချိန်ရောက်ရင် ဆိုင်တကာလှည့်ပြီး သူများတွေဆီက အရက်တောင်းသောက်တဲ့သူပဲ"

"သူ့ကို ဘယ်မှာရှာရမလဲ"

"မြို့ထဲကဆိုင်တွေမှာတော့ မတွေ့နိုင်ဘူး၊ မြို့ထဲက အရက်ဆိုင်တွေက ငွေကြေးတတ်နိုင်တဲ့လူတွေ ဝင်သောက်တာဆိုတော့ ဆိုင်ရှင်တွေက သူ့လိုလူမျိုးကို လက်မခံကြဘူး၊ ခင်ဗျား သူ့ကိုတွေ့ချင်ရင်တော့မြို့စွန်ဘက်ကအရက်ပုန်းရောင်းတဲ့ ဆိုင်တွေမှာလှည့်ပြီးရှာပေတော့"

ဟုလမ်းညွှန်ပေးလိုက်လေသည်။

တစ်နေ့လုံး မြို့ထဲမှာရှိသော အရက်ဆိုင်များအနှံ့ လိုက်လံရှာဖွေသော်လည်း လီမက်နှင့်တူသောသူကိုပင် မတွေ့ရ သဖြင့် ညနေပိုင်းအချိန်တွင် မြို့စွန်ဘက်သို့ ထွက်လာခဲ့သည်။

ပက်(ရှ)ဝါမြို့သည် မြို့တွင်းမှာရော မြို့ပြင်ဘက်မှာပါ ရှုပ်ထွေးသောမြို့ဖြစ်သည်။ သို့သော် မြို့တွင်းမှာ ရှုပ်ပုံနှင့် မြို့ အစွန်ဘက်မှာ ရှုပ်ထွေးပုံချင်းတော့ မတူပေ. . .။

မြို့စွန်ဘက်မှာက လက်လုပ်လက်စားနှင့် ပျံကျနေထိုင်သူများသည်။ စားသောက်ဆိုင်၊ အရက်ဆိုင်နှင့် ပြည့်တန်ဆာ လုပ်သောနေရာများ ပေါသည်။





ထိုသို့ပေါသော်လည်း ခန်းခန်းနားနား ဖွင့်လှစ်ရောင်းချသည့်ဆိုင်မျိုးတော့ မတွေ့ရပေ။ အများအားဖြင့်တော့ လမ်းဘေးမှာ တဲများထိုးပြီး ရောင်းချသည့်ဆိုင်တို့သာ များသည်။

ဒေါက်တာမင်းထင်ကျော်မှာ တစ်နေကုန်သွားလာခဲ့ရသဖြင့် ပင်ပန်းနေပြီဖြစ်သဖြင့် မြို့စွန်တစ်နေရာမှာရှိသော စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ အရက်တစ်ပုလင်းနှင့် အစားအသောက်အချို့ကို မှာယူစားသောက်လေသည်။ အရက်ပုလင်းကိုတော့ မသောက်ဘဲ စားပွဲပေါ်မှာထောင်ထားလေသည်။

ထိုသို့စားသောက်နေစဉ် ဆိုင်ပေါက်ဝဘက်မှ ဆူဆူညံညံအသံအချို့ ပေါ်ထွက်လာသဖြင့် လှမ်းကြည့်လိုက်သည်။

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်ဝတ်ထားသော လူတစ်ယောက်ကို ဆိုင်ထဲမှ အလုပ်သမားတို့က အတွင်းသို့အဝင်မခံပဲ အပြင်သို့နှင်ထုတ်နေသော အသံဖြစ်သည်။

ကောင်တာမှာထိုင်နေသော ဆိုင်ရှင်ကလည်း ထိုသူ့ကို ဆိုင်ထဲဝင်မလာစေရန် လှမ်းပြောနေသည်။ ခဏကြာတော့ အလုပ်သမား သုံးလေးယောက်က ဒယိမ်းဒယိုင်ဖြစ်နေသော ထိုလူကို အပြင်သို့ဆွဲထုတ်သွားပြီး ကန်ကျောက်ရိုက်ပုတ်ကာ နှင်ထုတ်လိုက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ စားသောက်ပြီးသွားပြီဖြစ်သဖြင့် စားပွဲထိုးကိုခေါ်ကာ အစားအသောက်အချို့ကို ထပ်မှာပြန်သည်။

ထပ်ပိုးပြီးလာပေးသောအခါ ပိုက်ဆံရှင်းပြီး အပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့လေသည်။ သူ့လက်ထဲမှာ အစားအသောက်အချို့နှင့် အရက်ပုလင်း ပါလာလေသည်။

အပြင်ဘက်မှာ အမှောင်ရိပ်များ သမ်းစပြုနေချေပြီ။ ဆိုင်အပြင်ရောက်တော့ ဟိုဟိုဒီဒီကြည့်ရာ ဆိုင်နှင့်မနီးမဝေး လမ်းဘေးတစ်နေရာမှာ ခေါင်းငုံ့လျက်သား ထိုင်နေသော လူတစ်ယောက်ကို တွေ့ရသဖြင့် ထိုနေရာသို့လျှောက်သွားပြီး အနားမှာရပ်လိုက်တော့ ထိုလူက တဖြည်းဖြည်းချင်း မော့ကြည့်သည်။

အမှောင်ရိပ်သမ်းနေသော်လည်း ထိုလူ့မျက်နှာပေါ်မှ ကန့်လန့်ဖြတ် အမာရွတ်ကြီးကိုတော့ ကောင်းစွာတွေ့မြင်ရသည်။ ဒေါက်တာမင်းထင်ကျော်က လက်ထဲမှအရက်ပုလင်းကို လှမ်းပေးတော့ တော်တော်နှင့်မယူပေ. . .။

"ခင်ဗျားဘယ်သူလဲ"

ဟုမေးသည်. . .

"ငါက မင်းကိုလိုက်ရှာနေတဲ့ လူတစ်ယောက်ပေါ့ကွာ မင်းနာမည် လီမက်မဟုတ်လား"

"ဟုတ်တယ်. . ."

"ရော့. . သောက်ပါ"

ဒေါက်တာမင်းထင်ကျော်က အရက်ပုလင်းကိုပေးသော်လည်း ကြည့်ရုံသာကြည့်ပြီး မယူပေ. . .။

"အကျိုးအကြောင်း မသိရပဲနဲ့တော့၊ ကိုယ်မသိတဲ့ လူတစ်ယောက်ကပေးတဲ့အရက်ကို မသောက်ပါဘူး"





ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က သဘောကျစွာရယ်လိုက်သည်။

"ခင်ဗျား ကုလားတစ်ယောက်မဟုတ်ဘူး၊ ဘယ်သူလဲ"

"ငါ့နာမည် ဒေါက်တာမင်းထင်ကျော်လို့ခေါ်တယ်၊ ငါက မြန်မာလူမျိုးတစ်ယောက်ပါပဲ"

"ကျုပ်ကို ဘာကြောင့်ရှာနေတာလဲ"

"မင်းကိုတွေ့ချင်တဲ့လူတစ်ယောက် ရှိနေတယ်ကွ"

"ဘယ်သူလဲ"

"သူ့နာမည် ဟယ်လင်လို့ခေါ်တယ်"

ထိုစကားကြောင့် မျက်လုံးပြူးသွားပြီး အတန်ကြာအောင် ဒေါက်တာမင်းထင်ကျော်ကို ကြည့်နေသည်။

"ငါပြောတာကိုယုံပါ၊ သူက မင်းကိုတွေ့ဖို့တစ်နေရာက စောင့်နေတယ်"

"ခင်ဗျား အမှန်ပြောနေတာလား၊ သခင်မလေးက အသက်ရှင်လျက်နဲ့ ရှိနေသေးလို့လား"

"ရှိပါတယ် မင်းက ဘယ်လိုသတင်းကြားထားလို့လဲ"

"သူသေသွားပြီလို့ သတင်းကြားရလို့ပါ. . ."

ဒေါက်တာမင်းထင်ကျော်က ဟယ်လင်ရှိနေသေးကြောင်း ပြောပြလိုက်သည်။

"ငါတို့ အရေးကြီးတဲ့အလုပ်တစ်ခု လုပ်ကြရလိမ့်မယ်၊ အဲဒီအလုပ်မှာ မင်းရဲ့အကူအညီတော့ လိုတယ်"

"သခင်မလေးနဲ့ပတ်သက်တဲ့ အလုပ်ဆိုရင်တော့ အသေ



www.burmeseclassic.com

www.burmeseclassic.com



မြှစ်ဖြစ် လုပ်ပေးရမှာပဲ"

"ကောင်းပြီ၊ ငါ. . မင်းကို လိပ်စာပေးထားခဲ့မယ်၊ မင်း ငါတို့ဆီကို လာခဲ့ပါ ငါတို့စောင့်နေမယ်"

ဟုပြောပြီး အရက်ပုလင်းနှင့်အစားအသောက်ကို လှမ်းပေးတော့ သူသည်။

ထို့နောက် လိပ်စာရေးထားသော စာရွက်တစ်ရွက်နှင့် ငွေအနည်းငယ်ကို လီမက်လက်ထဲသို့ ထည့်ပေးထားခဲ့ပြီး ငါး နေရာမှ ပြန်ထွက်လာခဲ့လေသည်။





# အခန်း(၈)

# အမှောင်ရိပ်အတွင်းမှ အသက်လုပွဲများ

နောက်တစ်နေ့ ညဉ့်ဦးပိုင်းအချိန် ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်နှင့် ဟယ်လင်တို့သည် ဟိုတယ်မှ ပြန်ထွက်ခဲ့ကြလေသည်။

သူတို့သည် လီမက်နှင့် အချိန်းအချက်ပြုနေသော နေရာဆီသို့ သွားကြလေသည်။ ဟိုတယ်မှာ ရက်အနည်းငယ် ကြာအောင် နားလိုက်ရသောကြောင့် ဟယ်လင်အခြေအနေမှာ ပုံမှန်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေသို့ ပြန်ရောက်နေလေပြီ. . .။

သူမသည် အားအင်မပြည့်သေးသောကြောင့် ပိန်နေသေးသော်လည်း ယခုကဲ့သို့ ကျန်းမာလာသောအခါ လှပချော မောသူတစ်ယောက်ဖြစ်သည်မှာ ပေါ်လွင်လာသည်။

ဟယ်လင်မှာ နုနယ်သော မိန်းမပျိုတစ်ဦးဖြစ်သော်လည်း စိတ်ဓါတ်မာကြောသူတစ်ဦး ဖြစ်လေသည်။ ယခုလည်း ဒေါက်တာမင်းထင်ကျော်က ကုလားတစ်ယောက်အသွင် ပြုပြင်ပြောင်းလဲထားသလို သူမကလည်း ခေါင်းမြီးခြုံကုလားမတစ်ယောက်ပမာ ပြုပြင်ဝတ်ဆင်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်က ရှေ့မှသွားသောအခါ သူမက နောက်ဘက်မှမီအောင် လိုက်လာလေသည်။ ဗလီတိုက်ကြီးများကဲ့သို့ အဆောက်အအုံကြီးများရှိသောနေရာသို့ ရောက်သောအခါ နောက်ဘက်လမ်းကြားအတွင်းသို့ ချိုးကွေ့ဝင်ခဲ့ကြသည်။ ထိုနေရာဘက်မှာ သစ်ပင်ကြီးများ အုပ်မိုးနေသောကြောင့် အလင်းရောင်မရှိပေ။ ထိုနေရာတစ်ဝိုက်မှာ အမှောင်ရိပ်ခိုပြီး သွားလာနေသူအချို့တော့ ရှိသည်။

လူသူကင်းမဲ့သော လမ်းကြားတစ်ခုအတွင်းသို့ ဝင်လာသောအခါ နောက်ဘက်မှ အဝတ်ခြုံထားသည့်လူနှစ်ယောက် လိုက်လာသည်။ သို့ကြောင့် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်သွားစဉ် တစ်ဖက်ထိပ်နားရောက်တော့ လူနှစ်ယောက်ထွက်လာပြီး ပိတ်ရပ်နေသည်။

ဒေါက်တာမင်းထင်ကျော်မှာ သေနတ်ပါသည်။ ထိုအ





ခြေအနေမျိုးမှာ သေနတ်အသုံးပြု၍မသင့်ပေ။ သူတို့အနားရောက်သွားတော့ ရှေ့မှရပ်နေသူမှာ ပထန်ကုလားနှစ်ယောက်ဖြစ်ပြီး နောက်မှလိုက်လာသူနှစ်ယောက်ကလည်း ကုလားပင်ဖြစ်သည်။

ရှေ့မှရပ်နေသောကုလားက ဓါးကောက်တစ်လက်ကိုကိုင်၍ခြောက်ပြကာပြောသည်။

"အသက်မသေချင်ရင် သူ့ကို ဒီနေရာမှာထားခဲ့"

ကုလားဘာသာဖြင့် ပြောသဖြင့် သူကလည်းကုလားဘာသာနှင့်ပင် ပြန်ပြောလိုက်သည်။

"ငါ့မိန်းမကို မထားခဲ့နိုင်ဘူး"

"ဒါဖြင့်လည်း မင်းအသက်ကိုပါ အဆစ်ယူရမှာပေါ့ကွာ"

ဟုပြောပြီး ဓါးကောက်ဖြင့် မိုးခုတ်သည်။ ဒေါက်တာမင်းထင်ကျော်က နံဘေးသို့ရှောင်ပြီး မျက်နှာကို ခြေထောက်ဖြင့် ဖြတ်ကန်ရာ ဓါးတခြားဖြစ်ပြီး လဲကျသွားသည်။

ထိုအခါ နောက်မှတစ်ယောက်က ခုန်အုပ်သည်။ ဘေးသို့လှိမ့်ရှောင်ရင်း ကျနေသောဓါးကိုပါ တစ်ပါတည်းကောက်ယူသွားပြီး လက်ပြန်ထိုးရာ မချိမဆံ့ညည်းညူသံကြားရပြီး လဲကျသွားသည်။

ဒေါက်တာမင်းထင်ကျော်လက်ထဲမှာ ဓါးရှိနေသောကြောင့် ကျန်နှစ်ယောက်က အရမ်းမဝင်တော့ပဲ တစ်ယောက်က ပါလာသောသေနတ်နှင့် ထုတ်ချိန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလက်ထဲကဓါးကို ချလိုက်"

ဟုပြောသဖြင့် ဓါးကို အောက်သို့ပစ်ချလိုက်စဉ်မှာပင် လျှပ်တစ်ပြက် လှုပ်ရှားလိုက်သည်။ ဓါးချပြီးသည်နှင့် လူက မြေပေါ်သို့ လှိမ့်ထွက်သွားလေသည်။ ထိုသို့ လှိမ့်ထွက်သွားစဉ်မှာ ခြေထောက်မှာ အိတ်ဖြင့်ထည့်ထားသော ပေါက်ဓါးကိုယူကာ ရန်သူကိုပစ်သည်။ ရန်သူကလည်း အသံတိတ်ကိရိယာ တပ်ဆင်ထားသောသေနတ်ဖြင့် ပစ်သည်။

"ဒုတ်. . . ဒုတ်"

"ဒုတ်. . ."

"အင့်. . ."

သေနတ်သံနှင့်တစ်ဆက်တည်း ပေါ်လာသောအသံမှာ ဓါးထိသံဖြစ်ပြီး မြေပေါ်သို့ ဒူးထောက်ကျသွားသည်။

ထိုအခိုက်မှာပင် နောက်မှာကျန်နေသော တစ်ယောက်က သူ့ကိုယ်ပေါ်သို့ခုန်အုပ်လိုက်ရာ နှစ်ယောက်သား လုံးထွေးကာ မြေပေါ်သို့ကျသွားသည်။

လက်နက်မရှိသောကြောင့် သူတပြန်ကိုယ်တပြန် သတ်ပုတ်ကြသော်လည်း ပထန်ကုလားက အရပ်အမောင်းရော၊ ခန္ဓာကိုယ်ပါ ကြီးထွားသောကြောင့် ဒေါက်တာမင်းထင်ကျော်မှာ အသာမရပဲ ရှိလေသည်။

အကြိမ်ကြိမ် အပေါ်မှဖိချုပ်ထားပြီး လည်ပင်းကိုညှစ်သတ်ရန် ကြိုးစားနေတော့သည်။ တစ်ကြိမ်မှာတော့ သူက အောက်ရောက်သွားပြီး ပထန်ကုလားက လည်ပင်းကို ညှစ်သည်





နေရာ ရုန်းခွင့်မသာပဲ ရှိနေလေသည်။ ဒီတစ်ခါတော့ ခက်ပြီဟု တွေးနေစဉ်မှာ လည်ပင်းအစ်ပြီး အသက်ရှူကျပ်လာသည်။

"အင့်. . ."

ညည်းညူသံတစ်ချက် ကြားလိုက်ရပြီး လည်ပင်းကို ညှစ်ထားသောလက် လျော့သွားပြီးနောက် ခန္ဓာကိုယ်ကြီးက သူ့အပေါ်ပိလဲကျလာသည်။

အသက်ဘေးမှ လွတ်သွားပြီဖြစ်သောကြောင့် ပထန်ကုလား၏ နံစော်နေသော ခန္ဓာကိုယ်ကြီးကို နံဘေးသို့တွန်းဖယ်ချလိုက်ပြီး နေရာမှထပြီး ကြည့်လိုက်သောအခါ ဓါးတစ်လက်ကို ကိုင်လျက်ရပ်နေသော ဟယ်လင်ကို တွေ့ရလေသည်။

"ကျေးဇူးတင်ပါတယ်"

ထိုသို့ပြောပြီး ရန်သူတစ်ယောက်ဆီမှာ စိုက်ဝင်နေသောဓါးကို ပြန်နုတ်ယူပြီး သေနတ်ကိုပါ တစ်ပါတည်းယူလာခဲ့ကာ ထိုနေရာမှ ထွက်လာကြသည်။

ချိန်းထားသောနေရာရောက်တော့ လီမက်ကို မတွေ့ရပေ။

"သူချိန်းထားတာ ဒီနေရာပဲ၊ ဘယ်ရောက်သွားပြီလဲမသိဘူး"

"ရန်သူတွေရိပ်မိလို့ လာဖမ်းသွားပြီလား"

"မပြောနိုင်ဘူး၊ ဒါပေမယ့် တခြားသွားလို့တော့ အဆင်မပြေဘူး၊ ဒီကပဲ သူ့ကိုစောင့်မှဖြစ်မယ်"

ဟုပြောပြီး အဆောက်အအုံအတွင်းသို့ဝင်ရောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



အမောပြေရှင်း စောင့်နေကြသည်။

"ရှင် ဒဏ်ရာရသွားသေးသလား"

"နည်းနည်းပါးပါးလောက်ပါပဲ"

"ရှင်က အတိုက်အခိုက် အတော်ကျွမ်းကျင်တာပဲ"

ထိုသို့ချီးကျူးသဖြင့် ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်လေသည်။

"အသက်အန္တရာယ်အေးနဲ့ ကြုံတွေ့တော့လည်း ဒီလိုပဲလုပ်ရတာပဲ၊ ခင်ဗျားလည်း ရုပ်ရည်နဲ့မလိုက်လောက်အောင် သတ္တိကောင်းတာပါပဲ"

"ရှင်ပြောသလို . . အရေးကြုံတော့လည်း လုပ်သင့်တာလုပ်ရတာပါပဲ၊ ဒါထက် . . 'ခင်ဗျား . . ခင်ဗျား'နဲ့ မပြောနဲ့တော့လေ၊ တော်ကြာ သူများတွေကြားသွားရင် ဟန်ဆောင်နေတာ ရိပ်မိသွားကြလိမ့်မယ် . . ."

"မကြိုက်မှာစိုးလို့ပါ"

"အခုအချိန်မှာ ကျွန်မဘဝက ရှင့်လက်ထဲကိုအပ်ထားရတာပဲ . . . ရှင့်ကိုမှမယုံရင် ဘယ်သူ့ကိုယုံရတော့မလဲ"

"ဒီလိုနားလည်ပေးတာ ကျေးဇူးတင်ပါတယ်"

ထိုသို့ပြောနေစဉ်မှာ စေ့ထားသောတံခါးချပ်ကို ဖွင့်ပြီး အတွင်းသို့ လူတစ်ယောက်ဝင်လာသည်။ အတွင်းရောက်တော့ တံခါးချပ်ကို ပြန်စေ့ထားလိုက်ပြီး အသင့်ပါလာသောဖယောင်းတိုင်ကို မီးထွန်းလိုက်သည်။ လီမက်ပင်ဖြစ်သည်။

လီမက်ကလည်း သူတို့နှစ်ယောက်ကိုတွေ့သဖြင့် အံ့သြ





သွားလေသည်။

"ဆရာတို့တောင် ရောက်နေကြပြီလား၊ လမ်းမှာ အန္တရာယ်နဲ့ တွေ့ခဲ့ရသေးသလား"

"နည်းနည်းလောက်ပါပဲ . . မင်း ဘယ်သွားနေတာလဲ"

"ခရီးထွက်ဖို့ အစီအစဉ်တွေ သွားလုပ်နေတာပါ၊ ဒီကနေ့ည လထွက်တဲ့ သန်းခေါင်ယံအချိန်မှာ ပက်(ရှ)ဝါမြို့ကနေ ကူမာရစ္စတန်မြို့ကိုသွားမယ့် ကုန်သည်အဖွဲ့တစ်ဖွဲ့ ရှိတယ်၊ ကျွန်တော်တို့က ကုန်သည်တွေအယောင်ဆောင်ပြီးတော့ သူတို့နဲ့ ရောနှောလိုက်သွားရမယ်၊ ကူမာရစ္စတန်မြို့က သေးပေမယ့် သူလျှိုတွေ ခြေရှုပ်တဲ့နေရာဆိုတော့ အဝင်အထွက် ခက်တယ် ဒီလိုအခွင့်ရေးရတုန်း လိုက်သွားရမယ်"

"ဘာနဲ့သွားရမှာလဲ"

"ကုလားအုတ်တွေနဲ့ သွားရမှာ . . သဲကန္တာရထဲမှာ ဖြတ်သွားရမှာဆိုတော့ ကုလားအုတ်က အကောင်းဆုံးပဲ"

"ဒီအချိန်ရောက်မှ ကုလားအုတ်ဘယ်မှာရမှာလဲ"

"ကျွန်တော် စီစဉ်ထားခဲ့ပြီးပါပြီ၊ အချိန်ရှိတုန်း သွားကြရအောင်"

ဟုပြောပြီး ရောက်နေသောအဆောက်အအုံကြီးအနောက်ဘက်အပေါက်မှ အပြင်သို့ထွက်ကြလေသည်။

ထိုအဆောက်အအုံကြီးမှာ ဗလီအဆောက်အအုံကြီး တစ်လုံးဖြစ်မှန်း နောက်မှသိရလေသည်။

ထိုနေရာမှ လမ်းကြားများကိုအသုံးပြုပြီး မြို့စွန်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေသည်။ အချိန်က ညဥ့်နက်ပိုင်းအချိန် ရောက်နေပြီဖြစ်သော်လည်း လထွက်ချိန် နီးပြီဖြစ်သောကြောင့် အလင်းရောင်အချို့ ရနေလေသည်။

နောက်ဆုံးမှာ သစ်ပင်ကြီးများ အုပ်မိုးထားသောအောက်မှာရှိသော တန်းလျားရှည်တစ်ခုရှိရာသို့ ရောက်သွားကြသည်။ ထိုနေရာတစ်ဝိုက်မှာ ကုလားအုတ်ချေးနံ့များဖြင့် အနံ့အသက် မကောင်းလှသောကြောင့် အသက်ရှူ၍မဝသကဲ့သို့ဖြစ်လာလေသည်။

မတတ်နိုင်တော့ပေ။ ထိုအခြေအနေရောက်မှတော့ ရှေ့တိုးရုံသာရှိတော့သဖြင့် လီမက်ခေါ်ရာနောက်မှ လိုက်သွားကြရလေသည်။ တန်းလျားများမှာ ကုလားအုတ်မွေးသော နေရာများဖြစ်သည်။ လီမက်က အစွန်ဘက်မှာရှိသော အဆောက်အအုံရှိရာဘက်သို့သွားပြီး တံခါးသုံးချက်ခေါက်လိုက်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"ဘယ်အရပ်ကိုသွားမယ့်သူတွေလဲ"

"မြောက်ဘက်အရပ်ကိုသွားမယ့်သူတွေပါ"

"ဘာအတွက် သွားကြမှာလဲ"

"ဘာသာရေးအတွက်သွားမှာပါ"

ထိုသို့ပြောဆိုပြီး အနောက်တံခါးတစ်ချပ် ပွင့်သွားသည်။ အသက်အရွယ်ကြီးသော ကုလားအဘိုးကြီးတစ်ယောက်က မီးအိမ်မြှောက်ပြထားပြီး အတွင်းဝင်ခဲ့ရန် ခေါ်သည်။ သူတို့အတွင်းရောက်တော့ တံခါးပြန်ပိတ်လိုက်သည်။





"ဒါ သခင်မလေး ဟယ်လင်ပဲ"

လီမက်ကပြောသောအခါ ထိုအဖိုးကြီးက ဟယ်လင်ကိုအရိုအသေပေးလေသည်။

"သခင်ကြီးရှိစဉ်က သူ့ရဲ့ကျေးဇူးတွေက ကျုပ်တို့အပေါ်မှာ အများကြီးရှိပါတယ်၊ သခင်မလေးအတွက်ဆိုရင် ဘာမဆိုဆောင်ရွက်ပေးပါမယ်"

ထိုသို့ပြောနေသော်လည်း ဟယ်လင်က ဘာမှသိဟန်မတူပဲ မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

"ကျွန်တော် စီစဉ်ခိုင်းထားတာတွေ ရပြီလား"

"အားလုံးအဆင်သင့် ပြင်ဆင်ထားပြီးပါပြီ"

ဟုပြောဆိုကာ နောက်ဘက်သို့ ခေါ်သွားလေသည်၊ နောက်ဘက်တန်းလျားမှာတော့ ကုလားအုတ်အချို့ရှိနေပြီး ထိုအထဲမှ သန်မာတောင့်တင်းသော ကုလားအုတ်နှစ်ကောင်ကိုရွေးထုတ်လာပြီး ပေးသည်။ ထို့နောက် အိမ်ထဲမှာ အဆင်သင့်ထည့်ထားဟန်ရှိသော အထုပ်အပိုးအချို့ကို ယူလာပြီးပြသည်။

ရေဘူးများ၊ ရိက္ခာထုတ်များ၊ သေနတ်ကျည်ဆံအချို့အပြင် အဝေးပစ်ပြောင်းရှည်သေနတ်တစ်လက်လည်း ပါဝင်လေသည်။ ထို့ပြင် အကြောင်းရှိပါက အသုံးပြုရန် ဆေးဝါးအချို့အပြင် မီးခြစ်၊ ဓါတ်ခဲ၊ လက်နှိပ်မီး စသည်တို့ပါ အစုံအလင်ပါလာလေသည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်က ထိုအဘိုးကြီးကို ရွှေဒင်္ဂါးအချို့ ထုတ်ပေးလိုက်သောအခါ အရိုအသေ



www.burmeseclassic.com

www.burmeseclassic.com



ပေးကာ ကျေးဇူးတင်ကြောင်း အခါခါပြောဆိုလေသည်။

ထိုနေရာမှမထွက်ခင်မှာပင် ကုလားအုတ်စီးပုံ၊ မောင်းနှင်ထိန်းကျောင်းပုံကို လီမက်ထံမှ သင်ယူရသေးသည်။ မြင်းစီးကျွမ်းကျင်သူဖြစ်သောကြောင့် ကုလားအုတ်စီးရသည်မှာ သိပ်တော့မခက်လှပါပေ။

ထို့နောက် ကုလားအုတ်တစ်ကောင်ပေါ်မှာ လီမက်က စီးပြီး ထိုကုလားအုတ်အပေါ်မှာ အထုပ်အပိုးများကို တင်ဆောင်လေသည်။ ဒေါက်တာမင်းထင်ကျော်အား လမ်းမှယူလာသော သေနတ်တစ်လက်ကို လီမက်အားပေးထားလိုက်သည်။

နောက်ကုလားအုတ်တစ်ကောင်ပေါ်မှာတော့ ဒေါက်တာမင်းထင်ကျော်နှင့်ဟယ်လင်တို့နှစ်ယောက် စီးသည်။ ခရီးရှည်သွားရမည်ဖြစ်သောကြောင့် ဟယ်လင်စီး၍ အဆင်ပြေစေရန် လီမက်ကပြင်ဆင်ပေးလေသည်။

အားလုံး နေသားတကျဖြစ်သောအခါ အဘိုးကြီးကို နှုတ်ဆက်ပြီး ထိုနေရာမှ စထွက်ကြသည်။ အချိန်က သန်းခေါင်ယံကျော်စပြုလာချေပြီ။

သန်းခေါင်ယံအချိန်ဖြစ်စေကာမူ ပက်(ရှ)ဝါမြို့အတွင်းမှာတော့ လူသွားလူလာတော့ ရှိနေကြသေးသည်။ ထိုအချိန်မျိုး တွင်ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရုပ်ပြောင်းရုပ်လွှဲပြုလုပ်ထားသော သူလျှိုများ ကျက်စားလျှက်ရှိသည်။

လမ်းပေါ်၌ တွေ့သမျှလူတိုင်း သာမန်သွားလာနေသူများချည်းတော့ မှတ်ယူ၍မရပေ။ မိမိတို့ကဲ့သို့ပင် အကြောင်း





...နှ အရေးကြီးသဖြင့် သွားလာနေကြသူတို့က များပေသည်။

မြို့တွင်းမှာ ကျော်ဖြတ်လာသောအခါ မြို့စွန်ဘက်ကို ...ည်သွားသော လမ်းပေါ်သို့ ရောက်လာလေသည်။ ထိုနေရာ ...ာ်ရောက်တော့ လူသွားလူလာသိပ်မတွေ့ရတော့ပေ။ တောင် ...န်းနှင့် သစ်တောအုပ်များအတွင်းမှ ဖြတ်သွားကြရသည်။

တစ်ခါတစ်ရံလည်း တောင်တန်းများကြားမှ ထွက်သွား ...ရသည်။ အတန်ကြာသောအခါ မြို့တံခါးပေါက်မှ ထွက်ခဲ့ကြ ...း မြို့ပြင်ဘက်သို့ ရောက်လာကြသည်။ မြို့ပြင်သို့ရောက်သော ...ါ လူသွားလူလာ မတွေ့ရသလောက်နည်းသွားပြီး သစ်တော ...င်များသာ တွေ့ရတော့သည်။

သူတို့ရှေ့မှာသွားနေသော ကုလားအုတ်တစ်စီးနှစ်စီး ...သည်း လှမ်းမြင်ရသည်။ ၎င်းတို့လည်း ကုန်သည်များဖြစ်ဟန် ...ည်း မြောက်ဘက်သို့ ဦးတည်သွားနေကြသည်။

သဲကန္တာရအတွင်းမှာ ခရီးသွားကြသူတို့မှာ တစ်ဦးချင်း ...င်းချင်းသွားပါက ပထန်လူဆိုးများနှင့်တွေ့ပြီး လုယက်တိုက် ...ခြင်းခံကြရသောကြောင့် မသွားဝံ့ကြပေ။ ပထန်လူဆိုးတို့မှာ ...န္တာရလူဆိုး သို့မဟုတ် သဲကန္တာရဓါးပြများပင်ဖြစ်သည်။

ပင်လယ်ဓါးပြများကဲ့သို့ သဲကန္တာရအတွင်းမှာ အုပ်စု ...း ဆိုးသွမ်းတိုက်ခိုက်နေကြသူများဖြစ်သည်။ ၎င်းတို့သည် ...သည်များထံမှ ပါလာသမျှပစ္စည်းများကို ယူကြရုံမျှမကပဲ ...ပါသတ်ဖြတ်ကြသည်။

မိန်းမများနှင့် အချို့လူများကိုတော့ ဖမ်းခေါ်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



လေ သည်။ ထို့ကြောင့် သဲကန္တာရအတွင်းမှာ ခရီးသွားကြ
တစ်ဦးချင်းနှစ်ဦးချင်း မသွားကြပဲ လက်နက်အပြည့်အစုံ
ဆောင်ပြီး လူစုလူဝေးဖြင့် သွားကြခြင်းဖြစ်သည်။

မြို့ပြင်ဘက်မှ လူသူရှင်းသောနေရာများဘက်
လာသောအခါ ကုလားအုတ်များမှာ ပိုမိုသွက်လက်ပြီး လျှ
စွာသွားကြလေသည်။ စီးရတာလည်း ပို၍အဆင်ပြေလေ

ဟယ်လင်ကတော့ ဒေါက်တာမင်းထင်ကျော်ရင်
မှာ လူးကာလိမ့်ကာဖြင့် လိုက်ပါလာသည်။

"မင်း သိပ်ပင်ပန်းနေပြီလား"

"တစ်ခါမှ ကုလားအုတ်မစီးဘူးတော့. . စိတ်
ကြောက်နေတာပဲရှိပါတယ်၊ သိပ်တော့ မပင်ပန်းပါဘူး"

"ရှေ့မှာ ဘယ်လိုအန္တရာယ်မျိုးတွေနဲ့ တွေ့ရမယ်
သေးဘူး. . မကြောက်ဘူးလား"

ဟယ်လင်က ခေါင်းခါပြသည်။

"မကြောက်ပါဘူး၊ ခေါင်းထဲရောက်ပြီး သေရတော့
အဖြစ်မျိုးနဲ့တောင် ကြုံခဲ့ရသေးတာပဲ၊ ဒါ့ထက်ပိုပြီး ဆိုး
ကြောင်း ရှိတော့မယ်မထင်ပါဘူး"

"တကယ်လို့ မဟူရာကျောက်ကိုပြန်ရရင် ဘယ်
မယ်လို့ စိတ်ကူးထားသလဲ"

"ကျွန်မသဘောကတော့ ရတနာတွေလည်း မ
ဘူး အန္တရာယ်များလှပါတယ်၊ တကယ်လို့ မဟူရာကျေ
ပြန်ရရင် သူ့ရဲ့မူလနေရာကို ပြန်ပို့ပေးမယ်လို့တော့ စိတ်





"ကောင်းပါတယ်. . ကောင်းပါတယ်. . အခြေအနေ
လုပ်ကြတာပေါ့၊ ဒါပေမယ့် မဟူရာကျောက် ပြန်ရဖို့က
အတော်ခက်ခဲမယ် ထင်တာပဲ၊ ကပ်စပါနဲ့ ကူမာရစ္စတန်
သွားတို့နှစ်ယောက် ပေါင်းမိသွားရင် ပိုပြီးခက်နိုင်တယ်"

"ကျွန်မတို့က ကိုယ်ကျိုးအတွက် လုပ်နေတာမှမဟုတ်
အကူအညီပေးမယ့်သူတွေနဲ့တော့ တွေ့မှာပါ"

"ဒါ့ထက် မင်းက ဘယ်ဘာသာကိုယုံကြည်သလဲ"

"ကျွန်မက ကပြားတစ်ယောက်ဖြစ်ပေမယ့် ဗုဒ္ဓဘာသာ
စိတ်ဝင်စားပါတယ်"

"မင်းရဲ့ရည်ရွယ်ချက်တွေ ပြည့်ပါစေလို့ ဆုတောင်းပေး
တယ်"

"ဒါကတော့ ရှင်ပါနေတာပဲ အောင်မြင်မယ်လို့ စိတ်ထဲ
ထင်နေမိပါတယ်"

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာပြုံးလိုက်
သည်။

"သိပ်လည်း အထင်မကြီးပါနဲ့ကွာ၊ ရန်သူတွေနဲ့တွေ့
ကံကောင်းလို့လွတ်ခဲ့တာပါ"

"ကျွန်မကတော့ ဒီလိုမထင်ဘူး၊ ရှင် ကျွန်မအသက်
ဗမာပြည်ကတောင် ရောက်လာရတယ်လို့ထင်တာပဲ၊
ရှေ့မှာလည်း ရှင်ဆောင်ရွက်ရင်အောင်မြင်မှာပါ"

ထိုသို့ စကားတပြောပြောနှင့် ခရီးဆက်လာကြရာ



www.burmeseclassic.com

www.burmeseclassic.com



နေရာရောက်သောအခါ သစ်ပင်ရိပ်တစ်ခုအောက်မှ ဆာဒူး တစ်ယောက်ထွက်လာပြီး တားသဖြင့် ကုလားအုတ်များကို ပေးလိုက်ကြသည်။

"ဘာလိုချင်လို့လည်း အဘိုးကြီး"

လီမက်က ကုလားအုတ်ပေါ်မှမဆင်းပဲ လှမ်းမေးလို သည်။ ဆာဒူးကြီးက ဘာမှပြန်မပြောပဲ ဒေါက်တာမင်း ကျော်တို့ကိုလှမ်းကြည့်နေသဖြင့် ကုလားအုတ်ပေါ်မှ ဆင်း ကြလေသည်။

"ဘာလိုချင်လို့ပါလဲ"

"သင်နဲ့ စကားနည်းနည်းပြောချင်လို့ပါ"

"ပြောပါ. . ."

"မဟူရာကျောက်ကို ပြန်ရရင်. . နတ်ဘုရားကျေ ကိုပြန်ပို့ပေးမယ်ဆိုတာ အမှန်ပဲလား"

ထိုစကားကြောင့် နည်းနည်းတော့အံ့ဩသွားသည်

"ဘာကြောင့်မေးတာလဲ"

"ကျွန်ုပ်မေးတာကို ဖြေပေးပါ"

ဒေါက်တာမင်းထင်ကျော်က ဟယ်လင်ကို တစ် ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဒီကျောက်ကို ကျွန်တော်တို့ကိုယ်ကျိုးအတွက် ဘူးလို့ ကတိပေးပါတယ်၊ တကယ်လို့ပြန်ရခဲ့ရင်သူ့ရဲ့ မူလ ကို ပြန်ပို့ပေးပါမယ်. . ."

"ကောင်းလေစွ. . ကောင်းလေစွ. . ဒီလိုမေးရတာ





ကြောင်းရှိပါတယ်၊ ဒီကျောက်က သာမန်မဟုတ်ပါဘူး၊ အထဲမှာ ဝိညာဉ်တွေရှိတယ်၊ အရေးကြုံလာရင် ကျောက်ထဲမှာရှိနေတဲ့ ဝိညာဉ်တွေကို အကူအညီတောင်းရင် သူတို့အကူအညီပေးကြ လိမ့်မယ်"

"ဒီစကားက အမှန်ပဲလား"

"အမှန်ပါပဲ ဒီဝိညာဉ်တွေကလည်း သာမန်ဝိညာဉ်တွေ မဟုတ်ပါဘူး၊ နတ်ဘုရားကျောင်းမှာရှိကြတဲ့ အစောင့်အရှောက် တွေရဲ့ ဝိညာဉ်တွေပဲဖြစ်ပါတယ်"

"သူတို့ကို ဘယ်လိုအကူအညီတောင်းရမလဲ"

"မင်းစိတ်ထဲက တိုင်တည်ပြီး အကူအညီတောင်းရင် သူတို့သိကြပါတယ်၊ သင်တို့ ဘေးအန္တရာယ်ကင်းစေဖို့ ကျွန်ုပ် ဆုတောင်းပေးလိုက်ပါတယ်"

ဟုလက်အုပ်ချီလျက်ဆုတောင်းကာ ထိုနေရာမှ ပြန် ထွက်သွားလေတော့သည်။ ထိုအခါမှ မနီးမဝေးမှာရပ်နေသော လီမက်ရောက်လာပြီး မေးလေသည်။

"ဟိုအဘိုးကြီး ဘာတွေပြောသွားတာလဲဆရာ"

"မဟူရာကျောက်အကြောင်း ပြောသွားတာပါ"

"ဒီမြို့မှာ ဆာဒူးတွေအများကြီးရှိကြတာပဲ၊ သူတို့က ဟုတ်တာတွေရော မဟုတ်တာတွေရောပြောပြီး လူတွေဆီက တစ်ခုခုရဖို့ ကြိုးစားလေ့ရှိကြတယ်၊ ဒါထက် သူကအခုမှတွေ့ တာ မဟူရာကျောက်အကြောင်း ဘယ်လိုသိနေတာလဲ"

ဟုတအံ့တဩမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ထင်သလိုမဟုတ်ဘူး၊ သူတို့မှာ မင်းတို့မသိနိုင်တဲ့ ...ဒ္ဓိတွေရှိတယ်. . ."

ဟုပြောတော့ လီမက်လည်း ဘာမှထပ်မပြောတော့ပေ။ ထို့နောက် သုံးယောက်သား ကုလားအုတ်များပေါ်သို့ပြန်တက်ကြပြီး ထိုနေရာမှထွက်ခဲ့ကြလေသည်။







# အခန်း(၉)

## ကန္တာရထဲမှအားဆေးတစ်ခွက်

ခိုက်ဗ္ဗာတောင်ကြားမှာ ပက်(ရှ)ဝါမြို့နှင့် (၁၀)မိုင်ခန့် ...ကွာ၌ တည်ရှိလေသည်။ ထိုနေရာသည် ကန္တာရခရီးသွားကုန် ...သည်များ ခရီးတစ်ထောက်နားရာနေရာ ဖြစ်သည်ကတစ် ...ကြောင်း၊ အခြားသောအကြောင်းအရာများကြောင့်လည်း နာ ...ကျော်ပြီး လူသိများသောနေရာတစ်နေရာ ဖြစ်သည်။

မာမွတ်၊ ဘာလာ၊ တိုင်မာ၊ အက္ခတာ၊ ဂျဟာန်ဝီ၊ ရှာလို ...န် အစရှိသော မဂိုပုဂ္ဂိုလ်ကြီးများအကြောင်းနှင့်တကွ ...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နေသော အာဖဂန်နှင့်ပထန်တို့ အကြောင်းအရာတို့သည် ခိုက်ဗာတောင်ကြားနှင့် ပတ်သက်ခဲ့ကြလေသည်။

ထို့ပြင် တောင်ကြားအဝင်အဝတွင် 'ဂျမရွတ်ခံတပ်' ရှိသောကြောင့်လည်း လူသိများခြင်းဖြစ်သည်။ ထိုတောင်ကြားသို့ရောက်သောအခါ ကုလားအုတ်များရော ခရီးသွားတို့ပါ နားကြသည်။

အချိန်က အရုဏ်တက်ချိန် ရောက်လာပြီဖြစ်သောကြောင့် အရှေ့ဘက်မှ နေ၏အလင်းရောင်များ တက်လာပြီဖြစ်သည်။ သဲကန္တာရခရီးသွားတို့မှာ တစ်ညလုံး ခရီးသွားကြပြီး နေ့ဘက် နေထွက်လာသောအခါ သင့်တော်သောနေရာများမှာ စခန်းချကြကာ အိပ်စက်အနားယူကြလေသည်။

သဲကန္တာရတစ်ခုလုံးမှာ ခရီးသွားကြသူတို့မှာ ခိုက်ဗာတောင်ကြားသို့ရောက်သည်နှင့် ရှေ့ဆက်မသွားတော့ပဲ နားကြရာ ထိုနေရာတစ်ဝိုက်တွင် ကုလားအုတ်များသာမက လူမျိုးပေါင်းစုံတို့ကိုပါ တွေ့မြင်နိုင်သည်။

ပက်(ရှ)ဝါမြို့မှ ကူမာရစ္စတန်သို့သွားသော ကုန်သည်များရော . . ကူမာရစ္စတန်မှ ပက်(ရှ)ဝါသို့ ပြန်သောခရီးသည်တို့ပါ ဆုံနေသောကြောင့် ထိုမျှလူများနေခြင်းဖြစ်၏။ ထိုနေရာရောက်လျှင် စားရင်းသောက်ရင်း၊ နားရင်းနှင့် သတင်းစုံလည်း ကြားရသည်။

စီးပွားရေးဈေးကွက်များ၊ ကုန်ဈေးနှုန်းများအကြောင်း နိုင်ငံရေးနှင့်ပတ်သက်သည့် သတင်းများကို ကြားသိနိုင်ကြသည်





ခရီးသည်များထဲမှာ မျက်လှည့်သမားများ၊ မြွေအလမ္ပာယ်ပြသူများ၊ ကောဇောကုန်သည်များ၊ အခြား အစားအသောက် ရောင်းချသူများ၊ ဘုန်းကြီးများ၊ ပြည့်တန်ဆာများနှင့် သူတောင်းစားများ ပါမကျန် ပါဝင်လေရာ လူမျိုးစုံသဖြင့် သတင်းစုံကြားသိရသော နေရာလည်းဖြစ်၏၊

အနယ်နယ်အရပ်ရပ်မှ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ရောက်လာနေကြသည့် သူလျှိုများကလည်း ထိုနေရာသို့ ရောယောင်လိုက်ပါလာပြီး သတင်းစုံစမ်းကြသောကြောင့်လည်း များစွာသတိထားကြရသည်။

ခရီးသည်အများစုတို့မှာ တစ်ညလုံး ခရီးပင်ပန်းလာကြသောကြောင့် ထိုနေရာသို့ရောက်သောအခါ အေးမြနေသေးသော သဲပြင်ပေါ်မှာ တစ်ရေးတစ်မော အိပ်စက်ကြသည်။

မနက်လင်းလာပြီး နိုးလာတော့မှ မိမိတို့ဘာသာအလိုက် ဆုတောင်းစာများရွတ်ဖတ်ကြရာ ဆူညံနေတော့သည်။ ထိုအခါ ကျန်လူများလည်း အိပ်မရတော့ပဲ ထကြရသည်။

နံနက်ပိုင်းအချိန်တွင် မိမိတို့မှာပါလာသော အစားအသောက်များကို အဆင်ပြေသလို ပြင်ဆင်ပြီး ဝမ်းပြည့်အောင် စားသောက်ကြရလေသည်၊

နံနက်လင်းသည်နှင့် ခရီးဆက်ရန် ပြင်ဆင်နေကြရာ ဆူညံနေတော့သည်။ မိန်းမသံ၊ ကလေးငိုသံများအထိ ကြားနေကြရသည်။ အာဖရိဒီလူမျိုး၊ ကာဘူဒီလူမျိုးများ၊ အာဖဂန်[illegible] တို့မှာ သားမယားများအပြင် မိသားစုများပါ ပါလာကြောင်း

www.burmeseclassic.com



သိရသည်။

ဒေါက်တာမင်းထင်ကျော်၊ ဟယ်လင်နှင့် လီမက်တို့သုံးယောက်ကတော့ ထွေထွေထူးထူးမလုပ်ကြတော့ပဲ အသားဘူးနှင့် ပေါင်မုန့်ကိုသော်လည်းကောင်း၊ အလွယ်တကူ ဖျော်၍ရသော ကော်ဖီကြမ်းတို့ကိုသာ ဝမ်းပြည့်အောင် စားသောက်ကြသည်။

ထိုမျှဝေးလံသော ခရီးကိုသွားလာရသောကြောင့် ကျန်းမာရေးမကောင်းသေးသော ဟယ်လင်အတွက် စိုးရိမ်နေရာ. . ထင်သလိုမဟုတ်ဘဲ ဟယ်လင်မှာသိသိသာသာကြီး ကျန်းမာရေးပိုကောင်းလာသည်ကို တွေ့ရတော့မှ စိတ်သက်သာရာရလေသည်။

"အရင်က အိမ်ထဲမှာပဲနေခဲ့ရတော့ ကျန်းမာရေး မကောင်းဘူး၊ အခုလို ခရီးသွားလိုက်မှပဲ ကျန်းမာရေးပိုကောင်းလာတယ်၊ ဒါထက် ဘယ်လိုဆက်သွားမှာလဲ လီမက်"

"စားသောက်ပြီးတာနဲ့ ခရီးဆက်ကြရမယ် သခင်မလေး"

"စကားပြောဆင်ခြင်ပါ လီမက်ရဲ့ သခင်မလေး. . သခင်မလေးလို့ မခေါ်ပါနဲ့၊ တခြားလူတွေ ကြားသွားရင် ငါတို့ကို ရိပ်မိကုန်ပါဦးမယ်. . ."

"ဟုတ်. . . ဟုတ်ကဲ့ သခင်မလေး. . . အဲ. . . အဲ မမလေး"

"ဒါထက် ဘယ်လိုခရီးဆက်ရမှာလဲ"





"နေထွက်တာနဲ့ တောင်ကြားလမ်းထဲကနေ ဖြတ်သွားကြရမှာပါ"

"နေမပူဘူးလား"

"တောင်ကြားထဲမှာ နေမပူပါဘူး မမလေး"

ထိုသို့ပြောနေကြစဉ်မှာ သဲကန္တာရအတွင်းမှ ထိုးထွက်လာသောနေရောင်သည် ပတ်ဝန်းကျင်သို့ စူးစူးရဲရဲကျဆင်းလာလေတော့သည်။ စောစောက အေးမြနေသောသဲပြင်မှာ ချက်ချင်းပူလာသည်။ အငွေ့များ ထွက်လာတော့သည်။

နေရောင်ခြည်နှင့် ထိတွေ့လိုက်သောကြောင့် စွတ်စိုနေသော သဲပြင်တစ်ခုလုံးမှာ ငွေရောင်တလက်လက် တောက်ပလာသည်။ နေမြင့်တက်လာသည်နှင့်အမျှ သဲပြင်က ချက်ချင်းပူတက်လာရာ မီးနှင့်ထိလိုက်သော သံပြားလိုဖြစ်လာသည်။ ထိုနေရာများမှ အပူငွေ့များ လာဟပ်သောကြောင့် မျက်လုံးပေါက်သာချန်ထားပြီး မျက်နှာကို အဝတ်ဖြင့်စည်းထားကြရသည်။

နောက်မှာတော့ ကုလားအုတ်တန်းကြီးမှာ တောင်ကြားအရိပ်မှခိုပြီး ရှေ့သို့ခရီးဆက်ကြလေသည်။ ရှေ့ဆုံးရောက်နေသော ကုလားအုတ်၏ခလောက်သံကို နောက်ဆုံးမှ ခတ်သဲ့သဲ့သာကြားရသည်။ အဝေးမှကြည့်လျှင်တော့ ပုရွက်ဆိတ်များအတန်းလိုက်သွားနေသည်နှင့် ပုံသဏ္ဌာန်တူသည်။

မွန်းတည့်ချိန်ရောက်သောအခါ ရွာတစ်ရွာသို့ရောက်သွားပြီး ထိုနေရာမှာ နားကြပြန်သည်။ အသင့်ပါလာသော အစားအသောက်များ စားခြင်း ရေဘူးများရေဖြည့်ခြင်းများ ပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြရသည်။ ကန္တာရခရီးသွားတို့မှာ သင့်လျော်သော နေရာများမှာနားလိုက် ခရီးဆက်လိုက်နှင့် ရှိကြရာ ညဉ့်ဦးပိုင်းအချိန်ရောက်သောအခါ ရွာတစ်ရွာ၏အစွန်ဘက် တောစပ်နားရောက်ပြီး နားကြပြန်သည်။

ထိုနေရာမှာတော့ မီးဖိုများပြုလုပ်ပြီး ပါလာသောအစားအသောက်တို့ကို ချက်ပြုတ်စားသောက်ကြသည်။ ဒေါက်တာမင်းထင်ကျော်တို့လည်း ပါလာသော အစားအသောက်တို့ကို စီမံစားသောက်နေကြစဉ် သူတို့အနီးသို့ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့်လူတစ်ယောက် ရောက်လာပြီး အစားအသောက်တောင်းသည်။ သူတောင်းစားတစ်ယောက် ဖြစ်မည်ဟုထင်သဖြင့် ပေါင်မုန့်အချို့နှင့်ရေတစ်ခွက်ပေးလိုက်ရာ ပလုတ်ပလောင်းစားသောက်နေသည်။

"ဘယ်သွားမှာလဲ"

"ကူမာရစ္စတန်သွားမှာပါသခင်"

"ဒီခရီးလမ်းကို သွားဖူးလား"

"သွားဖူးပါတယ်"

"ဘယ်လောက်ဝေးသေးလဲ"

"တစ်နေ့နဲ့တစ်ညလောက် သွားရင် ရောက်နိုင်ပါတယ်"

"မင်းက ဒီလမ်းသွားဖူးတော့ ရှေ့မှာဘာတွေရှိသလဲ"

"စစ်သားတွေစောင့်တဲ့ ကင်းစခန်းတစ်ခုရှိပါတယ်၊ သူတို့က သူလျှိုတွေကို အဓိကထားပြီးတော့ စစ်တာဆိုတော့ အားလုံးကို တစ်ကိုယ်လုံးချွတ်ပြီး စစ်ဆေးကြပါတယ်"





ထိုစကားကြားသောကြောင့် ဒေါက်တာမင်းထင်ကျော်က ဘာမှထပ်မပြောတော့ပဲ ပေါင်မုန့်တစ်ချပ် ထပ်ပေးလိုက်ရာ ယူပြီးစားပြန်လေသည်။

"မင်းက သူတောင်းစားတစ်ယောက်လား"

"ဟုတ်ပါတယ်"

"မင်းတို့ကိုရော ဒီလိုပဲစစ်သလား"

"စစ်တာပါပဲ သူတောင်းစားတွေဆိုရင်သူတို့က မြို့ထဲကို အဝင်မခံပါဘူး၊ ဒါကြောင့် ကျွန်တော်တို့က သူတို့မသိတဲ့လမ်းက သွားပါတယ်"

ထိုစကားကတော့ ဒေါက်တာမင်းထင်ကျော်အဖွဲ့က ... စားစရာ ဖြစ်တော့သည်။ သူတို့အနေနှင့် ရုပ်ဖျက်ထားသည် ... သော်လည်း အပြင်ဘက်သာရပြီး သေသေချာချာစစ်ဆေးပါ ... အဖြစ်မှန်ပေါ်လောက်သည်။

ထိုအခါ ပိုပြီးရှုပ်ထွေးလာမည်။

'ဆင်ပြောင်ကြီး အမြီးကျွံမှတစ်' ဆိုသောအဖြစ်မျိုး ... တ်ပေလိမ့်မည်။

"မင်း ငါတို့နဲ့လိုက်ခဲ့မလား"

"သခင်တို့က ဘယ်သွားမှာလဲ"

"ငါတို့က ကူမာရစ္စတန်သွားကြမှာ ငါတို့နဲ့လိုက်ခဲ့ရင် ... အသောက်ကျွေးမယ်"

ထိုသို့ပြောသောအခါ ချက်ချင်းခေါင်းညိတ်ပြသည်။

"လိုက်ခဲ့ပါ့မယ်. . ဟိုရောက်ရင်တော့လည်း မြို့ထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းဝင်လို့မရဘူး၊ ကုန်သည်တွေဆိုရင် သူတို့စော်ဘွား တံဆိပ်နှိပ်ထားတဲ့ ခွင့်ပြုချက်လက်မှတ်ပါမှ ဝင်ခွင့်ရတယ် . . . မပါရင် ဝင်လို့မရဘူး၊ ကျွန်တော်တို့ကိုလည်း ဝင်ခွင့်မပေးဘူး ဒီတော့ သူတို့မသိအောင် ဝင်ပါတယ်၊ မြို့ထဲကိုသူတို့မသိအောင် ဝင်လို့ရတဲ့ လျှို့ဝှက်လမ်းတွေ အပေါက်တွေ ကျွန်တော်သိပါတယ် . . ."

"အဆင်ပြေတာပေါ့ကွာ၊ ဒါထက် မင်းနာမည် ဘယ်သူလဲ"

"ကျွန်တော့်နာမည် . . . ချန္ဒရာပါ"

ထို့နောက် . . . ချန္ဒရာဆိုသော သူတောင်းစားကိုခေါ်သွားပြီး လမ်းပြခိုင်းသောကိစ္စကို ဟယ်လင်၊ လီမက်တို့နှင့် တိုင်ပင်ရာ ဟယ်လင်ကတော့ ထွေထွေထူးထူး ဘာမှမပြောပေ၊ လီမက်ကတော့ စဉ်းစဉ်းစားစားပြောသည် . . .။

"ဒီနေရာတွေမှာ ဘယ်သူမှ မယုံကြည်ရဘူးဆရာ"

"ဒါပေမယ့် ပုံမှန်အတိုင်း ကုန်သည်တွေနဲ့ ရောလို့သွားရင် ဟိုရောက်တော့ မိသွားရင်ခက်မယ် . . ၊ ငါတို့မှာ ဘာအထောက်အထားမပါဘူး"

"ကျွန်တော်တစ်ယောက်တည်းသွားတုန်းကတော့ မိပါပဲ၊ အလုပ်သမားတွေ အယောင်ဆောင်ပြီး လိုက်သွားတာပဲ ဒီတစ်ခါ မမလေးပါနေတော့ . . ."

သူလည်းစဉ်းစားနေသည်။

"သူပြောတဲ့ လျှို့ဝှက်လမ်းကို မင်းသွားဖူးလား"





ခေါင်းခါပြသည်။

"တစ်ခါမှ မသွားဖူးဘူး"

"ဒီလိုဖြင့် အားလုံးအဆင်ပြေအောင် သူ့ကိုခေါ်သွားရင် ကောင်းဘူးလား"

"ဆရာသဘောပါပဲ အဆင်ပြေသွားရင်တော့ အားလုံးအတွက် ပိုကောင်းတာပေါ့"

ဟုပြောသဖြင့် ချန္ဒရာကို ခေါ်သွားရန် ဆုံးဖြတ်လိုက်ကြသည်။ ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ ချန္ဒရာနှင့်တိုက်ဆိုက်ဆိုင်ဆိုင် တွေ့ပုံဆန်းသဖြင့် ဆာဒူးကြီးပြောလိုက်သလို ကြုံရသော အစောင့်အရှောက်များ ကျေးဇူးကြောင့်များလားဟု တွေးမိသေးသည်။

"ငါတို့ ဘယ်လိုစီစဉ်ကြမလဲ"

"သူတို့နဲ့ လိုက်လို့မဖြစ်ဘူး၊ ခွဲထွက်သွားပြီး တစ်လမ်းသွားရမယ်ဆရာ"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"သူတို့ မသိအောင်သွားကြရမယ် . . သူတို့အိပ်ပျော်နေတဲ့အချိန်သွားကြရမယ်"

ညဉ့်ဦးပိုင်းအချိန်ရောက်သောအခါ ညနေစာ စားသောက်ပြီးသွားသော ခရီးသွားများအားလုံး အိပ်နေကြလေပြီ။ အားလုံး အပူဒဏ်ခံခဲ့ရသည်ကတစ်ကြောင်း၊ ပင်ပန်းလာခဲ့သည်ကတစ်ကြောင်းကြောင့် ယခုကဲ့သို့ အနားရသောအချိန်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်နေကြလေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဒေါက်တာမင်းထင်ကျော်တို့က ခရီးထွက်ရန် ပြင်နေကြလေသည်။ လီမက်စီးလာသော ကုလားအုတ်ပေါ်မှာပင် ချန္ဒရာကိုတင်ပြီး ခေါ်ခဲ့လေသည်။

ပြောခဲ့သည့်အတိုင်းပင် ချန္ဒရာမှာ ကျွမ်းကျင်သူ ဖြစ်သည်။ ကင်းစခန်းများနှင့် ဝေးသောနေရာများမှ သွားသော်လည်း အခက်အခဲမတွေ့ရပေ။

ည(၁၁)နာရီအချိန်ရောက်သောအခါ သင့်တော်သောနေရာမှာနားပြီး ရေနှင့်အစားအသောက်တို့ကို စားသောက်ကြသည်။

နံနက်(၅)နာရီလောက်မှာ ခရီးပြန်ထွက်ပြီး နံနက်(၁၀)နာရီလောက်ရောက်တော့ အရိပ်ကောင်းသောနေရာတစ်ခုတွင် ဝင်ရောက်နားကြသည်။ ထိုနေရာသည် တောင်ခြေ၌ရှိသော တောစပ်နေရာဖြစ်ပြီး ချောင်းငယ်တစ်ခုလည်းရှိသည်။ ရေချိုး များ ရေဖြည့်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်း၊ ကုလားအုတ်တို့ ရေတိုက်ခြင်းများ ထိုနေရာမှာ ပြုလုပ်ကြရသည်။ ရေနှင့်တွေ့ သောကြောင့် လူရော ကုလားအုတ်နှစ်ကောင်ပါ လန်းဆန်းသွား ကြလေသည်။

ထိုနေရာရောက်တော့ ချန္ဒရာကပြောသည်။

"တောင်ကုန်းရဲ့ ဟိုဘက်နားမှာ ရွာတစ်ရွာရှိတယ်... ကြက်သားနဲ့ကြက်ဥ တော်တော်ပေါတယ်၊ ဆရာတို့စားချင်ရင် ကျွန်တော်သွားဝယ်ပေးမယ်"

"ကောင်းတာပေါ့ကွာ. . . ငါပါလိုက်ခဲ့မယ်"





ထို့နောက် လီမက်ပါလိုက်သွားလေရာ ဒေါက်တာမင်းထင်ကျော်နှင့်ဟယ်လင်တို့သာ ကျန်ခဲ့လေသည်။

"မင်း တော်တော်ပင်ပန်းနေပြီလား"

"နည်းနည်းတော့ ပင်ပန်းတာပေါ့၊ ဒါပေမယ့်ကျွန်မကိုယ်ကျွန်မတောင် အံ့ဩနေတယ်၊ ဒီလိုခရီးသွားရတာ တစ်သက်နဲ့တစ်ကိုယ် ပထမဆုံးပါပဲ"

"မင်းက စိတ်ဓါတ်မာကြောတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ သိသာပါတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ ကျွန်မအပေါ်မှာ နားလည်ပြီး အခုလိုအကူအညီပေးနေတဲ့ရှင့်ကိုတော့ ကျေးဇူးတင်ရမှာပါပဲ. . .၊ ဒါထက် ကိစ္စတွေအောင်မြင်လို့ ပြီးသွားရင် ရှင်ဘယ်လိုဆက်လုပ်မှာလဲ"

"မင်းသွားချင်တဲ့နေရာ ပြန်ပို့ပေးပြီးရင် မြန်မာပြည်ကို ပြန်မှာပေါ့"

သူမထံမှ သက်ပြင်းချသံတစ်ချက် ပေါ်ထွက်လာသည်။

"မင်းရော ဘယ်လိုစီစဉ်မှာလဲ"

"အင်္ဂလန်ဘဏ်မှာအပ်ထားတဲ့ ငွေတွေပြန်ထုတ်ပြီး ...တော့ စီစဉ်ရမှာပေါ့"

"ငွေတွေက နှစ်ယောက်နာမည်နဲ့ အပ်ထားတာမဟုတ် ...တယ်(စ)ပါမရှိတော့ ဘယ်လိုလုပ်မလဲ"

"သူမရှိတော့လည်း ဖြစ်အောင်စီစဉ်ရမှာပေါ့. . ."

"ဒါထက်. . . မနေသုခအိမ်ကြီးကိုရော ပြန်မသွား



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလား"

"မနေချင်တော့ပါဘူး နောက်ပိုင်းတော့ ပြန်ရောင်းဖို့ပဲ စိတ်ကူးမိပါတယ်၊ တစ်ယောက်တည်းသွားနေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

ဟုပြောသည်။

"မင်းက ရည်ရွယ်ချက်ကောင်းတဲ့သူပဲ မှဟူရာကျောက်ကို နတ်ဘုရားကျောင်းပြန်ရောက်အောင် ပို့ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလို အပင်ပန်းခံပြီးလုပ်နေတာကိုက ကောင်းသောလုပ်ရပ်ပဲ၊ ဒီအတွက်တော့ မင်းကိုအကူအညီပေးတဲ့သူတွေနဲ့ တွေ့ရမှာပါ"

"ရှင်ပြောတာဖြစ်နိုင်ပါတယ်. . . အခုတောင်မှ ကြည့်ပါလား ဟိုးအဝေးကြီးမှာနေတဲ့ရှင်တောင် ဒီကိုရောက်လာပြီး ကျွန်မကို အကူအညီပေးနေရတယ် မဟုတ်လား"

"မှန်ပါတယ်. . . မှန်ပါတယ်၊ ဒါထက် ကျွန်တော်ကိုယ်တိုင်က အကူအညီပေးချင်လို့ ပေးနေတယ်ဆိုတာက ပိုပြီး မှန်လိမ့်မယ်. . ."

"ဒီလိုဆိုရင်တော့ ပိုပြီးကျေးဇူးတင်ရမှာပေ့ါ၊ ကျည်လက်စနဲ့ ကိစ္စတွေအားလုံးပြီးတဲ့အချိန်ထိ အကူအညီပေးရင်တော့ သိပ်ကောင်းမှာပဲ"

"ဒါကတော့ မင်းရဲ့အပေါ်မှာ မူတည်ပါတယ်၊ မင်းက အကူအညီပေးစေချင်တယ်ဆိုရင် လိုက်ပြီးအကူအညီပေးရန် ဝန်မလေးပါဘူး"





"ဒီစကားကရော တကယ်ပြောတာလား"

"စိတ်ထဲမှာရှိတဲ့အတိုင်း ပြောတာပါ"

"တကယ်လို့ ကျွန်မအတွက် လိုအပ်တယ်ဆိုရင် ဘယ်လောက်အချိန်အထိ အကူအညီပေးမှာလဲ"

"မင်းကသာ လက်ခံမယ်ဆိုရင် တစ်သက်လုံးနေရလည်း အရေးမကြီးတော့ပါဘူး"

ထိုစကားကြားသောအခါ ဟယ်လင်မျက်နှာပေါ်မှာ အပြုံးတစ်ချက် သမ်းသွားလေသည်။ သူမသည် ကပြားသွေးပါပြီး ခေတ်ပညာတတ်တစ်ယောက် ဖြစ်သောကြောင့် စကားပြောရာတွင် ပွင့်လင်းမှုရှိလေသည်။

"လောကကြီးက အတော်ကလေး ရှုပ်ထွေးပါတယ်၊ ကျွန်မလို အမျိုးသမီးတစ်ယောက်က ငွေထုပ်ပိုက်ပြီး တစ်ယောက်တည်း နေမယ်ဆိုရင်တော့ မနုဿမှုဆိုးတွေလက်ချက်နဲ့ ဘဝပျက်မှာပဲ၊ ဒါ့ကြောင့် ယုံကြည်အားကိုးရတဲ့ လက်တွဲဖော်တစ်ယောက် လိုအပ်ပါတယ်. . . ဥပမာ ရှင့်လိုလူမျိုးပေ့ါ"

ဟုပြောပြီး အပြုံးဖြင့်ကြည့်သည်။

"ကိုယ့်အနေနဲ့ကလည်း မင်းလိုလှပတဲ့ မိန်းမပျိုတစ်ယောက်ရဲ့ လက်တွဲဖော်ဖြစ်ရတာ ငြင်းပယ်စရာအကြောင်း မရှိပါဘူး"

ဟုပြောပြီး သူမကိုယ်လေးကိုပွေ့ဖက်ပြီး နမ်းလိုက်သည်။ ထိုအနမ်းတစ်ချက်ကပင် သဲကန္တာရထဲမှ ရလာသော ပင်ပန်းမှုများကို ချက်ချင်းမေ့ပျောက်သွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ လီမက်နှင့်ချန္ဒရာတို့နှစ်ယောက် ပြန်ရောက်လာသည်။ သူတို့နှင့်အတူ ကြက်သား၊ ကြက်ဥများ ပါလာကြရာ ထိုညစာအဖို့ကတော့ မြိန်ရှက်စွာ စားသောက်ကြရလေသည်။







# အခန်း(၁၀)

## ကျော့ကွင်းနှင့် သီပျက်ရသီများ

ကူမာရစ္စတန်မြို့သည် သဲကန္တာရအတွင်းမှ စခန်းထောက်မြို့တစ်မြို့ ဖြစ်သည်။ စူလတန်စော်ဘွား အုပ်ချုပ်သောနိုင်ငံဖြစ်ပြီး ရွှေငွေကျောက်မျက်ရတနာတို့ ပေါကြွယ်ဝကာ ချမ်းသာသော နိုင်ငံတစ်ခုလည်း ဖြစ်သည်။

သဲကန္တာရအတွင်း ကူးသတန်းသွားလာနေကြသော ကုန်သည်များ စခန်းထောက်ဝင်နားသောမြို့တစ်မြို့ ဖြစ်သည်။ အရောင်းအဝယ်ပြုလုပ်သော နေရာလည်းဖြစ်သည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်သော ကုန်သည်များကို စူလတန်စော်ဘွားတံဆိပ်ခတ်ပါသော မြို့ဝင်ခွင့်လက်မှတ် ထုတ်ပေးထားသည်။ ထိုလက်မှတ်ပါသူများမှ မြို့ထဲသို့ဝင်ခွင့်ရသည်။

ကမ္ဘာနေရာအနှံ့အပြားတွင် ကမ္ဘာ့စစ်ပွဲများဖြစ်နေသောအချိန်လည်းဖြစ်လေရာ တိုင်းပြည်နိုင်ငံအသီးသီးသို့ သူလျှိုများကျက်စားရာ နေရာတစ်ခုလည်း ဖြစ်သည်။

ဂျာမနီ၊ ရုရှား၊ အမေရိကန်၊ အင်္ဂလိပ်၊ ဂျပန်စသော တိုင်းပြည်နိုင်ငံတို့မှ သူလျှိုပေါင်းစုံတို့သည် နည်းအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဝင်ရောက်လာကြသည်။ ထိုနေရာသည် စခန်းထောက်မြို့ဖြစ်သလို အချက်အချာကျသော နေရာလည်း ဖြစ်သောကြောင့် သတင်းစုံရနိုင်သော နေရာလည်းဖြစ်သည်။

ကူမာရစ္စတန်မြို့တွင် ဓါးကောက်နှင့်သေနတ်စသည်တို့ကို လွတ်လွတ်လပ်လပ်ကိုင်ဆောင်ခွင့်ရပြီး လူတစ်ယောက်ကို အလွယ်တကူသတ်ဖြတ်သုတ်သင်ပစ်ရမှာလည်း ဝန်မလေးသောနေရာဖြစ်သည်။

စူလတန်စော်ဘွားသည် ပြဿနာများကို သူကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းပြီး အပြစ်ပေးရမှာလည်း ရက်ရက်စက်စက် အပြစ်ပေးလေ့ရှိသည်။ ခေါင်းဖြတ်၊ ခြေဖြတ်၊ လက်ဖြတ်၊ အနေခွဲခွာ၊ အရှင်လတ်လတ်မြေမြှုပ်၊ မီးရှို့ စသောအပြစ်ပေးခြင်းများအပြင် ကြောက်စရာကောင်းသော အပြစ်ပေးနည်းတစ်မျိုးလည်း ရှိပေသေးသည်။ ထိုအပြစ်ပေးပုံမှာ အရှင်လတ်လတ် ငရဲခန်းထဲထည့်ပြီး အပြစ်ပေးသောနည်းဖြစ်သည်။





ထိုငရဲခန်းအမည်မှာ 'မဟာအဝီစိလောကငရဲခန်း' ပင်ဖြစ်သည်။ ဘာသာတော်တော်များများက ငရဲရှိကြောင်း လက်ခံထားသည်ကို ရှေးအဖွင့်စာမျက်နှာများ၌ ဖော်ပြထားခဲ့ပေပြီ။

၎င်းတို့မှာ . . .

သိဉ္ဇိုဝ်းငရဲ၊ ကာလသုတ်ငရဲ၊ သင်္ဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ မဟာအဝီဇိငရဲ စသည်တို့ဖြစ်သည်။

မဟာအဝီစိငရဲသည် မြေအောက်အနက်ရှိုင်းဆုံး နေရာ၌ရှိပြီး၊ ကြောက်စရာအကောင်းဆုံးနေရာလည်း ဖြစ်၏။

ငရဲသက်တမ်း အရှည်ကြာဆုံးနေရာဖြစ်ပြီး ကံကြီးထိုက်သူတို့ ကျခံရသော ငရဲကြီးလည်းဖြစ်၏။ စူလတန်စော်ဘွား စီမံထားသော မဟာအဝီစိ လောကငရဲခန်းမှာ အပြစ်ကြီးသူတို့ကို အဆုံးစီရင်သောနေရာလည်း ဖြစ်သည်။

ထိုငရဲခန်းအတွင်းသို့ ရောက်သွားပါက အသက်ရှင်လျက် ပြန်ထွက်လာသူ မရှိနိုင်ပေ။ အများအားဖြင့်တော့ ထိုငရဲခန်းသို့ချပြီး အပြစ်ပေးခံရသူတို့မှာ ဘာသာရေးဆန့်ကျင်သူများနှင့် သူလျှိုများပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်တို့လေးယောက် မြို့နှင့်မနီးမဝေးသို့ ရောက်သွားပြီး အခြေအနေကို အကဲခတ်ကြည့်တော့ အခြားစော်ဘွားလက်မှတ်ရှိသော ကုန်သည်အချို့သာ အတွင်းသို့ဝင်ခွင့်ရပြီး မပါသူများက မြို့အပြင်မှာပင် နေခဲ့ကြရသည်။

"မြို့ထဲဝင်ဖို့တော့ သိပ်မလွယ်လှဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်သခင်. . . ဒီအတိုင်း ဘာမှမပါဘဲ ဝင်ဖို့ ကြိုးစားရင်တော့ အဖမ်းခံရမှာပဲ၊ ဖမ်းမိသွားလို့ သူတို့ဘုရင်ရှေ့ ရောက်တာနဲ့ တခြားအပြစ်မရှိရင်လည်း သူလျှိုဆိုပြီးတော့ သတ်ပစ်တာပဲ"

ဟုချန္ဒရာကပြောသည်။

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"တခြားလျှို့ဝှက်တဲ့နေရာက ဝင်ရမယ်၊ အဲ့ဒီနေရာကို ကျွန်တော်သိတယ်၊ ဒါပေမယ့် ဒီအချိန်တော့ ဝင်လို့မရဘူး ညမှောင်တော့မှ ဝင်လို့ရမယ်"

ဟုပြောပြီး မြို့အဝင်ပေါက်ဝနှင့် ဝေးသောနေရာဘက်သို့ ခေါ်လာသဖြင့် လိုက်လာကြသည်။

တစ်နေရာရောက်သော သစ်ပင်များအုပ်ဆိုင်းနေသောတောအုပ်တစ်ခုအတွင်း ရောက်လာပြီး ထိုနေရာမှာအဆောက်အအုံအပျက်တစ်လုံး ရှိနေသည်။

"ဒီအဆောက်အအုံမှာ အရင်ကအစောင့်တွေထား တယ်. . အခု မထားတော့ဘူး၊ ဒီထဲမှာဝင်နေပြီး ညဘက်ရော တော့မှ မြို့ထဲဝင်ကြမယ်"

"ဘယ်လိုဝင်မလဲ"

ထိုအခါ ချန္ဒရာက မြို့ရိုးအတွင်းဘက်မှ ကျော်တက်နေ သောသစ်ပင်ကိုပြသည်။ သစ်ကိုင်းမှာ အတော်ကြီးပြီး မြို့ရိုးအ ပေါ်သို့ ကိုင်းကျနေသည်။

"အဲ့ဒီသစ်ကိုင်းပေါ်ကို ကြိုးတင်ပြီးတော့ ခိုဝင်ရင် ရ





တယ်၊ ကျွန်တော်တို့ဝင်နေကြပဲ"

ဟုပြောသဖြင့် ကုလားအုတ်များကို သင့်တော်သောနေရာမှာထားပြီး သူတို့လေးယောက်ကတော့ အဆောက်အအုံပျက်ထဲသို့ဝင်ကာ နားကြသည်။ ညနေပိုင်းအချိန်ရောက်တော့ ထိုအဆောက်အအုံအတွင်းသို့ လူနှစ်ယောက် ထပ်ရောက်လာသည်။ ချန္ဒရာကတော့ သူ့ကဲ့သို့ သူတောင်းစားများဖြစ်မည်ဟု ပြောသည်။

ဒေါက်တာမင်းထင်ကျော်၊ ဟယ်လင်နှင့် လီမက်တို့ သုံးယောက်က ခရီးပင်ပန်းလာသောကြောင့် အိပ်ကြသော်လည်း သူတို့ခေါ်လာသော ချန္ဒရာကတော့မအိပ်ပဲ နောက်မှရောက်လာသော သူတောင်းစားများနှင့် စကားပြောနေလေသည်။

သူတို့အချင်းချင်းပြောနေသော ဘာသာစကားမှာ ကျွန်သူများ နားမလည်နိုင်သည့် ဘာသာစကားတစ်မျိုးဖြစ်သည်။ ညဉ့်ဦးပိုင်းအချိန် ရောက်သောအခါ ပါလာသော အစားအသောက်တို့ကို စားသောက်ပြီး မြို့ထဲဝင်ရန် ပြင်ဆင်ကြသည်။

သစ်ပင်ပေါ်သို့ ကြိုးပစ်တင်သောအလုပ်ကို ချန္ဒရာနှင့် နောက်မှရောက်လာသော သူတောင်းစားနှစ်ယောက်တို့ကပင် ဦးလုပ်နေကြသဖြင့် မနီးမဝေးမှ ရပ်စောင့်နေကြသည်။ ထိုအခါ လီမက်က ဒေါက်တာမင်းထင်ကျော်အနားကပ်ပြီး တိုးတိုးပြောသည်။

"ဆရာ. . . နောက်မှရောက်လာတဲ့ လူနှစ်ယောက်ကို အားပြီးမသင်္ကာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ"

"လမ်းမှာ ကြက်ဥနဲ့ကြက်သားသွားဝယ်တဲ့ရွာမှာ တွေ့ခဲ့ဖူးသလိုပဲ၊ အဲဒီရွာမှာ ချန္ဒရာနဲ့ ရင်းရင်းနှီးနှီးစကားပြောနေကြတာ တွေ့ခဲ့တယ်၊ သူတို့ချင်းက အရင်ကတည်းက သိနေပုံရတယ်"

"သူတောင်းစားအချင်းချင်းဆိုတော့လည်း သိချင်သိမှာပေါ့ကွာ၊ ဒါပေမယ့် ဒီနေရာရောက်လာပြီဆိုတော့ အစစအရာရာ သတိထားရမယ်၊ အရေးကြုံလာပြီဆိုရင်တော့ လက်မနှေးစေနဲ့လီမက်ရေ"

"စိတ်ချပါဆရာ"

ထိုသို့ပြောနေစဉ် ချန္ဒရာတို့ သူတောင်းစားသုံးယောက် ကြိုးစားမှုကြောင့် ကိုင်းနေသောသစ်ပင်ပေါ်သို့ ကြိုးဆွဲခြင်းကိစ္စ ပြီးသွားချေပြီ . . .။

သူတို့လုပ်ပုံက မခက်ခဲလှပေ။ ကြိုးစတွင် ကျောက်ခဲတစ်လုံးချည်ပြီး သစ်ကိုင်းပေါ်သို့ ကျော်ပြီးပစ်တင်သည်။ တစ်ဖက်မှ ကြိုးစပြန်ကျလာသောအခါ ကွင်းလျောချည်ပြီး တဖြည်းဖြည်းဆွဲတင်လိုက်သောအခါ သစ်ကိုင်းမှာကြိုးချည်ထားပြီးသားဖြစ်သွားသည်။

ကြိုးတင်ပြီးသောအခါ နောက်မှရောက်လာသော သူတောင်းစားနှစ်ယောက်တို့က အလျင်ကျော်ဝင်သွားသည်။ ကြိုးကိုဆွဲပြီး ဒုတ်နံရံကို ခြေဖြင့်ကန်ကာ အပေါ်ရောက်အောင်တက်သွားကြခြင်းဖြစ်သည်။





ပြီးမှ ချန္ဒရာက တက်ရန်ပြင်သည်။

"ကျွန်တော် အရင်တက်သွားပြီး အခြေအနေကြည့်ပေးမယ် အခြေအနေကောင်းတော့မှ သခင်တို့တက်လာခဲ့ကြပါ"

ဟုပြောပြီး အပေါ်သို့တက်သွားသည်။ မြို့ရိုးထိပ်ပေါ်ရောက်သွားတော့ အတန်ကြာအောင် အခြေအနေကြည့်နေတန်ရှိသည်။ အတန်ကြာတော့မှ တက်လာကြရန် အချက်ပြပြီး သူက တစ်ဖက်သို့ဆင်းသွားလေသည်။

လီမက်က အရင်တက်သွားသည်။ သူရောက်သွားပြီးတော့မှ ဟယ်လင်ကို အပေါ်ရောက်အောင်ဆွဲတင်ပေးသည်။ ပြီးမှ ဒေါက်တာမင်းထင်ကျော်က နောက်ဆုံးမှတက်သွားသည်။ သူတို့သုံးယောက် အပေါ်ရောက်သွားတော့ မြို့ရိုးပေါ်မှာ ချန္ဒရာနှင့် အခြားနှစ်ယောက်တို့၏ အရိပ်ကိုမျှ မတွေ့ရတော့ပေ။

"သူတို့မရှိတော့ဘူး"

"အတွင်းကိုဆင်းကြမယ် အောက်ရောက်မှ အခြေအနေကြည့်လုပ်ကြတာပေါ့"

ဟုပြောပြီး မြေပေါ်သို့ဆင်းကြလေသည်။ သူတို့ရောက်သွားသောနေရာမှာ စုလတန်စော်ဘွား၏ ဥယျာဉ်တော်ကြီးပင်ဖြစ်သည်။ သစ်ပင်၊ ပန်းပင်၊ ရေကန်စသည်တို့ဖြင့် သာယာလှပသောနေရာတစ်ခုလည်းဖြစ်သည်။

အချို့နေရာမှာလည်း မီးအိမ်များ ထွန်းထားသဖြင့် အလင်းရောင်များ ရနေလေသည်။ အချို့နေရာများတွင် ဆူးရှိသော နှင်းဆီနှင့် ကစ္စမိ(ကန္တာရနှင်းဆီ) ပန်းပင်တို့ကို အများအပြား



www.burmeseclassic.com

www.burmeseclassic.com



စိုက်ထားသည်။ အချို့နေရာတို့သည် ကျောက်စရစ်ခင်းသော လမ်းများရှိပြီး အချို့နေရာမှာတော့ စိမ်းလန်းသောမြက်ခင်းများ တို့ သူ့နေရာနှင့်သူ လှပအောင်စီမံထားသည်။

"ဒီဥယျာဉ်ကထွက်ရင် နန်းတော်ဝန်းထဲ ရောက်မယ်၊ အဲဒီကမှ မြို့ထဲထွက်ရင် လွယ်တယ်၊ သွားရအောင်"

"ဒါထက်. . . ချန္ဒရာဘယ်ရောက်သွားပြီလဲ"

"သူ့ကိုသိပ်မသက်ာဘူး၊ သူ့ကြည့်ရတာ သူတောင်းစား နဲ့သိပ်မတူဘူး၊ ဘာပဲဖြစ်ဖြစ် သူ့ကျေးဇူးကြောင့်တော့ မြို့ထဲ တောင်မကဘူး စော်ဘွားနန်းတော်ဝန်းထဲတောင် ရောက်လာပြီး သွားကြစို့ဆရာ"

ဟုပြောပြီး သုံးယောက်သားအမှောင်ရိပ်များခိုပြီး ပန်း ခြံထွက်ပေါက်ရှိရာဘက်သို့ လာကြလေသည်။ ထွက်ပေါက်ဝမှာ တော့အစောင့်မတွေ့ရပေ။ ထိုကဲ့သို့ ထွက်ခဲ့ကြစဉ်တစ်နေရာ ရောက်တော့ ထူးခြားသောမြင်ကွင်းတစ်ခုကို လှမ်းမြင်ကြရလေ သည်။

အခြားမဟုတ်ပါချေ. . မနီးမဝေးနေရာဆီမှ ပန်းခြံရှိရာ သို့လာနေကြသော လက်နက်ကိုင်တပ်သားများကို လှမ်းမြင် လိုက်ရသောကြောင့်ဖြစ်သည်။

ထိုစစ်သားများနှင့် အတူပါလာသောစောစောက သူ တောင်းစားအယောင်ဆောင်သော လူနှစ်ယောက်ကိုပါ မြင်ရ သောအခါ အခြေအနေကို သဘောပေါက်သွားလေတော့သည်။

"အခြေအနေမကောင်းဘူး လီမက်၊ မင်း သခင်မလေး





ကို ဘေးလွတ်တဲ့ဆီခေါ်ပြီး ပြေးပေတော့၊ ငါ သူတို့ကို တစ်နေ ရာရောက်အောင် မျှားခေါ်သွားမယ်"

"ဖြစ်ပါ့မလားဆရာ. . . ကော်ကြာ"

"ရတယ်. . . ငါ့အတွက်ဘာမှမပူနဲ့၊ သူ့ကိုသာ ဘေး လွတ်တဲ့ဆီ ခေါ်သွားပေတော့"

ဟုပြောရာ လီမက်နှင့်ဟယ်လင်တို့နှစ်ယောက်မှာ အ မှောင်ရိပ်အတွင်းသို့ ပြေးထွက်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းတို့မြင်သာအောင် လူ လုံးပြပြီး အခြားတစ်ဘက်သို့ပြေးလေသည်။ သေနတ်ကိုင်ထား သောစစ်သားများက နောက်မှပြေးလိုက်သွားကြလေသည်။

တစ်နေရာရောက်သောအခါ ညှပ်ပူးညှပ်ပိတ် အဝိုင်းခံ ရပြီးနောက် ဖမ်းမိသွားလေတော့သည်။ အချို့က ဒေါက်တာမင်း ထင်ကျော်ကို ဖမ်းခေါ်သွားပြီး အချို့က လီမက်တို့နောက်ကို လိုက်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

# ကပ်(စ)ပါနှင့်ပြန်တွေ့ရခြင်း

ထိုကဲ့သို့သောနေရာမျိုးတွင် ကပ္ပတိန်ကပ်စပါနှင့် ပြန်ည်ဆုံတွေ့ရသော အဖြစ်အပျက်မှာ အံ့သြစရာတော့မဟုတ်သ။ သူ့ကိုပြန်တွေ့ရသောနေရာမှာ စူလတန်စော်ဘွား၏ ပင်မန်းမဆောင်ကြီးတစ်နေရာ၌ ဖြစ်သည်။

နန်းမဆောင်ကြီးမှာ အထက်တွင် ဗလီကြီးသဖွယ် ငှက်ဥဖူးသဏ္ဌာန်ရှိ အလုံးကြီးများ၊ အချွန်အတက်တို့ဖြင့် တန်ဆင်ထားလေသည်။ ဝင်ပေါက်တံခါးမှာပင် ပန်းနွယ်ပန်းသော် ကနုတ်ပန်းများ တပ်ဆင်ထားသော တံခါးပေါက်မှ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



တာမင်းထင်ကျော်ကို ခေါ်ဆောင်သွားလေသည်။ ထိုတံခါးမကြီး အပေါ်ဘက်မျက်နှာကြက်တွင် ဘုရားကျောင်းများတွင် တပ်ဆင် အသုံးပြုသော ခြူးနွယ်ပန်းခက်များ တပ်ဆင်ထားလေသည်။

တံခါးမကြီးတစ်ဖက်တစ်ချက်တွင် ကြောက်မက်ဘွယ် ရာပုံပန်းသဏ္ဌာန်ရှိသော ခြင်္သေ့ကြီးများ ပြုလုပ်ထားသည်။ အတွင်း၌မူ ကြီးကျယ်သော ခန်းမဆောင်ကြီး ရှိလေသည်။ အလျားပေ(၁၅၀)၊ အနံ(၇၅)ပေခန့် ကျယ်ဝန်းသောခန်းမကြီး ထဲတွင် ကျောက်ဖြူသားများအပြည့် ခင်းထားသည်။

နံဘေးနံရံများမှာ ကနုတ်ပန်းများ တပ်ဆင်ထားသည်။ အခန်းအလယ်တွင် မီးဆိုင်းကြီးများ ချိတ်ဆွဲထားပြီး မီးများထွန်း ထားသည်။ ဘေးတစ်ဘက်တစ်ချက်မှာလည်း မီးလုံးများထွန်း ထားပြီး ထိုနေရာတစ်လျှောက်မှာတော့ သေနတ်များကို အဆင် သင့်ကိုင်ထားသော စစ်သားများရပ်နေကြသည်။

ဘေးတစ်ဖက်တစ်ချက် ရှေ့ဘက်မှာတော့ ရွှေရောင် ဖောင်းထုပ်များနှင့် အဆောင်အယောင်တပ်ဆင်ထားသော ဝတ် စုံတို့ကို ဝတ်ဆင်ထားသည့်မှူးမတ်များ ရှိနေကြသည်။

ရှေ့ဘက်တည့်တည့် နေရာမှာတော့ စိန်ကျောက် ရတ နာများစီခြယ်ထားသော ဒေါင်းပလ္လင်ရှိသည်။ ပလ္လင်အထက်၌ တပ်ဆင်ထားသော ဒေါင်းရုပ်ကြီးများမှာပင် စိန်၊ ပတ္တမြားနှင့် အခြားကျောက်မျက်ရတနာများ တပ်ဆင်ထားသောကြောင့် မီး ရောင်များဖြင့် တဝင်းဝင်းတလက်လက် တောက်ပနေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် မှတ်တမ်းများအ





တွင်းမှာ မဂိုဘုရင်များ၊ ကန္တာရအတွင်းမှာ ထီးနန်းစံနေကြသော စော်ဘွားများ ချမ်းသာကြွယ်ဝသည်ကို တွေ့ဖူးသည်။

အခုလိုမြင်တွေ့ရသောအခါမှ မှတ်တမ်းများမှာတွေ့ရ သည့်အတိုင်း အမှန်ပင်ဖြစ်ကြောင်း လက်ခံရပေတော့သည်။ ရတနာများနှင့် မွမ်းမံချယ်သထားသော ပလ္လင်ပေါ်မှာ စူလတန် စော်ဘွားက ထိုင်နေသည်။ နောက်ဘက်မှ လူနှစ်ယောက်က ယပ်ခတ်ပေးနေရသည်။ စူလတန်စော်ဘွားမှာ အသက်(၅၀) ကျော် အရွယ်ခန့်ရှိပြီး ဒေါက်တာမင်းထင်ကျော်ကို စူးစူးစိုက်စိုက် ကြည့်နေလေသည်။

၎င်းဦးခေါင်းပေါ်မှာ ဆောင်းထားသော ဖောင်းထုပ် ထိပ်တွင် ကြီးမားသော စိန်ကြီးတစ်ပွင့် တပ်ဆင်ထားရာ ဦး ခေါင်းလှုပ်လိုက်လေတိုင်း မီးရောင်ဖြင့် တဝင်းဝင်းတလက် လက် တောက်ပလျက်ရှိသည်။

ပလ္လင်ရှေ့ ပေ(၂၀)ခန့်အကွာသို့ရောက်သောအခါ အ ဆောင့်စစ်သားလေးယောက်က လှံရှည်ကြီးများဖြင့် ကြက်ခြေ ခတ်ထားပြီး ထိုနေရာမှာ ရပ်တံ့စေသည်။

သူကိုလိုက်ပို့ပေးသော စစ်သားတို့က စူလတန်စော် ဘွားကို အရိုအသေပေးပြီး နောက်သို့ပြန်ဆုတ်သွားကြသည်။

စူလတန်စော်ဘွားမှာ မျက်နှာပေါ်မှာ ရှည်လျားသော နှခေါင်းရှိပြီး မျက်နှာတစ်ဝက်လောက်ကို နှုတ်ခမ်းမွေး၊ မုတ် ဆိတ်မွေးများဖြင့် ဖုံးထားလေသည်။ မျက်လုံးများမှာ ကျဉ်း မြောင်းသော်လည်း သိန်းငှက်မျက်လုံးကဲ့သို့ အရောင်လက်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ရတ်စက်ကြမ်းကြုတ်သော မျက်လုံးမျိုးဖြစ်လေသည်။

“ဘုရင့်ရဲ့နန်းတော်ဝန်းထဲကို ကျူးကျော်ဝင်ရောက်လာသော သူလျှိုတစ်ယောက်ကို ဖမ်းမိလာပါသဖြင့် အရှင့်ရှေ့တော်မှောက်ကို ခေါ်ဆောင်လာခဲ့ပါသည်အရှင်”

မှူးမတ်အဆင့်ရှိသော လူတစ်ယောက်က ဘုရင်ကို လျှောက်ထားပေးသည်။

“အသင်ဘယ်သူလဲ. . . ဘယ်ကလာတာလဲ”

“ကျွန်တော်က သုတေသ ပညာရှင်တစ်ယောက် ဖြစ်ပါတယ်၊ နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ မြန်မာပြည်က လာတာပါ”

စကားပြန်က သူပြောသောစကားကို ၎င်းတို့ဘာသာစကားဖြင့် စော်ဘွားကိုပြန်ပြောပြသည်။

“သင် ဒီကို ဘာအတွက်ရောက်လာတာလဲ”

“လေ့လာရေးအတွက် ရောက်လာတာပါ”

“ကျွန်ုပ်တို့တိုင်းပြည်က အခွင့်မရပဲ ဘယ်သူမှဝင်ခွင့် မပေးဘူး၊ အခွင့်မရှိပဲ ခိုးဝင်လာခြင်းဟာ ဒီတိုင်းပြည်ကစည်းကမ်းကို ချိုးဖောက်ခြင်းဖြစ်တယ်”

“မသိလို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်”

“ဒီတိုင်းပြည်မှာ ဥပဒေချိုးဖောက်တဲ့အပြစ်ဟာ တခြားဘာမှမရှိဘူး သေဒဏ်ပဲရှိတယ်၊ သူ့ကိုခေါ်သွားပါ ညသန်းခေါင်ယံအချိန်ရောက်ရင် ငရဲတွင်းထဲကိုထည့်လိုက်ပါ”

ဟုအမိန့်ပေးလိုက်ရာ စစ်သားများက ဒေါက်တာမင်း





ထင်ကျော်အား တစ်ဖက်တစ်ချက်မှချုပ်ကိုင်ပြီး ဆွဲခေါ်သွားကြလေသည်။

ထို့နောက် အလုံပိတ်ထားသော အခန်းတစ်ခန်းထဲထည့်ကာ တံခါးပိတ်ထားလိုက်လေတော့သည်။

ထိုအခန်းမှာ လေးဘက်လေးတန် အုတ်နံရံများဖြင့် အလုံပိတ်ထားပြီး လေဝင်ပေါက်တစ်ပေါက်သာ ရှိသည်။ထိုအပေါက်မှာလည်း သံတိုင်များစိုက်ထားသည်။

အခန်းထဲမှာတော့ ဘာမှမရှိပေ။ သူက လက်မှနာရီကြည့်လိုက်တော့ ညသန်းခေါင်ယံအချိန် ကျော်လွန်နေလေပြီ။

“ဘာပဲဖြစ်ဖြစ် အသက်ရှင်ခွင့် တစ်ရက်တော့ကျန်နေသေးတယ်. . . တတ်နိုင်သမျှတော့ ကြိုးစားရမှာပဲ”

ဟုတွေးရင်း သူ့တစ်ကိုယ်လုံးရှာကြည့်တော့ ခြေသလုံးတစ်နေရာမှာ ဓါးအိမ်ဖြင့်ထည့်ကာ စည်းထားသော ပေါက်ဓါးတစ်လက် ကျန်နေသေးကြောင်းတွေ့ရသဖြင့် အားရှိသွားသည်။ အခန်းထဲမှာတော့ ဘာမှမရှိပေ. . .။

သို့ကြောင့် ကြမ်းပြင်ပေါ်မှာ လှဲရင်းနားနေလေသည်။ ထိုသို့လှဲနေရင်းမှ မေ့ခနဲ အိပ်ပျော်သွားသည်။ အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ. . တံခါးဖွင့်သံကြားသော့မှ ပြန်နိုးလာသည်။

ကြည့်လိုက်တော့ သေနတ်ကိုင်ထားသော အစောင့်နှစ်ယောက်ဝင်လာပြီး လာခေါ်လေသည်။ အချိန်က စောနေသေးသောကြောင့် ချက်ချင်းတော့ သတ်ဦးမည်မဟုတ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

စစ်သားနှစ်ယောက်က သူ့ကို နန်းတော်ကြီးနှင့်မနီးမဝေးမှာရှိသော အဆောင်တစ်ခုကို ခေါ်ဆောင်သွားသည်။

"အထဲမှာ ခင်ဗျားကိုတွေ့ချင်တဲ့လူရှိတယ်. . အတွင်းကိုဝင်သွားပါ"

ဟုပြောသဖြင့် တံခါးချပ်ကိုတွန်းပြီး ဝင်သွားလေသည်။ အထဲမှာ မီးရောင်အချို့ရှိနေပြီး အခန်းအလယ်မှာ လူတစ်ယောက် ရပ်နေသည်။ ကပ္ပတိန်ကပ်(စ)ပါပင်ဖြစ်သည်။

"အခုလိုပြန်တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာဟိုမှာ ထိုင်ပါ"

ဟုပြောသဖြင့် ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ ကပ်(စ)ပါက သူနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လေသည်။ စားပွဲပေါ်မှာတော့ အရက်နှင့်အစားအသောက်အချို့ တင်ထားသည်။

"ကျုပ်တို့စားသောက်ရင်းနဲ့ စကားပြောကြတာပေါ့။ ကျုပ်ကို ဒီမှာတွေ့ရလို့ အံ့သြနေသလား"

"မအံ့သြပါဘူး၊ ဒီမှာရောက်နေမယ်လို့ အစကတည်းက မျှော်လင့်ထားပြီးသားပါ"

ထိုစကားကြားတော့ တစ်ချက်ရယ်လိုက်လေသည်။

"ခင်ဗျားက ကျုပ်ထင်ထားတာထက် ပိုပြီးတော်တဲ့သူတစ်ယောက်ပါပဲ၊ ဒါကြောင့် ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံရတာပါ။ တကယ်တော့ ခင်ဗျားကိုမှာတာ ကျုပ်အတွက် အကူအညီတစ်





လိုနေလို့မှာခဲ့တာပါ၊ ဒါပေမယ့် ခင်ဗျားက ကျုပ်ရဲ့လျှို့ဝှက်ချက်တွေကို သိသွားခဲ့တော့ အခုလိုဖြစ်ခဲ့တာပေါ့၊ ဒါထက် မေးပါရစေဦး၊ မြေအောက်ခန်းထဲက ဘယ်လိုများလွတ်ခဲ့တာလဲ၊ ဒါထက် သူရော အသက်ရှင်နေသေးလား"

"အသက်မသေသေးပဲနဲ့ အရှင်လတ်လတ်ခင်ဗျား မြေမြှုပ်သတ်ခဲ့တဲ့ ဟယ်လင်ကတော့ သေသွားပါပြီ၊ ကျုပ်ကတော့ ကံကောင်းလို့ ပြန်လွတ်လာခဲ့တယ်ဆိုပါတော့"

"ခင်ဗျား တကယ့်ကိုတော်ပါတယ်၊ အလုံပိတ်ထားတဲ့ မြေအောက်အခန်းထဲက လွတ်အောင်ထွက်နိုင်ခဲ့တာကတော့ အံ့သြစရာပဲ၊ ဒါထက် ခင်ဗျားနဲ့အတူလာတဲ့သူတွေထဲမှာ မိန်းမတစ်ယောက် ပါလာတယ်လို့ သတင်းရတယ်၊ ဘယ်သူလဲ"

"ကျုပ်ကို ကူညီပေးခဲ့တဲ့သူပါပဲ၊ ဒါထက် ကျုပ်ကို အခုခေါ်တွေ့တာ ဘာအတွက်လဲ"

ဟုမေးလိုက်သည်။

"ခင်ဗျားက သေမိန့်ကျထားတဲ့ လူတစ်ယောက်ဆိုတော့ မကြာခင်သေရတော့မှာ မဟုတ်လား၊ ကျုပ်က မိတ်ဆောင်းဆွေဟောင်းတွေဆိုတော့ အကူအညီပေးချင်လို့ပါ"

ဒီတစ်ခါတော့ ဒေါက်တာမင်းထင်ကျော်က သဘောကျစွာရယ်လိုက်သည်။

"ဘယ်လို အကူအညီမျိုးလဲဗျ. . . ပြောပါဦး"

"ဒီလိုပါ ခင်ဗျားကိုမှာတဲ့အကြောင်းက အခုပြောမယ့်အကြောင်းကို အဖြေထုတ်ခိုင်းချင်လို့ မှာတာပါ၊ ခင်ဗျားတာ



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လင်ကိစ္စမှာ ဝင်ပါလို့ အခုလိုဖြစ်ကုန်တာပါ၊ ဒီအတွက် လည်း တောင်းပန်ပါတယ်"

ဟုပြောပြီး ဂျင်းအိတ်ထဲမှာထည့်ထားသော မဟူရာ ကျောက်ကို ထုတ်ပြီး စားပွဲပေါ်သို့တင်လိုက်သည်။

"ဒီကျောက်နဲ့ပတ်သက်တဲ့ အကြောင်းတွေကိုတော့ ခင် ဗျားသိပြီးသားတွေပါပဲ၊ ကျုပ်သိချင်တာက ဒီကျောက်နဲ့ပတ် သက်တဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ပေးဖို့ပါပဲ. . ."

ဟုပြောပြီး မဟူရာကျောက်ကို ဒေါက်တာမင်းထင် ကျော်ရှေ့သို့ တွန်းပေးလိုက်သည်။

ထိုကျောက်နှင့်ပတ်သက်သော လျှို့ဝှက်ချက်များ ဟယ်လင်ပြောပြထားသောကြောင့် သိသင့်သလောက်သိထား ပြီးဖြစ်လေသည်။ ဒေါက်တာမင်းထင်ကျော်က ကျောက်ကိုကြ ရှုံသာကြည့်ပြီး မယူပေ. . .။

"ခင်ဗျားက ဘာတွေသိချင်တာလဲ၊ ဒီကျောက်ထဲ ရော ဘာတွေလျှို့ဝှက်ချက်ရှိနေလို့လဲ"

"ဒီကျောက်ထဲမှာ ရတနာသိုက်တစ်ခုရဲ့ မြေပုံတစ်ခု တယ်၊ အဲဒီလျှို့ဝှက်ချက်ကို ခင်ဗျားဖော်ထုတ်နိုင်မယ်ဆို ကျုပ် ကောင်းကောင်းသိတယ်၊ ဒါကြောင့် တကူးတက မှာခဲ့ ပဲ၊ အဲဒါကို ဖော်ထုတ်ပေးပါ"

ဟုပြောလေသည်။

"တကယ်လို့ မဖော်ပေးနိုင်ရင်ရော ဘာလုပ်မှာလဲ"

"စူလတန်စော်ဘွားက သူ့အတွက် အကျိုးမရှိတော့





ဆိုရင် ခင်ဗျားကိုအသက်ရှင်ခွင့် ပေးမှာမဟုတ်တာ သေချာ တယ်၊ အခုတောင် ကျုပ်ပြောထားလို့ ခင်ဗျားအတွက် ဒီအခွင့် အရေး ရနေတယ်ဆိုတာ သဘောပေါက်ထားပါ"

"သေရတာ အရေးမကြီးပါဘူး၊ ဒါပေမယ့် ခင်ဗျားလို ကောက်ကျစ်ယုတ်မာတဲ့ လူတစ်ယောက်အတွက်တော့ ဘာမှ လုပ်ပေးဖို့ စိတ်ကူးမရှိဘူး"

ဟုပြောလိုက်ရာ ကပ်(စ)ပါမျက်နှာမှာ ရှုံ့တွသွားလေ သည်။

"ခင်ဗျားက နတ်ပြည်ပေါ်တင်ပေးတာတောင် ငရဲတွင်း ထဲ ခုန်ဆင်းချင်တဲ့သူပဲ. . ဒီမှာ ကျုပ်တို့ကြံစည်တာတွေ အောင် မြင်သွားခဲ့ရင် ရလာမယ့်အကျိုးအမြတ်တွေထဲက ခင်ဗျားအ တွက်လည်း ပေးသင့်သလောက် ပေးမှာပါဗျ၊ ဒီလိုရရင် ခင်ဗျား တစ်သက်မပြောနဲ့ ဆယ်သက်ထိုင်စားရင်တောင် မကုန်နိုင်ဘူး၊ တစ်သက်လုံးချမ်းသာတဲ့ဘဝနဲ့ နေမလား၊ ဒါမှမဟုတ် ဒီကနေ့ ည ငရဲတွင်းထဲဆင်းပြီး အသေခံမလား စဉ်းစားပေတော့"

"ဒါက ထွေထွေထူးထူး စဉ်းစားနေရမယ့်အကြောင်းမျိုး မှမဟုတ်တာ၊ ခင်ဗျားဘုရင်က ကျုပ်ကိုသေမိန့်ပေးထားပြီးသား ပဲ၊ အချိန်မရွေးသာ သတ်ပေတော့ ခင်ဗျားလိုလူတစ်ယောက်အ တွက်ဆိုရင် ဘာမှလုပ်မပေးနိုင်ဘူးဆိုတာတော့ သဘောပေါက် ထားပါ"

ဟုလေသံမာမာဖြင့် ပြောလိုက်သောအခါ ကပ်(စ)ပါ သူမျှော်လင့်ထားသလို မဖြစ်လာသောကြောင့် အကြံအိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှိလေသည်။ သူ့ဆီမှာရှိနေသော မဟူရာကျောက်၏အတွင်းမှာ လျှို့ဝှက်ချက်များရှိနေသည်ကို သူသိသည်။

ထိုလျှို့ဝှက်ချက်အဖြေကို ဖော်ထုတ်နိုင်မှ မဂိုဘုရင်လျှို့ဝှက်ထားခဲ့သော ရတနာသိုက်ကို ရှာဖွေတွေ့နိုင်မည်ဖြစ်၏။ ထိုကဲ့သို့သော လျှို့ဝှက်ချက်မျိုးကို ဒေါက်တာမင်းထင်ကျော်လို လူမျိုးသာ ဖော်ထုတ်နိုင်မည်ကိုလည်း သဘောပေါက်သည်။ ထို့ကြောင့်လည်း မြန်မာပြည်မှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က သူနှင့်ခင်မင်ရင်းနှီးခဲ့သော ဒေါက်တာမင်းထင်ကျော်အား တကူးတက မှာယူခဲ့ခြင်းဖြစ်၏။

မနောသုခဂေဟာရောက်တော့မှ ဟယ်လင်နှင့်ပတ်သက်သည့် လျှို့ဝှက်အစီအစဉ်အချို့ကို ဒေါက်တာမင်းထင်ကျော်က ရိပ်မိသွားခဲ့ပြီးနောက်တွင် မျှော်လင့်ထားသလို ဖြစ်မလာတော့ပဲ အစီအစဉ်များ ပျက်ခဲ့ရခြင်းဖြစ်သည်။ ကပ်(စ)ပါနှင့်ဟယ်လင်မှာ အဖေတူအမေကွဲ မောင်နှမတော် စပ်ရုံမက မိဘများချန်ခဲ့သော အမွေပစ္စည်းများကိုလည်း တစ်ယောက်တစ်ဝက် ပိုင်ဆိုင်ခွင့်ရကြလေသည်။

ဟယ်လင်က ယခင်ကတည်းက ကပ်(စ)ပါ၏ အကျင့်စရိုက်တို့ကို သိသဖြင့် ကင်းကင်းနေသည်။ သူမက ကျန်းမာရေးမကောင်းခြင်းကို အကြောင်းပြကာ အခန်းထဲမှာသာနေသည်။ ကပ်(စ)ပါကိုတော့ 'သွေးတင်ဆာရောဂါ စွဲကပ်နေသည်' ဟုပြောထားသည်။

ကပ်(စ)ပါကလည်း အမှန်ထင်ပြီး သူမသေမည့်ရက်ကို





သာ ထိုင်စောင့်နေ၏။ ထိုမှသာ ကျန်ခဲ့သောအမွေအားလုံး သူတစ်ယောက်တည်း ပိုင်ဆိုင်ခွင့်ရမည်ဖြစ်သည်။

သူ၏ဖခင် စစ်တပ်တွင် တာဝန်ထမ်းဆောင်နေစဉ်က တပည့်များက နတ်ဘုရားကျောင်းတစ်ခုမှ ဖြုတ်ယူလာသော မဟူရာကျောက်တစ်လုံး ရထားသည်။ တပည့်သုံးယောက်စလုံး ဘေးအန္တရာယ်တွေ့ပြီး သေသွားသောအခါ ထိုကျောက်က သူ့အဖေလက်ထဲမှာ ကျန်နေခဲ့ရာမှ ကပ်(စ)ပါဆီရောက်သွားခြင်းဖြစ်သည်။

သူ့ဖေမရှိတော့သည့်နောက်ပိုင်း ထိုကျောက်နှင့် ပတ်သက်ပြီး စုံစမ်းကြည့်သောအခါ ထိုကျောက်ထဲမှာ လျှို့ဝှက်ချက်များရှိနေပြီး ထိုလျှို့ဝှက်ချက်တို့ကို ဖော်နိုင်ပါက ရှေးက မဂိုဘုရင်တစ်ပါးမြှုပ်နှံထားခဲ့သော ရတနာသိုက်ကို တွေ့ရမည်ဟု အသိရသောအခါ များစွာစိတ်ဝင်စားမှု ဖြစ်လေသည်။ သို့စေကာမူ ထိုလျှို့ဝှက်ချက်ကို ကပ်(စ)ပါက မဖော်နိုင်ပေ။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်ကို မှာခဲ့ခြင်းဖြစ်၏။ ဒေါက်တာမင်းထင်ကျော် ရောက်လာသောအခါ မမျှော်လင့်သောအဖြစ်အပျက်များဖြစ်ခဲ့ပြီး ယခုအခြေအနေအထိ ရောက်ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က သူ့လျှို့ဝှက်ချက်ကို ရိပ်မိသွားသောအခါ မနောသုခဂေဟာကိုစွန့်ခွာပြီး စူလတန်စော်ဘွားနှင့် လာရောက်ပူးပေါင်းခြင်းဖြစ်သည်။

စူလတန်စော်ဘွားကလည်း လောဘကြီးသူထင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်သောကြောင့် သူနှင့်ပူးပေါင်းဆောင်ရွက်ရန် အလွယ်တကူ သဘောတူခဲ့လေသည်။

ပထမတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဟယ်လင်တို့နှစ်ယောက်စလုံး မြေအောက်ခန်းထဲမှ ဘယ်လိုမှမထွက်နိုင်ဘဲသေလောက်ပြီဟု ထင်သည်။ နောက်တော့မှ မသေဘဲ အပြင်ရောက်နေမှန်း သိသောအခါ လူယုံတော်တပည့်တို့ကို စေလွှတ်ပြီး စောင့်ကြည့်ခိုင်းထားခဲ့သည်။

ထို့ကြောင့်လည်း ဒေါက်တာမင်းထင်ကျော်တို့သွားရာခရီးတစ်လျှောက်လုံးတွင် ချန္ဒရာကဲ့သို့သော သူလျှိုတို့က လာရောက်အယုံသွင်းကာ ပူးပေါင်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ကပ်(စ)ပါမျှော်လင့်ထားသည်က ဒေါက်တာမင်းထင်ကျော်အား ဖမ်းမိပါကသူနှင့်ပူးပေါင်းမည်ဟု ထင်ထားသည်။ ယခုတော့ ဒေါက်တာမင်းထင်ကျော်က သူမျှော်လင့်ထားသကဲ့သို့ လက်မခံသောကြောင့်အခက်တွေ့နေတော့သည်။

"ခင်ဗျားက ကျုပ်ပြောတာမှမယုံပဲကိုး၊ စူလတန်ဘုရင်ရဲ့ အပြစ်ရှိတဲ့သူတွေကို အပြစ်ပေးတဲ့ လောကငရဲတွင်းဟာဘယ်လောက်ကြောက်စရာကောင်းသလဲဆိုရင် ကြိုးပေးသတ်တာကမှ ကံကောင်းရင် အသက်ပြန်ရှင်ခွင့်ရချင်ရမယ်၊ အဲ့ဒီတွင်းထဲရောက်သွားရင်တော့ ဘယ်လိုမှ ပြန်လမ်းမရှိဘူးဆိုတာတော့သိထားပါ"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောတော့ပေ။

"အေးလေ. . ကျုပ်ကခင်ဗျားကို မိတ်ဆွေတစ်ယောက်





အနေနဲ့တော့ တတ်နိုင်သလောက်တော့ အကူအညီပေးတာပဲ လက်မခံတာတော့ ခင်ဗျားသဘောပါပဲ၊ ဒါပေမယ့် တစ်ခုတော့ ပြောလိုက်ပါရစေ. . နောင်တဆိုတာ အချိန်လွန်သွားပြီးမှ ရရင်တော့ ဘာမှအကျိုးမရှိနိုင်ဘူးဆိုတာ သဘောပေါက်ထားပါ"

ဟုပြောပြီး အချက်ပြသောအခါ စစ်သားနှစ်ယောက်ဝင်လာကြကာ ဒေါက်တာမင်းထင်ကျော်အား ပြန်ခေါ်သွားကြလေသည်။ သူတို့ မူလခေါ်လာသော အကျဉ်းတိုက်အတွင်းသို့ပြန်ပို့ကာ တံခါးပိတ်ထားလိုက်သည်။

ထိုအခန်းထဲရောက်တော့ ရေနှင့်အစားအသောက်အချို့ရောက်နေသည်ကို တွေ့ရလေသည်။

"ဘာပဲဖြစ်ဖြစ် မသေခင်ဗိုက်ဝအောင်တော့ စားထားဦးမှဖြစ်မယ်"

ဟုတွေးတောပြီး ရေနှင့်အစားအသောက်တို့ကို ကုန်အောင်စားသောက်လိုက်လေသည်။ ထိုသို့စားသောက်ပြီးသည်နှင့် ထူးထူးခြားခြား မျက်တောင်များလေးကျလာကာ ဦးခေါင်းမထူနိုင်အောင် ဖြစ်လာလေတော့သည်။

အိပ်မပျော်သွားစေရန် နည်းအမျိုးမျိုး ကြိုးစားကြည့်သော်လည်း ဘယ်လိုမှမရတော့ဘဲ ကြမ်းပြင်ပေါ်သို့ ခွေကျသွားပြီး ခဏချင်းမှာပင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

## မရဏာတွင်းနက်ထဲမှ အကျဉ်းသား

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သည် မသိပေ။ သတိပြန်ရလာတော့ ခေါင်းမထူနိုင်အောင် မူးဝေနောက်ကျိလျက် ရှိနေသည်။

ဝေဝါးနေသော မျက်စိထဲမှာလည်း ပုံရိပ်အမျိုးမျိုးတို့ကို မြင်ယောင်နေသည်။

သူ့ကို သေမိန့်ပေးခဲ့သော စူလတန်စော်ဘွား [illegible]

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဟယ်လင်၊ လီမက်နှင့် လမ်းမှာတွေ့ခဲ့သော ဆာဒူးကြီး၏ ပုံရိပ်တို့ကို ဝေဝေဝါးဝါး မြင်နေရသည်။

ထို့ပြင် ဆာဒူးကြီးပြောသွားသော စကားတို့ကိုပါ တစ်ဝက်တစ်ပျက် အမှတ်ရနေသည်။

နားထဲမှာ ပြန်လည်ကြားယောင်နေသည်။

"မဟူရာကျောက်ထဲမှာ ဝိညာဉ်အစောင့်တွေ ရှိတယ်၊ နတ်ဘုရားကျောင်းမှာ စောင့်ရှောက်ပေးနေတဲ့ ဝိညာဉ်တွေပဲ၊ အရေးကြုံလာရင် သူတို့ကို အကူအညီတောင်းရင် ရနိုင်တယ်"

ဒေါက်တာမင်းထင်ကျော်က မျက်လုံးကိုဖွင့်ရန် ကြိုးစားသည်။ တော်တော်နှင့် ဖွင့်မရပေ။

နေရာမှထရန် ကြိုးစားသော်လည်း မရပေ။

"ငါ ဘယ်နေရာ ရောက်နေတာလဲ၊ ဘယ်လိုဖြစ်နေတာလဲ၊ ငါ့ကို အဆိပ်ခတ်သတ်လိုက်လို့များ သေနေပြီလား"

ထို့နောက် မျက်လုံးကို ကြိုးစားဖွင့်ကြည့်လိုက်သည်။

အလင်းရောင်ကဲ့သို့ အစက်အပြောက်များ မြင်ရသည်။ စိတ်ထဲမှ ဖယောင်းတိုင်မီးများ လင်းနေသည်ဟု ထင်သည်။

ထိုအလင်းရောင်များကြားမှာ လှုပ်ရှားသွားလာနေသော အဖြူပုံရိပ်အချို့ကို မြင်ရသည်။

မြင်ကွင်းမှာပင် ပုံပန်းသဏ္ဌာန် အမျိုးမျိုးပြောင်းလဲလျက်ရှိသည်။ တွေ့မြင်နေရသော ပုံရိပ်တို့မှာတော့ အများအားဖြင့် ကြောက်စရာကောင်းသော ဝိညာဉ်ပုံရိပ်များ ဖြစ်လေသည်။

ဘယ်လိုကြောင့် ထိုနေရာတွင် ဝိညာဉ်ပုံရိပ်များ ရောက်





နေသည်ကိုတော့ မသိပေ။

ထိုပုံရိပ်များကြားထဲမှာ သူ့ကို သေမိန့်ပေးနေသော ရှလတန်စော်ဘွား၏ ကြောက်စရာကောင်းသော မျက်နှာကြီးကိုသည်း ပိုးတဝါး တွေ့မြင်နေရသည်။

တဖြည်းဖြည်းနှင့် အသိစိတ်က ဦးနှောက်သို့ ပြန်ဝင်လာသည်။ သူ မသေသေးပေ။

အသက်ရှင်နေဆဲပင် ရှိသေးသည်။

သို့သော် မှုလရောက်နေသော အချုပ်ခန်းထဲမှာ မဟုတ်တော့သည်ကိုတော့ စိတ်ထဲမှ အလိုလိုသိနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေသော အမှောင်ထုကြီးက ဖုံးအုပ်ထားသည်။

သူရောက်နေသောနေရာက ဘယ်နေရာမှန်း မသိရသော်လည်း အရာဝတ္ထုတစ်ခုအပေါ်မှာ ပက်လက်အနေအထားမျိုးဖြင့် ရှိနေသည်။

လက်နှင့် ခြေထောက်တို့ကို တုတ်နှောင်ထားခြင်း မရှိသဖြင့် လွတ်လပ်နေသည်။

လက်ကို တစ်နေရာသို့ ရွှေ့ကြည့်လိုက်သည်။

စွတ်စိုမာကျောနေသော တစ်နေရာသို့ ရောက်သွားသည်။

လက်ချောင်းကလေးများဖြင့် အသာစမ်းကြည့်တော့ ခေရိုနေသော ကျောက်သားတစ်ခုဖြစ်မည်ကိုတော့ ခန့်မှန်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ တဖြည်းဖြည်း မျက်လုံးဖွင့်ကြည့်လိုက်သည်။ ဘာမှ မမြင်ရပေ။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုကြီးသာ ရှိနေသည်။

ထိုအမှောင်ထုကြီးကြောင့် အသက်ရှူမဝသကဲ့သို့ ဖြစ်နေသော်လည်း အသက်ရှူ၍တော့ ရနေသေးသည်။

မွန်းကျပ်နေသော အမှောင်ထုအတွင်းမှ အသက်မှန်မှန်ရှူနိုင်အောင် ကြိုးစားနေရသည်။

အသက်မှန်မှန်ရှူရင်း ပြီးခဲ့သော အကြောင်းအရာ အဖြစ်အပျက်တို့ကို ပြန်စဉ်းစားကြည့်သည်။

အားလုံး သတိရနေသည်။

နောက်ဆုံး အချုပ်ခန်းထဲမှာ အစားအသောက်များ စားသောက်ခဲ့သည်အထိ သတိရနေသည်။

"ငါ အသက်မသေသေးတာတော့ အမှန်ပဲ၊ အခု ဘယ်နေရာ ရောက်နေတာလဲ"

ဟု စဉ်းစားပြီး လက်မှနာရီကို ကြည့်သည်။

ညကြည့်သော အနုမြူလက်တံပါသည့် နာရီက ည(၁၂)နာရီကို ညွှန်ပြနေသည်။

"ငါ့ကို သေမိန့်ပေးထားတာ ည(၁၂)နာရီအချိန်ပဲ၊ ဒီလိုဆိုရင် ငါ အခုရောက်နေတာ ငရဲတွင်းကြီးထဲမှာများ ဖြစ်နေမလား"

ထိုကဲ့သို့ တွေးမိသောအခါ ကျောထဲမှာ စိမ့်တက်သွားသည်။ သေရမည်ကို မကြောက်သော်လည်း မည်သို့မည်ပုံ နှိပ်စက်ပြီးမှ သတ်ဖြတ်မည်ကို မမြင်ရ၊ မသိရသောကြောင့် စိတ်ထဲမှ စိမ့်ခနဲ ဖြစ်သွားခြင်းဖြစ်၏။





အမှောင်ထုက ဖုံးနေသောကြောင့် သေမင်းက မည်သည့်နေရာက မည်သည့်ပုံသဏ္ဌာန်မျိုးဖြင့် ရောက်လာပြီး သတ်ဖြတ်မည်ကို မသိရခြင်းက စိတ်ကို တစ်မျိုးဖြစ်နေစေသည်။

သေဖို့ အမိန့်ကျထားပြီးသား။

သေမည့်နေရာလည်း ရောက်နေပြီ။

သေရမည့်အချိန် မြန်မြန်ရောက်လာပါက စိတ်သက်သာရာ မြန်မြန်ရမည်ဟုလည်း တွေးမိသည်။

ထို့နောက် ပက်လက်အနေအထားမှ ထထိုင်သည်။

ပတ်ဝန်းကျင်ကိုကြည့်တော့ ဘာမှမမြင်ရပေ။

ဖြည်းဖြည်းချင်း နေရာမှထရပ်လိုက်သည်။

အချိန်မည်မျှကြာအောင် ထိုနေရာမှာ ရောက်နေသည် မသိပေ။

မတ်တတ်ရပ်လိုက်တော့ တစ်ကိုယ်လုံး ဒယိမ်းဒယိုင်ဖြစ်နေသည်။

ကတုန်ကယင်ဖြစ်နေသည်ဆိုက ပိုပြီးမှန်သည်။

ညဥ့်ဦးပိုင်းက စားသော အစားအသောက်ထဲမှာ မေ့မြောသွားစေသော ဆေးတစ်မျိုးပါလေရာ ထိုဆေးအရှိန်ကြောင့် သခုကဲ့သို့ အားမရှိတော့သလို ဖြစ်ပေလိမ့်မည်။

မတ်တတ်ရပ်မိတော့ ဘေးကို လက်နှစ်ဘက်နှင့် ခွယမ်းစမ်းကြည့်လိုက်သည်။ ဘာမှ မစမ်းမိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အရှင်လတ်လတ် ဂူသွင်းထားတာများလား မဖြစ်နိုင်ပါဘူး၊ ဂူထဲရောက်နေရင် အသက်ရှူဖို့ လေမရနိုင်ပါဘူး"

ထိုသို့တွေးမိပြီး ဘယ်နေရာရောက်နေသည်ကို သိချင်လာသည်။

မျက်စိကို မှိတ်ထားပြီး လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ပြီး ရှေ့သို့ ခြေတစ်လှမ်း စလှမ်းကြည့်သည်။

ခြေထောက်အောက်မှ အေးမြနေသော ကျောက်သားလိုလို နင်းမိသည်။

ဤသို့ဖြင့် လက်နှစ်ဖက်ကို ဝှေ့ယမ်းရင်း ခြေတစ်လှမ်းပြီးတစ်လှမ်း လှမ်းကြည့်သည်။

ယခုအချိန်အထိတော့ လက်ဖြင့် ဘာမှမစမ်းမိသေး။

ခါတိုင်းထက်တော့ အသက်ရှူရတာ ပိုချောင်လာသည်။

"ငါ့ကို အရှင်လတ်လတ် ဂူသွင်းထားတာ မဟုတ်နိုင်ဘူး၊ လောလောဆယ် အသက်ရှင်ခွင့် ရနေသေးတော့ မျှော်လင့်ချက်တော့ ရှိနေသေးမယ့် ပုံပဲ"

ဟု တွေးမိသောအခါ စိတ်ထဲမှာ အားရှိလာသည်။

သို့သော် ဘာမှမမြင်ရဘဲရှိနေရာ သူ့ဝိညာဉ်ကို သူသင်မည့်သေမင်းက မည်သည့်နေရာက မည်သည့်ပုံစံမျိုးဖြင့် စောင့်ကြည့်နေမည်ကိုတော့ မသိရပေ။

ထိုသို့ စမ်းတဝါးဝါးစောင့်နေရင်းမှပင် စူလတန်ဆော်ဘွား စီမံထားသော ကြောက်စရာကောင်းသော ငရဲတွင်းကြီး





အကြောင်းက အတွေးထဲဝင်လာပြန်သည်။

ထိုငရဲတွင်းကြီး ဘယ်လောက်ကြောက်စရာကောင်းသည်ကိုတော့ ဘယ်သူမှ ပြန်မပြောနိုင်ကြပါချေ။

အဘယ်ကြောင့်ဆိုသော် ထိုငရဲတွင်းကြီးထဲ ရောက်သွားပါက မည်သူမှ အသက်ရှင်လျက်နှင့် ပြန်တက်မလာနိုင်ကြသောကြောင့် ဖြစ်သည်။ တစ်ယောက်တည်း အတွေးကောင်းကောင်းဖြင့် လျှောက်နေရင်း အလင်းရောင် တစ်စွန်းတစ်စ မြင်ရလို မြင်ရငြား မျက်လုံးပြန်ဖွင့်ကြည့်သည်။

ဘာမှ မထူးခြားပေ။

စောစောကအတိုင်း အမှောင်ထုအတွင်းမှာပင် ရှိနေပြီး အလင်းရောင်ဟူ၍ တစ်စွန်းတစ်စကိုမှ မမြင်ရပေ။

တဖြည်းဖြည်းလျှောက်နေရင်း နောက်ဆုံးတော့ ရှေ့မှာရှိနေသော တစ်စုံတစ်ခုကို လက်ဖြင့်စမ်းမိသွားသည်။

အမှောင်ထုထဲမှာလည်းဖြစ်ပြန် အေးစိမ့်နေသော အတွေ့အထိကြောင့် တုံလှုပ်သွားသည်။

လက်အေးကြီးဖြင့် အသည်းနှလုံးကို ဖမ်းညှစ်လိုက်သကဲ့သို့ ခံစားလိုက်ရသည်။

ဖမ်းမိသောအရာမှာ သူ့အသက်ကို သတ်ဖြတ်မည့်သေမင်းများ ဖြစ်လေသည်လား။

ယခုမှတော့ ကြောက်နေလျှင်လည်း ပြေးမလွတ်သာတော့၊ မြန်မြန်သေသွားလျှင်ပင် ဝဋ်ကျွတ်သည်ဟု သဘောပိုက်ကာ နောက်တစ်ကြိမ် ထပ်စမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ရှေ့မှစမ်းမိသောနေရာမှာ ရေတို့ဖြင့်စိုစွတ်နေသည့် ကျောက်သားနံရံတစ်ခုဖြစ်ကြောင်း သတိပြုမိတော့သည်။ လိုဏ်ဂူသို့မဟုတ် တွင်းနက်ကြီးတစ်ခုထဲ ရောက်နေမှန်းလည်း သိလာရသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်ကိုတည်ငြိမ်အောင်ထားပြီး နောက်တစ်ကြိမ်ထပ်စမ်းကြည့်သည်။

မျက်နှာပြင်မှာ ပြောင်ချောနေပြီး ရေနှင့် ရေညှိများကပ်နေသော နံရံကြီးတစ်ခု ဖြစ်သည်ကတော့ သေချာသွားပေသည်။

ထိုကျောက်နံရံကြီး ဘယ်လောက်မြင့်ပြီး ဘယ်ပုံဘယ်နည်းရှိမည်ကိုတော့ မခန့်မှန်းနိုင်ပေ။

စမ်းမိထားသော ထိုနံရံကိုပင် လက်ဖြင့်စမ်းက ရှေ့သို့တဖြည်းဖြည်း တိုးလျှောက်ကြည့်သည်။

ဆုံးသည်မရှိတော့ဘဲ ပတ်ချာလည်နေသကဲ့သို့ စိတ်ထဲမှ သိလိုက်သည်။

ပထမဦးစွာ သတိပြုမိသောအချက်မှာ စက်ဝိုင်းသဏ္ဌာန်ရှိသော ကျောက်နံရံတွင်းနက်ကြီးတစ်ခုသို့ ရောက်နေခြင်းပင်ဖြစ်သည်။

ပိုပြီးသေချာအောင် အမှတ်အသားပြုလုပ်ထားရန် စိတ်ကူးမိသောကြောင့် ခြေထောက်၌ကပ်ချည်ထားသော အိတ်ထဲမှဓားကို ထုတ်ယူလိုက်သည်။

သူ့အတွက် တစ်ခုတည်းသော လက်နက်ပင်ဖြစ်၏။

ထိုဓားဖြင့် ကျောက်နံရံမှာ အမှတ်အသားပြုလုပ်ထား





ပြီး နောက်တစ်ကြိမ် ထပ်လျှောက်ကြည့်ပြန်လေသည်။

အတန်ကြာတော့ သူ အမှတ်အသားပြုထားခဲ့သောနေရာသို့ပင် ပြန်ရောက်လာသည်။

ထိုသို့လျှောက်နေရင်းမှာပင် မောပန်းလာသောကြောင့် တြမ်းပြင်ပေါ်သို့ လှဲချလိုက်ရာ ခဏချင်းပင် အိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိရပေ။ ပြန်နိုးလာတော့ တစ်ကိုယ်လုံး အေးစက်နေပြီ။

အပေါ်အဝတ်အစားများ မရှိတော့ပဲ ဘောင်းဘီတိုသာကျန်တော့သည်။ လက်ထဲကဓားလည်း မရှိတော့ပေ။

ဓားကို ပြန်တွေ့လိုတွေ့ငြား လက်ဖြင့် လိုက်စမ်းကြည့်တော့ မတွေ့ရတော့ပေ။

မနီးမဝေးမှာ လာချထားသော ပေါင်မုန့်တစ်လုံးနှင့် ရေတစ်ခွက်ကို စမ်းမိသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲယူ၍ စားသောက်လိုက်သည်။

ထိုသို့စားသောက်နေရင်းမှပင် ထိုတွင်းထဲသို့ရောက်အောင် အပြင်ဘက်မှ လူဝင်နိုင်ထွက်နိုင်သည့် အပေါက်တစ်ပေါက်ရှိနိုင်သည်ဟု စိတ်ထဲမှ ခန့်မှန်းမိသည်။

ရေနှင့် အစားအသောက်အချို့ကို စားသောက်ခဲ့ရသောကြောင့် အခန်းအခြေအနေကိုသိရန် နောက်တစ်ကြိမ်ထပ်မံစမ်းသပ်ပြန်သည်။

အမှတ်အသား ပြုလုပ်ထားသောနေရာ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သည်အထိ ခြေလှမ်းတစ်ရာခန့် လျှောက်ရပေရာ အနည်းဆုံး ကိုက်ငါးဆယ်ခန့် ကျယ်ဝန်းသော အခန်းတစ်ခန်းဖြစ်မည်ကို ဦးစွာသိရတော့သည်။

သို့သော်လည်း သူထင်သလို စက်ဝန်းသဏ္ဍာန်မျိုးတော့ မဟုတ်ပေ။ ထောင့်ချိုးများ၊ ချိုင့်ဝှမ်းများ၊ အချိုးအကွေ့အချို့ ရှိနေသောကြောင့် သဘာဝမြေအောက်ဂူ သို့မဟုတ် တွင်းနက်ကြီးတစ်တွင်း ဖြစ်နိုင်သည်တော့ ခန့်မှန်းမိသည်။

ဂူနံရံများကို နေရာအတော်များများ စမ်းသပ်ကြည့်သောအခါ ‌. မည်သို့မှ ထွက်ပေါက်မရနိုင်မှန်း သိသောအခါ နံရံမရှိသော အလယ်နေရာဘက်သို့ စမ်းလျှောက်ကြည့်ရန် စိတ်ကူးပေါ်လာသည်။

သို့ကြောင့် လက်ဖြင့် ထိထားသောနေရာမှ အလယ် နေရာဘက်သို့ မှန်းဆပြီး လျှောက်သည်။

လက်ကိုင်စရာ မရှိတော့သောကြောင့် သတိထားပြီး လျှောက်ရသည်။

ကြမ်းပြင်မှာ ခြေကုပ်မရှိပဲ ရေညှိများဖြင့် ပြောင်ချော နေလေသည်။

တစ်နေရာသို့ ရောက်သောအခါ ခြေချော်ပြီးနောက် မှောက်လျက်သား လဲကျသွားလေသည်။ ထိုအခြေအနေကပင် ကံကောင်းသည်ဟု ဆိုရပေတော့မည်။

ခန္ဓာကိုယ် တစ်ဝက်က ကျောက်သားပေါ်မှာ တင်နေပြီး ဦးခေါင်းပိုင်းနှင့် ကျန်တစ်ဝက်က ဘာနှင့်မျှမထိပဲ ရှိနေသည်





အောက်ဘက်မှ လှိုက်တက်လာသော လေနှင့်အတူ ပုပ်အဲ့အဲ့ အနံ့များကို ရလာသည်။

လူတစ်ကိုယ်လုံး မလှုပ်ဝံ့ပဲ ရှေ့သို့လက်ထုတ်ပြီး စမ်းကြည့်သောအခါ လေဟာနယ်ကြီးသာ စမ်းမိပြီး ဘာမှမရှိတော့ပေ။

သူ လဲပြိုနေသောနေရာရှေ့မှာ တွင်းနက်ကြီးရှိနေသည်။ ဘယ်လောက်နက်သည်ကို မသိရပေ။

အကယ်၍သာ အရှိန်လွန်ပြီး ကျသွားပါက အသက်ရှင်စရာ မျှော်လင့်ချက်ရှိတော့မည် မထင်ပေ။

ထို့ကြောင့် ခန္ဓာကိုယ်ကိုထိန်းရင်း နောက်သို့ ခပ်ဖြည်းဖြည်း ပြန်ဆုတ်သည်။

ခြေထောက်ကုတ်၍ အားယူစရာ မရှိသောကြောင့် ပြောင်ချောနေသော ကျောက်သားပြင်ပေါ်မှာ မြွေတစ်ကောင်ကဲ့သို့ လူးလွန့်ပြီး ဖြည်းဖြည်းချင်း ပြန်ဆုတ်ရခြင်း ဖြစ်၏။

လူတစ်ကိုယ်လုံး တွင်းပေါ်ပြန်ရောက်တော့မှ ပက်လက်လှန်ရင်း အသက်ဝအောင် ရှူရလေသည်။

အကယ်၍သာ မစူးစမ်းမဆင်ခြင်ပဲ လျှောက်မိပါက တွင်းနက်ကြီးထဲ ပြုတ်ကျကာ မပြန်လမ်းရောက်စေဟန် စီမံထားခြင်း ဖြစ်ဟန်ရှိသည်။

ထိုကဲ့သို့ အမှောင်တွင်းထဲသို့ ချထားပေးရာ ကြောက် ကြောက်လန့်လန့်ဖြင့် တွင်းထဲပြုတ်ကျပြီးသေသူ ဘယ်နှယောက် ရှိနေမည် မသိရသော်လည်း တွင်းထဲမှ လှိုက်တက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အပုပ်နံ့များက အတော်များသည်။

ဒေါက်တာမင်းထင်ကျော်က အနည်းငယ် အမောပြေသွားသောအခါ နံဘေးသို့ လက်ဖြင့်စမ်းကြရာ ကျောက်ခဲတစ်လုံးတွေ့သဖြင့် တွင်းထဲသို့ ပစ်ချကြည့်သည်။

အတန်ကြာသည်အထိ လိုဏ်ခေါင်းသံများ ကြားရပြီးမှ ရေထဲကျသွားသောအသံကို ခပ်သဲ့သဲ့ ကြားရသည်။

ထိုအသံက တိတ်ဆိတ်နေသော တွင်းနက်ကြီးထဲမှာ အတော်ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

ထိုအသံ ပေါ်ထွက်လာပြီးနောက်တွင် ဂူကြီး၏ တစ်နေရာမှ တံခါးဖွင့်သံလိုလို ကြားလိုက်ရသည်။

စူးရှသော အလင်းရောင်နှင့်အတူ အထဲသို့ ငုံ့ကြည့်သော မျက်နှာအချို့ကို ဝိုးတဝါး တွေ့လိုက်ရသည်။

သူ ရှိနေသေးသည်ကို မြင်ရသောအခါ တံခါးပေါက်ကို ချက်ချင်းပြန်ပိတ်သွားလေသည်။

ဂူအတွင်းမှ တစ်စုံတစ်ခု ပြုတ်ကျသွားသံ ကြားလိုက်ရသဖြင့် သူသေလောက်ပြီအထင်ဖြင့် ဖွင့်ကြည့်ပြီး မသေသေးမှန်းသိသောအခါ ပြန်ပိတ်သွားခြင်း ဖြစ်သည်။

ဒီတော့မှ အခြေအနေကို ကောင်းစွာ သဘောပေါက်သွားလေတော့သည်။

သူ့ကို မည်သို့မည်ပုံ သေဒဏ်ချထားသည်ကိုလည်း တွေ့မြင်ရသည်။

အမှောင်ထဲမှာ စမ်းတဝါးဝါးလျှောက်သွားရင်း တွင်း





နက်ကြီးထဲပြုတ်ကျပြီး သေစေရန် စီမံထားခြင်း ဖြစ်သည်။

ယခုအချိန်အထိတော့ သေကံမရောက်သေးပေ။

ကံတရားက သူ့ကို မျက်နှာသာ ပေးထားဆဲပင် ရှိသေးသည်။ အကယ်၍သာ ခလုတ်တိုက်ပြီးမလဲပါက တွင်းနက်ကြီးထဲသို့ ပြုတ်ကျမည်မှာ သေချာလှသည်။

ထိုအကြောင်းကို တွေးလိုက်သောအခါ မှားစွာ ကြက်သီးမွေးညှင်းထဖွယ်ရာ ဖြစ်သဖြင့် ထိုတွင်းနှင့် ဝေးသောနေရာဘက်သို့ ရွေ့ကာ နံရံဘက်သို့ရောက်အောင် ပြန်လာလေသည်။

နံရံသို့ရောက်သောအခါ ကျောမှီထိုင်ချလိုက်ပြီး အတန်ကြာအောင် အမောဖြေနေရသည်။

သူရောက်နေသော ဂူကြီး သို့မဟုတ် တွင်းထဲမှာ ထိုကဲ့သို့သော တွင်းနက်ကြီးမျိုး ဘယ်နှတွင်း ရှိနေသည်ကိုလည်း မမြင်ရပေ။

စမ်းတဝါးဝါးဖြင့် လျှောက်သွားနေပါက တစ်ကြိမ်မဟုတ်တစ်ကြိမ် ခြေချော်ပြီး တွင်းနက်ထဲသို့ကျမှာ သေချာလှသည်။

'လူတစ်ယောက်ကို သတ်မယ့်အရေးများ ဒီလိုကောက်ကျစ်တဲ့အစီအစဉ်မျိုးတွေ ပြုလုပ်ထားကြတယ်'

ဟုလည်း စိတ်ထဲမှာ မကျေမနပ်ဖြင့် တွေးနေမိသည်။

ထိုအစီအစဉ်မှာ သေဒဏ်ပေးခံရသော လူတစ်ယောက်အဖို့ မသေခင် အချိန်အတောအတွင်းမှာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများဖြင့် ကြုံတွေ့ကာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီးမှ သေစေရန် စီမံထားခြင်းမျိုး ဖြစ်သည်။

ယခုလောလောဆယ်တော့ သူ့အနေဖြင့် ကံကောင်းထောက်မစွာဖြင့် အသက်ရှင်ခွင့် ရနေသေးသည်။

အကယ်၍ ထိုဒုက္ခများကို သည်းမခံနိုင်တော့ပါက တွင်းနက်ကြီးထဲသို့ ခုန်ချသေရုံမှတပါး အခြားရွေးစရာမရှိအောင်လည်း စီမံထားသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မည်သို့သော ဘေးအန္တရာယ်တို့နှင့် ကြုံတွေ့ရစေကာမူ လွယ်လွယ်နှင့် လက်လျှော့ပေးတတ်သူမျိုး မဟုတ်ပေ။

နောက်ဆုံးအချိန်အထိ သေရမည့် ဘေးအန္တရာယ်ကို ရင်ဆိုင်သွားမည်ဟုလည်း စိတ်ထဲမှ ဆုံးဖြတ်ထားသည်။

နံရံဘေးသို့ ပြန်ရောက်သွားသောအခါ ကျောမှီလျက်ထိုင်ချလိုက်လေရာ လူပင်ပန်း စိတ်ပင်ပန်းနေမှုကြောင့် အိပ်ပျော်သွားပြန်လေသည်။





# အခန်း(၁၃)

# အကျဉ်းသားဘဝမှ နောက်ဆုံးအခြေအနေ

နောက်တစ်ခါ အိပ်ပျော်နေရာမှ ပြန်နိုးလာသောအခါ အနံ့တစ်ခုကိုရသောကြောင့် လက်ဖြင့်စမ်းကြည့်ရာ မည်သည့်အချိန်က ရောက်နေမှန်းမသိရသော ပေါင်မုန့်တစ်လုံးနှင့် ရေတစ်ခွက်ကို တွေ့ရပြန်သည်။

ယခုလိုအချိန်မျိုးမှာ ထိုအစားအသောက်များထဲမှာ အဆိပ်ပါစေဦးတော့ ကျေးဇူးတင်စွာဖြင့် စားသောက်မည်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမျိုး ဖြစ်သည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ပေါင်မုန့်နှင့် ရေခွက်ကိုယူကာ စားသောက်ပစ်လိုက်သည်။

"ငါ့ကို သူတို့ သေစေချင်သလို မသေမချင်းတော့ အခုလိုပဲ ဒီတွင်းထဲမှာထားပြီး မသေရုံ ကျွေးမွေးထားဦးမလား မသိဘူး"

ဟုလည်းတွေးမိသည်။

စားသောက်ပြီးသောအခါ တစ်ခုခုကို သတိပြုမိလိုက်သည် အစားအသောက်ထဲမှာ အဆိပ်တော့မပါပေ။ သို့သော်လည်း မူးယစ်စေသောဆေးတစ်မျိုး ပါလာဟန်ရှိသည်။ စားသောက်ပြီးသည်နှင့် ရင်ထဲမှာတလှပ်လှပ် ဖြစ်လာသည်။ ဦးခေါင်းတစ်ခုလုံး မူးနောက်လာသည်။ ထိုသို့ဖြစ်နေစဉ်မှာ အမှောင်ထဲမှာသွားလာနေသော ပုံရိပ်တို့ကိုမြင်လာရသည်။ အခြားတော့မဟုတ်ပေ။

မကောင်းဆိုးဝါးတို့၏ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်တို့ကို တွေ့မြင်ရခြင်းဖြစ်သည်။ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်တို့က အနီးသို့ရောက်လာပြီး ခြောက်လှန့်ကြသည်။

အချို့မကောင်းဆိုးဝါးတို့မှာ မျက်နှာအနီးသို့ တိုးကပ်လာပြီး နည်းအမျိုးမျိုးဖြင့် ခြောက်လှန့်ကြလေသည်။ ထိုကဲ့သို့ ခြောက်လှန့်ပုံမျိုးမှာ. . . ကဝေသည်းခြေ(အချို့ကလည်း တစ္ဆေလက်သည်းဟု ခေါ်သည်) ဂမုန်းဥကို အမှုန့်ပြုလုပ်ပြီး မီးပေါ်သို့





ထည့်ပါက အခိုးအငွေ့များ ထွက်လာသည်။ ထိုအခိုးအငွေ့များကို ·ထိမိရှူမိသူမှာ ယခုကဲ့သို့ မကောင်းဆိုးဝါးများကို မျက်ဝါးထင်ထင်တွေ့ရပြီး. . နောက်ဆုံး နှလုံးသွေးရပ်ကာ သေရသော ခြောက်လှန့်ပုံမျိုးနှင့် တူလှပေသည်။

စိတ်ထဲမှာတော့. . . .

"အင်းတစ်နည်းနဲ့မသေတော့၊ နောက်ထပ်တစ်နည်းနဲ့ သေအောင် ကြံစည်ပြန်ပြီ. . . ဒီတစ်ခါမသေရင် ဘယ်လိုနည်းမျိုးတွေနဲ့ ထပ်လာဦးမလဲမသိဘူး"

ဟုတွေးမိသည်။

ပုံသဏ္ဍာန်အမျိုးမျိုးဖြစ်နေသော မကောင်းဆိုးဝါးများက အမှောင်ရိပ်ထဲမှာ လူးလွန့်သွားလာနေရင်း ခြောက်လှန့်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်လည်း ဂရုမစိုက်နိုင်ပဲ မိမိကိုယ်ကို မနည်းထိမ်းနေရသည်။

နောက်တော့ဘယ်လိုမှ မတတ်နိုင်တော့ပဲ နေရာမှာပင် ခွေလဲကျသွားလေသည်။

အမှန်တော့ သတိမေ့သွားခြင်းဖြစ်သည်။ နောက်တစ်ကြိမ် ပြန်နိုးလာသောအခါမှာတော့ အလင်းရောင်ကိုမြင်ရသည်။

မည်သည့်နေရာမှဝင်နေသော အလင်းရောင်မှန်း မသိသော်လည်း ထိုအလင်းရောင်ကြောင့် သူရောက်နေသောနေရာ အခြေအနေကိုတော့ တွေ့မြင်ရသည်။

"အင်း ဒီတစ်ခါလည်း သူတို့နည်းက ဟန်မကျပြန်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ နောက်ထပ်ဘယ်လိုနည်းမျိုးတွေသုံးပြီး နှိပ်စက်ဦးမလဲ မသိဘူး၊ လာချင်တာသာ လာပေတော့ ငါကသေလူဖြစ်နေပြီ ဆိုတော့ ကျန်တာတွေက ငါ့အတွက်အရေးမကြီးတော့ပါဘူး”

ဟုတွေးပြီး အခြေအနေကိုကြည့်သည်။

သူရောက်နေသောနေရာမှာ ဂူတစ်ဂူတော့မဟုတ်ပေ။ (၂၅)ပေ ပတ်လည်ခန့် ကျယ်ဝန်းသောနေရာတစ်နေရာသာ ဖြစ်လေသည်။

အေးစက်နေသော နံရံများမှာလည်း ကျောက်တုံးကျောက်သားများမဟုတ်ပဲ နံရံမှာကပ်ထားသောအရာမှာ ထုထည်ကြီးသော သံပြားချပ်ကြီးများဖြစ်သည်။

တစ်ချပ်နှင့်တစ်ချပ် စို့ဖြင့်ရိုက်ကာ ဆက်စပ်ထားခြင်းဖြစ်သည်။ တကယ်တော့ သူရောက်နေသောနေရာမှာ သံပြားချပ်ကြီးများဖြင့် လှောင်အိမ်သဖွယ်ပြုလုပ်ထားသော တွင်းနက်ကြီးတစ်တွင်းသာ ဖြစ်သည်။

အလင်းရောင်ရသောအခါမှ နံရံပေါ်မှာ ရေးခြယ်ထားသော သရဲသဘက်ပုံများ၊ ချိတ်ဆွဲထားသောလူအရိုးစုများ၊ ဦးခေါင်းခွံများ စသည်တို့ကို တွေ့မြင်ရသည်။

အချို့အရုပ်များမှာဆေးများဖြင့် ရေးခြယ်ထားရာ စိုစွတ်မှုကြောင့် ဆေးပျက်နေသော အရုပ်များလည်းရှိသည်။ ကြမ်းပြင်မှာတော့ ကျောက်ပြားချပ်များခင်းထားပြီး ရေညှိတို့ဖြင့် ပြောင်ချောနေသည်။

အလယ်နေရာလောက်မှာတော့ တွင်းနက်ကြီးတစ်





တွင်းလည်း ရှိသေးသည် ယခုတော့ သူ့အနေဖြင့် ထိုတွင်းနက်ကြီးထဲသို့ ခြေချော်ကျမှာ မစိုးရိမ်ရတော့ပေ. . .။

တစ်ချက်ကတော့ အလင်းရောင်ရနေသောကြောင့်ဖြစ်ပြီး ကျန်တစ်ချက်ကတော့ သူ့အခြေအနေမှာ နေရာမှ လုံးဝထမရတော့ပေ။ ကွပ်မျစ်တစ်လုံးပေါ်မှာ ပက်လက်အနေအထားမျိုးဖြင့် တစ်ကိုယ်လုံး ကြိုးဖြင့်တုပ်ထားသောကြောင့် ဖြစ်သည်။

ဦးခေါင်းနှင့် လက်ဖျားခြေဖျားများလောက်သာ **အနည်းငယ်** လှုပ်ခွင့်ရနေပြီး ကျန်တစ်ကိုယ်လုံးကတော့ တစ်ချက်ကလေးမှ လှုပ်မရပေ။ နံဘေးနားမှာတော့ အစားအသောက်အချို့ထည့်ထားသော မြေပန်းကန်တစ်ချပ် ချထားသည်။ လက်ဝဲဘက် လက်တစ်ဖက်က တံတောင်ဆစ်အထိ လှုပ်ရှားရသောကြောင့် ထိုမြေခွက်ထဲမှ အစားအသောက်တို့ကို ယူစားမည်ဆိုပါက မီနိုင်သည်။

ရေခွက်ကအတော်ဝေးသော နေရာမှချထားသဖြင့် လက်ဖြင့် လှမ်းယူလျှင် မမီနိုင်ပေ. . . . ရေခွက်ကို မြင်နေရပြီးမှ သောက်ရသောအခါ ရင်ထဲမှာ ပူစပ်ပူလောင်ဖြစ်လာသည်။

ရေဆာလာသည်။

နံဘေးမှာရှိသော ပန်းကန်သို့ကြည့်လိုက်တော့ ဇီယာ၊ ချွတ်ကောင်း၊ ငရုတ်သီးများစွာတို့ဖြင့် ချက်ထားသော အမဲသားဟင်းပန်းကန်ကို တွေ့ရသည်။

အပူဓါတ်များသော၊ ဟင်းခပ်အမွှေးအကြိုင်များသော



www.burmeseclassic.com

www.burmeseclassic.com



အမဲသားဟင်းကို ယူစားမိပါက မကြာခင်ရင်ပူလာပြီး ရေငတ်လာပေလိမ့်မည်။ ထိုအခါ ရေခွက်ကိုမြင်ပြီး မသောက်ရသော အခါ အခံရ ပိုခက်ပေလိမ့်မည်။

လူတစ်ယောက်ကို နှိပ်စက်သောနည်းများထဲမှာလည်း ရေကိုမြင်ရပါသော်လည်း ရေသောက်ချင်လျက်နှင့် မသောက်ရသော ဝေဒနာလည်း တစ်ခုအပါအဝင် ဖြစ်လေသည်။

ထိုကဲ့သို့ ပက်လက်အနေအထားဖြင့် တုပ်နှောင်ထားသောအခါ အပေါ်မျက်နှာကြက်ကို မြင်နေရသည်။ အပေါ်မျက်နှာကြက်မှာ ပေ(၃၀)ခန့်မြင့်ပြီး နံရံများနည်းတူ သံပြားအထူများ တပ်ထားလေသည်။ မျက်နှာကြက်တွင် ထုပ်တန်းကဲ့သို့ ကပ်ထားသော တန်းတစ်တန်းကို သတိပြုမိလိုက်သည်။

ထိုထုပ်တန်း၌ ဆေးဖြင့်ရေးထားသော အရုပ်တစ်ရုပ်ကိုလည်း မြင်ရေ့ရသည်။ အလင်းရောင်က ထိုနေရာသို့ ရောက်နေသောကြောင့် သဲသဲကွဲကွဲမြင်ရသည်။

ရေးဆွဲထားသောအရုပ်မှာ အခြားမဟုတ်ပေ။ လူတို့၏ အချိန်ကာလကိုသတ်မှတ်သော မရဏသေမင်းရုပ်ပင်ဖြစ်၏။ မရဏသေမင်း၏ လက်တစ်ဖက်တွင် တံစဉ်ကောက်တစ်ခုကို ကိုင်ထားပြီး အခြားလက်တစ်ဖက်မှာတော့ ချိန်သီးကြီးတစ်လုံးကို ကိုင်ဆွဲထားသည်။

တံစဉ်ကောက်ကိုင်ထားသော နိမိတ်မှာ သေခြင်းတရား၏ သင်္ကေတပင်ဖြစ်သည်။ တံစဉ်ဖြင့်စပါးနှံကို ရိတ်ဖြတ်သကဲ့သို့ အသက်ကိုလည်း ဖြတ်တောက်မည်သဘောမျိုး ဖြစ်





သည်။

အခြားတစ်ဖက်မှာ ကိုင်ထားသော ချိန်သီးကြီးမှာ ရှေးဟောင်းနာရီကြီးများတွင် တပ်ဆင်ထားသည့် ချိန်သီးများကဲ့သို့ ကြီးမားလှသည်။

ပထမတော့ မရဏသေမင်းလက်ထဲမှာ ကိုင်ထားသော ချိန်သီးကြီးမှာ ဆေးဖြင့်ရေးဆွဲထားသောအရုပ်ဟု ထင်မိသည်။ နောက်အသေအချာကြည့်တော့မှ မဟုတ်မှန်းသိရတော့သည်။ တကယ့်ချိန်သီးအစစ်ကို လက်ထဲမှာ ကိုင်ဆွဲထားခြင်းဖြစ်လေသည်။

အကယ်၍သာ ထိုချိန်သီးကြီးပြုတ်ကျလာပါက သူ့ကိုယ်ပေါ်သို့ တည့်တည့်ကျမည်မှာမလွဲပေ။ အပေါ်မှာတည့်တည့်ဆွဲထားသော ချိန်သီးကြီးမှာအနည်းငယ် လှုပ်ယမ်းနေသည်ဟုတော့ စိတ်ထဲမှ ထင်မိလေသည်။

ထိုသို့ကြည့်နေစဉ် ဘေးပတ်လည်နေရာမှ အခြား လှုပ်ရှားနေသော အသံများကိုကြားလာရသောကြောင့် ဦးခေါင်းငဲ့ကြည့်လိုက်သည်။

ကြားရသောအသံမှာ ဘေးပတ်လည်ကြမ်းပြင်များပေါ်မှ ဖြစ်သည်။ ကြည့်လိုက်တော့ အကောင်အရွယ်အစား ကြီးမားသည့် မြေကြွက်ကြီးများကို တွေ့ရသည်။

အမွေးရှည်များရှိပြီး အကောင်အရွယ်အစားကြီးသော မြေကြွက်ကြီးများမှာ အမဲသားဟင်းနံ့ရသဖြင့် တစ်နေရာမှ ထွက်လာကြခြင်း ဖြစ်ဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နေရာမှ ထွက်လာသည်ကိုတော့ မသိရပေ။ တချို့ကတော့ တွင်းပေါက်ကြီးအတွင်းမှ တက်လာကြခြင်းဖြစ်သည်။ မျက်စိများမှာ တောက်ပြောင်နေပြီး ချွန်ထက်သော သွားများကိုပါ တွေ့နေရသည်။

၎င်းတို့သည် အနံ့ထွက်နေသော ဟင်းပန်းကန်ရှိရာသို့ ဦးတည်လာနေကြသည်။ အကောင်အရေအတွက် အတော်ပင်များရာ ဟင်းပန်းကန်ရှိရာရောက်လာပါက ချက်ချင်းပြောင်သွားမှာ သေချာသည်။ ဘယ်လိုလုပ်ရမလဲ. . .။

ကြွက်များကိုမောင်းနှင်လို့ကတော့ အရာထင်မည် မဟုတ်ပေ။ သို့ဆိုပါက ၎င်းတို့ရောက်မလာခင် အမဲသားပန်းကန်ကို လှမ်းယူပြီး စားပစ်ရမည်လား။

ဘာမှမစားလိုက်ရပဲ နေတာနှင့်စာလျှင် အမဲသားဟင်းစားပြီး ရေငတ်သည့်ဒဏ်ခံရမည်လား. .။ ထိုသို့ဆုံးဖြတ်ရန် ခက်နေစဉ်မှာ သူ့မျက်လုံးက မျက်နှာကြက်မှာတပ်ထားသော ချိန်သီးကြီးရှိရာသို့ ရောက်သွားသည်။

"ဟင်. . ."

မရဏသေမင်းလက်ထဲမှာ ကိုင်ထားသော ချိန်သီးကြီးက မူလနေရာမှာမဟုတ်တော့ပဲ အောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာနေလေပြီ။

ထိုပြင်လှုပ်ယမ်းမှုကလည်း စောစောကထက် အရှိန်ပိုများလာသည်။ တဖြည်းဖြည်းနိမ့်ဆင်းလာသော ချိန်သီးကြီးက တဖြည်းဖြည်းပိုကြီးလာသည်။





၎င်း၏ ပုံပန်းသဏ္ဌာန်ကိုလည်း ပိုမြင်လာရသည်။ ချိန်သီးကြီးမှာ အရောင်တလက်လက်တောက်ပြောင်နေသော သံမဏိသားဖြင့် ပြုလုပ်ထားပြီး ပုံသဏ္ဌာန်မှာ လခြမ်းပုံသဏ္ဌာန်မျိုးဖြစ်သည်။

သံမဏိဖြင့်ပြုလုပ်ထားသောကြောင့် လေးလံလှပြီး အသွားမှာ ထက်နေအောင် သွေးထားဟန်ရှိသည်။ လှုပ်ယမ်းသွားလေတိုင်း အသွားနေရာမှ အရောင်လက်နေသည်ကို မြင်နေရသည်။

ထိုထက်ပိုမို နီးလာသောအခါ လှုပ်ယမ်းလိုက်တိုင်း ရှီခနဲ ရှီခနဲ မြည်သံကိုပါ ကြားလာရသည်။ အသံကြားရုံဖြင့် အသည်းမှာ စိမ့်တက်လာလောက်အောင် ကြောက်စရာကောင်းလှပေသည်။ ထိုကဲ့သို့သော တစ်ခုပြီးတစ်ခု ကြောက်စရာကောင်းသော အစီအစဉ်တို့ကို မြင်ရသောအခါ စူလတန်စော်ဘွား၏ ရက်စက်ကောက်ကျစ်သော မျက်နှာကိုပါ ပြန်လည်မြင်ယောင်လာမိတော့သည်။

သူသည် ကံကောင်းထောက်မခဲ့သဖြင့် အမှောင်ထု ဖုံးနေသောအခန်းထဲတွင် တွင်းနက်ကြီးထဲသို့ကျ မသေခဲ့ခြင်းဖြစ်၏။ ထိုအခါမြေကြွက်ကြီးများကို အခန်းထဲရောက်အောင် လွှတ်ပေးလိုက်ပြန်သည်။

အမဲသားဟင်းပန်းကန် ထိုအနီး၌ ချထားပေးသောရည်ရွယ်ချက်ကိုလည်း ယခုမှသဘောပေါက်ရတော့သည်။ သူ့ကို ကျွေးခြင်း မဟုတ်ပေ။ မြေကြွက်ကြီးများ ရောက်လာအောင်



www.burmeseclassic.com

www.burmeseclassic.com



တမင်ချထားပေးခြင်း ဖြစ်သည်။ အကောင်အရေအတွက်များ
သော မြေကြွက်ကြီးများသည် မဖြစ်စလောက်သာရှိသော အမဲ
သားဟင်းကို လုယက်စားသောက်ကြပေမည်။

မစားလိုက်ရသောကြွက်များက သူရှိရာသို့ရောက်လာ
ပြီး တစ်ကိုယ်လုံးကိုက်ဖြတ်စားသောက်ရန် စီမံထားခြင်း ဖြစ်ပေ
မည်။ ထို့အပြင် အပေါ်မှ တဖြည်းဖြည်းနိမ့်ကျလာသော ချိန်သီး
ကြီး၏ အန္တရာယ်ကလည်း ရှိသေးသည်။

ချိန်သီးကြီးကတော့ မှန်မှန်ပင်လှုပ်ယမ်းနေသည်။ တစ်
ချက်လှုပ်လိုက်တိုင်း အောက်သို့နိမ့်သည်ထက် နိမ့်ကျလာသည်
ထိုကဲ့သို့ တစ်ရစ်ချင်းကျနေခြင်းကပင် မြင်နေရသူအဖို့ ချောက်
ချားစရာဖြစ်သည်။ အပေါ်မှ သေလောက်သော ဓါးလှံတစ်ခုခု
ကျလာပြီး ချက်ချင်းသေသွားတာမှ စိတ်ဝေဒနာသက်သာဦး
မည်။ အခု အခြေအနေကတော့ မကြာခင် မိမိခန္ဓာကိုယ် အပိုင်း
ပိုင်းပြတ်ပြီး အသက်ကိုသေအောင်သတ်မည့် မရဏလက်နက်
ကြီးကို ထိုင်ကြည့်နေရသကဲ့သို့ဖြစ်သည်။

မကြည့်လို့လဲမရပေ။ ပက်လက်အနေအထား ကြိုးဖြင့်
တုပ်ထားသောကြောင့် မနီးမဝေးရောက်လာသော ချိန်သီးကြီး
ကို မြင်နေရသည်။ မမြင်ချင်၍ မျက်လုံးမှိတ်ထားသော်လည်း
နားထဲမှာ တရွှီရွှီနဲ့ လေထဲမှာလှုပ်ရှားနေသောအသံကို ကြားနေ
ရသည်။

ချိန်သီးကြီးနီးလာသောအခါ ကိုယ်ကို လှုပ်ကြည့်သည်။
ကြိုးဖြင့်အထပ်ထပ် တုပ်ထားသောကြောင့် နည်းနည်းမှ လှုပ်





ရပေ။ နောက်ဆုံးတော့ အကြံအစည်တစ်ခု ရသွားသည်။

နံဘေးသို့ ငဲ့ကြည့်လိုက်တော့ ကြွက်ကြီးများဝိုင်းအုံကာ
လုယက်စားသောက်နေသော အမဲသားပန်းကန်ကို မြင်ရသည်။
ကြွက်ကြီးများက မာန်ဖီသံပေးရင်း တစ်ကောင်နှင့်တစ်ကောင်
ရန်လိုတိုက်ခိုက်သံများက ဆူညံနေသည်။

ဒေါက်တာမင်းထင်ကျော်က ကြွက်ကြီးများတို ချောက်
လှန့်မောင်းနှင်လိုက်ပြီး လက်တစ်ဖက်ဖြင့် အမဲသားပန်းကန်
ကို လှမ်းယူလိုက်သည်။ ပန်းကန်ထဲမှာ ဟင်းရည်အနည်းငယ်နှင့်
အမဲသားတုံး အပိုင်းအစများ ရှိနေသည်။

ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ထိုဟင်းရည်နှင့်အ
သားတုံးတို့ကို ချည်ထားသော ကြိုးများအပေါ်သို့ လောင်းချ
လိုက်သည်။ ထိုကဲ့သို့လောင်းချလိုက်သော်လည်း ကြွက်များက
သူကိုယ်ပေါ်သို့ တက်မလာကြပေ။

ကြမ်းပြင်ပေါ်မှာကျနေသော အမဲသားတုံးများကိုသာ
အလုအယက် စားသောက်နေကြသည်။ ထိုအချိန်မှာ ချိန်သီး
ကြီးက တစ်လံကွာသို့ ရောက်လာသည်။

အပေါ်မှဆွဲထားသောကြိုးက ရှည်လာသည်နှင့်အမျှ
လွှဲယမ်းနေသောအရှိန်က ပိုများလာသည်။ ခန္ဓာကိုယ်ကို ကန့်
လန့်ဖြတ်အနေအထား လွှဲယမ်းနေရာ တရွှီရွှီနှင့် အသံကပိုကျယ်
လာသည်။

ချိန်သီးကြီးထံမှ မြည်နေသောအသံမှာ မကောင်းဆိုးဝါး
အော်သံကဲ့သို့ ကြားနေရသည်။ ကြည့်နေရင်းမှာပဲ သုံးပေခန့်အ



www.burmeseclassic.com

www.burmeseclassic.com



ကွာ ရောက်လာသည်။ ထိုအခါမှ သံမဏိသွားကြီးမှာ ထက်လှ ပြီး ရှေးကအသုံးပြုသော ခေါင်းဖြတ်စက်ဓါးသွားမျိုးဖြစ်ကြောင်း တွေ့ရလေသည်။ အခုလိုအခြေအနေ ရောက်လာသော်လည်း သူ့အကြံအစည်ကတော့ အထမမြောက်သေးပေ။

ဟင်းရည်များလောင်းချထားသော ကိုယ်ပေါ်သို့ကြွက် များ တက်မလာကြသေးပေ။ ချိန်သီးကြီးကတော့ တစ်ပေခန့် သာ ကျန်နေတော့သည်။ ဒီတစ်ခါတော့ ဘယ်လိုမှလွတ်မြောက် နိုင်စရာ အကြောင်းမရှိတော့ပေ။

လွှဲယမ်းနေသောအရှိန်နှင့် အောက်သို့နိမ့်ကျနေသော အခြေအနေကို ခန့်မှန်းကြည့်သည်။ ဟိုဘက်ဒီဘက်တစ်ကြိမ် လွှဲယမ်းသွားပြီးလျှင် အနည်းငယ်ခန့် အောက်သို့နိမ့်ကျလာ သည်။

ဤသို့ဆိုပါက နောက်ထပ် အကြိမ်နှစ်ဆယ်ကျော်ခန့် လွှဲယမ်းပြီးလျှင်တော့ သံမဏိဓါးသွားကြီး သူ့ခန္ဓာကိုယ်သို့ လာ ရောက်ထိတော့မှာ အသေအချာပင်ဖြစ်သည်။

နောက်ထပ်တစ်ခုက ချိန်သီးမှဓါးသွား လာထိသော အခါ ကြိုးကိုထိပြီး ကြိုးပြတ်သွားပါက အောက်သို့လိမ့်ချနိုင်မ လား စဉ်းစားကြည့်သည် ထိုအခြေအနေကလည်း မျှော်လင့် ချက် မရှိပါချေ။ ကြိုးတုပ်ထားသော်လည်း ဓါးသွားဖြတ်မည့် နေရာတစ်ဝိုက်မှာ ကြိုးမချည်ထားသောကြောင့် ကွက်လပ်ဖြစ် နေသည်။ ထို့ကြောင့် တဖြည်းဖြည်း နိမ့်ဆင်းလာသော ဓါးသွား က ကြိုးကိုအရင်ထိမည် မဟုတ်ဘဲ ခန္ဓာကိုယ်ကိုသာ အလယ်မှ





ပိုင်းချလိုက်ပေမည်။ မတတ်နိုင်တော့ပေ။

ဒီတစ်ခါတော့ မရဏသေမင်းလက်မှ ဘယ်လိုမှ ရုန်း မထွက်နိုင်တော့ပဲ လက်မြှောက်အရှုံးပေးရပေတော့မည်။ သို့ ကြောင့် စိတ်ကိုလျှော့ချလိုက်ပြီး ခန္ဓာကိုယ်ကို ငြိမ်သက်စွာ နေ လိုက်တော့သည်။ မည်သည့်ဓါးချက်ကစပြီး ကိုယ်ပေါ်ရောက် လာလိမ့်မည်လဲဟု စောင့်နေလိုက်တော့သည်။

ထိုသို့ ငြိမ်လိုက်တော့မှ နံဘေးမှာရှိနေသော မြေကြွက် ကြီးများက ဟင်းနံ့ရနေသော ကိုယ်ပေါ်တက်လာကြသည်။

ပထမ ကြိုးပေါ်မှအသားတုံးအချို့ကို အလုအယက် ကောက်စားသည်။

နောက်တော့ ဟင်းရည်လောင်းထားသောကြိုးကို ကိုက် ဖြတ်သည်။

"ကျွိ . . . ကျွိ . . . ကျွိ"

"ရွိ . . . ရွိ"

ကြွက်အော်သံနှင့် ဓါးသွားဖြတ်သွားသော အသံက ရောနေသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ သံမဏိဓါးသွားက ကိုယ်ပေါ်ရောက်နေပြီ . . .။

ဟင်းရည်ပေနေသောကြိုးကို ဝိုင်းကိုက်နေသော မြေ ကြွက်ကြီးတစ်ကောင်နှစ်ကောင်ကိုပင် ထိမိပြီး အောက်သို့ပြုတ် ကျသွားလေပြီ။ ထိုသို့ကျသွားသော်လည်း ကျန်မြေကြွက်များက ဟင်းရည်ပေနေသောကြိုးကို သဲကြီးမဲကြီးကိုက်ဖြတ်နေကြ သည်။ ဓါးသွားက အချို့ကြွက်များကို ဖြတ်ချလိုက်ရုံမကဘဲ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ အဝတ်ကိုပါ ဖြုတ်ချနေလေပြီ. . .။

"ရှိ. . . ရှိ. . . ရှိ"

နောက်ဆုံးမှာတော့ ကိုယ်ပေါ်မှာချည်ထားသောကြိုးစများ ပြုတ်တောက်သွားပေပြီ။ ချိန်သီးကြီးတစ်ဖက်သို့ ဝေးသွားသောအခါ ကိုယ်ပေါ်မှ ဖယ်ပြစ်လိုက်သည်။

နောက်တစ်ကျော့ ပြန်ရောက်မလာခင် ကွတ်ပျစ်အောက်သို့ လှိမ့်ချလိုက်နိုင်လေသည်။ သူ့အောက်သို့ရောက်ရုံရှိသေးသည်။ သံမဏိဓါးသွားကြီးက စောစောကသူရှိနေသော ကွပ်ပျစ်ကို ထက်ပိုင်းဖြတ်ချလိုက်လေတော့သည်။ ကွပ်ပျစ်ပြုတ်ကျသွားပြီး အောက်သို့ရောက်သွားသောအခါ လွှဲယမ်းနေသော ချိန်သီးကြီးလည်း ရပ်တန့်သွားလေတော့သည်။

ထို့နောက် ချိန်သီးကြီးကို အပေါ်သို့ပြန်ဆွဲတင်သွားသည်။ ဒီတစ်ကြိမ် လွတ်မြောက်ခွင့်ရခဲ့သော်လည်း နောက်ထပ်ဘယ်ကဲ့သို့သော ကောက်ကျစ်ယုတ်မာသောနည်းများကို အသုံးပြုကာ သတ်ဖြတ်ရန်ကြံစည်ဦးမည်မသိပေ. . .။

ဒေါက်တာမင်းထင်ကျော်က ကိုယ်ပေါ်မှ ကြိုးစများကို ဖယ်ရှားပစ်လိုက်သည်။ ထိုအခိုက်မှာပင် မှောင်နေသောအခန်းထဲမှာ အလင်းရောင်ရလာသည်။

အေးနေသော အခြေအနေမှ တဖြည်းဖြည်းနွေးလာသည်။ နှာခေါင်းထဲမှာ မီးနံ့လိုအနံ့မျိုး ရလာသည်။ ထိုအခါ နေရာမှထပြီး နံဘေးနံရံမှာကာထားသော သံပြားကြီးများကို ကြည့်လိုက်သည်။ ထိုအခါမှ အခန်းထဲမှာ အပူရှိန်ရလာခြင်းနှင့်





အလင်းရောင်လိုလို ရလာခြင်းကို သဘောပေါက်လေတော့သည်။

စောစောကအေးစက်နေသော သံပြားကြီးများမှာ တစ်နေရာမှ မီးဖြင့်အပူပေးနေသောကြောင့် တဖြည်းဖြည်းနီရဲလာပြီး အပူရှိန်လည်း မြင့်တက်လာခြင်းဖြစ်လေသည်။

လေးဘက်လေးတန်မှာရှိသော သံပြားကြီးများ ပူသည်ထက်ပူလာရာ မခံနိုင်လောက်အောင်ဖြစ်လာသည်။ ထိုအပူရှိန်ကြောင့် စောစောကအခန်းတွင်းမှာရှိနေကြသော မြေကြွက်ကြီးများကိုပင် တစ်ကောင်မှမတွေ့ရတော့ပေ။

အပူရှိန်ဒဏ်ကိုမခံနိုင်သောကြောင့် ၎င်းတို့ခိုအောင်းနေသောနေရာသို့ ပြန်ဆင်းပြေးသွားကြလေပြီ။ ကြွက်များကတွင်းထဲသို့ ခုန်ချထွက်ပြေးနိုင်သော်လည်း သူ့အတွက်ကတော့ ပြေးဝင်စရာတွင်း မရှိပေ။

ရှေ့မှာ တွင်းနက်ကြီးသာရှိသည်။ သည်အတိုင်း ဆက်နေလျှင်လည်း မီးအပူရှိန်ကြောင့် မကြာခင်သေရမည်မှာ အမှန်ဖြစ်သည်။ ထိုအချိန်မှာပင် မြင်ကွင်းက ပြောင်းလဲလာသည်။

စောစောကအနည်းငယ်ဝေးသော နေရာမှာရှိနေသည့် သံပြားကြီးများမှာ ရှေ့သို့တဖြည်းဖြည်း တိုးကပ်လာနေကြသည်။ ထိုအခြေအနေကတော့ နောက်ဆုံးတွင် မီးကျီးခဲတမျှပူလောင်နေသော သံပြားချပ်ကြီးများ တဖြည်းဖြည်း တိုးကပ်လာရာမှ တစ်ချပ်နှင့်တစ်ချပ် ထိကပ်သွားကြမည့် အခြေအနေဖြစ်သည်။

သံပြားချပ်ကြီးများက စောစောကနှင့်မတူတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ခြစ်တောက်ပူလောင်လာပြီ၊ သာမန်အနေအထားမှ နီရဲသော အနေအထားသို့ ပြောင်းလဲနေလေပြီ။ သူရပ်နေသော နေရာနှင့်လည်း မဝေးတော့ပေ။ အလယ်နေရာမှာတော့ သူနှင့် တွင်းနက်ကြီးသာ ကျန်တော့သည်။ သူ့အနေဖြင့်ရွေးချယ် စရာနှစ်လမ်းသာ ကျန်တော့သည်။ တစ်လမ်းကနီရဲနေသော သံပြားချပ်များ၏ ဖိညှပ်ခြင်းကိုခံပြီးအသက်သေခံမလား. . .။

ဒါမှမဟုတ် ရှေ့မှာရှိနေသော တွင်းနက်ကြီးထဲခုန်ဆင်းမလား. . .။

ထိုနှစ်လမ်းအနက် တစ်လမ်းက သူတစ်ပါးသတ်သဖြင့် သေရသောနည်းဖြစ်ပြီး၊ ကျန်တစ်နည်းက မိမိကိုယ်ကိုမိမိ သတ်သေခြင်းပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က နောက်ဆုံးအခြေအနေကို သဘောပေါက်သွားလေပြီ။ စိတ်ထဲမှာလည်း ယတိပြတ် ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေသည်။ သေရတာခြင်း အတူတူတော့ သူတစ်ပါးသတ်တာတော့ မခံလိုပေ။

ကိုယ့်အသက်ကို ကိုယ့်ဘာသာသတ်ပြီး သေရခြင်းကပိုကောင်းပေလိမ့်မည်။ ထို့အပြင် တဖြည်းဖြည်း ညှင်းပန်းနှိပ်စက်မှုဖြင့် သေရမည့်အစား ချက်ချင်းသေရသည်က ပိုကောင်းမည်ဟု စိတ်ထဲမှထင်မြင်ယူဆမိသောကြောင့် တွင်းနက်ကြီးအနီးသို့ လျှောက်သွားလေသည်။

တွင်းနှုတ်ခမ်းမှာ ရပ်တန့်လိုက်သည်။ ထိုအခိုက်မှာပင် သံပြားချပ်များက လက်တစ်ကမ်းအကွာအဝေးသို့ ရောက်လာ





သည်။ အပူရှိန်ကလည်း မြင့်သည်ထက်မြင့်လာချေပြီ။ အပူရှိန်ပိုများလာသောကြောင့် အသားများမှာ ညှော်နံ့ထွက်လာသည်။ ကိုယ်မှာပတ်ထားသောအဝတ်စမှ မီးထတောက်တော့မလို အခိုးအငွေ့များ ထွက်လာသည်။ ရွေးစရာအကြောင်း မရှိတော့ပေ။

စိတ်ကိုဆုံးဖြတ်ပြီးနောက် ရှေ့မှာရှိနေသော တွင်းနက်ကြီးထဲသို့ ခုန်ဆင်းလိုက်လေတော့သည်။ ထိုအချိန်မှာပင် သတိလစ်သွားလေတော့သည်။ မျက်စိထဲမှာ အမှောင်ထုများ ဖုံးလွှမ်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

# အသက်ဖြင့်ရင်းသော အပေးအယူ

ဝေးလံလှသောနေရာမှ ခေါ်နေသောအသံကို ကြားရသည်။ ဘယ်နေရာမှခေါ်နေသည်၊ ဘယ်သူခေါ်နေမှန်းတော့မသိရပေ။

ခဏကြာတော့ ခေါ်သံက တဖြည်းဖြည်းနီးလာသည်။

"ကိုမင်းထင်ကျော်. . ကိုမင်းထင်ကျော်. . ."

ကြားနေရသောခေါ်သံက ဖြည်းဖြည်းနီးလာသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ညေသူ့အသံဖြစ်မှန်း စိတ်ထဲမှ သတိရသလိုဖြစ်လာသည်။

"ကိုမင်းထင်ကျော်. . ကိုမင်းထင်ကျော်"

သေချာသွားပြီ. . ခေါ်နေသောအသံက သူ့နံဘေးမှပင် ဖြစ်သဖြင့် မျက်စိဖွင့်ကြည့်ရန် ကြိုးစားသည်။ တော်တော်နှင့် ဖွင့်မရပေ။

"ငါ ဘယ်ရောက်နေတာလဲ"

ဟုတွေးနေမိသည်။

တွင်းနက်ကြီးအတွင်းသို့ နောက်ဆုံးခုန်ချလိုက်သော အဖြစ်အပျက်ကိုတော့ ပြန်သတိရနေသည်။

"တွင်းနက်ကြီးထဲ ကျသေပြီး ဘယ်ဘဝရောက်နေပြီလဲ၊ ပရလောကရောက်ပြီး ပရလောကသားတွေနဲ့ တွေ့နေရပြီလား"

စိတ်ထဲမှာတစ်ခုပြီးတစ်ခု စဉ်းစားနေစဉ် ခေါ်သံကိုထပ်ကြားရပြန်သည်။

"ကိုမင်းထင်ကျော်. . ကိုမင်းထင်ကျော် သတိရပြီလားဟင်"

ခေါ်နေသောအသံက 'ဟယ်လင်'အသံမျိုး ဖြစ်သည်သို့ကြောင့်ပိတ်လေးနေသောမျက်ခွံနှစ်ခုကို ကြိုးစားပြီး ဖွင့်ကြည့်သည်။ မျက်လုံးပွင့်သွားတော့ စူးရှသော အလင်းရောင်က မျက်လုံးထဲသို့ ဝင်လာသောကြောင့် ပြန်ပိတ်ထားလိုက်ရသည်။

"မောင် သတိပြန်ရလာပြီလား"





"ဟင်. . ."

ဒီတစ်ခါတော့ အသံကြားရရုံမဟုတ်ပဲ ပွေ့ဖက်လျှပ်ယမ်းနေသော အထိအတွေ့ကိုပါ သတိပြုမိလာသည်။

"မောင်. . . မောင်"

နောက်တစ်ကြိမ်မျက်လုံးဖွင့်ကြည့်တော့ စူးရှသော အလင်းရောင်နှင့်အတူ သူ့အပေါ်မှ မိုးကြည့်နေသော ဟယ်လင်မျက်နှာကိုပါ တွေ့ရသည်။

ပထမတော့ သဲသဲကွဲကွဲမရှိလှပေ။ နောက်တော့မှ အသေအချာ မြင်ရလေသည်။

"မောင်. . ."

"ဟယ်. . ဟယ်လင်၊ အခု. . ဘယ်ရောက်နေတာလဲဟင်"

"အခု. . ကျွန်မတို့ အခန်းတစ်ခုထဲမှာ ရောက်နေကြတယ်"

"ဒါ. . . ဒါဖြင့် ကိုယ်မသေသေးဘူးပေါ့ ဟုတ်လား"

သူမက မျက်ရည်ဝိုင်းနေသော အကြည့်ဖြင့်ကြည့်ကာ ဦးခေါင်းခါပြသည်။ ဒေါက်တာမင်းထင်ကျော်က လှဲနေရာမှ ထရန် ကြိုးစားသည်။ တစ်ကိုယ်လုံး မီးလောင်ခံထားရသကဲ့သို့ စပ်ဖျဉ်းဖျဉ်းဖြစ်ကာ နာကျင်ကိုက်ခဲနေသည်။

ထို့ပြင် ကိုယ်ပေါ်မှ အနံ့အသက်တစ်မျိုး ရနေသည်။ အသေအချာသတိပြုကြည့်သောအခါ ဆေးနံ့တစ်မျိုးဖြစ်သည်။ သူသတိမရခင် တစ်ကိုယ်လုံး ဆေးရည်တစ်မျိုး လိမ်းပေးထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှိသည်။ သို့ကြောင့် အတန်အသင့်သက်သာနေခြင်း ဖြစ်သည်။ သူက လှဲနေရာမှ ထရန်ကြိုးစားတော့ ဟယ်လင်က ပွေ့ထူပေးလေသည်။

ထိုအခါမှ အခန်းအခြေအနေကို ကြည့်ရလေသည်။ ပြတင်းပေါက်များမှာ သံတိုင်များစိုက်ထားပြီး ဝင်ပေါက်တံခါးချပ်များကိုပိတ်ထားသော အခန်းတစ်ခန်းထဲမှာ ရောက်နေခြင်း ဖြစ်သည်။

ထိုအခန်းထဲမှာ ပစ္စည်းအသုံးအဆောင်တော့ များများမရှိပေ။ ရေနှင့်စားသောက်စရာများတင်ထားသော ခုံတစ်လုံးနှင့် ထိုင်ခုံအချို့သာရှိသည်။

နံယံမှာ မီးတိုင်များထွန်းထားသည်။ ဟယ်လင်က ခုတင်စွန်းမှာ ဝင်ထိုင်နေခြင်းဖြစ်သည်။

"ကိုယ်တို့ ဘယ်နေရာရောက်နေတာလဲ"

"ကျွန်မတို့ စူလတန်စော်ဘွားရဲ့အကျဉ်းသား ဖြစ်နေကြတယ်"

"ဒါဖြင့် ကိုယ်အသက်မသေသေးတာ အမှန်ပဲပေါ့နော်"

"မောင်မသေပါဘူး၊ ဒါ့ကြောင့် ကျွန်မနဲ့ အခုလိုပြန်တွေ့နေရတာပေါ့"

ထိုသို့ပြောပြီး ရေတစ်ခွက်တိုက်ပေးသောကြောင့် ယူသောက်လိုက်ရာ ရင်ထဲမှာ အတော်ကလေး ပူလောင်မှု သက်သာသွားသည်။

"ဒါထက် ဟယ်လင်ကရော ဒီကိုဘယ်လိုရောက်နေ





တာလဲ၊ လီမက်ရောရှိသေးရဲ့လား"

"ရှိပါသေးတယ်၊ သူလည်းအကျဉ်းသားဘ၀ ရောက်နေတယ်၊ ကျွန်မတို့နှစ်ယောက် ထွက်ပြေးကြပေမယ့် မလွတ်ကြပါဘူး၊ သူတို့က ပြေးမယ့်အပေါက်တွေကို ပိတ်ပြီးဖမ်းတာ၊ နောက်ဆုံးတော့ ဖမ်းမိသွားပြီး ဒီနေရာရောက်နေကြတာပါပဲ"

ဟုပြောပြသည်။

"ဟယ်လင်တို့ကိုဖမ်းတာ ကပ်(စ)ပါမဟုတ်လား"

"သူ့ပယောဂကြောင့် ကျွန်မတို့ အခုလို ဒုက္ခမျိုးတွေနဲ့ တွေ့ကြရတာပေါ့၊ ဒီလူက ကျွန်မနဲ့ သွေးသားတော်စပ်ပေမယ့် တကယ့်လူယုတ်မာတစ်ယောက်ပဲ"

"ထားပါတော့လေ. .၊ ဒါထက် တွင်းနက်ကြီးထဲကို ခုန်ချလိုက်ပြီးနောက် ဒီနေရာကို ဘယ်လိုရောက်နေရတာလဲ"

"ကျွန်မလည်းမသိဘူး၊ သူတို့က ဒီအခန်းထဲခေါ်လာတော့မှ မောင့်ကိုတွေ့ရတာ၊ မောင်သတိမေ့နေတာ နှစ်ညရှိနေပြီ"

ထို့နောက်မှာတော့ နေရာမှထပြီး အဆင်သင့်တင်ထားသောရေနှင့် အစားအသောက်တို့ကို ဟယ်လင်က ယူကျွေးသဖြင့် စားသောက်ရသည်။

ထိုကဲ့သို့ ရေနှင့်အစားအသောက်တို့ကို စားသောက်လိုက်တော့မှ အနည်းငယ် နေသာထိုင်သာ ရှိလာလေသည်။ ကိုယ်ပေါ်မှ မီးအပူရှိန်ဟပ်ထားသော ဒဏ်ရာဒဏ်ချက်တို့မှာလည်း ဆေးလိမ်းပေးထားသောကြောင့် အနည်းငယ်သက်သာ



www.burmeseclassic.com

www.burmeseclassic.com



နေပြီ. . .၊

ယခုအခါမှ သူ့ကိုယ်ပေါ်မှ ဝတ်ဆင်ထားသော အဝတ်တို့ကိုကြည့်ရာ ရင်ဖုံးအကျႌနှင့် ဘောင်းဘီပွပွကြီးတို့ပင်ဖြစ်သည်။ ထိုညတစ်ညလုံး ဟယ်လင်က အနားမှာနေပြီး အမျိုးမျိုး ပြုစုပေးသောကြောင့် စိတ်ရောလူပါ သက်သာလာပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

နောက်တစ်နေ့နံနက်ပိုင်းအချိန် ရောက်တော့မှ ပြန်နိုးလာသည်။ ကြည့်လိုက်တော့ ဟယ်လင်ကသူ့နံဘေးမှ ခွေခွေလေး အိပ်ပျော်နေသည်ကိုတွေ့ရသည်။

ထိုနေ့နံနက်ပိုင်းအချိန်မှာတော့ သူတို့နေသော အခန်းထဲသို့ ကပ်(စ)ပါနှင့် အခြားလူနှစ်ယောက်တို့ ရောက်လာသည်။ ကပ်(စ)ပါနှင့် ပါလာသူနှစ်ယောက်တို့မှာ စော်ဘွား၏ လူယုံတော်နှစ်ယောက်တို့ပင် ဖြစ်လေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်နှင့် ဟယ်လင်တို့ကိုပါ ကုလားထိုင်များတွင်ထိုင်စေပြီး ရင်းတို့ဖြစ်စေချင်သည့် ကိစ္စတို့ကို ပြောပြလေသည်။

"ဘယ်လိုလဲ ဒေါက်တာမင်းထင်ကျော်. . အခြေအနေ ပြန်ကောင်းလာပြီမဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောပဲ ကပ်(စ)ပါ မျက်နှာကိုသာ ကြည့်နေသည်။

"ကျုပ်တစ်သက်မှာတော့ ခင်ဗျားလိုလူမျိုး ဒီတစ်ယောက်ပဲ တွေ့ဖူးပါသေးတယ်၊ ခင်ဗျားက သတ္တိရှိသလောက်





ကြံ့ရည်ဖန်ရည်လည်း အတော်ကောင်းပါပေတယ်၊ နေမိန္ဒရဲ့ တွင်းထဲကို ချလိုက်ပြီးရင် ဘယ်သူမှအသက်ရှင်လျက်နဲ့ အပေါ် ပြန်မရောက်လာနိုင်ဘူး"

ထိုအခါမှ သူရောက်ခဲ့သော တွင်းနက်ကြီးမှာ 'နေမိန္ဒရဲ့တွင်း'ဟု အမည်ပေးထားကြောင်း သိရလေတော့သည်။

"စူလတန်စော်ဘွားက အပြစ်ရှိတဲ့လူတွေကို အပြစ်ပေးဖို့ ကျကျနနကိုပြင်ဆင်ထားတာပဲ၊ ဒီတွင်းထဲရောက်သွားတာနဲ့ အခြား ဘယ်လိုအန္တရာယ်နဲ့မှ မတွေ့ရခင်မှာပဲ ကြောက်လွန်းလို့ သယ်သံပါအောင်အော်ဟစ်ပြီး အသက်ပျောက်သွားတဲ့သူတွေ အများကြီးပဲ၊ ဒီလိုမှမသေရင်တောင်မှ အမှောင်ထဲမှာ စမ်းတဝါးဝါးလျှောက်သွားရင်းနဲ့ တွင်းနက်ကြီးထဲ ချော်ကျပြီး သေတာပါ ပဲ. . ."

ဒေါက်တာမင်းထင်ကျော်က တွင်းနက်ကြီးထဲသို့ သူ ခုန်ချလိုက်သောအခါ မသေပဲ ဘာကြောင့်လွတ်မြောက်လာသည်ကို စဉ်းစားကြည့်နေသည်။

"ဒီလိုမှ တွင်းထဲကျမသေရင်လည်း မြေကြွက်ကြီးတွေ ကိုက်ဖြတ်စားသောက်တာနဲ့ တစ်စစီဖြစ်သွားတာပါပဲ၊ ကြွက်ဘေးရန်က လွတ်ရင်တော့ ဓါးစက်ကြီးနဲ့တွေ့ပြီး သေအောင်စီမံထားတာပဲ"

"လူတွေမှမဟုတ်ရဲ့လားဗျာ၊ လူလူချင်း သတ်ချင်လည်း တစ်ခါတည်းသတ်ပစ်လိုက်လို့ရတာပဲ၊ ဒီလိုညှင်းပန်းနှိပ်စက်ပြီး သတ်တယ်ဆိုတာ လူမဆန်တဲ့အလုပ်မျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ပေ့ါဗျာ၊ စူလတန်စော်ဘွားကတော့ သူ့စီမံထားတဲ့တွင်းနက်ကြီးထဲမှာ လူတွေကြောက်လန့်ပြီး နည်းအမျိုးမျိုး သေတာကိုကြည့်ပြီး သဘောကျနေတာဗျ ခါးစက်ကြီးနဲ့ လွတ်သွားရင်တောင်မှ နောက်ဆုံး မီးတိုက်ထားတဲ့ သံပြားတွေနဲ့ ညှပ်ပြီး သေရတာပါပဲဗျာ"

"ဒါထက် နေပါဦးဗျ တွင်းနက်ကြီးထဲကိုခုန်ဆင်းတဲ့ လူတိုင်း သေတယ်ဆိုတော့ ကျုပ်လည်း ခုန်ဆင်းခဲ့တာပဲ၊ ဘာကြောင့်မသေခဲ့ တာလဲ"

ထိုအခါ ကပ်(စ)ပါက သဘောကျစွာရယ်နေသည်။ ပြီးနောက် စီးကရက်တစ်လိပ်ကိုထုတ်ပြီး ဒေါက်တာမင်းထင်ကျော်ကိုပေးသည်။ သူက တစ်လိပ်ယူပြီး မီးညှိဖွာလိုက်သည်။

"ခင်ဗျားလိုလူတော့ ဘယ်အသေခံလို့ဖြစ်ပါ့မလဲဗျာ တကယ်လို့ သေမယ့်ဘေးနဲ့တွေ့ရင် တွင်းနက်ကြီးထဲကိုခုန်ဆင်းမယ်ဆိုတာ ကျုပ်တို့ကသိပါတယ်၊ ဒါ့ကြောင့် ကျုပ် ခင်ဗျားခုန်ဆင်းခင်အချိန်ကတည်းက ကြိုးပိုက်တစ်ခုတပ်ထားလို့ မသေခဲ့တာပေ့ါ"

ဟုပြောပြသည်။

"သတ်မယ့်ကိစ္စဗျာ တမင်အချိန်ဆွဲနေသေးတယ်၊ မြန်မြန်သေသွားတော့ မအေးပေဘူးလား"

"ခင်ဗျားသေလို့ မဖြစ်သေးဘူးလေ၊ ခင်ဗျားကို အသုံးချစရာ ရှိနေသေးတယ်"

"ဘာလဲ မဟူရာကျောက်ထဲက လျှို့ဝှက်ချက်တွေကို





အဖြေထုတ်နိုင်းဦးမယ်မဟုတ်လား၊ သေချင်သေသွားပါစေ ခင်ဗျားလို ယုတ်မာကောက်ကျစ်တဲ့လူအတွက်ကတော့ ဘယ်တော့မှ လုပ်ပေးမှာမဟုတ်ဘူး"

ကပ်(စ)ပါက ရယ်လိုက်ပြန်သည်။

"ကျုပ်ပြောရင် ခင်ဗျားဒီလိုငြင်းမယ်ဆိုတာလဲ ကြို့ပြီးသိပါတယ်၊ တကယ်လို့ နောက်တစ်ခါ ငရဲတွင်းထဲချရင်လဲ ကြောက်မယ့်သူမဟုတ်မှန်းလည်း သိပြီးသားပါ၊ ဒီတစ်ခါတော့ ငရဲတွင်းထဲကို ခင်ဗျားကိုချမှာမဟုတ်ဘူး"

ဟုပြောပြီး ဟယ်လင်ကိုတစ်ချက်ကြည့်လိုက်သည်။

ထိုအကြည့်ကပင် ကျောထဲမှာစိမ့်သွားလောက်သည်။

"နေမိန္ဒရငရဲတွင်းဆိုတာ ခင်ဗျားလိုကြံ့ခိုင်မှုရှိတဲ့ လူတစ်ယောက်အတွက် လွတ်မြောက်နိုင်ပေမယ့် သူ့လိုနုနယ်တဲ့လူတစ်ယောက်အတွက်ကတော့ ဘယ်လိုမှ မစဉ်းစားဝံ့လောက်အောင်ပါပဲ. . ."

ဟယ်လင်က မီးဝင်းဝင်းတောက်နေသော အကြည့်မျိုးဖြင့် ကြည့်လေသည်။

"ကျုပ်တို့ပြောတဲ့အစီအစဉ်ကို မလိုက်နာဘူးဆိုရင် သူ့ကို ငရဲတွင်းထဲချလိုက်မယ်၊ ပြီးတော့မှ ခင်ဗျားတပည့်တစ်ယောက်နဲ့ ခင်ဗျားအလှည့် ပြန်ရောက်မှာပဲ၊ တစ်ခုတော့ ကြိုပြောမယ်နော်. . . ဒီတစ်ခါထပ်ပြီး ငြင်းဆန်မယ်ဆိုရင်တော့ ငရဲတွင်းထဲမကျအောင် ကယ်ပေးမှာမဟုတ်တော့ဘူး ဆိုတာတော့ ခင်ဗျားစိတ်ထဲမှာ စွဲစွဲမြဲမြဲသိထားပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုကပ်(စ)ပါက အေးစက်မာကျောသော အသံမျိုးဖြင့် သတိပေးလိုက်သည်။ ဒေါက်တာမင်းထင်ကျော်က စီးကရက်ကို မီးညှိဖွာရင်း လေးလေးနက်နက်စဉ်းစားနေသည်။ သူတစ်ယောက်တည်း သေရရင်တော့ အကြောင်းမဟုတ်ပေ။ ကြားထဲမှာ ဟယ်လင်နှင့်လီမက်တို့နှစ်ယောက်ပါ သေရမည့်ကိစ္စတော့ စဉ်းစားရပေမည်။ သုံးယောက်စလုံး သေသွားရင်မည်သို့မျှ အကျိုးရှိမည်မဟုတ်ပေ။

အသက်ရှင်ခွင့်ရနေပါက အခွင့်အရေးရလျှင် ရသလို အခြေအနေကြည့်ပြီး ကြိုးစားနိုင်ခွင့်ရပေမည်။ ဒေါက်တာ မင်းထင်ကျော်က ထိုအကြောင်းကို လေးလေးနက်နက် စဉ်းစားနေသည်။

ယခုအချိန်သည် သူ့အတွက်သာမက ကျန်နှစ်ယောက်အတွက်ပါ အရေးကြီးနေသောအချိန် ဖြစ်သည်။ ဆုံးဖြတ်ချက်မှားသွားပါက သုံးယောက်စလုံး ငရဲတွင်းထဲသို့ ရောက်သွားကြရမည်မှာ သေချာလှသည်။

“စဉ်းစားပေါ့ ဒေါက်တာမင်းထင်ကျော်၊ အခု ကျုပ်တို့ပေးတဲ့အခွင့်အရေးက ခင်ဗျားတို့အတွက် နောက်ဆုံးအခွင့်အရေးပါပဲ၊ ငရဲတွင်းကြီးထဲက အတွေ့အကြုံတွေကို ခင်ဗျားလည်း သိခဲ့ပြီးရောပေါ့၊ ခင်ဗျားလို လူတစ်ယောက်တောင် မခံနိုင်ရင် သူ့လိုနုနယ်တဲ့လူ ဆိုရင်တော့ တွင်းထဲရောက်တာနဲ့ ချက်ချင်း သေမှာမုချပဲ”

“သေတော့ ဘာအရေးလည်း”





ဟယ်လင်က လေသံမာမာဖြင့် ပြန်ပြောသည်။

“ဟယ်လင်က ကျုပ်နဲ့သွေးသားတော်စပ်တော့ သူ ဘယ်လောက်စိတ်ဓါတ်မာကျောမှန်း ကျုပ်သိပါတယ်၊ ဒါပေမယ့် သူက ငရဲတွင်းအကြောင်းကို လုံးဝမသိသေးလို့ အခုလိုပြောနေတာပါ”

ဒေါက်တာမင်းထင်ကျော်က စီးကရက်ကိုပြန်ချထားလိုက်သည်။

“ခင်ဗျားဘာဖြစ်စေချင်သလဲ ပြောပါ”

“ဒီလိုသဘောပေါက်သွားတော့လည်း ပိုကောင်းတာပေါ့ဗျာ၊ ကျုပ်ကလည်း ခင်ဗျားလိုလူတော်တစ်ယောက်ကို အကြောင်းမဲ့ မသေစေချင်ပါဘူး၊ ကျုပ်ဖြစ်စေချင်တာကတော့ မဟူရာကျောက်ထဲက လျှို့ဝှက်ချက်တွေကိုခင်ဗျားက ဖော်ထုတ်ပေးဖို့ပါပဲ”

“ဒီလိုဖော်ထုတ်ပေးရင် ကျုပ်အတွက်က ဘယ်လိုအခွင့်အရေးမျိုး ထပ်ရမှာလဲ”

“ရလာတဲ့အကျိုးအမြတ်တွေထဲက တချို့တစ်ဝက်ကို ခင်ဗျား အတွက် ခွဲပေးပါ့မယ်လို့ ကတိပေးပါတယ်”

“အဲ့ဒီပစ္စည်းတွေကို မလိုချင်ပါဘူး ခင်ဗျားဆီကတစ်ခုပဲ လိုချင်ပါတယ်”

“ဘာများလဲဗျ ပြောပါ. . . တတ်နိုင်တာဆိုရင်တော့လည်း ပေးဖို့ဝန်မလေးပါဘူး”

“တခြားတော့မဟုတ်ပါဘူး အင်္ဂလန်ဘဏ်မှာ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဟယ်လင်နာမည်နဲ့အပ်ထားတဲ့ အမွေပစ္စည်းတွေကို ဟယ်လင်နာမည်နဲ့ လွှဲပေးမယ်ဆိုရင်တော့ မဟူရာကျောက်ထဲက လျှို့ဝှက်ချက်တွေကိုဖော်ပြီး ခင်ဗျားတို့လိုချင်တဲ့ ရတနာတွေကို ရှာပေးမယ်လို့ သဘောတူပါတယ်"

ထိုစကားကြားသောအခါ ကပ်(စ)ပါမှာ စီးကရက်ကို တွင်တွင်ဖွာရင်း အတော်ကြာအောင် စဉ်းစားနေသည်။ ဘဏ်မှာရှိသောရွှေနှင့်ငွေများကလည်း မနည်းလှပေ။ ဟယ်လင်နှင့် တစ်ဝက်စီရလျှင်သော်မှ ဖြစ်လောက်သော အနေအထားမျိုးရှိသည်။

သို့သော်လည်း သူတို့မျှော်လင့်ထားသော မဂိုဘုရင်၏ နန်းစဉ်ရတနာများ ရမည်ဆိုလျှင်တော့ ဘဏ်မှာရှိသောရွှေနှင့်ငွေပမာဏမှာ မက်လောက်စရာမဟုတ်တော့ပေ။ အတန်ကြာတော့မှ. . .

"ကောင်းပြီလေ ခင်ဗျားတို့နှစ်ယောက်အခြေအနေကိုလည်း ရိပ်မိတန်သလောက် ရိပ်မိနေပြီဆိုတော့ ကျုပ်ရပိုင်ခွင့်တစ်ဝက်ကိုလွှဲပြောင်းပေးဖို့ သဘောတူပါတယ်၊ ခင်ဗျားဘက်ကသာ ကတိတည်ပါစေ"

ဟုပြောဆိုကာ ကပ်(စ)ပါက အခန်းထဲမှပြန်ထွက်သွားလေတော့သည်။ ထိုအခါမှ ဟယ်လင်ကပြောသည်။

"မောင်က ဘာကြောင့်သူပြောတာကို လက်ခံလိုက်ရတာလဲ၊ ကျမသေသွားတော့ရော ဘာအကြောင်းလဲ"

"ဒီလိုမဟုတ်သေးဘူး ဟယ်လင်ရဲ့၊ သူတို့သတ်လို့ချက်ချင်း သေသွားတာနဲ့စာရင် အသက်ရှင်ခွင့်ရနေတော့ အခွင့်အ





ရေးရတာနဲ့ လွတ်အောင်ကြိုးစားခွင့် ရနိုင်တာပေါ့၊ နောက်ပြီး သူပိုင်တဲ့ အမွေတစ်ဝက်လည်း ရတာပေါ့"

"ကျွန်မက ဒီပစ္စည်းတွေလည်း မမက်မောပါဘူး"

"ဟယ်လင်သဘောကို မောင်သိပါတယ်၊ ဒါပေမယ့် ကိုယ်ရသင့်တဲ့အခွင့်အရေးဆိုတာ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ရအောင်ယူနိုင်ရတယ်၊ ဒီလိုမှမဟုတ်ပဲ ကိုယ်ညံ့လို့ တခြားသူ လက်ထဲပါသွားမယ်ဆိုရင် ကိုယ့်အတွက် နှစ်ခါနစ်နာမှာပေါ့"

"ကျွန်မကတော့ ဒါမျိုးတွေလည်း နားမလည်ပါဘူး။ ဖြစ်နိုင်ရင်တော့ သူတို့နဲ့ဝေးရာကို အမြန်သွားချင်တော့တာပါပဲ"

"မကြာခင်တော့ လွတ်မြောက်ခွင့်ရမှာပါ၊ အခြေအနေကြည့်ပြီးကြိုးစားရင် မဖြစ်နိုင်စရာဘာမှမရှိပါဘူး၊ ဟယ်လင်အနေနဲ့စိတ်တင်းထားဖို့ပဲ အရေးကြီးပါတယ်"

"ကျွန်မစိတ်အားငယ်တတ်သူ တစ်ယောက်တော့ မဟုတ်ပါဘူး၊ နောက်ပြီး မောင်လည်း ကျွန်မနဲ့အတူတူ ရှိနေတာပဲ၊ ဘာမှ အားငယ်စရာမလိုတော့ပါဘူး"

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်ရင်ခွင်ထဲသို့ တိုးဝင်လာရာ သူမကိုယ်လေးကိုဖက်ပြီး နှစ်သိမ့်မှုပေးရလေသည်။ ရှေ့ခရီးအတွက်တော့ အားသစ်ပျိုးပြီး နိုးထနေစေရန် အရေးကြီးနေချေပြီ. . .။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

## မဟူရာကျောက်နှင့် သိုဝှက်သောမြေပုံ

အခန်းတစ်ခုလုံး အမှောင်ထုများဖုံးနေပြီး၊ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ ထိုအခန်းထဲမှာ ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း ရှိနေလေသည်။

အခန်းအလယ်မှာ စားပွဲတစ်လုံးချထားပြီး ထိုစားပွဲပေါ်မှာတော့ ရွှေကလပ်တစ်ခု တင်ထားသည်။ ရွှေကလပ်ပေါ်မှာ တတ္တိပါစ်ခင်းထားပြီး ထိုအပေါ်မှာတော့ မဟူရာကျောက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းသီးလုံးအရွယ်ခန့်ရှိပြီး နက်မှောင်နေသော မဟူရာကျောက်မှာ အမှောင်ထဲမှာ အရောင်တောက်ပနေသကဲ့သို့ ရှိလေသည်။

မဟူရာကျောက်သည် ဒဏ္ဍာရီဆန်သော ဂမ္ဘီရစာရင်းဝင် ကျောက်တစ်မျိုးပင်ဖြစ်ပေသည်။

မဟူရာဟူသော အခေါ်အဝေါ်မှာ မြန်မာအခေါ်အဝေါ်ဖြစ်ပြီး မူလအခေါ်မှာ တိုမလင်း(Tourmaline) ဖြစ်သည်။

တိုမလင်းဟူသော အခေါ်အဝေါ်မှာ သီရိလင်္ကာဘာသာအရ "Turmali" ဟူသော ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်သည်။

ယင်းကျောက်မျက်ကို အမ်စတာဒမ်မြို့မှ သီရိလင်္ကာနိုင်ငံသို့ (၁၇၁၃)ခုနှစ်တွင် သယ်ဆောင်လာခဲ့သည်။

သို့သော် တိုမလင်းအနေနှင့် မသိရှိကြဘဲ ယင်းနှင့်သဏ္ဍာန်တူသည့် အဝါရောင်ဂေါမိတ်ဟူ၍သာ ကျောက်မျက်ဘနာကုန်သည်တို့က အမှတ်မှားခဲ့ကြသည်။

ရှေးအခါက တိုမလင်း(မဟူရာ)ကျောက်မှာ လူသိနည်းပြီး သုံးစွဲမှု ရောင်းဝယ်ဖောက်ကားမှုလည်း ကျယ်ကျယ်ပြန့်ပြန့် မရှိခဲ့ကြပေ။

နောက်ပိုင်းရောက်လာတော့မှ တဖြည်းဖြည်း လူသိများလာပြီး ရောင်းဝယ်မှုလည်း များလာခဲ့ခြင်းဖြစ်၏။

ရှေးအခါက မဟူရာကျောက်ကို ဂမ္ဘီရအသုံးအဆောင်ပစ္စည်းအနေဖြင့်သာမကပဲ ဆေးဖက်ဝင်အသုံးအဆောင်ပစ္စည်း





အနေဖြင့် အသုံးပြုခဲ့ကြသည်။

မဟူရာကျောက်သည် အဆိပ်အတောက်များကို ပြေပျောက်စေခြင်းနှင့် အဆိပ်ရှိသော သတ္တဝါတို့ကိုက်ခဲခြင်းမှ အကာအကွယ်ပေးသည်ဟုလည်း ယုံကြည်ကြသည်။

အဆိပ်ရှိသော သတ္တဝါတို့ အကိုက်ခံရပါက အကိုက်ခံရသောနေရာကို မဟူရာကျောက်ဖြင့် ပွတ်သပ်ပေးခြင်း၊ ကျောက်ကိုသွေးပြီး လိမ်းပေးခြင်းဖြင့် အဆိပ်တက်ခြင်းမှ သက်သာရနိုင်ပေသည်။

ထို့ပြင် မကောင်းဆိုးဝါးများ ခြောက်လှန့်ခြင်း၊ ပရလောကသားတို့ ပူးကပ်နှောင့်ယှက်ခြင်း၊ ကြောက်ရွံ့တုန်လှုပ်ခြင်း၊ အထိတ်တလန့်ဖြစ်စေသော ရောဂါများကိုလည်း မဟူရာကျောက်ဖြင့် ကုသပေးပါက ပျောက်ကင်းချမ်းသာမှု ရရှိစေနိုင်သည်။

စုန်း၊ နတ်၊ ကဝေ၊ မိစ္ဆာတို့ ဖမ်းစားခြင်းတို့ကိုလည်း မဟူရာကျောက်က အကာအကွယ်ပေးနိုင်လေသည်။

စိတ်မငြိမ်မသက် ဖြစ်နေပါက မဟူရာကျောက်ကိုအချိန်ကြာမြင့်စွာ ကြည့်ပါက စိတ်တည်ငြိမ်မှုကို ရစေနိုင်ပါသည်။

မဟူရာကျောက်နှင့် အခေါ်အဝေါ်အမျိုးမျိုးရှိကြသည်။ ယင်းကျောက်မှာ အနက်ရောင်တစ်မျိုးတည်းမဟုတ်ပဲ အခြားအရောင်အချို့လည်း ရှိသေးသည်။

အရောင်ပေါ်မှာ မူတည်ပြီးဒေသအလိုက် အခေါ်အခေါ်လည်းပြောင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



➢ **Schorl** (မဟူရာခေါ် အနက်ရောင် တိုမလင်း)

'Schorl' ဟူသောအမည်ကို ဂျာမန်သတ္တုတွင်းသမားများက စတင်အသုံးပြုခဲ့ကြခြင်းဖြစ်၏။ ထိုအခေါ်အဝေါ်မှာ အနက်ရောင်တွင်းထွက်ကျောက်ကို ရည်ညွှန်းပြီး ခေါ်ဝေါ်ခြင်းဖြစ်သည်။

အနောက်တိုင်းသားတို့က 'Schorl' ဟုခေါ်ပြီး မြန်မာတို့က အနက်ရောင်ကို အစွဲပြုပြီး 'မဟူရာကျောက်'ဟု ခေါ်ဝေါ်ကြသည်။

➢ **Achroite** (ရောင်မဲ့တိုမလင်း)

'Achroite' ဆိုသည်မှာ ဂရိဘာသာစကားဖြစ်ပြီး အရောင်မရှိခြင်းဟု အဓိပ္ပာယ်ရသည်။

အလင်းပေါက်၍ ကြည်လင်ပြီး ရှားပါးသော ရောင်မဲ့တိုမလင်းမျိုးဖြစ်သည်။

➢ **Rubellite** (ဖရဲအူခေါ် အနီရောင်တိုမလင်း)

'Rubellite' ဟူသောအမည်သည် လက်တင်ဝေါဟာရ 'Ruba' မှဆင်းသက်လာပြီး 'အနီရောင်'ဟု အဓိပ္ပာယ်ရပါသည်။ အနီရောင်တိုမလင်းကို မြန်မာတို့က 'ဖရဲအူ'ဟု ခေါ်ဝေါ်သုံးစွဲကြသည်။

➢ **Siberite** (ခရမ်းရောင်သမ်းသော တိုမလင်း)

ခရမ်းရောင်သမ်းသော ဖရဲအူကို 'Siberite' ဟုခေါ်ပြီး ၎င်းစတင်တွေ့ရှိရာ ဆိုက်ဗေးရီးယားဒေသကို အစွဲပြု၍ခေါ်ဝေါ်ခြင်းဖြစ်သည်။





➢ **Indicolite** (အပြာရောင်တိုမလင်း)

ယင်းအရောင်တိုမလင်းသည် အဝတ်အထည်ဆိုးသော မဲနယ်ရောင်နှင့် ဆင်တူသောကြောင့် ယင်းသို့အမည်မည့်ခေါ်ခြင်းဖြစ်သည်။

မဲပြာရောင်ကို အင်္ဂလိပ်ဘာသာဖြင့် 'Indico-blue' ဟုခေါ်သဖြင့် ထိုအမည်ပေါ်လာခြင်းဖြစ်သည်။

➢ **Dravite** (အညိုရောင်တိုမလင်း)

ယင်းအညိုရောင် တိုမလင်းကိုသြစတြီးယားနိုင်ငံ 'Carinthia' နယ် 'Drave' ခရိုင်ကို အစွဲပြုပြီး 'Dravite' ဟုခေါ်ဝေါ်ကြခြင်းဖြစ်သည်။

➢ **Elbaite** (ပန်းရောင်တိုမလင်း)

ပန်းရောင်တိုမလင်းတို့ကို တွေ့ရှိခဲ့သော အီတလီနိုင်ငံ 'Elba' ကျွန်းကိုအစွဲပြုပြီး 'Elbaite' ဟုခေါ်ဝေါ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံမှာတော့ အနက်ရောင် မဟူရာကျောက်တစ်မျိုးကိုသာ လူသိများလေသည်။

ယခုဒေါက်တာမင်းထင်ကျော် ရွှေကလပ်ပေါ်မှာ တင်ထားသောမဟူရာကျောက်မှာ ကွမ်းသီးလုံးအရွယ်ခန့်ရှိပြီး ထူးခြားမှုလည်း ရှိလေသည်။

ထိုကျောက်ကို မီးရောင်ဖြင့်ထိုးကြည့်သောအခါ ထူးခြားသောရောင်ခြည်များ ဖြာထွက်လာသည်။

အမှောင်ချထားသော နံရံပေါ်မှာ ပုံရိပ်သဏ္ဌာန်အမျိုးမျိုးတို့ ပြေးလွှားလှုပ်ရှားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ပြေးလွှားနေသော အရိပ်သဏ္ဍာန်များကြောင့် မည်သည့်အရာကိုမှ သဲသဲကွဲကွဲမမြင်ရသေးပေ။

"ဒီမဟူရာကျောက်ထဲမှာ မင်္ဂိုဘုရင်ရဲ့ နန်းစဉ်ရတနာတွေမြှုပ်ထားတဲ့နေရာကို ညွှန်ပြတဲ့မြေပုံရှိတယ်လို့ ပြောတယ်၊ ဒီအတိုင်းတော့ ဘာမှမမြင်ရဘူး"

ဟု တစ်ယောက်တည်း အဖြေရှာကြည့်လေသည်။

သည်ပုံအတိုင်းဆိုလျှင်တော့ ကျောက်ထဲမှာ မြေပုံရှိနေလျှင်သော်မှ ပုံရိပ်များလှုပ်ရှားနေသောကြောင့် မြင်နိုင်မည်မဟုတ်ပေ။ ထိုအဖြေကို သိနိုင်ရန် လေးလေးနက်နက်စဉ်းစားနေလေသည်။ အတန်ကြာတော့ ခရီးထွက်လာစဉ်က ဆာဒူးကြီးတစ်ယောက်နှင့်တွေ့ပြီး ၄င်းပြောလိုက်သောစကားအချို့ကို ပြန်လည်သတိရလာလေတော့သည်။

"သင့်အနေနဲ့ မဟူရာကျောက်ကို မူလနေရာဖြစ်တဲ့ နတ်ဘုရားကျောင်းကို ပြန်ပို့ပေးမယ်ဆိုရင် အစောင့်အရှောက်တွေက အကူအညီပေးပါလိမ့်မယ်၊ သူတို့ အကူအညီမပေးရင်တော့ ဘာမှသိရမှာမဟုတ်ပါဘူး၊ အရေးကြုံလာတဲ့အခါ ဝိညာဉ်တွေကို တိုင်တည်သစ္စာပြုပြီး အကူအညီတောင်းပါက သူတို့က သင့်ကို အကူအညီပေးကြပါလိမ့်မယ်"

ထိုစကားများကို ပြန်ပြီးသတိရသောအခါ စိတ်ထဲမှာ အားရှိလာသကဲ့သို့ ခံစားရလေသည်။

ထို့ကြောင့် မီးရောင်ကို ပြန်ပိတ်ထားလိုက်သည်။

လက်နှိပ်မီးရောင် ပိတ်လိုက်သောကြောင့် အခန်းတွင်း





မှာ မှောင်သွားလေသည်။ သို့သော်လည်း ကျောက်တင်ထားသောနေရာမှာ အလင်းရောင်အချို့ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာမှာရပ်ပြီး သစ္စာစကားများကို တီးတိုးရွတ်ဆိုလိုက်သည်။

"ကျွန်ုပ်သည် ယခုဆောင်ရွက်နေသော ကိစ္စတို့မှာ မိမိကိုယ်ကျိုးအတွက် ပြုလုပ်နေခြင်း မဟုတ်ပါဘူး၊

မဟူရာကျောက်ကိုလည်း မူလနတ်ဘုရားကျောင်းကို ပြန်ရောက်အောင် ဆောင်ရွက်ပေးပါမယ်လို့ ကတိပေးပါတယ်၊

ဤမှန်သောသစ္စာစကားကြောင့် မဟူရာကျောက်ကို စောင့်ရှောက်နေကြသော အစောင့်အရှောက်များရှိပါက ကျွန်ုပ်အား အကူအညီပေးကြပါကုန်လော့"

ထိုကဲ့သို့ ရွတ်ဆိုတိုင်တည်လိုက်လေသည်။

ထိုအချိန်မှာ အခန်းတစ်ခုလုံး ထူးထူးခြားခြားတိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အမှောင်ထုကလည်း ပိုမိုနက်ရှိုင်းလာသည်ဟုထင်ရသည်။ အတန်ကြာတော့ နံရံပေါ်မှာ အရိပ်သဏ္ဍာန်အချို့ ထင်ဟပ်လာလေသည်။

ထိုအရိပ်သဏ္ဍာန်တို့မှာ ပုံပန်းသဏ္ဍာန်အမျိုးမျိုးရှိနေသောကြောင့် မည်သည့် ပုံသဏ္ဍာန်မျိုးဖြစ်သည်ကို မသိနိုင်ပဲရှိသသည်။

နံရံပေါ်မှာ ထင်ဟပ်နေသော ပုံသဏ္ဍာန်တို့က ငြိမ်သက်နေခြင်းမရှိပဲ တစ်နေရာမှတစ်နေရာ ပြေးလွှားလှုပ်ရှားနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ဒေါက်တာမင်းထင်ကျော်က ထူးခြားသော ပုံရိပ်သဏ္ဍာန်တို့ကို မျက်တောင်မခတ်ပဲ စိုက်ကြည့်နေသည်။

မဟာရာကျောက်အတွင်းမှ ဖြာထွက်လာသော အလင်းတန်းအချို့က အမှောင်ဖုံးနေသော နံရံပေါ်သို့ လာရောက်ထင်ဟပ်နေရာမှ ပုံရိပ်သဏ္ဍာန်အမျိုးမျိုး ပေါ်နေခြင်းဖြစ်သည်။

အတန်ကြာတော့ လှုပ်ရှားနေသော ပုံရိပ်များစုစည်းသွားပြီးနောက် သူ့ရှေ့နံရံပေါ်၌ လူတစ်ယောက်၏ ပုံပန်းသဏ္ဍာန်မျိုး ပေါ်လာတော့သည်။

ထိုပုံရိပ်က နံရံအတွင်းမှ အပြင်ထွက်လာပြီး သူနှင့်မနီးမဝေးမှာ လာရပ်သည်။

"သင် ဘာအလိုရှိပါသလဲ"

"မဂိုဘုရင်ရဲ့ နန်းစဉ်ရတနာတွေ မြှုပ်နှံထားတဲ့နေရာကို သွားလိုပါတယ်"

"ဒီရတနာတွေက ကျိန်စာသင့်နေတာဖြစ်လို့ ယူဖို့ကြိုးစည်တဲ့သူတိုင်း အန္တရာယ်ဆိုးနဲ့တွေ့ပြီး သေကြလိမ့်မယ်"

"ကျွန်ုပ်အတွက် မဟုတ်ပါဘူး၊ လောဘသားများက စေခိုင်းသည့်အတွက် ဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်၊ ကျွန်ုပ်တာဝန်က မဟာရာကျောက်ကို နတ်ဘုရားကျောင်းကို ပြန်ပို့ပေးနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါတယ်"

"ကောင်းပြီ ဒီလိုဖြစ်ပွင့် သင်လိုချင်သော နန်းစဉ်ရတနာများ လျှို့ဝှက်ထားသောနေရာသို့ ရောက်အောင်သွားနိုင်မည့်





မြေပုံကို ပြပါမည်၊ နံရံပေါ်သို့ကြည့်ပါလော့"

ဟုပြောပြီး သူ့ရှေ့မှာရပ်နေသော ပုံရိပ်သဏ္ဍာန်က တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က ရှေ့မှာမြင်နေသော နံရံပေါ်သို့ မျက်တောင်မခတ် စိုက်ကြည့်နေရာ အတန်ကြာတော့ ဆလိုက်ဖြင့် ထိုးပြသကဲ့သို့ နံရံပေါ်မှာ မြေပုံတစ်ခု ပေါ်လာလေသည်။

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှာအသင့်ချထားသော စာရွက်နှင့် ဖောင်တိန်ကိုယူပြီး ထိုမြေပုံကို အလျှင်အမြန်ကူးယူလေသည်။

ထိုမြေပုံတစ်နေရာမှာ ဂူပေါက်တစ်ခုပါဝင်ပြီး၊ ထိုဂူပေါက်အတွင်း၌ သက္ကတဘာသာဖြင့် ရေးထားသောစာလုံးအချို့ကိုတွေ့ရသဖြင့် ထိုစာလုံးများကို ကူးယူလိုက်သည်။

ထိုစာလုံးများမှာ ခုနစ်လုံးရှိပြီး နောက်ဆုံးနေရာမှာတော့အမှတ်အသားပြထားသော နေရာတစ်ခုတွေ့ရသည်။ အချို့နေရာများမှာ ကြက်ခြေခတ်ပြထားသော နေရာတို့ကိုလည်း တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်က နံရံပေါ်မှာ မြင်နေရသော အမှတ်အသားမှန်သမျှ တစ်ခုမကျန် ကူးယူလိုက်သည်။ ပြီးသည်နှင့် နံရံပေါ်မှာပေါ်နေသော မြင်ကွင်းက တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားရာ နံရံပေါ်မှာ အမှောင်ရိပ်များသာ ကျန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် စားပွဲပေါ်မှာ တင်ထားသော မဟူရာကျောက်မှ ဖြာထွက်နေသော အလင်းရောင်တို့မှာလည်း ဆီကုန်သွားသော မီးအိမ်ကဲ့သို့ မှေးမှိန်ပျောက်ကွယ်သွားလေတော့သည်။

ထို့နောက်မှာတော့ မဟူရာကျောက်ကို ပြန်သိမ်းထားလိုက်ပြီးနောက် မီးအိမ်တစ်လုံးကို ထွန်းလိုက်လေသည်။

မီးအိမ်မှအလင်းရောင်ဖြင့် သူကူးထားသော မြေပုံစာရွက်ကို အသေအချာကြည့်သည်။

အမှတ်အသားများကိုကြည့်သောအခါ ကူမာရစ္စတန်မြို့အနီးတစ်ဝိုက်မှ တောင်ကုန်းတောင်တန်းများကိုညွှန်းထားခြင်းဖြစ်ကြောင်းသိရသည်။

အမှတ်အသားပြထားသော နေရာတို့ကိုကြည့်သောအခါ ပက်(ရှ)ဝါမြို့မှ အရှေ့မြောက်စူးစူးဘက်မှာရှိသော ဂူပေါက်ဝတစ်ခုရှိရာသို့ ညွှန်ပြထားကြောင်းတွေ့ရသည်။

အမှတ်အသားပြထားသော ပုံသဏ္ဌာန်မှာ ကောင်းကင်ပေါ်မှာဖြစ်ပေါ်နေသော နက္ခတ်တာရာများ၏ အနေအထားမျိုးနှင့်တူကြောင်း သတိပြုမိလေသည်။

သက္ကတဘာသာဖြင့် ရေးထားသောစာလုံး(၇)လုံးတို့မှာ ခုနစ်စဉ်ကြယ်နှင့် ပုံသဏ္ဌာန်တူလေသည်။

ထို့ကြောင့် ထိုစာလုံးများကို သက္ကတဘာသာမှမြန်မာဘာသာသို့ ပြောင်းလဲရေးချလိုက်သည်။

ထိုအခါ အောက်ပါအတိုင်းတွေ့ရသည်။





(မ၊ စက်၊ ခတ်၊ လေ၊ သည်း၊ အူ၊ ကြွေ။ ။)ဟူသော စာခုနစ်လုံးပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်မှာ နက္ခတ်ပညာကို ကျွမ်းကျင်တတ်မြောက်ရုံသာမကပဲ ဝါသနာပါသည့်အလျောက် လေ့လာမှုလည်း များခဲ့လေသည်။

ထို့ကြောင့်ထိုစာလုံး ခုနစ်လုံးကိုတွေ့သည်နှင့် ခုနစ်စဉ်ကြယ်သင်္ကေတများဖြစ်မည်ကို တွက်ဆမိလေသည်။

"ဒီစာလုံးတွေက ခုနစ်စဉ်ကြယ်ရဲ့ သင်္ကေတတွေပဲ၊ ဒီသင်္ကေတတွေက ဂူတစ်ဂူရဲ့အတွင်းမှာ အစဉ်အတိုင်းရှိနေကြသိမ့်မယ်၊ ဒီအမှတ်အသားတွေမှာတော့ အန္တရာယ်ရှိတဲ့ အမှတ်အသားတွေလည်း ပါတယ်၊ မသိပဲနဲ့ဝင်ရင်တော့ အန္တရာယ်တွေနဲ့တွေ့ကြမှာ အမှန်ပဲ"

ဟုတွေးကာ မြေပုံပေါ်မှာပါသော နက္ခတ်တာရာများနှင့်ပတ်သက်သော အကြောင်းအရာများကို သေချာစွာ မှတ်သားထားလေသည်။

ခုနစ်စဉ်ကြယ်တန်းနှင့် ပတ်သက်သော မှတ်သားဖွယ်ရာတို့ကို အောက်၌ ဖော်ပြပေးလိုက်ပါသည်။

ရာသီပြီးစွာ တန်ဆောင်မာသအခါ သမယသည် နှိုဝင်ဘာလနှင့် တိုက်ဆိုင်ညီညွတ်လျက်ရှိပါသည်။

ထိုလ ထိုအခါသမယ၌ ကြတ္တိကာနက္ခတ်သည် လပြည့်ညဉ့်သန်းခေါင်ယံတွင် ငွေလစန္ဒာနှင့်ယှဉ်ပြိုင်ထွန်းလင်း မှန်သည့်စန်းယှဉ်ကာ ကျီးကန်းတာရာထွန်းပသောကြောင့်. .



www.burmeseclassic.com

www.burmeseclassic.com



"သရဒဗြိစ္ဆာ ပောမန်ဦး၊

ယုန်ရဟတ်နှင့် ဘုံကြတ္တိုင်ယ်၊

ကျီးရွှေအာနီ တည့်မွန်းစံချက်ထူး"

ဟူ၍ အမည်မသိ စာဆိုတစ်ဦးက စာပန်းချီရာသီဘွဲ့ ရေးခဲ့လေသည်။

နိုဝင်ဘာ(၁၅)ရက်၊ ည (၈း၀၀)နာရီ (၈း၃၀)နာရီခန့်တွင် ဦးခေါင်းတည့်တည့် (မွန်းတည့်) သို့ကြည့်ပါ။

လေးထောင့်ပုံ စတုဂံကြယ်(The Great Square) လေးလုံးကို တွေ့ရပါမည်။

ယင်းကြယ်လေးလုံးအနက် အနောက်ဘက်ကြယ်နှစ်လုံးကို ပြုဗ္ဗဘဒြပိုဒ်ဟုခေါ်ပြီး အရှေ့ဘက်ကြယ်နှစ်လုံးကို ဥတ္တရဘဒြပိုဒ်ဟုခေါ်ပါသည်။

ထိုစတုဂံကြယ်(၄)လုံးတွင် အရှေ့ဘက်အစွန်နှစ်လုံး (ဥတ္တရ ဘဒြပိုဒ်)ကြယ်နှစ်လုံး၏ အကွာအဝေးမြောက်ဘက်သို့ နှစ်ပြန်ခန့် လှမ်းကြည့်ပါသော် အင်္ဂလိပ်အက္ခရာအင်(မ)(M)နှင့် တူသည့် ဖျိုင်းတာရာကို တွေ့ရလေမည်။

ဖျိုင်းတာရာသည် မူဝံကြယ်၏ အထက်၌ရှိပါက အင်(မ)(M)အဖြစ်ရှိ၍ မူဝံကြယ်၏ အောက်၌ရောက်လျှင် ဒဗလျူ (W)ဖြစ်သွားသည်။

မူဝံကြယ်၏ အရှေ့ဘက်၌ရှိလျှင် ဒွေး(ဒ)ပုံရှိ၍ အနောက်ဘက်ရောက်သော် ငသတ်(ဌ)ပုံဖြစ်သွားတတ်သည်ကို သတိပြုမိလေသည်။





ဂုင်းသည် မြူးဝတွင် ငါးစောင့်နေသော ဖျိုင်းသတ္တဝါနှင့် တူ၍ ရှေးလူကြီးသူမများက 'ဖျိုင်းတာရာ'ဟု အမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ဖျိုင်းတာရာသည် ဩဂုတ်လတွင်ထွက်၍ မတ်လတွင် အနောက်ဘက်ဆီသို့ တရွေ့ရွေ့ဝင်၍ ပျောက်ကွယ်သွားတတ်သည်။

ဖျိုင်းတာရာမှ ယခင်အကွာအဝေးအတိုင်း မြောက်ဘက်ဆီသို့ နှစ်ပြန်ကြည့်ပါသော် မူဝံကြယ်ကို တွေ့ရမည်။

မူဝံကြယ်၏ အနောက်ဘက်အောက်နားတွင် ကောင်းကင်ဝင်ရိုးခေါ် မြောက်တည့်တည့်အရပ်ရှိသည်။

ထိုမျဉ်းဖြောင့်အတိုင်း မိုးကုတ်စက်ဝိုင်းလွန်အောင် ဆက်ခဲ့သော် ခုနစ်စဉ်ကြယ် ခါးနောက်ပိုင်းကို ဖြတ်သန်းသွားလိမ့်မည်။

မြန်မာတို့က ကြယ်ခုနစ်လုံးမြင်ရသောကြောင့် 'ခုနစ်စဉ်ကြယ်'ဟု ခေါ်ခဲ့ကြသည်။

အမေရိကန်ကမူ အရိုးကောက်ကောက်တတ်ထားသော ရေမှုတ်ကြီးနှင့်တူသဖြင့် 'ရေမှုတ်ကြီး'ဟု ခေါ်ခဲ့ကြသည်။

အိန္ဒိယတိုင်းရင်းသားတို့က 'ရသေ့ခုနစ်ဖော်'ဟု ခေါ်ခဲ့ကြသည်။

အင်္ဂလိပ်တို့ကတော့ ထယ်နှင့်တူသဖြင့် 'ထယ်ပုံကြယ်' ဟုခေါ်ခဲ့ကြသည်။

ပုစွန်တာရာ၊ ချိန်တာရာတို့နှင့် ပေါင်း၍ကြည့်သော်



www.burmeseclassic.com

www.burmeseclassic.com



ဝက်ဝံကြီးတစ်ကောင်နှင့်တူသဖြင့် 'ဝက်ဝံကြယ်'ဟူ၍လည်း အမည်ပေးခဲ့ကြပါသည်။

အရှေ့မြောက် မွန်းလပ်နီးပါးဆီသို့ မှန်းမျှော်ကြည့်ပါသော် ခုနစ်စဉ်ကြယ်တန်းကို အလွယ်တကူ လှမ်းမြင်နိုင်ပေလိမ့်မည်။

ခုနစ်စဉ်ကြယ်အား ရှေးမြန်မာတို့က မိကျောင်းတစ်ကောင်အသွင်မြင်ခဲ့ကြသောကြောင့် 'ကြယ်မိကျောင်း'ဟု ခေါ်ခဲ့ကြသည်။

ခုနစ်စဉ်(ကြယ်မိကျောင်း)တွင် ပါဝင်သည့် ကြယ်စုအောက်ပိုင်းကို ဦးခေါင်း၊ အထက်ပိုင်းကို အမြီးဟု ပိုင်းခြားသတ်မှတ်၍ အမည်အမျိုးမျိုးပေးခဲ့ကြရာ အနောက်ဘက်(ကြည့်သူဝဲဘက်) အထက်အောက်ကြယ်ခုနစ်လုံးမှာ ခေါင်းပိုင်းဖြစ်သည်။

အောက်ကြယ်ကို ကြာသပတေးဂြိုဟ်ဟုခေါ်၍. . အထက်လုံးကို အင်္ဂါဂြိုဟ်ဟု ခေါ်သည်။

ခေါင်း၏အရှေ့ဘက်(ကြည့်သူ၏ညာဘက်)ရှိ အထက်အောက်ကြယ်ခုနစ်လုံးအနက် အထက်လုံး စနေ၊ အောက်လုံး ဗုဒ္ဓဟူးကြယ်ဖြစ်ပါသည်။

ထိုမှအရှေ့ဘက်ဆီသို့ ဆက်၍ကြည့်ပါသော် အလယ်ဟိုက်နေသောကြယ်သုံးလုံးကို တစ်ဆက်တည်းတွေ့ရပေသည်။

ယင်းမှာ ခုနစ်စဉ်ကြယ်အမြီးတည်း။

အမြီးရင်း သောကြာ၊ အလယ် တနင်္ဂနွေ၊ အမြီးဖျား တနင်္လာကြယ်တို့ဖြစ်ပါသည်။





ခုနစ်စဉ်ကြယ်အား သာမန်မျက်စိအမြင်ဖြင့် ကြည့်၍ ကြယ်ခုနစ်လုံးမြင်သောကြောင့် 'ခုနစ်စဉ်ကြယ်'ဟု ဆိုခဲ့ကြသော်လည်း အမြီးတန်းရှိအလယ်ကြယ် (တနင်္ဂနွေကြယ်)အနီးတွင် ကြယ်မှိန်တစ်လုံး ပူးတွဲတည်ရှိပြီး ကြယ်နှစ်လုံးဖြစ်ကာ တစ်လုံးနှင့်တစ်လုံး ပတ်ချာလှည့်နေသည်ကို မျက်စိအမြင်အားကောင်းကြသူတို့သာ မြင်တွေ့နိုင်ပေသည်။

ခုနစ်စဉ်ကြယ်တွင် ကြယ်ရှစ်လုံးမြင်ခဲ့ကြသူတို့က. .

"ခုနစ်စဉ်နှင့် ရှစ်စဉ်ကြယ်ကောင်း၊ ကြယ်မိကျောင်း၊ ခေါင်းကားဦးဆောက်၊ မြင်းမိုရ်အောက်သို့ ရောက်လေပြီ"

ဟု စာပန်းချီသီကာကုံးခဲ့ကြသည်။

ခုနစ်စဉ်ကြယ်တွင် ပါဝင်သော ကြယ်ခုနစ်လုံးတို့ နှံသင့်အက္ခရာလင်္ကာတို့များဖြင့် ဖွဲ့ဆိုကြရာ တစ်ကျောင်းတစ်ဝါထား၊ တစ်ရွာတစ်ပုဒ်ဆန်းအဖြစ် အောက်ပါအတိုင်း တွေ့ရပေသည်။

၁။ မ၊ စက်၊ တတ်၊ လေ၊
သည်၊ အူ၊ ကြွေ၊
ရေလေအစ ဦးခေါင်းက၊
၂။ ပင်၊ စည်၊ ဒ၊ လ၊
သဲ၊ ဦး၊ ခ၊
၃။ ပ၊ ညာ၊ နည်း၊ လှ၊
သူ၊ အောက်၊ ကျ၊
၄။ ပု၊ ဆိန်၊ တူ၊ ရှင်း၊
သံ၊ အိုး၊ ခင်း၊



www.burmeseclassic.com

www.burmeseclassic.com



၅။ မည်၊ စမ်း၊ တော့၊ လေး၊
သံ၊ အာ၊ ကြေး၊

၆။ မန်း၊ စက်၊ တော်၊ ရာ၊
သွား၊ အာ၊ ခါ။

အထက်ပါ ခုနစ်စဉ်ကြယ်သံပေါက် လက်ာအား နံသင့်အက္ခရာများ နားလည်နိုင်ရန်အတွက် အောက်ပါနံသင့်သချာကောက်ယူနည်းကို လေ့လာထားနိုင်ပါသည်။

- က၊ ခ၊ ဂ၊ ဃ၊ င - တနင်္လာနံ (၂) ၅ လုံး
- စ၊ ဆ၊ ဇ၊ ဈ၊ ည - အင်္ဂါနံ (၃) ၅ လုံး
- ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ -
  တ၊ ထ၊ ဒ၊ ဓ၊ န - စနေနံ (၇) ၁၀ လုံး
- ပ၊ ဖ၊ ဗ၊ ဘ၊ မ - ကြာသပတေးနံ (၅) ၅ လုံး
- လ၊ ဝ - ဗုဒ္ဓဟူးနံ (၄) ၂ လုံး
- သ၊ ဟ - သောကြာနံ (၆) ၂ လုံး
- အ - တနင်္ဂနွေနံ (၁) ၁ လုံး
- ယ၊ ရ - ရာဟုနံ (၈) ၂ လုံး

ခုနစ်စဉ်ကြယ်၏ ဦးခေါင်းဖြစ်သော အင်္ဂါနှင့် ကြာသပတေးကြယ်ကို စိတ်ကူးဖြင့် မှန်းဆ၍ မျဉ်းဆက်ဆွဲပါက ပထမဆုံးထိတွေ့သည့် ကြယ်ပြောင်မှာ ဓူဝံကြယ်ဖြစ်သည်။

ဓူဝံကြယ်အပါအဝင် ကြယ်ခုနစ်လုံးကို ကြေးမုံတာရာဟုခေါ်သည်။

ပုံရိပ်ထင်ရန် ကြေးပြားအား ပြောင်ချောနေအောင်





ပွတ်တိုက်ပြီး လက်ကိုင်ရိုးထပ်ကာ ကြည့်မှန်အဖြစ် အသုံးပြုသော သတ္တုပြားကို ကြေးမုံဟု ရှေးကခေါ်သည်။

ခုနစ်စဉ်ကြယ်နှင့် လုံးရေသဏ္ဌာန် တူညီသည်ကို သတိပြုရပါမည်။

ထိုသို့တူညီသောကြောင့်လည်း အမေရိကန်တို့က ကြေးမုံတာရာကို ရေမှုတ်ကလေးဟု အမည်ပေးခဲ့ကြသည်။

ထိုကြယ်စု ခုနစ်ခုလုံးမှာ ရှေးကကြည့်မှန်အဖြစ်အသုံးပြုခဲ့သော ကြေးမုံနှင့်တူခြင်းကြောင့် ကြေးမုံတာရာဟုခေါ်ခြင်းဖြစ်သည်။

ကြေးမုံလက်ကိုင်ရိုးတန်၏ နောက်ပိတ် ခွေးအစွန်းသည် ဓူဝံကြယ်ဖြစ်သည်။

ကြေးမုံရိုးတွင် ကြယ်သုံးလုံးရှိ၍ ကြေးမုံခွက်မျက်နှာပြင်ကြယ်လေးလုံးမှာ မိုးကုတ်စက်ဝိုင်းနှင့် ထိစပ်နေပြီး မြေကြီးနှင့်နီးသောကြောင့် မြေခိုးမြေငွေ့မှုတ်သဖြင့် မှုန်ဝါးဝါးရှိပြီး ပီပီပြင်ပြင်မမြင်ရချေ။

ဓူဝံကြယ်နှင့် ဗျိုင်းတာရာတို့၏ အလယ်လောက်မှ အနောက်ဘက်ဆီသို့ အနည်းငယ်ရွှေ့၍ ကြည့်ပြန်သော 'တင်းတာရာ'ကို တွေ့ရပေမည်။

အရှေ့စွန်းနှင့် အနောက်စွန်းအဖျား ကော့နေသည့် ထိုကြယ်မှုန်တန်းကို မြန်မာတို့က 'နဂါးငွေ့တန်း'ဟု ခေါ်၍ အင်္ဂလိပ်တို့က 'နို့ရည်လမ်း' ဟုအမည်ပေးထားသည်။

တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ဤသုံး



www.burmeseclassic.com

www.burmeseclassic.com



လတွင် နဂါးငွေ့တန်းသည် အရှေ့ဘက်သို့ ဦးခေါင်းလှည့်သည် ဖြစ်ရာ မြန်မာ့ရှေးရိုးဘိုးဘွားများက 'တော်၊ ကျွတ်၊ မုန်း၊ ရှေ့' ဟူ၍ နဂါးလှည့်ဆောင်ပုဒ် ပြုလုပ်မှတ်သားခဲ့ကြသည်။

အနောက်ဘက်ဆီသို့ မျှော်ကြည့်ပါသော် အနောက်မြောက်ယွန်းယွန်း မိုးကုတ်စက်ဝိုင်းနှင့် ထိပ်တည့်တည့် အလယ်နီးပါးနဂါးငွေ့တန်း နှစ်တန်းပေါင်းဆုံရာတွင် 'ဆင်တာရာ' ရှိသည်။

ထိုကြယ်စုကို မြန်မာတို့က ဆင်ရုပ်အသွင်မြင်၍ ဆင်တာရာဟု ခေါ်ခဲ့ကြသော်လည်း အနောက်တိုင်းသားနက္ခတ်ပညာရှင်များကမူ ပျံနေသော ငန်းငှက်ကြီးသဖွယ် မြင်ခဲ့ကြသည်။ ထို့ကြောင့် ထိုကြယ်စုကို 'ငန်းတာရာ'ဟု ခေါ်ခဲ့ကြသည်။

အချို့သော အနောက်တိုင်းပညာရှင်များက ဆင်တာရာကို ကြက်ခြေ(သို့မဟုတ်) လက်ဝါးကပ်တိုင်နှင့်တူသည်ဆိုကာ မြောက်မျက်နှာကြက်ခြေဟု အမည်နာမ ခေါ်တွင်ခဲ့ကြသည်။

ဆင်တာရာ အောက်ဆုံးကြယ်၏ မြောက်ဘက်အောက်နားတွင် "စိုင်တာရာ" ရှိသည်။

ရောဟိတသဒ္ဒါသည် 'စိုင်'ဟုအဓိပ္ပါယ်ရသောကြောင့် မြန်မာတို့က ရောဟိတတာရာကို စိုင်တာရာဟု မြန်မာပြန်ဆိုကြသည်။

စိုင်တာရာသည် အရောင်တောက်ပသော ကြယ်ပြောင်ကြီးဖြစ်သဖြင့် 'စိုင်ရှူးကြယ်'ဟုလည်း ခေါ်ခဲ့ကြသည်။

စိုင်တာရာ၏ မြောက်ဘက်တွင်ကား အလွှတ်တာရာ





ဖြစ်သည့် ကြယ်လေးလုံးပါသော 'တင်းတာရာ'ကို တွေ့နိုင်သည်။

ဆန်စပါး၊ ပဲ၊ ပြောင်း ခြင်တွယ်သော တင်းတောင်းကို ပါဠိလို မာနိကာ(မဃ္ဃဏီကာ)ဟု ခေါ်ပေသည်။

မာနိကာ တာရာကို မြန်မာတို့က 'တင်းတာရာ'ဟု မြန်မာမှု ပြုခဲ့ကြသည်။

ရှေးမြန်မာဘိုးဘွားများက ထိုတာရာကို ပဲပြောင်း စပါး စသည့် သီးနှံခြင်တွယ်သော တင်းတောင်းနှင့်တူသည်ဟု မြင်ခဲ့ကြသောကြောင့် 'တင်းတာရာ'ဟု အမည်ပေးခဲ့ခြင်း ဖြစ်ပေသည်။

စိုင်တာရာ တောင်ဘက်ဆီသို့ ကြည့်ပါသော် နဂါးငွေ့တန်းလမ်းကြောင်း တစ်နေရာ၌ ကြယ်ပြောင်တစ်လုံးကို ကြယ်မှိန်နှစ်လုံးရံကာ ကြယ်သုံးလုံးတန်းနေသည့် အနောက်တိုင်းသားတို့က လင်းယုန်ငှက်ဟု ခေါ်သော 'သရဝဏ်နက္ခတ်'ကို တွေ့ရသည်။

သရဝဏ်ကို ရှေးမြန်မာတို့က မြောက်ဘက်ရှိ စိုင်ကြီးကို ပစ်ခတ်မည့်မြားသဖွယ် မြင်ခဲ့ကြသည်။

သို့အတွက် ရှင်ဥတ္တမကျော်၏တောလားကြီးလင်္ကာတွင် . . .

"သရဝဏ်ဝယ်၊
စိန်ချွန်းစဉ်းသွား၊
စိုင်ပစ်မြား" . . .
ဟု ဖွဲ့ဆိုခဲ့ခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တင်းတာရာအတွင်း၌ ကြယ်မှုန်ကြယ်မွှားများကို မြင်နိုင်ပေသည်။

ယင်းကြယ်မှုန်မွှားများကို မြန်မာတို့က 'ကြွက်ကြယ်'ဟု အမည်ပေးထားသည်။

တင်းတောင်းအတွင်း စပါးပြည့်လျှင် ကြွယ်ကြယ်စုသည် တင်းနှုတ်ခမ်းတွင်ရှိ၍ စပါးအနည်းငယ်ရှိလျှင် တင်းတောင်းအတွင်း အောက်ခြေတွင် ရှိနေတတ်သည်။

ကြွယ်ကြယ်အနေအထားကို ထောက်ဆလျက် ဆန်ရေစပါး ပေါ်များမှုနှင့် ရှားပါးမှုတို့ကို မြန်မာတို့က ခန့်မှန်းခဲ့ကြသည်။

ကြွယ်ကြယ်တင်းတောင်း နှုတ်ခမ်းတွင်ရှိပါက ဆန်ရေစပါးပေါ်များမည်။

ငှင်းကြယ်သည် တင်းတောင်းအတွင်း အောက်ခြေတွင်ရှိသော် ဆန်ရေစပါး ရှားပါးမည်ဟု ခန့်မှန်းကြသည်။

ကြွက်၊ စိုင်၊ မြား၊ တင်း တာရာတို့နှင့် ပတ်သက်၍...

"တင်းတောင်းအတွင်းက စပါးကို ကြွက်စားသည်ကိုအားကျလျက် စိုင်ကလည်း စားလိုသည်၊ ထို့ကြောင့် မြားနှင့်ပစ်ရသည်"

ဟုကြယ်ပုံပြင်ပြောလျက် နက္ခတ်တာရာများ သင်ယူမှတ်သားခဲ့ကြသည်။

သရဝဏ်၏ တောင်ဘက်ရှိ ကျင်တွယ်ပုံ ကြယ်မှိန်ကား မကာရရာသီကြယ်စုဖြစ်ပြီး သရဝဏ်အထက်ရှိ နန္ဒင်းတောင်းပုံကြယ်စုမှာ ဓနသိဋ္ဌိအထက်၌ သော်သတဘိသျှကြယ်စုမှိန်မှိန်ရှိသည်။





အရှေ့မိုးကောင်းကင်တွင် လိပ်ကြယ်စုနှင့် အရှေ့မြောက်မွန်းလပ်ရောက်လုနီး၌ 'ဟသ်ာတာရာ'ရှိပြီး၊ အရှေ့မြောက်မွန်းလပ်ခန့်တွင်ကား 'ကျီးတာရာ' ရှိပါသည်။

မွန်းတည့်ရပ်တွင် အသဝနီနှင့် ရေဝတီနက္ခတ်ရှိပြီး ထိုမှအောက် အရှေ့တောင်မွန်းလပ်၌ တိမိင်္ဂလငါးရှိ၍၊ အနောက်မွန်းလပ်၌မူ ဒက္ခိဏငါးပါးဟက်ရှိပေသည်။

ဒေါက်တာမင်းထင်ကျော်က မြေပုံပေါ်မှ အရေးကြီးသာအချက်အလက်တို့ကို သင်္ကေတအမှတ်အသားများဖြင့် အသေအချာ မှတ်သားထားလိုက်သည်။

ထိုသင်္ကေတများမှာ သူတစ်ယောက်တည်းသာ နားလည်နိုင်သော အမှတ်အသားမျိုးဖြစ်သည်။ ကိစ္စအားလုံး ပြီးသာအခါမှ မဟူရာကျောက်ကိုပါ တစ်ပါတည်းယူဆောင်၍ ဘပ်(စ)ပါနှင့် စူလတန်စော်ဘွားတို့စောင့်နေသော အဆောင်ရှိရာဘက်သို့ ထွက်လာလေတော့သည်။

အပြင်ဘက်မှာတော့ အမှောင်ထုများဖုံးလွှမ်းလျက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

## မထမတွေ့ရသောအတားအဆီး

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ ခရီးစထွက်ရန် ပြင်ဆင်ကြလေသည်။ စူလတန်စော်ဘွားက ၎င်းတို့ခရီးထွက်ရန်အတွက် လိုအပ်သောပစ္စည်းတို့ကို လိုလေသေးမရှိအောင် ဆောင်ရွက်စီမံ ပေးလေသည်။ ဒေါက်တာမင်းထင်ကျော်၊ ဟယ်သင်နှင့် လီမက်တို့သုံးယောက်အပြင် ကပ်(စ)ပါဦးဆောင်သောအဖွဲ့မှ လူ(၁၃)ယောက်ခန့် လိုက်ပါကြသည်။

ထိုအထဲတွင် စော်ဘွားလူယုံတော် အဘီဒူလာဆိုသူပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီး တပ်(စ)ပါနှင့်အတူ သူတို့ကိုဒုက္ခပေးသွားသော ချန္ဒရာကိုပါ ပြန်တွေ့ရသဖြင့် လီမက်မှာ မကျေမနပ်နိုင်အောင်ဖြစ်ကာ အံတကြိတ်ကြိတ်ဖြစ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ အန္တရာယ်များလှသော ခရီးမျိုးဖြစ်သောကြောင့် ဟယ်လင်ကိုထားခဲ့လိုသော်လည်း သူမအနေဖြင့် တစ်ယောက်တည်း မနေခဲ့လိုသောကြောင့် တစ်ပါတည်း ခေါ်ခဲ့ရခြင်းဖြစ်သည်။

၄င်းတို့နှင့်အတူ ယူဆောင်သွားသော ပစ္စည်းကိရိယာတို့မှာ သံလိုက်အိမ်မြှောင်၊ ဘက်ထရီသုံးမီးအိမ်၊ လက်နှိပ်မီးကြိုးခွေများ၊ ပေါက်ပြား၊ တူရွင်း၊ ပေါက်ချွန်း၊ ဓား၊ လှံ၊ သေနတ်နှင့် ကျည်ဆံများ၊ ရေဘူးနှင့် စားသောက်စရာထည့်ထားသော ပုံးများ၊ ထိခိုက်ဒဏ်ရာရပါက အသုံးပြုနိုင်သည့် ဆေးဝါးကိရိယာများ အများအသုံးအဆောင်အချို့တို့ပင် ဖြစ်သည်။

ခရီးထွက်သောအခါ ကုလားအုတ်များကို အသုံးပြုပြီး လူများလည်းစီး၊ ပစ္စည်းများကို တင်ဆောင်ရာမှာ အသုံးပြုကြလေသည်။ အားလုံးအဆင်သင့် ပြင်ဆင်ပြီးသောအခါ မြေပုံအညွှန်းထဲမှာပါသော လမ်းညွှန်အတိုင်း မြောက်စူးစူးဘက်၌ရှိသော ကျောက်တောင်များရှိရာဘက်သို့ ဦးတည်သွားကြလေသည်။

နံနက်ပိုင်းအချိန်သာ ရှိသေးသောကြောင့် ပတ်ဝန်းကျင်မှာ မြူနှင်းများဝေ့ဆိုင်းလျက် ရှိနေသည်။ ဒေါက်တာမင်းထင်ကျော်က ဟယ်လင်နှင့်အတူ ရှေ့ဆုံးမှသွားပြီး၊ ၄င်းနှင့်အ





ဘေးမှာ လမ်းပြပေးနိုင်သောသူ စီးလာသောကုလားအုတ်နှင့် အခြားတစ်ဖက်မှာတော့ ကပ်(စ)ပါလိုက်လာသော ကုလားအုတ်က ရှိနေသည်။

နောက်ဘက်မှာတော့ အဘိဒ္ဒလာစီးသော ကုလားအုတ်ရှိနေပြီး သူ့နောက်တွင်အခြားသူများ စီးလာသောကုလားအုတ်များက အစဉ်အတိုင်း လိုက်လာကြသည်။

အအေးဓာတ်များရှိနေသောကြောင့် အတော်များများမှာ ဦးခေါင်းပေါ်မှာ ဖောင်းထုပ်များဆောင်းထားပြီး တစ်ကိုယ်လုံးဝတ်ရုံရှည်များဖြင့် သိုင်းပတ်ထားကြလေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ သက္ကလတ်ဦးထုပ်ကို ခပ်စိုက်စိုက်ဆောင်းထားပြီး ဘောင်းဘီရှည်နှင့် သားရေဂျာကင်တို့ကို ဝတ်ထားသည်။

သူ့ရင်ခွင်ထဲမှာလိုက်လာသော ဟယ်လင်ကတော့ အဖြူရောင်ဝတ်ရုံရှည်ကြီးကို တစ်ကိုယ်လုံးပတ်ထားရုံမက ဦးခေါင်းပေါ်မှာပါ ခြုံထားသောကြောင့် ခေါင်းမြီးခြုံ မဂိုကုလားမလေးနှင့် တူနေတော့သည်။

"မောင် ကျွန်မတို့ သူတို့ရဲ့လက်က လွတ်နိုင်ပါမလားဟင်"

"အချိန်တန်တော့လည်း လွတ်မြောက်အောင် ကြိုးစားကြရမှာပေါ့၊ ကံကောင်းထောက်မလို့ သေတွင်းထဲကတောင် လွတ်လာမှတော့ ပူစရာမရှိတော့ပါဘူး ဟယ်လင်ရဲ့"

"ကျွန်မတော့ မောင် တစ်စုံတစ်ခုဖြစ်သွားမှာကို စိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုးရိမ်မိတာလဲ၊ ဒီလိုနေရာမျိုးမှာ မောင်သာမရှိတော့ရင် ကျွန်မ ဘာတာတော့ မတွေးဝံ့စရာပါပဲ"

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ ဟယ်လင်ရယ်၊ စိတ်ထဲက အဲသည်လို ကြိုတွေးနေတော့ စိတ်ထဲမှာ တစ်ဝက်လေးနေတောပေါ့၊ အခုတောင်မှ ခက်ခဲတဲ့အရာတစ်ခု ရလာခဲ့ပြီ မဟုတ်လားဟင်"

"ဘာလဲဟင်"

ကပ်စပါဆီက အမွေလွှဲတဲ့စာချုပ်စာတမ်းတွေ ရလာခဲ့ပြီ မဟုတ်လား၊ ဒီလိုရလာတာ ရည်ရွယ်ချက်တစ်ဝက် အောင်မြင်တယ်လို့ ပြောနိုင်ပါတယ်၊ မဟူရာကျောက်ကို မူလနတ်ဘုရားကျောင်းကို ပြန်ပို့ပေးပြီးရင်တော့ ဝတ္တရားတွေ ပြီးသွားမှာပါ"

"လွယ်ပါမလားဟင်"

"လောကမှာ လိုချင်တဲ့အရာမှန်သမျှတွေထဲမှာ 'ဒုက္ခ'ကလွဲပြီး ကျန်တာတွေက ဘာမှလွယ်လွယ် ရတယ်မရှိပါဘူး၊ လွယ်လွယ်ရတာမှန်သမျှလည်း တန်ဖိုးမရှိပါဘူး၊ ဒီတော့ ဘာပဲဖြစ်ဖြစ် ကိုယ်လိုချင်တာရှိနေရင်တော့ ဒီလိုပဲကြိုးစားယူရမှာပဲ"

ဟုပြန်ပြောလေသည်။

ထိုကဲ့သို့ ခရီးဆက်ခဲ့ကြရာ မွန်းတည့်ချိန်လောက်တွင် တောအုပ်များရှိသော နေရာတစ်ခုသို့ ရောက်သွားကြသည်၊ ထိုတောအုပ်ရောက်သောအခါ ခေတ္တစခန်းချပြီး အနားယူရင်း စားသောက်ကြသည်၊ နေ့လယ်ဘက်တွင် နေပူရှိန်မြင့်လာသော





ကြောင့် ခရီးဆက်၍မရတော့သဖြင့် သစ်ပင်ရိပ်များအောက်မှာ တစ်ရေးတစ်မောအိပ်ကြလေသည်။

ညနေပိုင်းနေဝင်ပြီး အေးသွားသောအချိန်ရောက်မှ ခရီးဆက်ကြရာ သန်းခေါင်ယံအချိန်လောက်တွင် သဲကန္တာရတစ်ခုကို ဖြတ်ကျော်သွားခဲ့ပြီး ကူမာရစ္စတန်မြို့၏မြောက်ဘက်ဒေသရှိသော ကျောက်တောင်တန်းကြီးတစ်ခုရှိရာသို့ ရောက်သွားကြလေသည်၊

ထိုနေရာသည် မြေပုံပေါ်တွင် ပထမဆုံးအမှတ်အသားတွေ့ရသောနေရာပင်ဖြစ်သည်။

ထိုနေရာရောက်တော့ သင့်တော်သောနေရာများရွေးပြီး နားကြရပြန်လေသည်။

တကယ်တော့ သူတို့ရောက်နေသောနေရာမှာ ကူမာရစ္စတန်မြို့နှင့် သိပ်ဝေးသောနေရာတော့ မဟုတ်သေးပေ။ တောင်ကုန်းတစ်ခုပေါ်မှ တက်ကြည့်ပါက မြို့ရှိသောနေရာဘက်မှ မီးရောင်များကို လှမ်းမြင်ရသေးသည်။

သေနတ်ကိုင်ထားသော ကင်းသမားနှစ်ယောက်က အလှည့်ကျကင်းစောင့်ပေးသဖြင့် စိတ်ချလက်ချ အိပ်ကြရပေရာ နံနက်ပိုင်းအချိန်ရောက်တော့ လန်းလန်းဆန်းဆန်း ပြန်နိုးလာကြလေသည်။

နံနက်ပိုင်းအချိန် ကိုယ်လက်သန့်စင်ကြီးနောက် အစားအသောက်များ စားသောက်နေကြစဉ်မှာပင် ကပ်(စ)ပါက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာရောက်ပြီဆိုတော့ ဘယ်လိုခရီးဆက်မလဲ"

"အမှတ်နှစ် အမှတ်အသားပြထားတဲ့ ဂူပေါက်ကြီးတစ်ပေါက်ကိုရှာရမယ်၊ မြောက်ဘက်ကို ဂူပေါက်ဝလှည့်ထားတယ်"

ထိုစကားကြားသောအခါ အဘီဒူလာကဝင်ပြောသည်။

"အခုရောက်နေတဲ့နေရာက အရှေ့ဘက်ကို တစ်မိုင်ကျော်လောက်သွားရင် အဲဒီမှာ အတော်ကြီးတဲ့ ကျောက်ဂူပေါက်ကြီးတစ်ပေါက်ရှိတယ်၊ ကျုပ်တစ်ခါရောက်သွားလို့ အထဲကို ဝင်ကြည့်ဖူးတယ်"

"အတွင်းမှာ ဘာတွေရှိသလဲ"

"ဂူပေါက်တွေတော့ အများကြီးတွေ့ခဲ့ရတယ်၊ ဘယ်ဂူပေါက်ထဲ ဝင်ရမှန်းလည်းမသိ၊ အတွင်းမှာ ဘာတွေရှိမှန်းမသိတာနဲ့ ပြန်ထွက်ခဲ့ကြတယ်၊ တစ်ခုတော့ သတိပြုမိခဲ့တယ်"

"ဘာများလဲ"

"ဂူပေါက်ဝနဲ့ မနီးမဝေးနေရာမှာတော့ လူအရိုးစုတွေနဲ့ ကုလားအုတ်အရိုးတွေပါ တွေ့ခဲ့ရတယ်"

အဘီဒူလာပြောသော စကားထဲမှာ ထိုအကြောင်းအရာက စိတ်ဝင်စားဖို့ကောင်းလေသည်။

တစ်နေရာမှာ လူအရိုးတွေ့ရလျှင် မဆန်းပေ။ ထို့အတူ အခြားတစ်နေရာမှာ တိရိစ္ဆာန်တစ်ကောင်ကောင်၏ အရိုးတွေ့ရလျှင်လည်း သိပ်မဆန်းပေ။

တစ်နေရာတည်းမှာ လူအရိုးရော တိရိစ္ဆာန်အရိုးတို့ပါ စုပုံနေလျှင်တော့ သာမန်အကြောင်းအရာမျိုး မဟုတ်နိုင်တော့



---



ပေ။ ဒေါက်တာမင်းထင်ကျော်က ထိုအကြောင်းကို စိတ်ထဲမှာ အသေအချာမှတ်ထားလိုက်သည်၊

နံနက်ပိုင်းစားသောက်ပြီးသောအခါ မြေပုံအညွှန်းမှာပါသည့်အတိုင်း အရှေ့ဘက်သို့ ဦးတည်ပြီး သွားကြလေသည်။ တစ်မိုင်ကျော် နှစ်မိုင်နီးပါးရောက်သောအခါ မြင့်မားသော ကျောက်တောင် တောင်နံရံများရှိသောနေရာသို့ ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့မှ အခက်အခဲကြုံတွေ့ရလေတော့သည်။ အဘယ်ကြောင့်ဆိုသော် မြင့်မားသော ကျောက်တောင်နံရံကြီးတစ်လျှောက်တွင် ဂူပေါက်ဝများစွာတို့ဖြင့် ပြည့်နေသောကြောင့် ဖြစ်တော့သည်။

ဒေါက်တာမင်းထင်ကျော်က မြောက်မြားစွာသော ဂူပေါက်ဝတို့ကိုကြည့်ပြီး စိတ်ထဲမှာ ခုနစ်စဉ်ကြယ်လင်္ကာကို ပြန်လည်ရွတ်ဆိုကြည့်လေသည်။

"မ၊ စက်၊ တတ်၊ လေ၊ သည်း၊ အူ၊ ကြွေ"

"မ၊ စက်၊ တတ်၊ လေ၊ သည်း၊ အူ၊ ကြွေ"

အညွှန်းပြထားသော ဂူပေါက်ဝမှာ ခုနစ်စင်ကြယ်တန်း၏ အလယ်နေရာမှာဖြစ်ပေသည်။

သို့သော်လည်း မြင့်မားသော ကျောက်တောင်နံရံကြီးပေါ်မှာ ရာပေါင်းများစွာသော ဂူပေါက်ဝများ ရှိနေကြသောကြောင့် မည်သည့်ဂူပေါက်ဝက 'ခုနစ်စဉ်ကြယ်ဂူပေါက်'ဖြစ်မည်ကိုတော့ သိနိုင်ရန် မလွယ်ကူပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် တွေးနေပြီးမှ မှန်ပြောင်းတစ်လက်သာယူဆောင်ပြီး ထိုကျော်နံရံကြီးနှင့် မျှတ်နှာချင်းဆိုင်မှာရှိသော ကျောက်တောင်တစ်ခုပေါ်သို့ တက်သွားလေသည်။

ကျောက်တောင်ရှိရာသို့သွားပြီး တောင်ထိပ်ပေါ် ရောက်အောင် တက်ရသောအလုပ်ကလည်း ခက်ခဲလှသည်။

ကျောက်တောင်ပေါ် ရောက်သွားတော့မှ နံရံရှိရာဘက်သို့ မှန်ပြောင်းဖြင့် ပြန်ကြည့်သည်။

နီးနေတုန်းက မမြင်ရသောဂူပေါက်များမှာ အတော်ဝေးဝေးနေရာမှ မှန်ပြောင်းဖြင့် ကြည့်သောအခါမှ ထင်ထင်ရှားရှား မြင်ရလေတော့သည်။

အခြားတော့ မဟုတ်ပါချေ။

ခုနစ်စဉ်ကြယ်ပုံသဏ္ဌာန်ဖြစ်နေသော ဂူပေါက်ဝများကို အစဉ်အတိုင်း တွေ့မြင်ရခြင်းဖြစ်သည်။

"ဟုတ်ပြီ ခုနစ်စဉ်ကြယ် ဂူပေါက်ဝကိုတွေ့ရပြီဆိုတော့ ဦးခေါင်းပိုင်းမှာရှိတဲ့ ဂူပေါက်ဝထဲကို ဝင်ရမယ်"

ဟုအသေအချာမှတ်ထားခဲ့ပြီးနောက် အောက်သို့ ပြန်ဆင်းလာလေသည်။

အမှတ်အသားပြုထားသော ဂူပေါက်ဝမှာသူတို့ရောက်နေသောနေရာ၏ လက်ဝဲဘက်နေရာ၌ရှိသည်။

"အခြေအနေထူးပြီလား"

"ဟိုဘက်မှာရှိတဲ့ ဂူပေါက်ထဲကို ဝင်ရမယ်"





ဟုပြောပြီး ထိုနေရာဘက်သို့ လျှောက်လာရာ အားလုံးပစ္စည်းများကိုပါ တစ်ပါတည်းယူပြီး နောက်မှလိုက်လာကြသည်။

"ဒီဂူထဲမှာ မဂိုဘုရင်ရဲ့ နန်းစဉ်ရတနာတွေရှိနိုင်တယ်၊ တစ်ခုတော့ရှိတယ် ဒီဂူထဲကိုဝင်တဲ့အခါ အန္တရာယ်တွေနဲ့ တွေ့ရနိုင်တယ်၊ ဒါကြောင့်လက်နက်တွေကို အဆင်သင့်ပြင်ထားပါ"

ထိုစကားကြောင့် လှုပ်လှုပ်ရွရွဖြစ်သွားကြသည်၊

ဒေါက်တာမင်းထင်ကျော်က ကပ်စပါအနီးသို့သွားပြီး ပြောလိုက်သည်။

"ခင်ဗျားတို့လိုချင်တဲ့ ရတနာတွေ မကြာခင်တွေ့ရတော့မှာပဲ၊ ကျုပ်ကို မဟူရာကျောက် ပြန်ပေးထားပါ"

"ဘာအတွက်လဲ"

"ဒီကျောက်ထဲမှာ လမ်းညွှန်မြေပုံပါတယ်၊ ဒီဂူထဲမှာ လမ်းညွှန်မြေပုံမပါဘဲသွားရင် အန္တရာယ်နဲ့တွေ့နိုင်တယ်၊ ရတနာတွေရှိတဲ့ဆီလည်း တော်တော်နဲ့ရောက်မှာ မဟုတ်ဘူး"

ဟုပြောတော့မှ ကပ်(စ)ပါက အိတ်ထဲမှာထည့်ယူလာသော မဟူရာကျောက်ကို ထုတ်ပေးလေသည်။

ထိုနောက်မှာတော့ ကုလားအုတ်များကို သင့်တော်သော နေရာ၌ထားခဲ့ပြီး ဂူအတွင်းသို့ ဝင်ကြလေသည်။ နှစ်ယောက်က ကုလားအုတ်များကို ကြည့်ရှုရန်ကျန်ခဲ့သောကြောင့် ဂူထဲဝင်သောအခါ (၁၄)ယောက်သာ ရှိတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့က (၃)ယောက်ဖြစ်ပြီး ကပ်(စ)ပါတို့လူစုက (၁၁)ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူမှာအတော်ကျယ်ဝန်းပြီး အတွင်းဘက်မှာလည်း ဂူပေါက်အချို့ ရှိလေသည်။

သို့သော်လည်း ဒေါက်တာမင်းထင်ကျော်က မြေပုံအညွှန်းကိုကြည့်ပြီး သွားလေရာ အတွင်းပိုင်းသို့ရောက်လာသည်။ ထိုအခါ အသင့်ပါလာသော မီးတုတ်များကို မီးထွန်းပြီး သွားကြရသည်။ တစ်နေရာရောက်တော့ သူတို့ဝင်ရမည့် ဂူပေါက်ဝသို့ ရောက်သွားလေသည်။

သို့သော်လည်း ဂူအတွင်းမှာ အသံအချို့ ကြားနေရသောကြောင့် မဝင်သေးဘဲ စောင့်ကြည့်နေသည်။

"ဘာသံတွေလဲ"

"ဂူထဲမှာ တစ်ခုခုရှိနေတဲ့ပုံပဲ"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"နေ့ဘက်မဝင်ဘဲ အခြေအနေစောင့်ကြည့်ပြီး ညဘက် ရောက်တော့မှ ဝင်ရင်ကောင်းမယ်"

ဟုပြောဆိုတိုင်ပင်ပြီး ဂူပေါက်ဝနှင့် မနီးမဝေးမှာရှိသော အခြားဂူပေါက်ဝတစ်ခုအတွင်းသို့ ဝင်နေကြသည်။ ထိုသို့နားရသောအချိန်မှာပင် ပါလာသောအစားအသောက်တို့ကို စားသောက်ကြသည်။

ဂူထဲမှာ မှောင်နေသောကြောင့် နေ့ဘက်လား၊ ညအချိန် ရောက်နေပြီလား မသိနိုင်ကြပေ။

နာရီကြည့်တော့မှ ညဥ့်ဦးပိုင်းအချိန် ရောက်နေပြီဖြစ်ကြောင်းသိရတော့သည်။ ထိုအချိန်မှာ အပြင်ဘက်မှ ဆူဆူညံ





ညံအသံများ ကြားရသောကြောင့် မီးရောင်များကို မှိတ်ပြီးကြည့်လိုက်သောအခါ သူတို့ဝင်ရမည့် ဂူပေါက်ဝမှ မည်းမည်းသဏ္ဌာန်များ အစုလိုက် အပြုံလိုက် ထွက်လာကြသည်ကို လှမ်းမြင်ကြရသည်။

"ဘာကောင်တွေလည်း များလှချည်လား"

"သွေးစုပ်လင်းနို့တွေဖြစ်မယ်၊ သူတို့နဲ့တွေ့ရင်တော့ လူမပြောနဲ့ ကုလားအုတ်တွေတောင် ချက်ချင်းသေသွားနိုင်တယ်"

ဂူပေါက်ဝထဲမှာ ရာပေါင်းများစွာသော လင်းနို့အုပ်ကြီးများ တစ်သုတ်ပြီးတစ်သုတ် ပျံထွက်လာကြပြီးနောက် အပြင်ဘက်သို့ ပျံတက်သွားကြသည်။

ညဥ့်ဦးပိုင်းအချိန်ရောက်တော့ တစ်ကောင်မှမတွေ့ရတော့ပေ။

"ကဲ. . ဂူထဲဝင်ကြရအောင်"

ဟုပြောပြီး လင်းနို့များထွက်လာသော ဂူပေါက်အတွင်းသို့ ဝင်ကြလေသည်။

ဂူပေါက်မှာ အတော်အတန်ကျယ်ဝန်းပြီး အတွင်းပိုင်းရောက်သောအခါ ကြမ်းပြင်ပေါ်မှာ လင်းနို့ချေးများ ပြည့်နေသည်။ အနံ့အသက်များကလည်း မခံနိုင်အောင်ရှိသဖြင့် နှာခေါင်းကို အဝတ်ဖြင့်စည်းထားကြသည်။

ထိုဂူအတွင်းမှ အတန်ကြာအောင်သွားသောအခါ အပြင်သို့ပြန်ရောက်သွားသည်။

လေကောင်းလေသန့်ရသဖြင့် အသက်ရှူချောင်သွား



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အခက်တွေ့ကြရပြန်သည်။

ဂူပေါက်ဝမှထွက်ပြီး ရှေ့ဆက်သွားစရာလမ်း မရှိတော့ဲ ချောက်ကမ်းပါးကြီး ခံနေသောကြောင့်ဖြစ်သည်။

သူတို့ဝင်ရမည့်ဂူက တစ်ဖက်ကမ်းမှာရှိနေသည်။

ချောက်မှာနက်လှပြီး ပေတစ်ရာကျော်ခန့် အကျယ်အဝန်းရှိသည်။

ဒေါက်တာမင်းထင်ကျော်က တစ်ဖက်သို့ရောက်အောင် မည်သို့မည်ပုံ ဖြတ်ကူးရမည်ကို တွေးတောနေသည်။

ထိုအခိုက်မှာပင် ဂူပေါက်အတွင်းမှ ခွေးတစ်ကောင်လောက်အရွယ်အစားရှိသော ကြောင်ကြီးတစ်ကောင်ထွက်လာသည်။

ပါးစပ်ထဲမှာလည်း လင်းနို့အသေကောင်အချို့ကိုက်ချီထားသည်။ ဂူထဲမှ ထွက်လာသောတော ကြောင်ကြီးက သူတို့ကို မြင်သောအခါ အလန့်တကြားဖြစ်ကာ မနီးမဝေးမှာရှိသော သစ်ပင်ရှိရာသို့ ပြေးသွားပြီး အပေါ်ရောက်အောင် တက်သွားလေသည်။

သစ်ပင်က ချောက်ဘက်သို့ ကိုင်းနေသော ထင်းရှူးပင်ကြီးဖြစ်သည်။

တောကြောင်ကြီးတက်သွားသောကြောင့် အလေးချိန်ပိကာ သစ်ပင်က ချောက်ဘက်သို့ကိုင်းကျသွားသည်။

သစ်ပင်ကိုင်းဖျားက ကြောင်အလေးချိန်ကြောင့် .. ချောက်ထဲဘက်သို့ ကိုင်းကျသွားခိုက်မှာပင် တောကြောင်ကြီးက





တစ်ဖက်ကမ်းသို့ ခုန်ကူးသွားလေသည်။

ခဏကြာတော့ ဂူပေါက်ဝထဲသို့ ဝင်ပြေးသွားလေတော့သည်။ ဒေါက်တာမင်းထင်ကျော်က တောကြောင်ကြီးခုန်ကူးသွားသောနေရာဘက်သို့ မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

သစ်ပင်နှင့်တည့်တည့်နေရာလောက်တွင် အပြင်သို့ထွက်နေသော ကျောက်စွန်းတစ်ခုရှိနေသည်။

အကယ်၍သာ ဒီဘက်ကမ်းမှသစ်ပင်ကို တစ်ဖက်ကျောက်စွန်းပေါ်သို့ကျအောင် ခုတ်လှဲချနိုင်ပါက သူတို့အတွက် တံတားအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

ယခင်တစ်ဖက်ကမ်းသို့ ကူးမည့်သူများမှာလည်း ထိုနည်းအတိုင်းပင် ပြုလုပ်လိမ့်မည်ဟုထင်မိသည်။

ထိုညတွင် အလင်းရောင်မရှိသဖြင့် ချောက်ကမ်းပါးပေါ်မှာပင် နားကြပြီး နောက်တစ်နေ့နံနက်ပိုင်း အလင်းရောင်ရှိတော့မှ သစ်ပင်လှဲရန်ပြင်ကြလေသည်။

အရေးကြီးဆုံးက သစ်ပင်လဲကျသွားသည်နှင့် ကျောက်စွန်းပေါ်သို့ တည့်တည့်ကျရန်အရေးကြီးသည်။

မဟုတ်ပါက ချောက်ထဲပြုတ်ကျပြီး အလဟဿဖြစ်သွားပေလိမ့်မည်။

ထို့ကြောင့်သစ်ပင်ခြေရင်းမှ မဖြတ်ခင်ဘေးတစ်ဖက်တစ်ချက်မှ ကြိုးများဖြင့် ထိန်းဆွဲထားပေးပြီး အပင်ခြေရင်းမှဖြတ်သည်။

သစ်ပင်က ချောက်ဘက်သို့ ကိုင်းကျနေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သုံးပုံနှစ်ပုံခန့် ပင်ခြေမှ ဖြတ်လိုက်သည်နှင့် လဲကျသွားလေတော့သည်။

"ဝုန်း"

သစ်ပင်လဲကျသွားသောအချိန်မှာတော့ စိုးရိမ်စရာအကောင်းဆုံးအခြေအနေ ဖြစ်သည်။

အကယ်၍သာ ကျောက်စွန်းပေါ်မတင်ပဲ အရှိန်ဖြင့်ဘေးသို့လိမ့်ကျသွားပါက သဲထဲရေသွန်ဖြစ်ရပေတော့မည်။

သစ်ပင်ကြီးက အတန်ကြာအောင်လှုပ်ခါနေပြီးမှ ငြိမ်သွားသည်။ သစ်ပင်အဖျားက ကျောက်စွန်းပေါ်တည့်တည့်တင်နေသောကြောင့် တံတားသဖွယ်ဖြစ်နေချေပြီ။

သို့သော် ဘယ်လောက်တင်နေမှန်းတော့ မမြင်ရပေ။ လူလျှောက်သွားတော့မှ အလေးချိန်ဖြင့် ကျိုးကျသွားနိုင်သောကြောင့် မကူးဝံ့ပဲရှိနေကြသည်။ ထိုအခါ လီမက်က. . .

"ကျွန်တော်ကူးမယ်ဆရာ၊ ကြိုးရှည်တစ်ချောင်းသာပေးလိုက်ပါ"

ဟုပြောသည်။

သူပြောသည့်အတိုင်း ကြိုးရှည်တစ်ချောင်းပေးသောအခါ ခါးမှာချည်ပြီး သစ်လုံးပေါ်မှ စပြီးလျှောက်သည်။ ပထမတော့မဝံ့မရဲဖြစ်နေပြီး တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသည်။ အလယ်လောက်ရောက်သွားပြီး အခြေအနေမထူးတော့မှ တဖြည်းဖြည်းဆက်လျှောက်သွားရာ တစ်ဖက်ကမ်းသို့ ချောချောမောမောရောက်သွားတော့သည်။





သူက ပါသွားသောကြိုးစကို သစ်ပင်တစ်ပင်မှာ ချည်ပေးလိုက်သောအခါ ထိုကြိုးကိုအားပြုပြီး တစ်ယောက်ပြီးတစ်ယောက် ကူးကြရာ နောက်ဆုံး အားလုံးတစ်ဖက်ကမ်းသို့ရောက်သွားကြလေတော့သည်။ ထိုနေရာရောက်တော့မှနားပြီး ရေနှင့်အစားအသောက်တို့ကို စားသောက်ကြလေသည်။

ပထမအခက်အခဲတစ်ခုတော့ ကျော်ဖြတ်နိုင်ခဲ့ကြလေပြီ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

# ခုနစ်စဉ်ကြယ် အန္တရာယ်တွန်ရက်

တစ်ဖက်ချောက်ကမ်းပါး၌ရှိသော ဂူပေါက်အတွင်းသို့ ဝင်မိသောအခါ ပထမဆုံးတွေ့ရသောအမှတ်အသားမှာ ကြွက်ရုပ်အမှတ်အသား ဖြစ်သည်။

ကြွက်ရုပ်မှာ ကြာသပတေးနံဖြစ်ပြီး (မ)အက္ခရာကို ကိုယ်စားပြုသော အရုပ်လည်းဖြစ်သည်။

ခုနစ်စဉ်ကြယ်ကို ကိုယ်စားပြုသော ဦးခေါင်းထိပ်မှာရှိ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သော အမှတ်အသားလည်းဖြစ်သည်။

ခုနစ်စဉ်ကြယ်အနေအထားအတိုင်းဆိုပါက ဦးခေါင်းထိပ်နောက်တွင် လည်ဆစ်နေရာ၌ အင်္ဂါနံကိုယ်စားပြုသော အမှတ်အသားရှိပေမည်ဖြစ်ရာ လိုက်ရှာကြရာ တစ်နေရာတွင် ခြင်္သေ့ရုပ်ပုံသဏ္ဌာန်ရှိသော ဂူပေါက်ဝကိုတွေ့ကြရသည်။

ဤသို့ဖြင့် ခုနစ်စဉ်ကြယ်တန်းမှာပါသော အမှတ်အသားများကိုကြည့်ပြီး ဂူပေါက်များအတွင်းသို့ တစ်ဂူပြီးတစ်ဂူ ဝင်ကြရာ မြေအောက်သို့ ရောက်မှန်းမသိ ရောက်လာကြလေတော့သည်။

ထို့ပြင် သူတို့ဦးတည်သွားနေသောဘက်မှာ တောင်ဘက်စူးစူးဘက်သို့ ဖြစ်လေရာ ယခုလောက်သွားမိလျှင် ကုမာရစ္စတန်မြို့တည်ကားသော အောက်ဘက်သို့ ရောက်နေလောက်ပြီဟု ခန့်မှန်း၍ရသည်။

"ဘယ်နေရာလောက် ရောက်နေပြီလဲဆရာ၊ မြေတွင်းထဲတော့ အတော်ကို ခရီးပေါက်နေလောက်ပြီ"

တစ်နေရာမှာနားသောအခါ လီမက်က အနားကပ်လာပြီး တိုးတိုးမေးလေသည်။

"ကုမာရစ္စတန်ကထွက်စကတည်းက ခရီးမိုင်တွက်ထားတာ (၂၅)မိုင်လောက်ပဲရှိတယ် တောင်ဘက်ကနေ မြောက်ဘက်ကိုခရီးထွက်ခဲ့ကြတာ ၂၅ မိုင်လောက်ရှိပြီး အခုတောင်ဘက်ကို ဂူတွေထဲကနေ လာကြတာ မိုင်(၂၀)ကျော်လောက်ရောက်နေပြီ"

"ဒါဖြင့် ကုမာရစ္စတန်မြို့ အောက်တည့်တည့်များပြီး





ရောက်နေလောက်ပြီလား"

"ရှေ့ဆက်သွားရင်တော့ ရောက်လောက်ပြီ"

"မြေပုံအညွှန်းအတိုင်းဆိုရင် ဘယ်လောက်ဆက်သွားရဦးမလဲဆရာ"

"နောက်ထပ် ဂူသုံးဂူကျော်ရင် ရောက်ပါပြီ၊ အဲဒီဂူသုံးဂူက 'သည်းအူကြော'ဆိုတဲ့ဂူတွေပဲ"

"ဆရာ. . . ဂူနာမည်တွေကလည်း နာမည်ကြားရုံနဲ့ ကြောက်စရာကောင်းလှပါလား၊ ဂူတွေထဲမှာ ဘယ်လိုအန္တရာယ်မျိုးတွေရှိနေမလဲ မသိဘူး"

"ငါလည်းမသိတော့ဘူး၊ ဒါပေမယ့် တစ်ခုတော့ပြောနိုင်တာက မဂိုဘုရင်ရဲ့ ရတနာတွေကို လွယ်လွယ်နဲ့တော့ ရမှာမဟုတ်ဘူး၊ ဘယ်နေရာရောက်ရောက် ငါ့အခြေအနေကို ကြည့်ပြီး သတိနဲ့သာလှုပ်ရှားပေတော့"

ဟုပြောပြီး မြေအောက်လမ်းများအတိုင်း တစ်နေရာမှ တစ်နေရာသို့ ခရီးဆက်ခဲ့ကြသည်။

နောက်ဆုံးမှာတော့ အလွန်ကျဉ်းမြောင်းသော လိုဏ်ခေါင်းလမ်းတစ်ခုကို ခက်ခက်ခဲခဲကျော်ဖြတ်ရပြီးနောက် မြေပြန့်သို့ ပြန်ရောက်သွားသည်။

သူတို့ရောက်နေသောနေရာမှာ သဲကန္တာရအောက်ပေ အတော်နက်သောနေရာသို့ ရောက်နေကြသော်လည်း အသက်ရှုရန်လေရနေခြင်းက အံ့ဩစရာဖြစ်နေသည်။

နောက်ဆုံးမှာတော့ ကမ္ဘာ့မြေပြင်နှင့် ပုံသဏ္ဌာန်တူ



www.burmeseclassic.com

www.burmeseclassic.com



သောနေရာသို့ ရောက်သွားကြသည်။

နာရီကြည့်လိုက်တော့ နေ့လယ်ပိုင်းအချိန်လောက်သာ ရှိပေသေးသည်။

သို့သော်လည်း ပတ်ဝန်းကျင်မှာ မြူခိုးများပိတ်ဖုံးနေသကဲ့သို့ မှုန်မှိုင်းနေလေသည်။

ထိုနေရာမှာ သစ်ပင်များရှိသည်။

ကျောက်တောင်၊ ကျောက်ကမ်းပါးများရှိသည်။

ကျောက်တောင်နံရံမှာ ဂူပေါက်အချို့လည်းရှိသည်။

ထို့ပြင် တသွင်သွင်စီးနေသော စမ်းချောင်းများလည်း ရှိသည်။ စမ်းချောင်းတစ်ဝိုက်မှာ ဝင်းလက်တောက်ပြောင်သော အရာဝတ္ထုများရှိနေရာ ကောက်ယူကြည့်သောအခါ ရွှေတုံးနှင့် စိန်ရိုင်းတုံးများဖြစ်နေသည်ကို တွေ့ကြရသည်။

ရေများတသွင်သွင်စီးနေသော ချောင်းကမ်းစပ်တစ်လျှောက်မှာ ကျောက်ခဲတုံးများသဖွယ် အများအပြားရှိနေသော ရွှေတုံးစိန်ရိုင်းတုံးများ တွေ့သောအခါ ကပ်(စ)ပါနှင့် ပါလာသူများက ဝမ်းသာအားရ ကောက်ယူကြလေသည်။

"ရွှေတုံးတွေ၊ စိန်တုံးတွေ ဆရာ၊ ကောက်ယူထားရမလား"

လီမက်က တိုးတိုးကပ်မေးသည်။

"မကောက်ပါနဲ့ကွာ သယ်ရတာလေးပါတယ်၊ ရွှေဒါဒီထက်တန်ဖိုးရှိတဲ့ ရတနာပစ္စည်းတွေ တွေ့ရတော့မှာပါ"

ဟု ပြောသဖြင့် မကောက်ပဲနေလေသည်။





ထိုသို့ပြောပြီးနောက် လိုက်လာရှာဖွေကြရာ နောက်ဆုံးမှာတော့ ဂူပေါက်တစ်ခုအတွင်း ဝင်ရောက်ကြည့်သောအခါ ကြိုဂံသဖွယ် သုံးပွင့်ဆိုင်အနေအထားဖြစ်နေသော ဂူပေါက်သုံးပေါက်ကို တွေ့ကြရလေတော့သည်။ ဂူပေါက်ဝများမှာ ကျောက်တံခါးတို့ဖြင့် ပိတ်ထားပြီး ထိုနေရာမှာ အမှတ်အသားများ ပုံဖော်ထားသည်။

ပူးရုပ်၊ ဂဠုန်ရုပ်၊ ကျားရုပ်သုံးရုပ်ကို ရှေးအမှတ်အသားလက်ရာဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး ခုနစ်စဥ်ကြယ်အမှတ်အသားအတိုင်းဆိုပါက 'သည်းအုံကြွေ' အမှတ်အသားပင် ဖြစ်ပေသည်။ တစ်နည်းဆိုပါမူ မရဏအမှတ်အသားမျိုးပင်ဖြစ်သည်။

"ဒီဂူပေါက်တွေထဲမှာ မဂိုဘုရင်ရဲ့ နန်းစဥ်ရတနာတွေ ရှိတယ်"

"ဂူပေါက်ဝတွေ ပိတ်ထားတော့ ဘယ်လိုဖွင့်မလဲ"

"တံခါးပေါ်မှာရှိတဲ့ ကျောက်ရုပ်ရဲ့ မျက်လုံးနေရာမှာ မဟူရာကျောက်ကို ကပ်ပေးလိုက်တာနဲ့ သူ့အလိုအလျောက် တံခါးတွေက ပွင့်လာပါလိမ့်မယ်"

ဟုပြောပြီး မဟူရာကျောက်ကို ကပ်(စ)ပါလက်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။

ကပ်(စ)ပါက ပါးရည်နပ်ရည်ရှိသည်။

သူနှင့်ပါလာသော ချန္ဒရာနှင့် ကုလားနှစ်ယောက်ကို စေခိုင်းလိုက်ပြီး ၎င်းတို့က တစ်နေရာမှကြည့်နေသည်။

ချန္ဒရာက ကြောက်ရွံ့တုန်လှုပ်စွာဖြင့် မဟူရာကျောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုယူသွားပြီး ကျားရုပ်ရှိသော ဂူအနီးသို့ချဉ်းကပ်သွားလေသည်။ ပြီးနောက် မဟူရာကျောက်နှင့် ကျားရုပ်၏မျက်လုံးနေရာကို ဖိ ဖေးလိုက်သည်။

ခဏကြာသောအခါ တံခါးချပ်က တစ်စုံတစ်ယောက် ကအတွင်းမှ ဖွင့်ပေးလိုက်သကဲ့သို့ 'ကျွီ'ခနဲမြည်လျက် ပွင့်သွား လေတော့သည်။

ကျောက်တံခါးချပ်ပွင့်သွားတော့ အပေါက်ဝမှာ ရှိနေ ကြသော ချန္ဒရာတို့သုံးယောက်က အတွင်းသို့ကြည့်နေကြသည်။

ထိုအခိုက်မှာပင် ဂူအတွင်းမှအခိုးအငွေ့များ ထွက်လာ ပြီး သူတို့သုံးယောက်ကို ဖုံးလွှမ်းသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က ကျန်လူများကို ဝေးဝေး နေရန် သတိပေးလိုက်သောကြောင့် နောက်သို့ဆုတ်ပေးလိုက် ကြသည်။ အတန်ကြာတော့ မီးခိုးငွေ့များပြယ်သွားသည်။

"ဟယ်"

"ဟာ ဘယ်လိုဖြစ်သွားတာလဲ"

ချန္ဒရာတို့သုံးယောက်စလုံးမှာ အနူမြူငွေ့အသင့်ခံရသ ကဲ့သို့ဖြစ်ကာ အရိုးစုဘဝသို့ ပြောင်းလဲသွားသောကြောင့် ဖြစ် ပေသည်။

"ဂူပေါက်တွေက နှစ်ပေါင်းများစွာ ပိတ်လှောင်ထား တော့ ပြင်းထန်တဲ့ဓာတ်ငွေ့ကတွေ လှောင်ထားသလိုဖြစ်နေပုံရ တယ်၊ ဒီအခိုးအငွေ့တွေက အနူမြူဓာတ်ငွေ့လောက် ပြင်းပုံရ တယ်"





ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သောအခါ ကပ်(စ)ပါက သေနတ်ဖြင့် ထုတ်ချိန်ထားလိုက်သည်။

"ခင်ဗျား သိရက်သားနဲ့ တမင်ခိုင်းတာမဟုတ်လား"

"ခင်ဗျားနဲ့ကျုပ်နဲ့ ဒီနေရာကို အတူတူရောက်လာတာ ဘယ်လိုကြိုသိပါ့မလဲဗျာ"

ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေးနှင့် ပင် ပြန်ပြောလိုက်သည်။

"မလိုချင်ဘူး၊ ကျန်တဲ့နှစ်ပေါက်ကိုတော့ ခင်ဗျားကိုယ် တိုင် ဖွင့်ပေတော့၊ မဟုတ်တာကြံစည်ရင်တော့ တစ်ခါတည်းသေ ဖို့သာပြင်ပေတော့"

ဟု သေနတ်ဖြင့်ချိန်ပြီး စေခိုင်းသည်။

ဒေါက်တာမင်းထင်ကျော်က မငြင်းသာတော့သဖြင့် ကျန်တံခါးနှစ်ပေါက်ကို ဖွင့်ရန်ပြင်လေသည်။

"သတိထားနော်"

ဟယ်လင်က စိုးရိမ်တကြီး သတိပေးသဖြင့် ခေါင်းညိတ် ပြလိုက်ပြီးနောက် ပွင့်နေသော အပေါက်ဝသို့လျှောက်သွား သည်။ မတ်တတ်ရပ်လျက်သား အရိုးစုကျနေသော လူသုံး ယောက်အနီးသို့ ရောက်သောအခါ အောက်သို့ကျနေသည့် မဟူ ရာကျောက်ကို ကောက်ယူလိုက်သည်။

မဟူရာကျောက်ကို လက်ဝါးပေါ် တင်ပြီး သက်ဆိုင်ရာ ဝိဉာဉ်များကို တိုင်တည်ကြည့်သည်။

ထိုအခါ ကျောက်အတွင်းမှ ပုံရိပ်အချို့ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အလယ်ဂူပေါက်အတွင်းမှ မီးတောက်မီးလျှံများကို တွေ့ရသည်။ နောက်ဂူပေါက်ထဲမှာတော့ အန္တရာယ်ကောင်များရှိသည်။

"ဂူပေါက်နှစ်ပေါက်စလုံးမှာ အန္တရာယ်တွေရှိတယ်၊ ဒါပေမယ့် သင်တို့အတွက် အန္တရာယ်ကင်းအောင် သူတို့ ကာကွယ်ပေးကြလိမ့်မယ်"

ဟူသောအသံကို တစ်နေရာမှကြားနေရသည်။

သူနားထဲမှာတော့ ဆာဒူးကြီးအသံမျိုးနှင့် တူသည်ဟု ထင်မိလေသည်။

ထို့ကြောင့် ဂဠုန်ရုပ်ပါသောဂူပေါက်ဝကို ဖွင့်လိုက်သည်။ ကျောက်တံခါးပွင့်သွားတော့ ဘာမှမထူးခြားပေ။ ထိုအခါမှ ကပ်(စ)ပါတို့က အနားကပ်လာဝံ့ကြသည်။

ထိုတံခါးပေါက်မှ အတွင်းသို့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

ဟိုးအတွင်းဘက်မှာ အစီအရီချထားသော သေတ္တာများကို တွေ့ကြရလေသည်။

သို့ကြောင့် ထိုဂူပေါက်အတွင်းသို့ ဝင်ရန်ကြိုးစားကြလေသည်။ ၄င်းတို့ အတွင်းရောက်တော့မှ မီးလုံးကြီးများရောက်လာပြန်တော့သည်။

ထိုအခါမှ ရုတ်ရုတ်သဲသဲထွက်ပြေးကြရင်း လူအချို့မှာ မီးလုံးကြီးများဖြင့်ထိကာ လောင်ကျွမ်းခြင်းခံကြရလေသည်။

ဂူထဲမှာ ကြောက်စရာကောင်းသော အော်သံများနှင့်အတူ အချို့မှာလဲကျန်ခဲ့တော့သည်။





ဒေါက်တာမင်းထင်ကျော်ကတော့ သတိဖြင့်နေသူမို့ မီးလုံးကြီးများထွက်လာသည်နှင့် အပြင်ရောက်အောင်ပြန်ထွက်နိုင်ခဲ့သည်။ ကပ်(စ)ပါမှာ အကျီများမီးစွဲလောင်လာသဖြင့် အပြင်ရောက်မှ ဝိုင်းဝန်းငြိမ်းသတ်ပေးရသည်။

၄င်းတို့လူစုမှ (၅)ယောက်သာကျန်တော့သည်။

"ရတနာတွေ တွေ့နေပြီးမှတော့ မရဘဲနဲ့မပြန်ဘူး၊ ဒီတစ်ခါတော့ခင်ဗျားတို့သုံးယောက် အတွင်းကို အရင်ဝင်ပေတော့၊ အန္တရာယ်ကင်းတော့မှ ကျုပ်တို့ဝင်ခဲ့မယ်"

ဟု သေနတ်ဖြင့်ချိန်ပြီး စေခိုင်းပြန်သည်။

ထို့ကြောင့် နောက်ဆုံးကျန်နေသော ဂူပေါက်ဝကို ဖွင့်ရပြန်လေသည်။

ထိုဂူပေါက်မှာလည်း ကျောက်တံခါးပွင့်သွားစကတော့ ဘာမှမထူးခြားပေ။

ထို့ကြောင့်ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်က ရှေ့ဆုံးမှ အလျှင်ဝင်ကြရသည်။

အတွင်းဘက်ရောက်သည်အထိ မည်သို့မှ မထူးခြားတော့မှ အတွင်းဘက်မှာ မြင်နေရသောသေတ္တာများရှိရာဘက်သို့ လျှောက်လာကြသည်။ သေတ္တာကြီးများမှာ ကြေးဖြင့်ပြုလုပ်ထားသောသေတ္တာ၊ ကျောက်ဖြင့်ပြုလုပ်ထားသောသေတ္တာ ဆယ်လုံးခန့်ရှိသည်။

ထိုနေရာမှာ နှစ်ပေါင်းများစွာကြာမြင့်နေဟန်ဖြင့် ရေညှိများနှင့်ပင့်ကူအိမ်များက ဖုံးအုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ကပ်(စ)ပါတို့ ရောက်လာကြသည်။

သေတ္တာများကို မြင်သောအခါ အဖုံးဖွင့်ရန်အမျိုးမျိုး ကြိုးစားကြသော်လည်း မရသဖြင့် စိတ်မရှည်တော့ပဲ သေနတ်ဖြင့် ပစ်ဖွင့်ကြသည်။

"ဒိန်း. . . ဒိန်း. . ."

ဂူအတွင်းမှာဖြစ်သောကြောင့် သေနတ်သံတို့က နားမခံသာအောင် ဟိန်းထွက်သွားတော့သည်။

ဂူတစ်ခုလုံးမှာလည်း သိမ့်သိမ့်တုန်သွားလေတော့သည်။ သေနတ်ဖြင့် ပစ်ဖွင့်သောကြောင့် ကြေးသေတ္တာအချို့ အဖုံးပွင့်သွားတော့သည်။

အထဲမှာတော့ မြောက်မြားလှစွာသော ရွှေငွေကျောက်မျက်ရတနာတို့ကို တွေ့မြင်ကြရသည်။

"ဟာ. . မဂိုဘုရင်ရဲ့ နန်းစဥ်ရတနာတွေ မနည်းပါလား၊ ဒီပစ္စည်းတွေသာရရင်တော့ တစ်ကမ္ဘာလုံးတောင် ဝယ်လို့ရနိုင်ပြီ၊ လောကမှာ ငါအချမ်းသာဆုံးဖြစ်ပြီကွ"

ဟု ကပ်(စ)ပါက သွေးရူးသွေးတမ်း အော်ဟစ်လိုက်လေသည်။

ထိုနောက် အခြားသေတ္တာများကိုလည်း သေနတ်များဖြင့် တဒိန်းဒိန်းနှင့် ပစ်ဖွင့်ပြီးကြည့်သောအခါ အားလုံးရတနာသေတ္တာများချည်း ဖြစ်ပေတော့သည်။

ကပ်(စ)ပါတို့က ရတနာများကို လောဘတကြီးကြည့်နေကြစဥ်မှာ ဂူအတွင်းနေရာအနှံ့မှ ထူးခြားသောအသံများပေါ်





ထွက်လာလေတော့သည်။

ထိုအသံများကို ဒေါက်တာမင်းထင်ကျော်တို့က သတိပြုမိသော်လည်း လောဘဇောတက်နေသည့် ကပ်(စ)ပါတို့ကတော့ သတိပြုမိဟန်မတူကြပေ။

ခဏကြာတော့ အသံများက ဂူပေါက်ဝများနှင့် တဖြည်းဖြည်းနီးလာလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က အသံကြားရာသို့ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ကြည့်နေရင်းမှာပင် ဂူပေါက်ဝမှ ဘောလုံးအရွယ်ခန့်ရှိသော မည်းမည်းသဏ္ဍာန်အလုံးများ လိမ့်ဝင်လာကြလေသည်။

"ဆ. . ဆရာဘာတွေလဲ"

"ငါလည်းမသိဘူး ဘယ်မှမသွားနဲ့၊ ကြောက်ရင် မျက်လုံးမှိတ်ပြီး ငါ့နောက်မှာသာရပ်နေ"

ဟု ကျန်နှစ်ယောက်ကို သတိပေးလိုက်သည်။

ထိုအချိန်မှာပင် ဂူပေါက်ဝများမှ ဝင်လာသော မည်းမည်းသဏ္ဍာန်များက မနီးမဝေးရောက်လာလေတော့သည်။

"အလိုလေး လူခေါင်းပြတ်ကြီးတွေပါလား"

လီမက်က အလန့်တကြား ထအော်လိုက်သည်။

ထိုအသံကြောင့် ကပ်(စ)ပါတို့လည်းသိသွားသဖြင့် လှည့်ကြည့်ကြသည်။

ဂူပေါက်သုံးပေါက်မှဝင်လာသော ဦးခေါင်းပြတ်များမှာ ဆယ်ငါးလုံးခန့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုလားလူမျိုးမျက်နှာများဖြစ်ပြီး မျက်လုံးများကပွင့်နေသည်၊ ချွန်ထက်သည့်သွားများရှိသော ပါးစပ်က ဖြဲထားလေသည်၊ မျက်လုံးကနီရဲနေသလောက် သွားများကဖြူဖွေးနေသည်၊

ဦးခေါင်းပြတ်ကြီးများမှာ အချို့က မြေပေါ်မှာဘောလုံးလိမ့်လာသကဲ့သို့ သော်လည်းကောင်း၊ အချို့ကလေထဲမှာ ပျံဝဲလျက်သော်လည်းကောင်း သူတို့ရှိရာသို့ ရောက်လာကြလေသည်။

ထိုအခါမှ ကပ်(စ)ပါတို့မှာ အနီးရောက်လာသော ဦးခေါင်းများကို သေနတ်ဖြင့်ပစ်သူကပစ်၊ ဓားဖြင့်ခုတ်သူကခုတ်ချသော်လည်း ဦးခေါင်းပြတ်တို့က တစ်လုံးပြီးတစ်လုံး၊ တစ်ခုပြီးတစ်ခု ရောက်လာကြသောကြောင့် မနိုင်တော့ပေ။ ဦးခေါင်းပြတ်များက လူရှိရာသို့ ရောက်လာသည်နှင့် လည်ပင်းနှင့် မျက်နှာရှိရာသို့ ရောက်လာပြီး သွားဖြင့် ကိုက်ဖြတ်ကြခြင်းဖြစ်သည်။

ဂူအတွင်းမှာတော့ အော်သံဟစ်သံ၊ သေနတ်သံများကဆူညံနေတော့သည်။

ဒေါက်တာမင်းထင်ကျော်က နောက်မှနှစ်ယောက်ကိုခေါ်ပြီး ဂူအပြင်သို့ ပြန်ထွက်ရန်ကြိုးစားသည်။

အချို့ဦးခေါင်းပြတ်များက သူတို့ရှိရာသို့ရောက်လာသော်လည်း အနားရောက်လာတော့မှ အန္တရာယ်မပေးပဲ ကွေ့ထွက်သွားလေသည်။

ဂူပေါက်ဝမှာလည်း နောက်ထပ်ရောက်လာသော ဦး





ခေါင်းပြတ်ကြီးများက ရှိနေကြသည်။

အချို့ကအန္တရာယ်ပေးရန် အနားရောက်လာကြသေးသည်။ အနားရောက်တော့မှ ဘယ်လိုအကြောင်းကြောင့်မှန်း မသိပဲ နောက်ဘက်သို့ ပြန်လှည့်သွားလေသည်၊

ထိုဦးခေါင်းပြတ်တို့မှာ အခြားမဟုတ်ပေ၊ ရတနာများလာရောက်မြှုပ်နှံကြစဉ်က လူအချို့ကို ဦးခေါင်းဖြတ်ကာ သတ်ဖြတ်ပြီး ဖုတ်သွင်းသောပညာဖြင့် စီရင်လျက် အစောင့်အဖြစ်ထားသော ဦးခေါင်းပြတ်ကြီးများပင် ဖြစ်၏။ ရတနာပစ္စည်းများရှိနေသမျှ ၎င်းတို့မှာ အသက်ရှင်နေပြီး စောင့်နေကြရမည်ဖြစ်သည်။

ဦးခေါင်းပြတ်များကိုမြင်တော့ ဒေါက်တာမင်းထင်ကျော်လည်း အတော်ကလေး ထိတ်လန့်သွားလေသည်။

နောက်မှ ၎င်းလက်ထဲမှာရှိနေသော မဟူရာကျောက်ကြောင့် အန္တရာယ်မပေးကြမှန်း ရိပ်မိသောအခါ အနည်းငယ်စိတ်သက်သာရာရသွားပြီး ရှေ့သို့တဖြည်းဖြည်း တိုးသွားကြသည်။

ဦးခေါင်းပြတ်ကြီးများက သွားအဖြူသားဖြင့် နီရဲနေသော မျက်လုံးပြူးကြီးများဖြင့် ကြည့်ရုံသာကြည့်နေပြီး အန္တရာယ်မပေးကြပေ။

အချို့ကအနားရောက်တော့မှ ဘေးသို့ဖယ်ပေးကြလေသည်။ နောက်ဆုံးတော့ အန္တရာယ်ကင်းစွာဖြင့် ဂူအပြင်ရောက်အောင် ပြန်ထွက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြန်ထွက်လာတော့ ကပ်(စ)ပါက နောက်မှသွေးရူး သွေးတန်းဖြင့် ပြေးလိုက်လာသေးသည်။

"ငါကိုမထားခဲ့ပါနဲ့ ခေါ်သွားကြပါ. . ခေါ်သွားကြပါ"

လှည့်ကြည့်လိုက်တော့ သူ့လည်ပင်းပေါ်မှာ ဦးခေါင်း ပြုတ်ကြီးတစ်လုံးက တွယ်ကပ်ပါလာသည်ကို တွေ့ရသည်။

ပြေးလိုက်လာရင်းနှင့် လမ်းခုလတ်မှာတင် ဘိုင်းခနဲလဲ ကျသွားသည်ကို မြင်လိုက်ရသည်။

မတတ်နိုင်တော့ပေ။

သူ့အတွက်ဘယ်လိုမှ ကယ်တင်ချိန်မရတော့ပေ။

ထိုအချိန်မှာ ဂူအတွင်းဘက်မှကြားနေရသောအော်သံ ဟစ်သံနှင့် သေနတ်သံများကို မကြားရတော့ပေ။

ဒေါက်တာမင်းထင်ကျော်တို့လည်း လာလမ်းအတိုင်းအဆင့်ဆင့် ပြန်ထွက်ခဲ့ကြပြီး ချောက်ကမ်းပါးတစ်ဖက်သို့ ရောက်သောအခါ ၎င်းတို့တံတားအဖြစ် အသုံးပြုခဲ့သော သစ်ပင်ကြီးကိုပါ ချောက်ထဲဖြုတ်ချခဲ့လေသည်။

ထို့နောက် ကုလားအုတ်များထားသောနေရာသို့ ပြန်ထွက်ခဲ့ရာ အစောင့်နှစ်ယောက်ပါ သေနေသည်ကို တွေ့ရပြီးနောက် ပက်(ရှ)ဝါမြို့ဘက်သို့ဦးတည်ကာ ထွက်ခဲ့ကြလေတော့သည်။





# အခန်း(၁၈)

# ချစ်ခြင်းမေတ္တာဖြင့် ရှင်သန်ရသူများ

ပက်(ရှ)ဝါမြို့သို့ ချောချောမောမောပြန်ရောက်ခဲ့ကြပြီး နောက်မှာတော့ မနောသုခဂေဟာသို့ သွားရောက်ပြီး အနားယူကြလေသည်။

သို့သော်လည်း ကြာကြာတော့ မနားကြရပါပေ။

အဘယ်ကြောင့်ဆိုသော် အာရှတိုက်နေရာအနှံ့အပြားသို့ စစ်မီးစစ်လျှံများ ကူးစက်လာသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တပ်များကို တိုက်ထုတ်ပြီး ဗြိတိသျှတပ်များက နေရာအနှံ့သို့ သိမ်းပိုက်လာလေသည်။

ထို့ကြောင့် ပက်(ရှ)ဝါမြို့မှာလည်း ကြာရှည်မနေနိုင်ကြပေ။ ဒေါက်တာမင်းထင်ကျော်အနေဖြင့် တာဝန်ယူဆောင်ရွက်ပေးရမည့်ကိစ္စတစ်ခုက ပါလာသောကြောင့် ထိုတာဝန်ကို ဆောင်ရွက်ပေးရလေသည်။

အခြားတော့မဟုတ်ပေ။

မဟူရာကျောက်ကို မူလနေရာဖြစ်သော နတ်ဘုရားကျောင်းသို့ ပြန်ပို့ပေးရသော ကိစ္စဖြစ်သည်။

နတ်ဘုရားကျောင်းရှိသောနေရာမှာ ကူမာရစ္စတန်မြို့၏ အနောက်ဘက်တောအုပ်များအတွင်း၌ ဖြစ်ပေသည်။

ထိုနေရာသို့ရောက်အောင် သွားရသည်မှာ မလွယ်ကူလှပေ။ နေရာအနှံ့၌ ဗြိတိသျှစစ်သားများရှိနေသောကြောင့် ပုန်းလျှိုးကွယ်လျှိုး သွားကြရသည်။

ဟယ်လင်ကနေခဲ့ပြီး လီမက်တစ်ယောက်သာ သူနှင့်အတူ လိုက်ပါလာသည်။

နတ်ဘုရားကျောင်းသို့ ချောချောမွေ့မွေ့ရောက်သွားပြီး ထိုနေရာသို့ရောက်သောအခါ တစ်ကြိမ်တွေ့ခဲ့ဘူးသော ဆာဒူးကြီးနှင့် ပြန်တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်က သူယူလာသော မဟူရာကျောက်ကို ဆာဒူးကြီးလက်သို့ အပ်ပေးလိုက်ရာ ၎င်းက နတ်ဘုရားရုပ်တုကြီးနဖူးတွင် ပြန်လည်တပ်ဆင်ပေးလိုက်သည်။





ဒေါက်တာမင်းထင်ကျော်အနေဖြင့် ကတိပေးထားသော တာဝန်တစ်ခု ပြီးသွားခဲ့လေပြီ။ ထို့ကြောင့် ပက်(ရှ)ဝါမြို့သို့ ပြန်ခဲ့ကြသည်။

ထိုမြို့သို့ပြန်ရောက်သောအခါ ဝမ်းမြောက်ဖွယ်ရာသတင်းတစ်ခုကို ကြားရသည်။

BURMESE CLASSIC .com

အခြားမဟုတ်ပေ။

သဲကန္တာရအလယ်၌ရှိသော စူလတန်စော်ဘွားအုပ်ချုပ်သည့် ကူမာရစ္စတန်မြို့ကို ဗြိတိသျှတပ်များက တိုက်ခိုက်သိမ်းပိုက်ပြီး စူလတန်စော်ဘွားကို ဖမ်းဆီးလိုက်ရုံမကပဲ အကျဉ်းသားများအား အရှင်လတ်လတ်ငရဲတွင်းထဲရောက်အောင် ဖန်တီးထားသော နေမိန္ဒရငရဲတွင်းကြီးအား ဖျက်ဆီးပိတ်ပင်လိုက်သည်ဆိုသော သတင်းဖြစ်သည်။

ထို့နောက်မှာတော့ လီမက်အား မနောသုခအိမ်ကြီးတိုလွှဲပေးခဲ့ပြီး ၎င်းတို့ရင်းနှီးစားသောက်ရန် ပေးထားခဲ့ပြီး ဒေါက်တာမင်းထင်ကျော်နှင့် ဟယ်လင်တို့နှစ်ယောက်က ပင်လယ်ကူးသင်္ဘောဖြင့် မြန်မာပြည်သို့ ပြန်ခဲ့ကြလေသည်။

ထိုမှတဆင့်အခြေအနေကြည့်ပြီး အင်္ဂလန်သို့ ခရီးဆက်ကြရဦးဖြစ်သည်။

အင်္ဂလန်ဘဏ်၌အပ်ထားသော အမွေပစ္စည်းများထုတ်ယူရန်ကိစ္စမှာ သူတို့နှစ်ယောက်အတွက်တော့ အရေးမကြီးလှတော့ပါချေ။

အရေးအကြီးဆုံးကတော့ သူတို့နှစ်ယောက်ဘဝရေး



www.burmeseclassic.com

www.burmeseclassic.com



ရေးအတွက် တိုင်ပင်ဆွေးနွေးရန်သာ ရှိတော့သည်။

"ကျွန်မအတွက်တော့ မောင်နဲ့အခုလို ဆုံတွေ့ခဲ့ရပြီးတဲ့နောက်မှာ ကျန်တာတွေက ဘာမှအရေးမကြီးတော့ပါဘူး"

"မောင်ကလည်း ဟယ်လင်နဲ့မမျှော်လင့်ပဲ ဆုံစည်းခွင့်ရတာကိုပဲ ကျေနပ်မိပါတယ်"

"မောင်က ကျွန်မအပေါ်မှာ သစ္စာရှိရှိနဲ့ တစ်သက်လုံး လက်တွဲသွားမှာလားဟင်"

"လက်တွဲသွားဖို့ ရည်ရွယ်ချက်ရှိလို့ ချစ်သူအဖြစ်ရွေးချယ်ခဲ့တာပေါ့ ဟယ်လင်ရယ်၊ ဟယ်လင်က မောင့်အချစ်ကို အခုထိ မယုံသေးဘူးလား"

"ယုံကြည်ပါတယ်မောင်ရယ်၊ ဒါကြောင့်လည်း ကျွန်မဘဝ တစ်ခုလုံး ပုံအပ်ထားခဲ့တာပေါ့။ ကျွန်မဘဝမှာ မောင်တလွဲပြီး တခြားဘာမှ မလိုအပ်တော့ပါဘူး"

"မောင့်အတွက်လည်း ဟယ်လင်ရှိနေရင် အရာအားလုံး ပြည့်စုံနေပါပြီ"

ဟုပြောဆိုကာ သူမကိုယ်လေးကို ထွေးဖက်ထားလိုက်လေသည်။

ဟယ်လင်ကလည်း ရင်ခွင်ထဲတိုးဝင်လာပြီး တင်းတင်းပြန်ဖက်ထားလေသည်။

သူတို့နှစ်ဦးအတွက် လောကကြီးမှာ အချစ်ကလွဲပြီး အခြားအရာမှန်သမျှ အရေးကြီးတော့မည်မဟုတ်ပါချေ။

တကယ်တော့ ချစ်ခြင်းမေတ္တာသည် ချစ်သူတို့အတွက်





အရေးကြီးဆုံးအရာပင် ဖြစ်တော့သည်။

ချစ်ခြင်းမေတ္တာရှိနေသရွေ့ မည်သည့်အရာမဆို ကျော်ဖြတ်နိုင်စွမ်းရှိသည်။

အခက်အခဲဟူသမျှ ဖယ်ရှားနိုင်စွမ်းရှိသည်။

မျှော်လင့်ချက်တို့ဖြင့် ဖွဲ့စည်းထားသော ချစ်ခြင်းမေတ္တာရှိနေသရွေ့ ချစ်သူတို့ဘဝများမှာ လှပနေကြပေလိမ့်မည်။

ယခု ဒေါက်တာမင်းထင်ကျော်နှင့် ဟယ်လင်တို့အတွက်လည်း ချစ်ခြင်းမေတ္တာမှလွဲပြီး ဦးစားပေးရွေးချယ်ရမည့်အရာ မရှိနိုင်တော့ပါချေ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော ဒေါက်တာမင်းထင်ကျော်တစ်ကိုယ်တော်ပါဝင် အစွမ်းပြခဲ့သည့် (နေမိန္ဒရေဝရဲတွင်း)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်သည်လည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

BURMESE CLASSIC .com

အနိစ္စာဟောန္တု သုခိအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။၂၀၁၂ ခုနှစ်၊ အောက်တိုဘာ(၃၀)ရက်၊ အင်္ဂါနေ့(၁၁း၃၀) အချိန်။



www.burmeseclassic.com